

လူမှုရေးအဘိဓမ္မာ(၂)

# ဘဝနှင့်လူသား


အရှင်ကုမာရ(သန့်လျှင်)

ဒီဃဘာဏက ၊ မဟာစရိယ


ပန်းချီမောင်မောင်ဇေး[illegible]ောင်

အရှင်ကုမာရ(သန်လျင်) ဒီဃဘာဏက ဓမ္မာစရိယ

၏

လူမှုရေးအဘိဓမ္မာ(၂)

# ကပ်နှင့်လူသား

သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂ ခရစ် ၁၉၈၀

၁၉၇၀-နိုဝင်ဘာလ
ပထမအကြိမ်
အုပ်ရေ(၁၅၀၀)

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၁၆၅၂)
(မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၆၅)

ဒီဇိုင်း-မောင်မောင်ငွေးအောင်

**ပုံနှိပ်သူ။** ။ဒေါ်မြထွေး(၀၂၂၇၄)၊ တော်ဝင်ပုံနှိပ်တိုက်၊
အမှတ် ၉၂၊ ၂၀-လမ်း၊ ရန်ကုန်။

**ထုတ်ဝေသူ။** ။ဒေါ်နန်းရွှေရွှေ(၀၁၉၇၃)
စိုးမိုးအောင်စာပေ ၂၆၊ မာန်ပြေ ၁၆-လမ်း၊
၃-ရပ်ကွက်၊ သာကေတမြို့။

**စာအုပ်ချုပ်**
စိုးထွန်းကျော်နှဲ့အင်အားစု
၂၇၂-အေ၊ ငါးထပ်ကြီးမြောက်ပိုင်း၊ ရွှေဂုံတိုင်၊ ဗဟန်း။

**တန်ဖိုး၁၂-ကျပ်။**

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဒါန်း | .... | |
| လူ့ဘောင်ဘဝရေစီးကြောင်း | — | ဇ |
| ဗုဒ္ဓဓမ္မပေါ်ရာကာလပဒေ | .... | ဈ |
| ဗုဒ္ဓ၏တဲရားတော်နှင့် ရှေးဟောင်းသုတေသနစူးစမ်းရေးပညာ | .... | ည |
| ပညာရပ်စုံသော ဗုဒ္ဓ၏ဒေသနာ | .... | ဋ |
| ခေတ်မှီပုံကို တွေ့ဝေမိခြင်း | .... | ဍ |
| ချေဖျက်၍ မရကောင်းသောလူတို့သမိုင်းများ | .... | ဍ |
| ဖတ်ရှုပြီးသုံးသပ်ပါ | .... | ဏ |
| ဗုဒ္ဓဘုရားရှင်နှင့် ဋ္ဌသရနိမ္မာနဝါဒ | .... | ၁ |
| လူမျိုးမခွဲခြား တတန်းစားတည်းသော သာသနာ | .... | ၅ |
| လူတို့၏နေရာ ဤကမ္ဘာ | .... | ၁၀ |
| ကမ္ဘာတခုပျက်စီးရခြင်း | .... | ၁၂ |
| ကမ္ဘာပျက်စဉ် သိပ္ပံအမြင် | .... | ၁၇ |
| ကမ္ဘာဖြစ်တည်ခြင်း | .... | ၁၉ |
| ကမ္ဘာဖြစ်စဉ်နှင့် သိပ္ပံအမြင် | .... | ၂၁ |
| ကမ္ဘာမြေ၌ လူသားတို့ ပေါ်ပေါက်လာပုံ | .... | ၂၄ |
| နေလနက္ခတ်လှည့်ပတ်ပုံ | .... | ၂၇ |
| နေလတို့သည် အဘယ်၌နေကြသနည်း | — | ၃၀ |
| နေလတို့ပမာဏ မည်မျှရှိကြသနည်း | .... | ၃၂ |
| နေနှင့်လ မည်သူက အပေါ်ကနည်း | .... | ၃၃ |
| နေနှင့်လ မည်သူက အသွားနှုန်းမြန်သနည်း | .... | ၃၄ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နေလတို့မည်သို့သွားသနည်း | .... | ၃၇ |
| နေနှင့်လတို့ အလင်းရောင် မည်သည့်အရပ်တိုင်အောင်နှံ့သနည်း | .... | ၃၇ |
| မာနကြီးကြ၍ အစာအာဟာရ ကွယ်ပျောက်ရခြင်း | .... | ၄၆ |
| ယော်ကျားမိန်းမကွဲပြားကြခြင်း | .... | ၅၀ |
| မေထုန်သံဝါသ ပေါင်းဆုံခြင်းအစ | .... | ၅၂ |
| ကမ္ဘာဦးမလေ့တခု ခဲဘိုးတောင်းခြင်း | .... | ၅၂ |
| လူနေအိမ်စနစ်ပေါ်လာခြင်း | .... | ၅၂ |
| ပျင်းရိသူများကြောင့်ပုဂ္ဂလိကလယ်မြေများပေါ်လာရခြင်း | .... | ၅၃ |
| ကမ္ဘာဦးခိုးမှုနှင့် ပညာပေးစနစ် | .... | ၅၄ |
| လူဆိုးကို ထိန်းသိမ်းကြခြင်းနှင့် လက်နက်ကိုင်စနစ် ပေါ်လာခြင်း | .... | ၅၅ |
| မဟာသမ္မတမင်း တင်မြှောက်ခြင်း | .... | ၅၅ |
| ရိက္ခာထောက်ပံ့ခြင်း | --- | ၅၅ |
| ပြာဟ္မဏလူမျိုးပေါ်လာခြင်း | .... | ၅၇ |
| ကုန်သွယ်လယ်လုပ်သူများ ပေါ်ပေါက်လာခြင်း | .... | ၅၉ |
| ဆင်းရဲသား လူတန်းစား ပေါ်ပေါက်လာခြင်း | .... | ၅၉ |


(ဒုတိယပိုင်း)


| | | |
|---|---|---|
| ကမ္ဘာဦး ရှေးခေါင်းကာလလူတို့၏ ယဉ်ကျေးမှုမှတ်တိုင်ကြီးများ | .... | ၆၀ |


(တတိယပိုင်း)


| | | |
|---|---|---|
| သားသမီးအရည်အချင်း မိဘနှင့်မဆိုင် | .... | ၇၂ |
| စကြာမင်းတို့ကျင့်ဝတ် | .... | ၇၅ |
| အတိုးမယူပဲ အမတော်ငွေပေးခြင်း | .... | ၇၇ |
| စကြာရတနာ ဖြစ်ပေါ်လာခြင်း | .... | ၈၁ |
| ပျက်စီးဆုတ်ယုတ်ခြင်းအစ ခိုးမှုက | .... | ၈၅ |
| အခွင့်အရေးယူ၍ပြစ်ဒဏ်ထားရခြင်း | --- | ၈၆ |
| စည်းကမ်းနှင့်နိုင်ငံကြီးသားစိတ်ဓာတ် | .... | ၉၉ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အဒိန္နာဒါနကြောင့် ပါဏာတိပါတဖြစ်ရခြင်း | .... | ၉၄ |
| အဒိန္နာဒါနအပြစ် | .... | ၉၃ |
| သူခိုးကို လူနတ်လက်မခံ | .... | ၉၄ |
| သာကီဝင် ဘုရားအနွယ် မျိုး ပြုတ်ရသည့်ကိန်း | .... | ၉၅ |
| ဘုရားရှင်၏အမျိုးကို စောင့်ရှောက်ပုံ၊ ဝံသာနု ရက္ခိတစိတ်ဓာတ် | .... | ၉၆ |
| သူတို့ကို အတုယူကြပါ | .... | ၁၀၂ |
| ညှဉ်းဆဲသတ်ဖြတ်၍ လိမ်လည်မှု ကျူးလွန်ခြင်း | .... | ၁၀၂ |
| မုသာဝါဒဟူသည် | .... | ၁၀၄ |
| လိမ်လည်မှုအမျိုးမျိုး | .... | ၁၀၅ |
| ချောပစ်ကုန်းတိုက်၍ သက်တမ်းဆုတ်ယုတ်ခြင်း | .... | ၁၀၆ |
| ဝဿကာရအမတ် ကုန်းချောနည်း | .... | ၁၀၈ |
| ကြားလေသွေး၍ ဝေးကြပုံ | .... | ၁၀၉ |
| ကုန်းချောခြင်းအပြစ် | .... | ၁၁၀ |
| ကာမေသုကြောင့် အသက်တိုရခြင်း | .... | ၁၁၁ |
| ကာမေသု မိစ္ဆာစာရအပြစ် | .... | ၁၁၅ |
| ပညာရှိများသတိထားပါ | .... | ၁၂၁ |
| မိန်းမပျက်ကြောင့် ကာလီဒါသ ပျက်စီးရပုံ | .... | ၁၂၂ |
| သတိပြုကြပါ | .... | ၁၂၂ |
| ဖရုသဝါစာစစ်တမ်း | .... | ၁၂၄ |
| ရှောင်ကြဉ်ကြပါ | .... | ၁၂၄ |
| ချိုချိုသာသာဆက်ဆံပါ | .... | ၁၂၅ |
| သမ္ဖပ္ပလာပဝါစာ | .... | ၁၂၆ |
| လူရှုတ်လူပျက်များလျှင် ပျက်စီးရသည် | .... | ၁၂၇ |
| နိုးကြားကြပါ၊ မြန်မာတို့ | .... | ၁၂၈ |
| တည်ကြည်သူများကြီးပွား၏ ၊လေးစား၏ | .... | ၁၃၃ |
| လိုချင်တပ်မက်မှု ဖျက်ဆီး၍ အသက်တိုရခြင်း | .... | ၁၃၄ |
| အဘိဇ္ဈာ | .... | ၁၃၄ |
| ဗျာပါဒ | .... | ၁၃၅ |
| အဘိဇ္ဈာနှင့် ဗျာပါဒတို့တရားခံ | .... | ၁၃၆ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အယူဝါဒ မှားယွင်းမှုများကြောင့် သက်တမ်းတိုရခြင်း | .... | ၁၃၈ |
| မိစ္ဆာဒိဋ္ဌိ | .... | ၁၃၈ |
| အမြင်မှန်နှင့် အမြင်မှား | .... | ၁၃၉ |
| ဝိသမလောဘ၊ ဘုရင်ကရိုးဆတ်၏နောင်တ | .... | ၁၄၉ |
| မိစ္ဆာဓမ္မ | .... | ၁၅၂ |
| မိဘဆရာသမားဝတ်များ ချို့ယွင်းလာခြင်း | .... | ၁၅၂ |
| မိဘကျေးဇူး | .... | ၁၅၂ |
| ဘီလူးနှင့်မခြားသောမိဘများ | .... | ၁၅၆ |
| ကျေးဇူးတုံ့ပြန် မေတ္တာထားကြပါ | .... | ၁၅၇ |
| ဆရာနှင့် ကင်းကွာမနေသင့် | .... | ၁၅၉ |
| ဆရာကိုမတော်လှန်နှင့် | .... | ၁၆၁ |
| ဆရာပေါင်း မမှားပါနှင့် | .... | ၁၆၂ |
| ရဟန်းသာမဏေတို့၌ ရိုသေမှုမပြုကြခြင်း | .... | ၁၆၂ |
| အဘယ်ကြောင့် အရိုအသေပြုသင့်သနည်း | .... | ၁၆၃ |
| ရဟန်းသာမဏေများထံကိုးကွယ်ခြင်းကြောင့်တိုးတက်မှုရှိခြင်း | .... | ၁၆၄ |
| ရဟန်းတော်တို့အပြစ်များ | .... | ၁၆၈ |
| အမျိုးကို မချီးမြှောက်၍ ဆုတ်ယုတ်ခြင်း | .... | ၁၆၉ |
| နာမ်ဓာတ်လှိုင်း စွမ်းအင်ကြီးမားမှု | .... | ၁၇၁ |
| (တတိယပိုင်းနိဂုံး သုံးသပ်ချက်) | .... | ၁၇၃ |
| (စတုတ္ထပိုင်း) | .... | ၁၇၅ |

လူမှုရေး အဘိဓမ္မာ (၂)

# ကပ်နှင့်လူသား

**လောကတ္ထစရိယ၊ ဉာတတ္ထစရိယ၊ ဗုဒ္ဓတ္ထစရိယ ဟူသော**

စရိယာသုံးဘော် ဖြည့်ကျင့်တော်မူသော ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်အားရှင်း၊

ထိုဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဆည်းပူးအား ထုတ်၊ ရွှေအာနူတ်မှ ထုတ်ဖော်ဟောကြားအပ်သော တရားတော်မြတ်အားရှင်း၊ ထိုဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ တပည့်သားဖြစ်တော်မူကြသော အရိယာနွယ်ဝင် သမ္မုတိနွယ်ဝင် ထေရ်သံဃာတော်အရှင်မြတ်တို့အားရှင်း၊ ဦးနှိမ်မာန်ချိုး ရှိသေစွာ ရှိခိုးပါ၏။

ပရိယတ္တိဒါယာန မျိုးစေ့ချ၍ ပေးတော်မူကြသော
ကျေးဇူးတော်ရှင် ဆရာသခင်
တို့အား
ဦးနှိမ်မာန်ချိုး၊ ရိုသေစွာရှိခိုးလျက်
မိခင်၊ ဘခင်၊ ကျေးဇူးရှင်တို့အား
ကျေးဇူးဆပ်ပါ၏။

# နိဒါန်း

ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် စရိယသုံးပါးကို ဖြည့်ကျင့်တော်မူရာတွင် လောကသတ္တဝါသားတို့၏ အကျိုးစီးပွားကို ဦးစွာအစဖြည့်ကျင့်ပြီးမှ ဆွေတော် မျိုးတော်တို့၏ အကျိုးစီးပွား၊ သဗ္ဗညုတရွှေဉာဏ်တော်၏ အကျိုးစီးပွားတို့ကို ဖြည့်ကျင့်တော်မူခဲ့သည်။

ထို့ကြောင့် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလ ကြာအောင်ပါရမီတော်တွေ ဖြည့်ဆည်းပြီး ဘုရားအဖြစ်သို့ရောက်တော်မူ၍ ဒေသနာဓမ္မ ဟောကြား ဆုံးမရာတွင်လည်း လောကလူသား သတ္တဝါအများတို့ အကျိုးစီးပွားဖြစ်ထွန်းပေါ်ပေါက်စေရန်အတွက်သာ ဟောကြားထားသည်ဆိုသည်မှာလည်း ယုံမှားသံသယဖြစ်ဘွယ်မရှိပြီ။

တပိုဒ်၊ တဝါကျ၊ တသုတ်-စသည်ဖြင့် ဟောကြားတော်မူတိုင်းသော ဒေသနာတော်တို့သည် သတ္တဝါလူသား၊ နတ်ဗြဟ္မာများအတွက် အကျိုးစီးပွားမဖြစ်ထွန်းသော ဒေသနာဟူ၍ တစိုးတစိလုံးဝမရှိ၊ အကျိုးစီးပွားကောင်းကျိုးများနှင့် ပြွမ်းတီးနေသည်ချည်းဖြစ်ပေသည်။

ယခုလူမှုရေးအဘိဓမ္မာ (၂)၊ (လူမှုရေးနှင့်ဆိုင်သော တိုးတက်ကြီးပွားရေးလမ်းညွှန်တရား ( ၂ ) အဖြစ် ပေါ်ထွက်လာသော ဤစာအုပ်ကို-

ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ ပါဠိတော်လာ စက္ကဝတ္တိ သုတ်နှင့် အဂ္ဂညသုတ်တို့ကိုကျောရိုးပြု၍ အခြားသုတ်နိပါတ်များမှ ကောင်းနိုးရာရာတို့ကိုရွေးထုတ်ကာ ကပ်=ဟူသော ကမ္ဘာကြီး၏ အကြောင်းအရာများနှင့် နေလနက္ခတ်တို့၏ အကြောင်းအရာတို့ကိုရင်း၊ ထိုကမ္ဘာတွင်မှီတင်းနေထိုင်ကြကုန်သော လူသားတို့၏အဓိကအကြောင်းတို့ကိုရင်း၊ လူမှုကျင့်ဝတ်ပိုင်း၏အရေးအရာပါပုံစုံတို့ကိုရင်း အသီးသီးခွဲခြား၍ တင်ပြထားသောကြောင့်—

**ကပ်နှင့် လူသား**

ဟူ၍ အမည်သညာပြုလိုက်ပါသည်။

ဤစာအုပ်တွင် ကမ္ဘာတည်ဦးစနှင့် မဟာသမ္မတမင်းတင်မြှောက်သည်ကအစ၊ ယခုခေတ်ကာလအလယ်၊ နောင်မေတ္တေယျ ဘုရားပွင့်တော်မူသည်အဆုံး....

ကပ်=ဟူသော ကမ္ဘာတခုအတွင်း မှီတင်းနေထိုင်ကြကုန်သော သတ္တဝါတို့၏ ကာယကံ၊ ဝစီကံ၊ မနောကံများ ကောင်းလျှင် ကောင်းကြသည့်အလျောက်....

ငင်္ဂလူသားတို့လက်ထက်တွင် အထက်တန်းနှင့် ပစ္စည်းဓန ယဉ်ကျေးမှုအဝဝတို့မှာ ဒီရေအလား တရိပ်ရိပ်တိုးပွားပုံ။

ကာယကံ၊ ဝစီကံ၊ မနောကံများ ဆိုးညစ် ယုတ်မာကြလျှင် ဆိုးညစ်ယုတ်မာသည့်အလျောက် အသက်တမ်းနှင့်ပစ္စည်းဓန၊ ယဉ်ကျေးမှု အဝဝပါ ဆုတ်ယုတ်ပုံများကိုင်း၊ လူသားတယောက်သည် မိမိ၏ အပြုအမူကြောင့် ဤလောကကြီးအား မည်သည့်ပမာဏအတိုင်းအတာ အထိ တိုးတက်အောင်၊ ဆုတ်ယုတ်အောင်ပြုလုပ်စီမံဖန်တီး၍ တွန်းအား ပေးနိုင်သည်ကိုင်း တွေ့ရှိရပေမည်။

တခါက စာရေးဆရာ'နှစ်ဘက်လှ-ဦးကျော်လွင်'နှင့် စကားစပ်မိ ရာတွင် သူက ဤသို့ပြောဘူး၏။

"ဦးပဥ္ဇင်း၊ ဗုဒ္ဓဓမ္မတို့ကိုရေးသားဖော်ပြရာ၌ ရေးသူ၏ အတွန့်အတက်များ မဖက်စေဘဲ ပိဋကတ်စာပေအရှိအတိုင်းတာဝန်ရှိရှိ ရေးသား ဖော်ပြခြင်းသည်သာ စာဖတ်သူများအတွက် အဆိပ်အတောက် ကင်းသော အစာအာဟာရကောင်းတရပ်ဖြစ်ပါတယ်"ဟူ၍ ပြောပြဘူး၏။

ဤစာအုပ်သည် အရိုးကိုအရွက်မဖုံးနှင့်ဟူသကဲ့သို့ ဖတ်ရှုသူများ ဗဟုသုတတိုးပွားမှုနှင့် သိလွယ်မြင်လွယ်မှုရှိစေရန် လောကုတ် လောကီ ဥဒါဟရဏ်အလီလီကို ထုတ်သီ၍တင်ပြထားသော်လည်း....

မူရင်းဒေသနာတော်၏ အနှစ်သာရနှင့် အဓိပ္ပာယ်ကို မည်သို့မှ လမ်းကြောင်းပြောင်းကာ ထိခိုက်စေလိမ့်မည်မဟုတ်ဟု ကလောင်မေတ္တာ၊ ကလောင်သစ္စာဖြင့် အာမခံပါသည်။

အဆုံးစွန်ကိုဖော်ပြပါအံ့....ဤစာအုပ်ကိုဖတ်ရှုပြီးနောက်

"ငါသည် ဤလောကကြီး၌ မည်သည့်အတိုင်းအတာ ပမာဏ အထိ ပါဝင်နိုင်သည်။ ရသတဏှာ တပ်မက်သော လူသားတယောက် မှစ၍ ဤကမ္ဘာကြီးပေါ်ရှိ သတ္တဝါတို့သည် ဆုတ်ယုတ်နိုင်သကဲ့သို့....

လက်နက်ပစ်ခွါ ဂူအောင်းကာနေကြသည့် လူတစုမှစ၍ ဤကမ္ဘာကြီးရှိ သတ္တဝါတို့ ပြန့်လည်း၍ တိုးတက် ကြီးမား လာကြသည်။ ထို့ကြောင့် ငါသည်လည်း ဤကမ္ဘာလောကကြီးအား တဖက်တလမ်းမှ ကောင်းမွန်စွာ အထောက်အပံ့ပေး၍ ကျေးဇူးပြုမည်ဟူသောစိတ်ထားဖြင့် ကောင်းသောအကြံအစည်၊ ကောင်းသောအပြောအဆို၊ ကောင်းသောအလုပ်အကိုင်တို့ကိုလုပ်ကိုင်၍ သူတပါးကိုပျက်စီးစေလိုမှု၊ မနာလိုမှု၊ ဝန်တိုမှု၊ ထိပါးချုပ်ချယ် ကြီးနိုင်ငယ်ညှဥ်းဆဲမှု။

အင်အားကြီးသူက အင်အားနည်းသူကို ဖိနှိပ်မှု-စသော လောကခလုတ်စိတ်းဆိုးစိတ်ယုတ်တို့ကို အတတ်နိုင်ဆုံးချုပ်တီးပယ်နုတ်စောင့်ထိန်းနေမည်''ဟုဆိုလျှင်ပင် ဤကျမ်းရွှေစာ ပြုစုလာရကျိုးနပ်ပါပြီ။

အရှင်ကုမာရ(သန်လျင်)
၇-၁-၈၀

**လူ့ဘောင်ဘဝရေစီးကြောင်း**

လူတဦးတယောက်သည် ဧရာဝတီမြစ်ကမ်း နဖူးတနေရာမှရပ်၍ ကြည့်ရှုနေမည်ဆိုပါက မြစ်အတွင်းဝယ် တသွင်သွင်စီးဆင်းနေသောရေ အလျင်ကို တွေ့ရမည်၊ ထိုတွေ့မြင်နေရသော ရေအလျင် သည်ပင် အဟောင်းအဟောင်းတို့နေရာ၌ အသစ်အသစ်သော ရေတို့သည်တငြိမ့်ငြိမ့် တသွင်သွင်ဖြင့် အလျင်မပြတ် စီးဆင်းနေသည်ကိုရင်း ရပ်နေသော သူသည် တွေ့မြင်ရပေအံ့မည်။

ကမ္ဘာတခု၏ သက်တမ်းကြား ကာလအတွင်း၌လည်း လူမျိုး အသွယ်သွယ် အနွယ်ဆက်ဆက်တို့သည် တသုတ်ပြီးတသုတ်ပင် ကမ္ဘာ့ သက်တမ်းနှင့် နှိုင်းဆပါက ဖြုတ်ချည်း ရုတ်ချည်း ဆိုသလို ဖြစ်ပေါ်ဘူး ခဲ့ကြလေပြီး ထိုသဘောကို ပုဂ္ဂိုလ်တဦးတယောက်သည် မျှော်ရှုကြည့် ရုံမက စူးစမ်းရှာဖွေ လေ့လာသုံးသပ်နေပါက သိလာရပေမည်။

ထိုတွင်မက ၎င်းရှေးရှေးက လူသားတို့၏အသိပညာ၊ အတတ် ပညာ၊ယဉ်ကျေးမှုအဖြာဖြာနှင့် ဖွံ့ဖြိုးတိုးတက်မှုအဝဝတို့၏ အနိမ့်အမြင့် အတိုအဆုတ် သဘောတို့ကိုပါ တွေ့ရပေဦးမည်။

ယခု မိမိတို့ကြုံတွေ့နေရသော လူ့ဘောင်ဘဝ၏တိုးတက်မှု ဆုတ် ယုတ်မှုတို့သည် ရှေးရှေးကလူ့ဘောင်ဘဝများနှင့် နှိုင်းစာလျှင် သာလွန် သော အချက်များရှိလျှင် ရှိနိုင်သကဲ့သို့ နိမ့်ကျသော အချက်များလည်း ရှိချင်ရှိပေမည်။

ခေတ်လူတို့က ဤသဘောကို နှစ်ခြိုက်ချင်မှ နှစ်ခြိုက်ကြမည်၊ အဘယ့်ကြောင့်ဆိုသော် ယခု မိမိတို့တွေ့ကြုံနေရသော အခြေအနေနှင့် နှိုင်းစာလျှင် ရှေးရှေးခေတ် သမိုင်းတိုင်းသည် ကျောက်ခေတ်၊ ကြေး ခေတ်လောက်သာ သဘောထားနေကြသည်မဟုတ်လော။

ယခုခေတ်တွင် မည်သည့်အချိန်ကမှ မပေါ်ထွန်းနိုင်သော အဏု မြူ၊ ညူကလိယား ရုပ်ဝတ္ထုစွမ်းအားတို့ဖြင့် ဖန်တီးရှင်က လိုသလို ဖန်ဆင်း၍ပေးနေသည်ဟု ထင်ရလောက်အောင် အဝေးက လွှင့်ထုတ် ထားသော ရုပ်ရုံ၊ သဒ္ဒါရုံတို့ကို ထိုင်ရာနေရာမှ ခလုတ်တချက်ဖွင့်လိုက် ရုံနှင့် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတအဘိညာဉ် ပိုင်ရှင်တို့အလား တွေ့မြင်ကြား သိရရုံမက–

လူမပါသော ဂြိုဟ်တုများအာကာသ ယာဉ်များနှင့် လကိုသာမက ကြာသပတေး၊ အင်္ဂါဂြိုဟ်တို့ တိုင်အောင် သွားလာနိုင်ရန် သိပ္ပံပညာက ဖန်တီး၍ ထားပေရာ–

ယခုခေတ် လူများအဖို့ ရှေးခေတ်သမိုင်းတို့သည် လှည်း၊လှေ၊ ကျောက်ကြေးချည်းသာ ထင်စရာဖြစ်နေသည်မှာ အဆန်းမဟုတ်တော့ပါ၊ လူ့သမိုင်းကို လေ့လာသော 'ချားလ်စ်ဒါဝင်'စသော ပညာရှင်တို့သည်ပင် လူ၏အစ တိရစ္ဆာန်ဘဝကစ၍ ပေးထားသည်မဟုတ်လော။

**ဗုဒ္ဓဓမ္မပေါရာဏိကဗေဒ**
**ဗုဒ္ဓ၏တရားတော်နှင့် ရှေးဟောင်း သုတေသန စူးစမ်းရေးပညာသို့သော်....**

ပါဠိလို ပေါရာဏိက ဗေဒ၊

မြန်မာလို–ရှေးဟောင်းဆိုင်ရာ ယဉ်ကျေးမှု သုတေသန၊အင်္ဂလိပ်လို အာကီအိုလိုဂျီ–ဟု ခေါ်ဆိုသည့် ရှေးခေတ်လူနေမှုစနစ်ကို တူးဖော်၍ လေ့လာသည့်ပညာတို့ဖြင့် စူးစမ်းဝေဘန် လေ့လာကာ သုံးသပ်ကြည့်သောအခါ ယခုခေတ် အခြေအနေတို့ထက် များစွာသာလွန်မှုရှိသော လူနေမှုစနစ်၊ ယဉ်ကျေးမှုစံချိန်တို့ကိုသာမက အသိပညာ၊ အတတ်ပညာ အဖြာဖြာတို့ကိုပါ ရှေးရှေးလူသားတို့၌ တွေ့ရှိကြရလေသည်။

ထိုသို့တွေ့ရှိပုံများမှာ–၂–ပိုင်းကွဲ၍လာလေသည်၊တပိုင်းမှာ ခေတ်သစ်ပညာရှင်တို့ စူးစမ်းရှာဖွေ တင်ပြမှုအပိုင်းဖြစ်၍–

တပိုင်းမှာ-ဗုဒ္ဓဘုရားရှင် ဟောကြားတော် မူသော ဒေသနာတော်များ အပိုင်းဖြစ်ပါသည်။

ဆက်ဦးအံ့-

ခေတ်သစ်အရာတွင်–ဗုဒ္ဓဘုရားရှင်နှင့် ခေတ်ပြိုင် ဘီစီ- ၆ ရာစုခေတ်က ဗက်မီးလုံးပြည့်ရှင် ဘုရင် 'နဗျူးနေ့' သည် ရှေးကျသော အဆောက်အဦ အပျက်အစီးများကို ယင်းတို့အား မည်သူဆောက်လုပ်ခဲ့သည်ကို သိလိုသဖြင့် တူးဖေါ်လေ့လာခဲ့သည့်အချိန်၊ ယေရှုခရစ်၏ ဂူသင်းချိုင်းကို တူးဖေါ်ရန် စေလွှတ်သော 'ကွန်စတန်တင်း သ–ဂရိတ်'တို့ အချိန်ကစ၍ ယနေ့တိုင်အောင်ပင်–ရှေးရှေးက လူသမိုင်းနှင့် ယဉ်ကျေးမှု အဖြာ

ဖြာတို့ကို လေ့လာသော ပညာရှင်တို့၏ ပေါ်ထွက် တင်ပြချက်တို့သည် သစ်သီးဝလံကိုသာ ရှာဖွေစားသောက်ကြသော လူရိုင်းခေတ်၊ ကျောက်လက်နက်ကိရိယာများကို အသုံးပြုကာ အမဲသား ငါးရှာဖွေစားသောက်သောလူများခေတ်၊ ကြေးသတ္တုပစ္စည်းများနှင့် သံသတ္တုပစ္စည်းများ ကိုင်တွယ်သုံးကြသော ခေတ်တို့မှစ၍—

ရှေးအီဂျစ်၊ ရောမ၊ ဂရိနိုင်ငံများ၏ ယဉ်ကျေးမှု၊ လူနေမှုအဆင့်ဆင့်တို့ကိုငင်း၊ တရုတ်၊ အိန္ဒိယ၊ မြန်မာ စသည်တို့၏ ယဉ်ကျေးမှု လူနေမှုအဆင့်တို့ကိုငင်း တွေ့မြင်လာကြရလေသည်။

ထူးခြားချက်များကို ပြဦးအံ့–

၎င်းတို့ စူးစမ်းလေ့လာ ရှာဖွေမှုကြောင့် နှစ်ပေါင်း(၂၆၀၀) ကျော်လောက်က ရှိခဲ့သော ဗုဒ္ဓဘုရားသခင် ဖွားမြင်တော်မူသော လုမ္ဗိနီသာမော အင်ကြင်းတော၊ ဘုရားအဖြစ်သို့ ရောက်တော်မူရာ-ဗောဓိပင်နှင့် ရွှေပလ္လင်၊ အနိမိသစက်မ-စသော သတ္တဌာန၊ ဉရုဝေဠတော၊ ဝါကပ်သည့်အကြိမ် များရုံမက တရားများစွာ ဟောကြားရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၊ တရားဦးဟောရာ မိဂဒါဝုန်၊ တာဝတိံသာမှ သက်ဆင်းတော်မူရာ သင်္ကဿနဂိုရ်၊ ပရိနိဗ္ဗာန် စံတော်မူရာကုသိနာရုံတို့သာမက-

သိရိမ္မာသောက မင်းတရားကြီး၏ ကမ္ပည်းကျောက်စာတို့ကို၎င်း၊ ရှေးခေတ်တွင် ထင်ရှားခဲ့သည့် ဂန္ဓာရတက္ကသိုလ်၊ နာဠန္ဒတက္ကသိုလ် ကျောင်းကြီးများ၏ နေရာတို့ကို၎င်း ထင်ရှားစွာ တွေ့မြင်လာကြရလေသည်။

ထို့ပြင် ရာစုနှစ်ပေါင်းများစွာက-မီးတောင်ပေါက်ကွဲ၍ ဖုံးအုပ်မှုခံလိုက်ရသည့် မြို့ကြီးများကို ခြေရာလက်ရာမပျက် တွေ့ရှိခြင်း၊ ရှေးခေတ်အီဂျစ်တို့၏ အထက်တန်းကျသော ယဉ်ကျေးမှုကို ဝင့်ကြွားစွာ ပြနိုင်သည့် မြို့ဟောင်းနေရာများ ပိရမစ်များကို တွေ့ရှိခြင်း။

ဥရောပတိုက်၏ ရှေးရှေးလူရိုင်းများ ဖြစ်ကြသော ဂေါ့သ၊ ကဲ့ဂေါလ၊ ဆလဗ်၊ ဂျာမန်တို့၏ နေထိုင်မှုစနစ်တို့ကို မြေကြီးထဲမှ တူးဖော်၍ ပြနိုင်ခြင်း။

မြန်မာနိုင်ငံတွင်လည်း သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ ဝေသာလီမြို့ဟောင်း၊ ပဲခူး၊ သန်လျင်တို့မှတူးဖော်စူးစမ်းရှာဖွေရရှိမှုတို့ဖြင့် ရှေးရှေးက လူတို့၏ ယဉ်ကျေးမှု၊ အသုံးအဆောင်တို့ကို တွေ့ရခြင်းတို့သည်ငင်း သုတေသန ပညာတို့၏ စွမ်းပကားများကြောင့် ဖြစ်လေသည်။ သုတေသန ပညာရပ်သည်–ဘူမိဗေဒ၊ ဇီဝဗေဒ၊ ဓာတုဗေဒစသော ပညာရပ်တို့ကိုသာမက–ဒေသန္တရ၊ ဘာသန္တရ၊ သမိုင်း၊ ဂန္ထဝင်ဗဟုသုတ ပြည့်ဝရန်လည်း အရေးကြီးလှသော ပညာရပ် ဖြစ်သည်ကို မည်သူမျှ ငြင်းကွယ်၍မရနိုင်ပါပေ၊ ထို့ကြောင့်လည်း ငင်းသုတေသနပညာရှင်တို့က ဖေါ်ထုတ်ခဲ့သည့် လူ့သမိုင်းကြောင်းတို့သည် များသောအားဖြင့် မှန်ကန်မှုရှိခဲ့သည်က များလှသည်။

သို့သော် ကမ္ဘာတည်ဦးစ အခါမှ နောက်ပိုင်းအချိန်များ၌ကား–

ငင်းပညာရှင်တို့သည် ဗုဒ္ဓစာပေတို့နှင့်စာလျှင် လူကို အောက်တန်းစားဘဝက စ၍ဖြစ်ပေါ်လာသည်-ဟု ဆိုသည်ကအစ လက်လှမ်းဝေးနေသည်ကို တွေ့ရပါသည်။

## ပညာရပ်စုံသော ဗုဒ္ဓ၏ဒေသနာ

သုတေသန-စူးစမ်းရှာဖွေမှု ပညာရပ်ဟူသည်မှာ သမိုင်းနှင့် ဂန္ထဝင်တို့လည်း အဓိကကျကြောင်း ရှေး၌ပြခဲ့ပြီ၊ ဗုဒ္ဓဘုရားရှင်၏ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ဒေသနာတော်သည် - နာမဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဘူမိဗေဒ စသည့်ပညာရပ်တို့နှင့်သာ ပြည့်စုံသည် မဟုတ်သေး၊ ရာဇဝင်၊ ဗုဒ္ဓဝင်သမိုင်းကြောင်းများကိုပြသော နိပါတ်တော်ဝင်များနှင့်လည်း ပြည့်စုံနေသေး၏၊ တွေးခေါ်မြော်မြင်မှု သဘောတရားတို့ကို ပြသောကြောင့်လည်း ဒဿနိကဗေဒဟူ၍လည်း ခေါ်ဆိုသင့်သေး၏၊ အချုပ်ကို ရေးရမည်ဆိုလျှင်-ဗုဒ္ဓဘုရားရှင်၏ ဒေသနာတော်များသည် ပညာရပ် ပေါင်းစုံနေသော ဒေသနာတော်များပင်ဖြစ်၏၊ ထို့ထက် မည်သည့် ပညာရပ်များနှင့်မှ မနှိုင်းယှဉ် နိုင်သော ပညာရပ်ရှိသေး၏၊ ငင်းကား ရုပ်ဓာတ်၊ နာမ်ဓာတ်နှင့် ပတ်သက်လာလျှင် ပရမတ် အစစ်အမှန်ကို ဖေါ်ပြသော အဘိဓမ္မာပညာရပ်တည်း။

ထိုပညာရပ်ပေါင်းစုံသော ဒေသနာတော်တွင် လူ့သမိုင်းနှင့်ဆိုင်ရာ ထူးခြားချက်တို့ကို အနည်းငယ်ပြဦးအံ့။ (ကမ္ဘာတည်ပုံနှင့် လူသား

တို့ဖြစ်ပုံမှာ ရှေ့၌ အကျယ်ပြလတံ့ဖြစ်၍ ဤ၌ သီးသန့် မဖော်ထုတ်တော့ပါ။)

ကဋ္ဌဝါဟန မင်းလောင်း လက်သမားဆရာကြီးသည် မိမိ၏နည်းပညာဖြင့် သစ်သားကို စက်ကြိုးယန္တရားဆင်ကာ လေယာဉ်ပျံပြုလုပ်၍ ပျံသန်းခဲ့ဘူးခြင်း။

စကြာမင်းတို့၏ စကြာရတနာစွမ်းအားသည် အလိုရှိရာကို သွားရောက်နိုင်ရုံသာမက ရန်သူဟူသမျှ မြူမျှမရှိအောင် နှိမ်နင်းနိုင်စွမ်းရှိခြင်း။

ဘုရားလောင်း မဟော်သဓာသည် စက်ယန္တရာဖြင့် ရန်သူကိုလှည့်ဖျားး၍ တိုက်ပွဲဆင်ခြင်း။

'ရောဟိတ'မထေရ်သည် စက်ကိရိယာ အာကာသယာဉ် အကူအညီမပါဘဲ နက္ခတ်၊ ကြယ်တာရာ၊ စကြဝဠာများဆီသို့ ပျံသန်းကြွသွားနိုင်ခြင်း စသည်တို့မှာ ဗုဒ္ဓဘုရားရှင် ဒေသနာတော်များက ညွှန်ပြသော ထူးခြားချက်တို့ပင်ဖြစ်၏။

ဆက်ဦးအံ့-ဗုဒ္ဓဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းဘဝပေါင်းများစွာ ကျင်လည်ကာ ပါရမီတော်များ ဆည်းပူးခဲ့ရပြီးမှ (ဝါ) အတွေ့အကြုံရှာခဲ့ပြီးမှ-ဟောကြားတော်မူခြင်းဖြစ်ရာ-ခေတ်သစ်ပညာရှင်တို့နှင့် ဗုဒ္ဓဘုရားရှင်တို့၏ ကွာဟချက်ကို-

တခြားခိုင်လုံသော အထောက်အထားများကို ပြပါဟုမေးသော မေးခွန်းများရှိအံ့၊

သဗ္ဗညုတ ရွှေဉာဏ်တော်နှင့် ဒေသနာဓမ္မများပင် ဖြစ်သည်ဟူ၍ အဖြေပေးရပေမည်။ အဘယ့်ကြောင့်ဆိုသော် ခေတ်သစ်ပညာရှင်တို့က ညွှန်ပြဖေါ်ထုတ်သော လူ့သမိုင်းကြောင်းသည်အလွန်ဆုံး၊ ဤကမ္ဘာနှင့်သာဆိုင်၍ ပြနိုင်ပေလိမ့်မည်။

ဗုဒ္ဓဘုရားရှင်၏ ဒေသနာတော်များကား လွန်ခဲ့ပြီးသော ကမ္ဘာများစွာမှ သိမှတ်စရာများသာမက လူနေမှုစနစ်တို့ကိုငင်း၊ ဤကမ္ဘာမှ လူနေမှုစနစ်တို့ကိုငင်း ဟောကြားထားသောကြောင့်ဟု ဖြေရပေမည်။

ဤမျှလောက်ဆိုလျှင် လူ့သမိုင်းကြောင်းများကို ဖေါ်ထုတ်ရာ၌ ဗုဒ္ဓဘုရားရှင်နှင့် ခေတ်သစ် ပညာရှင်တို့ ပြပုံမှာ-သမိုင်းဦးနှစ် မည်မျှကွာခြားသည်ကို သိနိုင်ကြပေမည်။

**ခေတ်မှီပုံကို တွေ့ဝေမိခြင်း**

ဤ၌ အလျဉ်းသင့်၍ ခေတ်မှီပုံကို စိစစ်ဦးအံ့၊ ခေတ်မှီခြင်းဟူသည် ကောင်းစွာဝတ်ရမှု၊ စားရမှု၊ နေရမှုကို ခေါ်သလော၊ ထူးထွေဆန်းပြားသော အဆောက်အဦတို့ရှိသည်ကို ခေါ်သလော၊ စီမံကွပ်ကဲမှုကောင်းသည်ကို ခေါ်သလော၊ လုပ်ချင်သောကိစ္စတို့ကို ခဏခြင်းပြီးစွမ်းနိုင်သောအစွမ်းကို ခေါ်သလော၊ ရှေးကမဖြစ်သေးသော ထူးခြားမှုများကို ခေါ်သလော-ဟု မိမိကိုယ်တိုင် အထပ်ထပ်မေးမိ၏။

သို့သော် ရှေးရှေးက လူတို့သည် အဖိုး တသိန်းတန်သော 'မဟာလတာ' တန်ဆာကို ဝတ်ဆင်ရခြင်း၊ နတ်သုဓာတမျှ ကောင်းမွန်လှသော အစာအာဟာရကို စားသောက်ရခြင်း၊ ကြီးကျယ်သောအဆောက်အဦများဖြင့် နေရခြင်းတို့ကို တွေ့ရ၏။ ဘိလပ်မြေ မပေါ်သေးပဲကြီးကျယ်သောအဆောက်အဦတို့ကိုဆောက်လုပ်မှုများကိုလည်းတွေ့ရ၏။ ယခုခေတ်ကဲ့သို့ ကိရိယာစွမ်းအား အကူမရှာဘဲ စိတ်စွမ်းအားဖြင့် လုပ်ချင်သောအလုပ်ကိစ္စတို့ကို လုပ်နိုင်ခဲ့သည်ကိုလည်းတွေ့ရ၏။ စီမံကွပ်ကဲမှုနှင့် မဖြစ်သေးသော ထူးခြားမှုဟူသည်မှာလည်း သူ့အချိန်အခါ၊ သူ့ဒေသဌာနနှင့် သင့်တော်က ဖြစ်ပေါ်ရခြင်းမို့ ခေတ်မှီခြင်းဟူသည်ကို ရုပ်ဝတ္ထုနှင့် သတ်မှတ်ကာ စံတင်၍စားခြင်းမှာ သဘာဝမကျလှ၊ စိတ်ဟူသောနမ်တရားနှင့် စံတင်မှသာ ကောင်းသောစိတ်တို့ အဖြစ်များလျှင် ကောင်းသောခေတ်မှီခြင်းဖြစ်၍—

မကောင်းသောစိတ်တို့ အဖြစ်များလျှင် မကောင်းသောခေတ်ဖြစ်၍ ခေတ်နောက်ကျသည်-ဟုသာ ဆင်ခြင်သည်။ ဤကား မိမိ၏အထင်မျှသာ ဖြစ်၏။

**ချေဖျက်၍မရကောင်းသော လူတို့သမိုင်း**

ဆက်ဦးအံ့-ရှေးက ပြခဲ့ပြီးသည်တို့ကိုကြည့်က ယခုခေတ်ကာလထက် ရှေးရှေးကအချိန်ကာလများတွင်လည်း ထူးခြားသော လူတို့သမိုင်းများမှာ အထင်အရှားရှိခဲ့ကြောင်း ပေါ်လွင်လှပြီ။

(ထို့ကြောင့်လည်း ခေတ်သစ်ပညာရှင်တို့က ဤသို့အသီးသီးတင်ပြခဲ့ကြ၏၊ လူသတ္တဝါတို့သည် ယခုမှသာ ပညာဉာဏ်များ ကြီးကျယ်၍ ယဉ်ကျေးမှုများ ရှိလာကြသည်မဟုတ်....

ဤကမ္ဘာကြီး၏သက်တမ်းနှင့် ပြောင်းလဲပုံများကို တွေးမြင်ကြည့်လျှင် လူတို့သည် ယခုခေတ် အဆင့်အတန်းမျိုးထက် ကြီးကျယ်သော ယဉ်ကျေးမှုအဆင့်အတန်းများသို့ အကြိမ်ကြိမ် ရောက်ကောင်း ရောက်ရှိကြပေလိမ့်မည်။ ယခုခေတ်ကဲ့သို့ တိုးတက်လာခဲ့ပြီးသော အခြေအနေတို့သည် ကမ္ဘာပေါ်၌ တသုတ်ပြီးတသုတ်ဖြစ်၍ တသုတ်ပြီးတသုတ်ပျက်စီးခြင်း ရှိခဲ့ကြပေလိမ့်မည်။

ထိုအခါတွင် ပျက်စီးလွယ်သော အတတ်ပညာရပ်များ၊ သိပ္ပံပညာရပ်များ၊ ကျမ်းစာအုပ်များ၊ စက်ကိရိယာများ၊ အနုမြူဓာတ်ကိရိယာများ စသည်တို့သည် အကြွင်းမဲ့ပျက်စီးကာ ကြွင်းကျန်ရစ်သော လူသတ္တဝါအချို့မှာ အသိပညာအရာ၌ မှောင်ကျ၍သာ နေခဲ့ကြရမည်ဖြစ်သည်။

ထိုနောက်မှတဆင့် ပြန်လည် တိုးတက်လာခဲ့ကြပေမည်၊ ရှေးစာဟောင်းများ၌တွေ့ကြရသောစက်ကြိုးယန္တယားအတတ်ပညာအကြောင်းကို ဒဏ္ဍာရီဟု နှောင်းလူတို့က ထင်မှတ်ကြ၏။သို့သော်လည်း ရှေးကရှိခဲ့ဘူးသောကြောင့် သာလျှင် ဒဏ္ဍာရီများအဖြစ် ကျန်ရစ်ခဲ့ခြင်း ဖြစ်ကြပေမည် ဟူ၍ သုံးသပ်တင်ပြခဲ့ကြလေသည်။ ထို့ကြောင့် ရှေးထုံးလည်း မပယ်နှင့် ဟူသော စကားပုံအတိုင်းပင် ထူးခြားသော လူတို့သမိုင်းများကို ချေဖျက်၍မရ ဟူသည်မှာ ထင်ရှားလောက်သည်။

**ဖတ်ရှုပြီးသုံးသပ်ပါ**

ယခုတင်ပြလတ္တံ့သော ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသော ပါဠိကဝဂ္ဂပါဠိတော်လာ အဂ္ဂညသုတ်နှင့် စက္ကဝတ္တိသုတ်ပါ အချက်အလက်များသည် ဤကမ္ဘာ၏သက်တမ်းတွင်ဖြစ်ပေါ်ပြီး၊ ဖြစ်ပေါ်ဆဲ၊ ဖြစ်ပေါ်လတ္တံ့သော လူ့ဘောင်သမိုင်းတို့ အကျုံးဝင်လျက်ရှိပေသည်။

အတိတ်ကဖြစ်ပေါ်ခဲ့ပြီးသော အခြေအနေကိုသိနိုင်သကဲ့သို့ ယခုဖြစ်ပေါ်ဆဲ ပစ္စုပ္ပန်အခြေအနေကိုသိနိုင်ရုံမက နောင်ဖြစ်လတ္တံ့သော လူ့ဘောင်သမိုင်း၏အခြေအနေကိုလည်းသိနိုင်ရန် ခြုံငုံ၍ဟောကြားထားသောကြောင့် သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ချက်ချ၍ရင်း၊ ဆင်ခြင်တွေးတော၍ရင်း သုံးသပ်ကြည့်နိုင်ကြပါသည်။

မိမိတို့ ယခုရောက်ဆဲသော ခေတ်ကာလသည် ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူသော ဒေသနာတော်၌ပါသော လူ့ဘောင်သမိုင်း၏ အတိတ်ပစ္စုပ္ပန်အနာဂတ်သုံးရပ်တွင် အနာဂတ်ရောက်ခါနီး ပစ္စုပ္ပန်အလွန်လောက်ဖြစ်နေပေရာ ရောက်ဆဲလူ့ဘောင်ဘဝကပင် အတိတ်နှင့်အနာဂတ်အခြေအနေတို့ကို ပြန်လည်၍ရင်း၊ မျှော်မှန်း၍ရင်း ကြည့်ရှုနိုင်ပေသည်။

ထိုသို့ကြည့်ရှုရာတွင် သတိပြုဘွယ်အချက်တခုကို လက်မွန်မဆွ သတိရကြစေလိုသည်ကား—

ဤအကြောင်းအရာများသည် ပြီးပြည့်စုံသော လူ့ဘောင်သမိုင်း၏ အချက်အလက်များမဟုတ်ပါပေ။

အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓဘုရားရှင်သည် လောကမှ ထွက်မြောက်ရေးကိုသာလျှင် အလေးပေး၍ ဟောကြားထားခြင်းဖြစ်ရာ အဓိကအားဖြင့် လူနှင့်လူ၏စိတ်ကိုသာလျှင် ကျောရိုးပြု၍ဟောကြားထားပါ၍....

ပတ်ဝန်းကျင်အဆွယ်အပွားများ(ဝါ)ကျောက်လက်နက်၊ ကြေးလက်နက်အသုံးအဆောင်တို့ကို ဖော်ထုတ်ပြမည်မဟုတ်ပဲ လူ၏အကျိုးစီးပွားတို့ကို ရည်မျှော်၍သာလျှင် လူတို့၏ကိုယ်ကျင့်တရားနှင့် ကိုယ်ကျင့်တရားကြောင့်ဖြစ်ပေါ်လာရသော ပတ်ဝန်းကျင်အခြေအနေကိုသာလျှင် ဟောကြားထားခြင်းဖြစ်သည်ဟူ၍ သတိပြုကြစေလိုသည်။

ထို့ကြောင့် လူ၏စိတ်ဟူသော နာမ်တရားသည်(၀၁)လူသည် လူ့ဘောင်ကို မည်သို့သောကြီးမားသည့် အပြောင်းအလဲများကိုဖြစ်ပေါ်စေသည်ကို သိသာနိုင်ရန် တင်ပြထားပေရာ=

အမှားအမှန် ချိန်စက်ဆင်ခြင်ဉာဏ်နှင့်တွက်၍ အဖြေထွက်အောင် ပြုရမည်ကား စာဖတ်သူများ၏ ကိုယ်ပိုင်အလုပ်သာဖြစ်ပေသည်တမုံ။

# ဗုဒ္ဓဘုရားရှင်နှင့် ဣသိရနိမ္မာနဝါဒ

တချိန်သောအခါတွင် သဗ္ဗညုဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည် ပုဗ္ဗာ ရုံကျောင်း မိဂါရမာတာ ဝိသာခါ၏ ပြာသာဒ်၌ သီတင်းသုံးနေတော်မူ၏။

ထိုအချိန်တွင် ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် အသက်နှစ်ဆယ် မပြည့်သေး၍ ရဟန်းတော်တို့အထံ၌ပင် ရဟန်းအဖြစ်ကို မျှော်ငံ့တပြီ နေကြရသည့်အခိုက်အတန့်ဖြစ်၏။

တနေ့တွင် ဗုဒ္ဓဘုရားရှင်သည် ညချမ်းအခါ သမာပတ်ဝင်စား လျက် တပါးတည်းကိန်းအောင်းနေတော်မူရာမှထ၍ ပြာသာဒ်မှဆင်း တော်မူကာ ပြာသာဒ်ရိပ်လွင်တီးခေါင်၌ စင်္ကြံကြွနေသည်ကို ဝါသေဋ္ဌ မြင်သောအခါ အဖော်ဖြစ်သော 'ဘာရဒွါဇ' အား ဤသို့ပြောဆို၏။

(ငါ့သျှင် ဘာရဒွါဇ၊ မြတ်စွာဘုရားသည် ညချမ်းအခါ၌ သမာ ပတ်ဝင်စားလျက် တပါးတည်းကိန်းအောင်းတော်မူရာမှထ၍ ပြာသာဒ်မှ သက်ဆင်း၍ ပြာသာဒ်ရိပ် လွင်တီးခေါင်၌ စင်္ကြံ ကြွတော်မူတယ်။ ငါ့သျှင်ဘာရဒွါဇ၊ မြတ်စွာဘုရားထံ အခွင့်ရတုန်းချဉ်းကပ်ကြရအောင်၊ မြတ်စွာဘုရားအထံမှလည်း တရားစကားနာကြားရန် အခွင့်ကောင်းရပါ လိမ့်မည်)

ဟု တိုင်ပင်ပြောဆိုကာ ၂-ဦးသား မြတ်စွာဘုရားနောက်တော် ပါးမှလိုက်၍ စင်္ကြံသွားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက ဝါသေဋ္ဌအား ဤသို့မေးတော်မူ၏။

"ဝါသေဋ္ဌ၊ ပုဏ္ဏားဇာတ်ရှိကုန် ပုဏ္ဏားအမျိုးအနွယ်ဖြစ်ကုန်သော သင်တို့သည် ပုဏ္ဏားအမျိုးအနွယ်မှထွက်၍ လူ့ဘောင်မှ ရဟန်းဘောင် သို့ဝင်ရောက်ကြတဲ့အတွက် တခြားပုဏ္ဏားအမျိုးအနွယ်ဇာတ်ရှိသူတွေက သင်တို့ကိုမဆဲရေး၊ မရေရွတ်ကြဘူးလား"

ဤစကားကို ဗုဒ္ဓဘုရားရှင်မေးမည်ဆိုလည်း မေးစရာပင် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ယခုမိမိတို့ခေတ်ကာလ၌ပင် ဗုဒ္ဓဘာသာဝင်ဖြစ်သူက တခြားဘာသာသို့ ကူးပြောင်းသွားသော်ငြားလည်း၊ တခြားခရစ်ယာန်၊ မူစလင်၊ ဟိန္ဒူဘာသာဝင်များက မိမိတို့ဗုဒ္ဓဘာသာသို့ သက်ဝင်ကူးပြောင်းကြသော်ငြားလည်း ကျန်ရစ်သောသူတို့မှာ ကျိတ်မနိုင်၊ ခဲမရဒေါမနဿများဖြစ်ကြပြီး ကဲ့ရဲ့ရှုတ်ချခြင်း၊ ဆဲရေးရေရွတ်ခြင်း၊ နှိမ့်ချခြင်း၊ အသက်ကိုရန်ရှာခြင်းစသည့် အပြုအမူများတွေ့ရပေရာ

ထိုခေတ်ကာလမှာ အမျိုးဇာတ်များခွဲခြားမှု(တနည်းအားဖြင့်) လူမျိုးရေးခွဲခြားမှုများ အထွတ်အထိပ်သို့ရောက်နေသော အချိန်ဖြစ်ရာ ဆဲရေးရှုတ်ချကဲ့ရဲ့ကြမည်မှာအမှန်၊ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်သည် မိမိပိုင်ဆိုင်ထားသော သေတ္တာအတွင်းမှ ပစ္စည်းကိုယူစေလို သိစေလို၍ သော့ခလောက်ကိုဖွင့်ပေးသူကဲ့သို့ အတိတ်အကြောင်းပြန်ပြောင်းတော်မူလို၍ 'ဝါသေဋ္ဌ'အား ဒေသနာဝမ္မ အစပြုလိုက်ခြင်းလည်း ဖြစ်ပေသည်။

ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့မှာ အမေးခံရမည်ဆိုကလည်း ခံရစရာပင်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည်လည်း ခေသည့်သူများမဟုတ်၊ ဗြာဟ္မဏဇာတ်အမျိုးအနွယ်ရှိသောသူတို့တွင် အသက်အရွယ်ငယ်ငယ်ဖြင့်ပင် ဗေဒင်သုံးပုံကို တဘက်ကမ်းခတ်တတ်မြောက် နားလည်ကျွမ်းကျင်ကြသူများ(ဝါ)ပါရဂူများဖြစ်ကြ၏။ သူတို့သည် ခေတ်အမြင် ခေတ်အတွေး ခေတ်ဉာဏ်ပြေးသူများဖြစ်ကြ၏။ ထို့ကြောင့် သူတို့ ရှေးမိဘဘိုးဘွားဆွေစဉ်မျိုးဆက် ခုနစ်ဆက်မက လက်ခံလာခဲ့သောဗြဟ္မာကိုငြားလည်း၊ ဗြဟ္မာပြည်သို့ရောက်စေတတ်သောလမ်းကြောင်းကိုငြားလည်း၊ စူးစမ်းရှာဖွေသောအခါ့ရာ သူတို့၏ဘိုးဘွားမိဘတို့မှာ ဗြဟ္မာကြီးများ၏ ခံတွင်းက မွေးဖွားလာကြသည်-ဟူ၍ ပြောဆိုလက်ခံ ယုံကြည်နေကြသည့်သူများဖြစ်ကြသော်လည်း ၎င်းတို့သည် တခါမှ ဗြဟ္မာကြီးများကိုလည်း မမြင်ဘူး၊ ဗြဟ္မာ့ပြည်သို့ရောက်စေသော လမ်းကြောင်းကိုလည်း ကေန်ဒိဋ္ဌပြောမပြတတ်ကြသူများဖြစ်နေလေသည်။

ထို့ကြောင့် ဘဝင်မကျဖြစ်ကြကာ စူးစမ်းရှာဖွေသင်း မြတ်စွာဘုရားသခင်နှင့်တွေ့၍ မြတ်စွာဘုရားသခင်က—

"သူကန်းတစုသည် ရှေ့ဆုံးက လူကလည်းမမြင်၊ အလယ်လူကလည်းမမြင်၊ နောက်ဆုံးကလူကလည်း မမြင်ပါပဲလျက် မြင်သကဲ့သို့ ဟန်ဆောင်ပြောနေလျှင် အကျိုးစီးပွားမဲ့ရုံမျှမက ရယ်ရွှင်ဘွယ်အတိသာ ဖြစ်သကဲ့သို့ငင်း၊

ယောကျ်ားတယောက်သည် တဘက်ရွာက အချောအလှဆုံး ဇနပဒ ကလျာဏီကိုကြိုက်နေသည်ဟု ပြောဆိုနေသော်လည်း ၎င်းအမျိုးသမီးသည် မည်သည့်အမျိုးအနွယ်၊ အရပ်ရှည်သည်၊ တိုသည်၊ အသားဖြူသည်၊ မဲသည်-စသည် မသိပဲ ကြိုက်နေသည်ဟု ဇွတ်ပြောဆိုနေသော် ၎င်းယောကျ်ား၏စကားသည် ရယ်ရွှင်ဘွယ်သာဖြစ်သကဲ့သို့ငင်း၊

ထိုအတူ ဗြာဟ္မဏအနွယ်ဝင်ဖြစ်သူတို့သည်လည်း ဗြဟ္မာကြီးများကိုမမြင်ဘူးပါပဲလျက် ဗြဟ္မာကြီးများ၏ ခံတွင်းမှမွေးဖွားသည်ဟူ၍ငင်း၊ ဗြဟ္မာ့ပြည်သို့ရောက်တတ်သော လမ်းကြောင်းဟူ၍ငင်း ပြောဆိုနေကြသည်မှာ အလွန်အကျိုးမရှိ၊ ရယ်ရွှင်ဘွယ် အတိသာ ဖြစ်သည်ဟူ၍ ဥပမာ ဥပမေယျ-တို့ဖြင့် ဟောပြောတော်မူ၍ အဆုံးတွင် အစိရဝတီမြစ်ကမ်းနဖူးတဘက်မှ ရပ်နေသူသည် တဘက်ကမ်းကိုရောက်ဘို့ရာ 'ဟိုမှာဘက်ကမ်းလာခဲ့ပါ'ဟူ၍ လှမ်းခေါ်နေရုံနှင့်မရနိုင်၊ မရောက်နိုင်သကဲ့သို့၊

ဗြဟ္မာ့ပြည်သို့လည်း စိတ်တောင့်တရုံနှင့် မရောက်နိုင်၊ နီဝရဏငါးဝအပိတ်အပင်တရားတို့ကိုပယ်ခွါ၍၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရားတို့ကို ပွားများမှသာ ဗြဟ္မာပြည်သို့ ရောက်နိုင်၏....

ဟူ၍ ဟောပြတော်မူသောအခါ ဒေသနာတော်ကိုနှစ်သက်ကြ၍ ဗုဒ္ဓ၏သားစစ်၊ သာကီဝင်အဖြစ်ရောက်လာကြသူများဖြစ်ကြ၏။ သူတို့သာမက တခြားလူငယ် အတော်များများပါ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာတော့ရာ၊ဗြာဟ္မဏဇာတ်အနွယ်ရှိသူများမှာ- သူတို့၏ လူတတ်လူထက်များ၊ တခြားဘာသာအယူသို့ပြောင်းသွားသည်ကို သည်းမခံနိုင်ဖြစ်ကြကာ အမျိုးမျိုးပြောဆိုရေရွတ်ကြမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်မည်။

ထို့ကြောင့် ဗုဒ္ဓဘုရားရှင်သည် ဤသို့အမေးပုစ္ဆာက ထုတ်ပြတော်မူလိုက်ခြင်းဖြစ်၏၊ ထိုအခါ ဝါသေဋ္ဌက-

"အရှင်ဘုရား ပုဏ္ဏားတို့သည် ပြည့်စုံစေ့စပ်သော ဆဲရေးရေရွတ်ခြင်းတို့ဖြင့် ဆဲရေးကြပါသည်။ ပုဏ္ဏားမျိုးသာလျှင် မြတ်၏၊ တပါးသောအမျိုးတို့သည် ယုတ်ညံ့ကုန်၏၊ ပုဏ္ဏာမျိုးသာလျှင် ဖြူစင်၏၊ တပါးသော အမျိုးတို့သည် မည်းနက်ကုန်၏၊ ပုဏ္ဏားမျိုးတို့သည်သာ အမျိုးအနွယ်အားဖြင့် စင်ကြယ်ကြကုန်၏၊ ပုဏ္ဏားမဟုတ်သူတို့သည် မစင်ကြယ်ကုန်၊ ပုဏ္ဏားတို့သည်သာလျှင် ဗြဟ္မာ၏ရင်၌ဖြစ်ကုန်သော ဗြဟ္မာ့ခံတွင်းမှ ဖွားကုန်သော ဗြဟ္မာ၏သားတို့ဖြစ်ကြသည်။

သင်တို့သည် မြတ်သောပုဏ္ဏားမျိုးကိုစွန့်ခွါပြီး ဗြဟ္မာ၏ခြေဖမိုးမှ ဖွားသော ဇာတ်နိမ့်၊ မည်းညစ်သော ကတုံးဦးပြည်းရဟန်းညံ့တို့ထံ ကပ်ရောက်ခြင်းသည် မကောင်းမြတ်၊ မလျောက်ပတ်။

[ပါဠိတော်]

ရွာတွင်း၌ရှင်း၊ ရွာတံခါးဝ၌ရှင်း တွေ့လျှင်လည်း သင်တို့သည် ပုဏ္ဏားတို့၏အယူကိုဖျက်ဆီးအပ်၏၊ ဦးပြည်းကတုံး ရဟန်းတို့နောက်က လိုက်ခြင်းသည် ဝတ်ပြတ်ပြီး အရသာကိုတပ်မက်သောကြောင့် လိုက်နေကြသည်မဟုတ်လော။

[အဋ္ဌကထာ]

ဤသည်ဖြင့် ပုဏ္ဏားတို့သည် တပည့်တော်တို့ကို ပြည့်စုံစေ့စပ်စွာ ဆဲရေးရေရွတ်ကြပါသည်ဘုရား။

—ဟူ၍ ပြန်လည်လျှောက်ထားလိုက်၏။
ထိုအခါ မြတ်စွာဘုရားက-

(ဝါသေဋ္ဌ-ပုဏ္ဏားမျိုးတို့သည် ရှေးလောကကြီး၏ ဖြစ်ပျက်ပုံအစဉ်ကို မသိကြသောကြောင့်သာလျှင် ပုဏ္ဏားမျိုးသည်မြတ်၏၊ဖြူစင်၏၊ စင်ကြယ်၏၊ တပါးသောအမျိုးတို့သည် ယုတ်ညံ့၏၊ မည်းညစ်၏၊ မစင်ကြယ်၊ ပုဏ္ဏားတို့သည် ဗြဟ္မာ၏ခံတွင်းမှ မွေးဖွားသော ဗြဟ္မာတို့၏သားများဖြစ်ကြသည်-ဤသည်ဖြင့် ဆိုနေကြသည်။

ဝါသေဋ္ဌ၊ ပုဏ္ဏားတို့၏ ကြင်ယာဇနီးဖြစ်ကြတဲ့ ပုဏ္ဏေးမကလေးတို့မှာ ရာသီပန်း ဥတုလည်းလာ၊ ကိုယ်ဝန်လည်းဆောင်၊ သားလည်း

ဖွား၊နို့လည်းတိုက်ကြသည်ကို တွေ့နေရပါလျက် ပုဏ္ဏားမကလေးများ၏ အင်္ဂါဇာတ်တို့မှ မွေးဖွားသည်ဖြစ်ကြပါလျက်—

ပုဏ္ဏားမျိုးသာလျှင်မြတ်၏၊ ပုဏ္ဏားတို့သည် ဗြဟ္မာ၏ခံတွင်းမှ ဖွားသော ဗြဟ္မာ၏သား အမွေခံများဖြစ်ကြသည်ဟု ဆိုကြခြင်းသည် ဗြဟ္မာကိုလည်း ရှုတ်ချရာရောက်ကုန်၏။ မမှန်စကားကိုလည်း လိမ်လည်ပြောဆိုရာရောက်၏။ များစွာသော အကျိုးမဲ့မကောင်းပြစ်များကိုလည်း တိုးပွားစေရာရောက်၏။

**လူမျိုးမခွဲခြား တတန်းစားတည်းသောသာသနာ**

"ဝါသေဋ္ဌ၊ မင်းမျိုးပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုးဟူသောအမျိုးလေးရပ်တွင် မည်သည့်အမျိုးဇာတ်၌ဖြစ်သော ပုဂ္ဂိုလ်မဆို အသက်ကိုသတ်လေ့ရှိ၏၊ သူတပါးမပေးသည်ကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်လေ့ရှိ၏၊ မဟုတ်မမှန်သည်ကို ပြောဆိုလေ့ရှိ၏၊ ကုန်းစကားကို ပြောတတ်၏၊ ကြမ်းတမ်းသောစကားကို ပြောတတ်၏၊ ပြိန်ဖျင်းသောစကားကိုပြောလေ့ရှိ၏၊ မက်မောခြင်းများ၏၊ပျက်စီးစေလိုသောစိတ်ရှိ၏၊ မှားသောအယူဝါဒရှိ၏၊ ထိုအမျိုးဇာတ်သည် မည်းညစ်သောအကျိုးရှိ၍ ပညာရှိတို့ကဲ့ရဲ့ဘွယ်ဖြစ်၏။

အချို့သော မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုးတို့သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါး မပေးသည်ကို ယူခြင်းမှရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှရှောင်ကြဉ်၏၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ကုန်းစကားပြောခြင်း ကြမ်းတမ်းသောစကားပြောခြင်း၊ ပြိန်ဖျင်းသောစကား ပြောခြင်းမှ ရှောင်ကြဉ်၏၊ မက်မောခြင်းမများ၊ ပျက်စီးစေလိုသောစိတ်မရှိ၊ မှန်သော အယူဝါဒရှိ၏။

ဤသို့ကုသိုလ်လည်းဖြစ် အပြစ်လည်းမရှိ၍ မှိုဝဲအပ်သည်သာမက ဖြူစင်ချမ်းသာ ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့ကို ၎င်းမင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုးတို့၌ တွေ့မြင်ရကုန်၏။

ဝါသေဋ္ဌ၊ ၎င်းအမျိုးလေးပါးတို့တွင် ပညာရှိတို့ ကဲ့ရဲ့ဘွယ် ချီးမွမ်းဘွယ် အမည်းအဖြူဖြစ်ကုန်သောတရားနှစ်ပါးတို့ ရောပြွမ်းနေသည် ဖြစ်ပါလျက်—

"ပုဏ္ဏားမျိုးသာလျှင်မြတ်၏ ဖြူစင်၏ စင်ကြယ်၏၊ တပါးသော အမျိုးတို့သည် ယုတ်၏ မည်းညစ်၏ မစင်ကြယ်၊ ပုဏ္ဏားတို့သည်သာ ဗြဟ္မာ၏ခံတွင်းမှဖွား၍ ဗြဟ္မာ၏အမွေခံဖြစ်ကုန်သော သားတို့တည်း"ဟု ပြောဆိုကြကုန်၏။ ထိုပုဏ္ဏားတို့ပြောစကားကိုပညာရှိတို့ဝန်မခံကြကုန်။

ဝါသေဋ္ဌ၊ သက်ရှိ လောကတွင် ဤလောကဥ္စရင်း၊ တမလွန် လောကဥ္စရင်း အမြတ်ဆုံးအရာကား တရားသာလျှင်ဖြစ်၏။

သာကီဝင်မင်းမျိုးတွေက အရိုအသေပေး နှိမ့်ချရှိခိုး ခရီးဦးကြိုမှု အပြုခံရသော ပသေနဒီကောသလမင်းသည်—

"မိမိထက်လွန်မြတ်သူမရှိသော ရဟန်းဂေါတမသည် သာကီဝင် မင်းမျိုးမှရဟန်းပြု၏"ဟူ၍သိကာ ငါ့ဘုရားကို နှိမ့်ချရှိခိုးခရီးဦးကြိုခြင်း ကိုရင်း လက်အုပ်ချီခြင်းကိုရင်းပြု၏။

ထိုသို့ပြုခြင်းသည် အံမျိုးဇာတ်ကို အကြောင်းပြု၍ အရိုအသေ ပြုသည်မဟုတ်၊ မွန်မြတ်သောတရားကိုသာ ပူဇော်၍ အရိုအသေပြုခြင်း ဖြစ်၏။

ဝါသေဋ္ဌ၊ ဤသတ္တလောက၌ တရားသည်သာလျှင် ဤလောက ဥ္စရင်း တမလွန် လောကဥ္စရင်း အမြတ်ဆုံးဖြစ်၏ ဟူ၍ အကောင်းနှင့် အဆိုး၊ အကြောင်းနှင့်အကျိုးကို ထင်သာ မြင်သာ သက်ာရှင်းသွား အောင်ပင် ဩဝါဒစကားမိန့်ကြားတော်မူပါသည်။

မှန်၏၊ ရှေးရှေးကာလ ကမ္ဘာတည်ဦးစအခါက စ၍ ဤကမ္ဘာ မြေပေါ်တွင် လူမျိုးရေး အတန်းအစား ခွဲခြားမှု (ဝါ) ဇာတ်ခွဲခြား မှုသည် ဗုဒ္ဓဘုရားရှင်လက်ထက်တိုင်အောင် အထွတ်အထိပ်ထားကာ ခေတ် စားလျက် ရှိလေသည်။ ယခုအချိန်၌ပင် တောင်အာဖရိက စသော နိုင်ငံတို့၌ အသားဖြူ၊ အသားမဲ ခွဲခြားသကဲ့သို့ သာသနာတော် ထွန်း ကားခဲ့ရာ အိန္ဒိယနိုင်ငံကြီး၌ ဇာတ်မြင့် ဇာတ်နိမ့် ခွဲခြားမှုများ ထွန်း ကားလျက်ရှိသေး၏။

ဤနေရာ၌ ဗုဒ္ဓဘုရားရှင်၏ ဆန္ဒအလိုတော်နှင့် ဗြာဟ္မဏတို့၏ သဘောကို သိသာ ကွဲပြား ထင်ရှားအောင် ခွဲခြား ပြသင့်သည်ဟု ထင်၏။

ဗုဒ္ဓဘုရားရှင်သည် ဤသက်ရှိ သတ္တလောကကြီးတွင် မြင့်မြတ်ဖြူစင်သော တရားသည်သာလျှင် အမြတ်ဆုံးဟူ၍ လက်ခံတော်မူ၏။

ဗြာဟ္မဏတို့ကား ၎င်းတို့ ပုဏ္ဏားမျိုးသည်သာလျှင် ဤကမ္ဘာမြေအပြင်တွင် အမြတ်ဆုံးဟူ၍ စွဲထင်နေကြသူများဖြစ်၏။ အမှန်ကား ဤကမ္ဘာမြေအပြင်တွင် မင်းမျိုးသည် အဦးအစဆုံးဖြစ်၍ အမှန်အမြတ်ဆုံး ဖြစ်၏။ (နောင်၌ တွေ့လတံ့)

ထိုနောက်မှ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးတို့ တိုးပွား၍ လာခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် အမှန်အစဖြစ်ပုံချင်း အားဖြင့်၎င်း ကိုန်းဝပ်သော စိတ်ဓာတ် ဖြူစင်ပုံချင်းအားဖြင့်၎င်း၊ ပုဏ္ဏားမျိုးနှင့်စာလျှင် မင်းမျိုးသည် ဤကမ္ဘာတွင် အမြတ်ဆုံးဖြစ်သည်ကို သိနိုင်မည်။

ထိုသို့ အမျိုးလေးပါးတွင် အမှန်မြတ်ဆုံးဖြစ်သော မင်းမျိုးသည် မကောင်းသော အလုပ်အကိုင်ဖြစ်သော သူ့အသက်သတ်မှု၊ သူတပါးပစ္စည်းခိုးမှု၊ ကာမဂုဏ်လွန်ကျူးမှုတို့ကို ပြုခဲ့သော်၎င်း၊ မကောင်းသော အပြော အဆိုဖြစ်သော လိမ်လည် လှည့်ပတ် ပြောဆိုမှု၊ ကုန်းတိုက်မှု၊ ကြမ်းတမ်းသော စကားပြောဆိုမှု ပြိန်ဖျင်းသော စကားတို့ကို ပြောဆိုမှု ဟူသော အပြောအဆိုတို့ကို ပြောဆိုခဲ့သော်၎င်း။

မတရားလိုချင်မှု၊ ပျက်စီးစေလိုမှု၊ အယူမှားမှု ဟူသော မကောင်းသော အကြံအစည်တို့ကို ကြံစည်ခဲ့သော်၎င်း အမျိုးဇာတ် တို့တွင် အမြတ်ဆုံး ဖြစ်သော မင်းမျိုးသည်ပင် အမျိုးဇာတ်တို့တွင် အညံ့ဆုံး ဖြစ်သော သူဆင်းရဲမျိုးသည်၎င်း၊ မကောင်းမှု ဒုစရိုက်တို့ကို ရှောင်ကြဉ်ခဲ့သော သူဆင်းရဲသည် မင်းမျိုး ထက် မြတ်သည်ဟု ဆိုလိုရင်းဖြစ်၏။ အဘယ်ကြောင့်နည်း။ မင်းမျိုးသည် စိတ်ထားယုတ်ညံ့၍ သူဆင်းရဲမျိုးသည် စိတ်ထားဖြူစင်သောကြောင့် ဖြစ်ပေသည်။

လောက ဥပမာကိုလည်း ကြည့်ပါဦး၊ ဂုဏာဝုဓ်ိ ဝယဝုဓ်ိ ၂-ပါးတွင် ဂုဏ်သိက္ခာကြီးမားမှု ဂုဏဝုဓ်ိသာ ရှေ့တန်းကသွား၍ ဝယဝုဓ်ိ အသက်အရွယ်ကြီးမားမှုမှာ နောက်ကလိုက်နေရသည် မဟုတ်လော....

အသက်ငယ်ရွယ်သူ ရှင်ဘုရင်နှင့် မင်းသားကလေးကို သက်တော်ရှည်အမတ်ကြီးများက အရိုအသေပေးရပုံ၊

အသက်ငယ်ရွယ်သူ ဗိုလ်မှူးကလေးကို အသက်ကြီးသူ တပ်သားအကြပ် စသူတို့က အရိုအသေပေးရပုံ။

ရာထူးဌာနန္တရ ပညာဂုဏ်ကြီးမား၍ အသက်ပင်ငယ်သော်လည်း ရာထူးဌာနန္တရ ပညာဂုဏ်သေးငယ်ကြသော အသက်ကြီးသူတို့က အရို အသေပေးရပုံ။

မြန်မာအမျိုးသား အသက် ၂၀-ကျော် သိက္ခာ ၁-ဝါရသော ရဟန်းပဉ္စင်းငယ်ကို အသက် ၆၀-ရှိ၍ သိက္ခာဝါ ဘာမျှ မရှိသေးသော နိုင်ငံခြားသား ရဟန်းကြီးက အရိုအသေပေးရပုံတို့မှာ....

အသက်ဂုဏ်အမျိုးဇာတ်နှင့် ဆိုင်သည် မဟုတ်၊ ၎င်းငယ်ရွယ်သူတို့အထံ၌ ကိန်းအောင်းသော ဂုဏ်ဟူသော ပညာအရည်အချင်း၊ သီလ သိက္ခာ၊ စိတ်ထားမွန်မြတ်မှုတို့ကို အလေးဂရုပြု၍ ရိုသေတုပ်ဝပ်မှုကို ပြုကြခြင်း ဖြစ်၏။

(ဤနေရာ၌ဂုဏ်-ဟူသော စကားရပ်၏ အဓိပ္ပါယ်ကို အနည်းငယ် သိသင့်၏)။

အတ္တနော ဒဗ္ဗံဂုဏောတိပကာသေတီတိဂုဏော၊ မိမိ၌ ထင်ရှားရှိသော အရည်အချင်း ဒြဗ်ကို ထင်ရှားပြတတ်သော သဘောသည် ဂုဏ်။

စစ်သည်တို့တွင် ငယ်သားသည် စစ်ဗိုလ်နှင့် စာလျှင်ရာထူးနိမ့်၏။ စစ်ဗိုလ်၌ ရာထူးမြင့်ရခြင်းသည်၊ ၎င်း၌ပညာ အရည်အချင်း၊ စွမ်းရည် အရည်အချင်း၊ လုပ်သက်နှင့် သတ္တိအရည်အချင်းတို့ ရှိနေသောကြောင့် ရာထူးမြင့်ရခြင်း ဖြစ်၏။

ထို့ကြောင့် စစ်ဗိုလ်၏ ဂုဏ်ဟူသည်မှာ ပညာ၊ စွမ်းရည်၊ သတ္တိ အရည်အချင်းများဖြစ်၏။ ထို့ကြောင့် အရည်အချင်းများသည်ဂုဏ်၊ အရည်အချင်းပိုင်ရှင် စစ်ဗိုလ်သည် ဂုဏဏ။

ထိုအတူ အကျင့်သီလ၊ ပညာစသည့် ပိုင်ရှင်တို့ကိုလည်း အလေးဂရုပြုရခြင်း အကြောင်းကို သိထားသင့်ကြသည်။

မြတ်စွာဘုရား သာသနာတော်၌ တရုတ်၊ ကုလား၊ ရှမ်း၊ အမေရိကန်၊ အင်္ဂလန်ပြည်ဖွား မည်သည့် တိုင်းရင်းသားဖြစ်စေ သာသနာဘောင်သို့ ဝင်ရောက်ခဲ့ပြီး အသက်ကြီးနေသော် (အမျိုးဇာတ်ကြီးသည်ဟု ထင်ခဲ့သော် အမျိုးဇာတ်ကြီးနေသော်လည်း) အသက်ငယ်ရွယ်သူက တမိနစ်မျှ စော၍ သာသနာဘောင်သို့ ရောက်ခဲ့သော်၊ ၎င်း

စေ၍ သာသနာဘောင်သို့ ရောက်သူကို အလေးဂရု အရိုအသေပြုရမည်သာ ဖြစ်၏။

ထိုကြောင့် ရဟန်းတော်များသိမ်ဝင်၍ ပဋ္ဌာန်းအဖြစ်ရောက်စဖြစ်လျှင်(တာဝဒေဝဆာယာမေတဗ္ဗာ၊ ဥတုပမာဏံအာစိက္ခိတဗ္ဗံ)စသည်ဖြင့် အရိပ်ဖဝါ၊ ဥတုစသည်တို့ကို မှတ်သားထားခြင်းဖြစ်၏။ အဘယ်ကြောင့်နည်း၊မြင့်မြတ်ဖြူစင်သော အကျင့်သီလကို တမိနစ်စော၍ ရရှိပိုင်ဆိုင်ကိန်းအောင်းသောကြောင့်ဖြစ်၏။

ဆိုလိုရင်းစကားချုပ်ပါအံ့....ကမ္ဘာတည်ဦးအစ မဟာသမ္မတကစ၍ မင်းမျိုးဟူ၍ ပေါ်ပေါက်ခဲ့၏။ ထို့နောက်မှ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးဟူ၍ ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ပုဏ္ဏားမျိုးသည် မင်းမျိုးလောက်မမြတ်၊ ဤကား လောက၏အမြင် (ဝါ)ပုဏ္ဏားတို့၏အထင်ကို သူတို့၏အမြင်နှင့်ပင် ချေပခြင်းဖြစ်၏။

ထိုအမျိုးလေးပါးတို့မှ မည်သူတဦးတယောက်မဆို သာသနာဘောင်သို့ဝင်ရောက်၍ ကိလေသာအညစ်အကြေးကင်းဝေးသည့် အရိယာသူမြတ်ဖြစ်ခဲ့မသော် သူဆင်းရဲ သူတောင်းစားတယောက်ပင် ရဟန်းဘဝသို့ရောက်၍ အရိယာသူမြတ်ဖြစ်ခဲ့သော် တခြားသောမင်းမျိုး ပုဏ္ဏားမျိုးတို့ထက် သာလွန်မွန်မြတ်သည်။

ဤလောက၌ဖြူစင်မွန်မြတ်သော ကိုယ်ကျင့်တရားသည်သာလျှင် အမြတ်ဆုံးဖြစ်၏။

(ရုပ်တရားတို့သည် အဓိကမဟုတ်၊ စိတ် (နာမ်) တရားတို့သာ အဓိကဟူလို) ထို့ကြောင့် ပုဏ္ဏားတို့ထင်သကဲ့သို့ ၎င်းတို့သည် အမြတ်ဆုံးမဟုတ်၊ ပုဏ္ဏေးမကလေးများက ကိုယ်ဝန်လွယ်မွေးဖွားသည်ဖြစ်ပါလျက် ပြဟ္မာမင်းကြီးခံတွင်းပါးစပ်က မွေးဖွားသည်ဆိုသည်မှာလည်း မဟုတ်၊ ၎င်းတို့ကဲ့ရဲ့ရှုတ်ချသော ရဟန်းဦးပြည်းကတုံးများမှာ သူယုတ်ညံ့များမဟုတ်၊မြင့်မြတ်သောတရားကို ပိုင်ဆိုင်သောကြောင့် (ကျင့်ကြံနေပါက) အမြတ်ဆုံးပုဂ္ဂိုလ်သာလျှင်ဖြစ်၏-ဟူ၍ စကားအခံဖြေရှင်း၍ ပြတော်မူလိုပြန်သည်ဖြစ်၍-ဤသို့ကမ္ဘာတည်ဦးအစကို ဟောပြခဲ့လေသည်။

## လူတို့နေရာ-ဤကမ္ဘာ

ယခု မိမိတို့နေရာ ဤကမ္ဘာကြီး၏အကြောင်းကို မတင်ပြမီ နိယာမဖြစ်စဉ် သဘာဝတခုကိုသိသာရန် အနည်းငယ်ရှင်းပြဦးအံ့။

နိယာမတို့သည် ၁။ ကမ္မနိယာမ
၂။ စိတ္တနိယာမ
၃။ ဗီဇနိယာမ
၄။ ဥတုနိယာမ
၅။ ဓမ္မနိယာမ ဟူ၍ ငါးရပ်ရှိ၏။

(၁) ကမ္မနိယာမ ၁-တန်း၊ ၂-တန်းမှဘွဲ့ယူပြီးသည့်အထိကျောင်းနေရပြီးနောက်၊ အလုပ်အကိုင်ရခဲ့လျှင် ကျောင်းနေရခြင်းအကြောင်းကြောင့် အလုပ်အကိုင်ရခြင်းအကျိုး ဖြစ်ပေါ်သကဲ့သို့ ကောင်းသောကုသိုလ်ကံ၊ ထက်မြက်သောကုသိုလ်ကံကိုပြုလုပ်လျှင်-ကောင်းသောအကျိုး၊ ထက်မြက်သောအကျိုးသာဖြစ်၍ မကောင်းသော အကုသိုလ်တရားတို့ မဖြစ်ခြင်း၊

မကောင်းသော အကုသိုလ်ကံကိုပြုလုပ်လျှင် – မကောင်းသောအကျိုးတရားတို့ဖြစ်ခြင်း-တို့သည် မည်သူကဖန်ဆင်းစီမံ၍ ဖြစ်ပေါ်လာသည်မဟုတ်၊ ၎င်းကမ္မ(အလုပ်)နိယာမတို့၏ သဘာဝအတိုင်းသာ ဖြစ်ရသောကြောင့် ကမ္မနိယာမ-ဟုခေါ်၏။

(၁) စိတ္တနိယာမ-အဆင်းရူပါရုံတခုနှင့် မျက်စိပသာဒတို့ထိခိုက်မိသော်(ဝါ)မျက်စိနှင့် တစုံတခုကိုကြည့်လိုက်သော် သိမ်မွေ့လွန်းသောစိတ်အစဉ်တို့က အရင်ဖြစ်ကြ၏။ နောက်မှအာရုံ၏ကောင်း မကောင်းကို ခံစားသောစိတ်တို့ ဖြစ်ကြရသည်။ ထိုအစဉ်ကို စီကာစဉ်ကာချဲ့ပြလိုက်လျှင် ဆင်ခြင်သောစိတ်၊ သိသောစိတ်၊ လက်ခံသောစိတ်၊ စုံစမ်းသောစိတ်၊ ဆုံးဖြတ်သောစိတ်၊ ခံစားသောစိတ်-စသည်ဖြင့် မည်သည့်အာရုံနှင့်ပသာဒတို့တွေ့တွေ့ ခုံကျော်မှုမရှိပဲ ဤစိတ်အစဉ်တို့သာဖြစ်ကြရိုးဖြစ်၏။

ထိုကြောင့် မည်သူက"ဤစိတ်ဖြစ်လော့၊ ဟိုစိတ်ဖြစ်လော့"ဟု ခစခိုင်းရသည်မဟုတ်ပဲ မိမိတို့စိတ်များ၏ဖြစ်စဉ် နိယာမအတိုင်း ဖြစ်မြဲဖြစ်သောကြောင့် စိတ္တနိယာမ-ဟုခေါ်၏။

(၃) ဗီဇနိယာမ-ကုလားပဲပင်၏ မြောက်အရပ်ဘက်သို့သာ အညွန့်ထွက်မှု၊ လက်ျာရစ်ပန်းတို့၏ လက်ျာဘက်သို့သာ ရွေ့ရှုရစ်ပတ်မှု၊ နေကြာပန်းတို့၏နေရှိရာအရပ်သို့သာ မျက်နှာမူမှု၊ အုန်းသီးအတွင်း၌ရေရှိမှု၊ ကုမုဒြာကြာတို့ လရောင်ရှိမှသာ ပွင့်မှုတို့သည် မျိုးစေ့ဗီဇတို့၏ဖြစ်စဉ်များဖြစ်၍ ဗီဇနိယာမ-ဟု ခေါ်၏။

(၄) ဥတုနိယာမ-ထိုထိုရာသီတို့၌ ဆိုင်ရာ-ဆိုင်ရာသစ်ပင်တို့ဖူးပွင့်ကြခြင်း၊ ဆောင်း၊ နွေ၊ မိုး ဟူ၍၎င်း၊ ရာသီခွင် အနေအားဖြင့်၎င်း၊ပြောင်းလဲနေကြခြင်း-တို့သည် မည်သူကမှ စီမံဖန်တီးသော သဘောမရှိ ၎င်းဥတုတို့၏ဖြစ်စဉ်အားဖြင့်သာ ဖြစ်ရိုးထုံးစံရှိသောကြောင့် ဥတုနိယာမ-ဟု ခေါ်၏။

(၅) ဓမ္မနိယာမ-ဘုရားသခင်တို့၏ အမိဝမ်း၌ ပဋိသန္ဓေနေမှု၊ ဖွားမြင်မှု၊ သဗ္ဗညုတဉာဏ်တော်ကိုရရှိမှု၊ ဓမ္မစကြာတရားဟောမှု၊ အာယုသင်္ခါရလွှတ်မှု၊ ပရိနိဗ္ဗာန်ပြုမှု-တို့၌ ကမ္ဘာမြေအပြင်သာမက-စကြဝဠာတသိန်း တုန်လှုပ်ခြင်းသည်သဘာဝဓမ္မတို့၏ ဖြစ်မြဲဖြစ်သောကြောင့် ဓမ္မနိယာမ-ဟုခေါ်၏။

ထိုနိယာမငါးရပ်တွင်-ဥတုနိယာမ၏ သဘောကိုရှုပါ။ ဆောင်း၊ နွေ၊ မိုး ဟူ၍ ဥတုရာသီအလီလီပြောင်းလဲနေခြင်းသည် မည်သူ့ကြောင့်မျှမဟုတ်၊ ၎င်းတို့၏ဖြစ်စဉ်အတိုင်း တဥတုပြီးလျှင်၊ တဥတု စသည်ပြောင်းလဲနေကြခြင်းဖြစ်၏၊ ၎င်းနိယာမတို့သည် ဤကမ္ဘာကြီးပျောက်ကွယ်သွားမှသာ ရပ်တန့်သွားပေမည်။ သို့လျှင် ဤကမ္ဘာပေါ်၌ဤသို့ပြောင်းလဲမှုများ တသုတ်ပြီးတသုတ် ဖြစ်ပေါ်နေရာ မရေမတွက်နိုင်သောကာလအတွင်းရှိစကြဝဠာတို့တွင် တခုအပါအဝင်ဖြစ်သော ဤကမ္ဘာကြီးသည်လည်း တခုပြီးတခု တကမ္ဘာပြီးတကမ္ဘာပြောင်းလဲကာ ဖြစ်နေမည်မှာကား ယုံမှားသက်ဖြစ်ရာလိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်သည်။

(ဟောတိ ခေါသော ဝါသေဋ္ဌ သမယောယံ ကဒါစိ ကရဟစိ ဒီဃဿ အဒ္ဓုနော အစ္စယေန အယံ လောကော သံဝဋ္ဋတိ၊

ဝါသေဋ္ဌ၊ ကာလကြာရှည်သော တရံတခါ၌ ဤကမ္ဘာလောက ကြီးသည် ပျက်စီးသော သဘောရှိသည်) ဟူ၍ ဟောကြားတော်မူခဲ့၏။

ထို့ကြောင့် ဤကမ္ဘာကြီး မဖြစ်မီက ကမ္ဘာတခု၏ အခြေအနေ ကို စိစစ်စောင်းငဲ့ခေါင်းလှည့်၍ ကြည့်ရှုသင့်ပေသည်။

**ကမ္ဘာတခု ပျက်စီးခြင်း**

ယခု မိမိတို့တည်နေရာ ကမ္ဘာကြီးကဲ့သို့ပင် ရှေးအခါကလည်း ဤကဲ့သို့ လူသားတိရစ္ဆာန် စသည့် သတ္တဝါအများတို့ နေခဲ့သည့် ကမ္ဘာ ကြီးတခု ဖြစ်ခဲ့၏၊ ၎င်းကမ္ဘာကြီးသည် အန္တရကပ် ၆၄-ကပ် (ကပ် များအကြောင်း နောက်၌ တွေ့လတံ့) စေ့သဖြင့် ပျက်စီးဘို့ရာ အချိန် တန်လာသောအခါ ၎င်းကမ္ဘာသာမက တခြားသော စကြဝဠာကုဋေ တသိန်းခန့်မှာ ပျက်စီးရန် အခွင့်ကြုံကြိုက်နေသော အချိန်ဖြစ်၏။

၎င်းကမ္ဘာနှင့် အခြားသော စကြဝဠာများပါ ဖြစ်လျှင်လည်း အတူဖြစ်၊ ပျက်လျှင်လည်း အတူပျက်ကြရိုး ထုံးစံရှိသောကြောင့် (အတူ ဟူသည်မှာ ရှည်လျားလှသော အချိန်မှ မရှေးမနှောင်းသော အချိန်ကို အတူဟု ခေါ်ဆိုခြင်းဖြစ်သည်။ ကမ္ဘာနှင့် စာလျှင် နေနှင့်လဟို့မှာ နောက်မှ မရှေးမနှောင်း ဖြစ်လာကြသည်) ကမ္ဘာနှင့် စကြဝဠာ အားလုံးတို့ ပျက်ခါနီး ချိန်ဝယ် မိုးခေါင် ရေရှားမှုမှာ ပြင်းပြင်း ထန်ထန်ပင် သြကာသတခွင်၌ ဖြစ်ပေါ်နေရာ တချိန်တွင် စကြဝဠာ ကုဋေတသိန်းသို့ ပြန့်နှံ့အောင်ပင် မိုးကြီးသည်းထန်စွာ ရွာသွန်းလေ သည်။ ၎င်းမိုးသည် ပျက်လုနီးသော ကမ္ဘာတို့ကို နှုတ်ဆက် မိုးဟူ၍ လည်း ခေါ်နိုင်၏။

ထိုမိုးကြီး ရွာပြီးနောက် အိမ်ပေါက်စေ့ရှိသမျှသော မျိုးစေ့ ကလေးများကို ညီညီညွတ်ညွတ် ဝမ်းပမ်းတသာ စိုက်ပြုကြသော် လည်း ပျိုးပင်ပမာဏ နွားစားလောက်သည့် အရွယ်သို့ရောက်သည်နှင့် မိုးတပေါက်မျှ မရွာ၊ မြည်းသတ္တဝါ အော်သည့် အသံပမာ- မိုးခြိမ်းသံ ကိုသာ ကြားရပြီးနောက် မိုးအဆက်ပြတ်သွားတော့၏။

ထိုကဲ့သို့ ကမ္ဘာပျက်လုနီး အနှစ်တသိန်း ကာလသို့ ရောက်လုလတ်သော် လောက၌ နေသော လူအပေါင်းကို စောင့်ရှောက်မှု စုဝေးမှု ပေးတတ်သော လောက ဗျူဟာ နတ်တို့သည် နီမြန်းသော အဝတ်တန်ဆာကို ဝတ်ရုံကာ ပုလဲသွယ်ကို ဦးခေါင်း၌ ပန်ဆင်၍ ဆံပင်ဖွားရားချကာ လွန်စွာ ကျေကွဲ ဝမ်းနည်းဘွယ် ကောင်းလောက်အောင် ငိုကြွေးမြည်တမ်းမှုကို ပြုလျက် ဤသို့ သတိပေးမှုကို လမ်းဆုံလမ်းမ လမ်းလေးခွ၌ ပြုလုပ်ကြ၏။

(အို-အချင်းတို့ ယခုမှ နောက်အနှစ်တသိန်း လွန်မြောက်ခဲ့သော် ဤကမ္ဘာကြီးပျက်စီးရတော့မည်၊ မဟာသမုဒ္ဒရာကြီးများ ခြောက်သွေ့ကြရုံမက မြင့်မိုရ်တောင်နှင့်အတူ အထက်ပြဟ္မာပြည်တိုင်အောင် ကမ္ဘာ၏ အဆောင်အယောင်အားလုံး ပျက်စီးရတော့မည်။)

မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဟူသော ပြဟ္မစိုရ်တရားလေးပါးကို ပွားများကြပါ၊ မိခင်ဘခင် ကျေးဇူးရှင်တို့အားလည်း လုပ်ကျွေးမွေးမြူကြပါ၊ ဆရာသမား အသက်အရွယ်ကြီးသူ ဂုဏ်ကြီးသူတို့ကိုလည်း ရိုသေကျိုးနွံကြပါကုန်လော့-ဟု နှိုးဆော်တိုက်တွန်းမှုပြုကြသောအခါ လူအပေါင်းတို့သည် သတိပေးသံကိုလည်း ကြားရ၊ ၎င်းလောကဗျူဟာနတ်တို့၏ ပုံသဏ္ဍာန်ကိုလည်း မြင်ရသည့် အခါ တုန်လှုပ်ချောက်ချား သံဝေဂပွားလျက် ထိတ်လန့် ကြောက်ရွံကြကုန်၏။

ထိုသို့ ထိတ်လန့်ကြောက်ရွံသည့်အတွက် နူးညံ့သောစိတ်ထားဖြင့် ပြဟ္မစိုရ်တရားများကို ကြိုးစား၍ ပွားများကြတော့ရာ အထက်အထက် နတ်ဘုံများသို့ရောက်ကြ၏။ ငါးလိပ် စသော တိရစ္ဆာန်များနှင့် ပြိတ္တာ ငရဲသားတို့မှာလည်း ရှေးဘဝ အဆက်ဆက်က ပြုလုပ်ခဲ့ဘူးကြသည့် ကုသိုလ်ကံကြောင့် သေကြေသည့်အခါ နတ်ပြည်သို့ ရောက်ကြရ၏၊ ကုသိုလ်ကောင်းမှုအရှိန်သည် ဤမျှတာသွားသည်ကို သတိပြုသင့်လှ၏။

ထိုတွင် ထူးခြားသော သတ္တဝါကား....မှားယွင်းသောအယူဝါဒကိုယူခဲ့မိ၍ ငရဲ၌ကျသော ငရဲသားဖြစ်မူ အဝီစိငရဲသက် မကုန်သေးသမျှ မပျက်သော ကမ္ဘာတခုသို့ပြောင်းရွေ့၍ ခံစားရသေးသည်ဟုဆို၏။

ဤသို့ဖြင့် တဆင့်တဆင့်နှင့် နတ်ပြည်သို့ ရောက်လာကြသော နတ်သား နတ်သမီးတို့သည် ရှေးကကဲ့သို့ ကာမဂုဏ်အာရုံများနှင့် မပျော်

မွေ့နိုင်ကြတော့ဘဲ "ကမ္ဘာပျက်တော့မည်"ဟူသော သတင်းသံကြောင့်ပင် အပြင်းအထန် အားထုတ်ကြ၍ ဈာန်များရရှိကြပြီး စုတေသောအခါ ကမ္ဘာမီးမလောင် လွတ်လောက်ရာဖြစ်သော "အာဘဿရာ"ဆိုသော ဗြဟ္မာဘုံသို့ ရောက်ကြလေတော့ရာ အောက်၌ရှိသော ကာမတဆယ့်ဘုံနှင့် ဗြဟ္မာငါးဘုံတို့မှာ သတ္တဝါဟူ၍ တဦးကလေးမျှမရှိတော့ပေ။

ၚင်းအာဘဿရအမည်ရှိသော ဗြဟ္မာဘုံကား ရူပဘုံစုဒုတိယဈာန်အုပ်စုတွင် ထိပ်ဆုံးအထက်တန်းအကျဆုံး ဖြစ်၏။ ထိုဘုံ၌ဖြစ်သော ဗြဟ္မာများမှာအစာအဟာရ သီးသန့်စားစရာမလို မိမိတို့ ရရှိထားသော ဈာန်ဟူသောစိတ်ဓာတ်ကြောင့်ဖြစ်ကြရသည်သာမက၊နှစ်သက်မှုပီတိစိတ်ဓာတ်ဖြင့်ပင် တင်းတိမ်ရောင့်ရဲ၍ မျှတနေနိုင်ကြသူများဖြစ်၏။ပုပ်စပ် ညှီလှောင်သော အစာအာဟာရတို့ကို မစားသောက်ကြသောကြောင့် ၚင်းတို့၏အသားအရေသည် ကြည့်လင်နူးညံ့ဝင်းပ၍ ခန္ဓာကိုယ်ကလည်း အရောင်ထွက်ရုံမက ပေါ့ပါးလှ၍ ကောင်းကင်း၌ကျင်လည် ကျက်စားလှည့်၍သွားနိုင်ကြသည့်သူများ ဖြစ်ကြသည်။

ဤသို့ သတ္တဝါများ ဗြဟ္မာပြည်သို့ ရောက်ကြပြီးနောက် ကာလအတော်ကြာသော် ပကတိနေဝင်ချိန်၌ ဒုတိယနေတစင်း ထန်ပြင်းသော အရောင်အဝါဖြင့် ထွက်ပေါ်လာပြန်ရာ နေဝင်ချိန် မသတ်မှတ်နိုင်တော့ဘဲ ညဥ့်အချိန်အခါသည်ပင် နေ့အချိန်ဆက်၍ ဖြစ်နေတော့သည်၊ ပထမနေတစင်း၏ အရှိန်အဝါကြောင့်သာမက ထိုဒုတိယ ထွက်လာသောနေ၏အပူရှိန်ကြောင့် ကာလအနည်းငယ်ကြာသော် မြစ်ငယ် ငါးရာ၌ရှိသောရေများ ခန်းခြောက်ကုန်တော့သည်။

နေနှစ်စင်း လှည့်လည်ပြီး ကာလအတော် ကြာပြန်သောအခါ တတိယမြောက်နေတစင်းထွက်ပေါ်လာပြန်၏၊ ထို့ကြောင့် အပူဒီဂရီမှာ တဖြည်းဖြည်း တိုး၍တိုး၍သာ နေတော့ရာ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီ၊ သရဘူ-ဟူသော မြစ်ကြီးငါးသွယ်မှ ရေများ ခန်းခြောက်ကုန်ပြန်သည်။

ကာသကြာ၍ စတုတ္ထမြောက် နေထွက်ပေါ်လာပြန်သောအခါ သီဟပပါတအိုင်၊ ဟံသပပါတအိုင်၊ ကဏ္ဏမုဏ္ဍအိုင်၊ ရထကာရအိုင်၊ အနောတတ္တအိုင်၊ ဆဒ္ဒန္တအိုင်၊ ကုဏာလအိုင်ဟူသော အိုင်ကြီး ၇-အိုင်

တို့၌ရှိသော ရေများလည်း ခန်းခြောက်ပြန်သည်။ ကာလတဖန် ကြာလာပြန်သောအခါ ပဉ္စမမြောက် နေကြောင့် သမုဒ္ဒရာကြီးများ၌ရှိသော ရေများပါ ခန်းခြောက်၍ ဆဋ္ဌမမြောက်နေထွက်လာသော အခါ၌ကား-ဤကမ္ဘာနှင့်အတူ စကြဝဠာတသိန်း ပုတ်ဝန်းကျင်၌ အစိုဓာတ်ဟူ၍ မရှိတော့ ခန်းခြောက်ကုန်ကြရာ မီးထ၍ မလောင်ခင် မီးခိုးများ တလူလူ ထွက်နေသကဲ့သို့ ဤကမ္ဘာနှင့်စကြဝဠာတခွင်ဝယ် အခိုးအလျှံတို့သာ ပြည့်နှက်နေတော့သည်။

နောက်ဆုံးဖြစ်သော ခုနစ်စင်းမြောက် နေထွက်ပေါ်လာသော အခါ၌ကား (နေပူရှိန် ဒီဂရီမည်မျှ ပြင်းထန်သည်ကို သိနိုင်ကြမည်၊) ၎င်းခုနစ်စုံသော နေတို့၏ အပူရှိန်ကြောင့် ကမ္ဘာနှင့် စကြဝဠာကုဋေ တသိန်းမှာ မီးဟုန်းဟုန်းထ၍ လောင်တော့သဖြင့် မြေထု လေထုမကျန် ရူပဗြဟ္မာပြည်အထိ အားလုံးမှာ လောင်စာတို့သာ ဖြစ်ကြကုန်တော့သည်။

ကမ္ဘာမီးလောင်ကျွမ်းရာမြေထု၊ ရေထု၊ လေထုတို့၏ အောက်အရပ်ကောင်းကင်နှင့် အထက်အရပ်ကောင်းကင်အတွင်းဝယ် သင်္ခါရ သဘောဟူ၍ မီးလောင်ထားသော ပြာစကလေးသည်ပင် အကျန်မရှိမျှ မရှိ၊ ပကတိ အမိုက်မှောင်အတိသာ ဖုံးလွှမ်းလျက်ရှိတော့သည်။

[ယခုတင်ပြခဲ့ပြီးသည်တို့မှ နေနှင့်လကိုမီးမည်ကဲ့သို့လောင်သနည်း၊ နေသည် မိမိဘာသာပြန့်၍ လောင်သလော၊ ပေါ်ထွက်၍လာသော နေများ မည်သည့်အရပ်က လာကြသည်ကို ရှေ့၌အနည်းငယ်စီ စိစစ်၍ ပြပါအံ့။]

ဤကား မီးကြောင့်ပျက်သော ကမ္ဘာ၏ပျက်ပုံတည်း။ ထိုမှ တပါး ကမ္ဘာသည် မီးကြောင့် ခုနစ်ခါပျက်ပြီးနောက် ရှစ်ကြိမ်မြောက်ဝယ် ဆားငန်မိုးကြီးရွာပြီး ဖျက်သောကြောင့် ရေဖျက်သော ကမ္ဘာ ဟူ၍ရင်း။

ဤသို့ မီးကြောင့် ခုနစ်ကြိမ်၊ ရေကြောင့် တကြိမ်စီပျက်ခဲ့ကြရာ ၆၄-ကြိမ်မြောက် ပျက်ရမည့်အခါ၌ကား လေပြင်းမုန်တိုင်း တိုက်ခတ်ဖျက်ဆီး၍ လေကြောင့်ပျက်ရသော ကမ္ဘာတို့ဟူ၍လည်းရှိသေး၏။

၎င်းအစီအစဉ်တို့ သဘာဝကျမကျ သတ္တုချ၍ စိစစ်ကြည့်ရှုအံ့။

မြေစောင်းထက် ကျောက်စောင်းကပို၍ထက်၏၊ ကျောက်စောင်း ထက် ရေစောင်းကပို၍ထက်၏၊ ရေစောင်းထက် လေစောင်းက ပို၍ ထက်၏..ဟူသော စကားကိုကြားဘူးကြလိမ့်မည်။ နူးညံ့သောမြေကို ကျောက်သားက ချေဖျက်နိုင်သည်မှာ အကျယ်ချဲ့စရာမလိုပါ၊ ကျောက် စောင်းသားကို ရေကမည်သို့ဖျက်နိုင်သနည်း၊ ပင်လယ်ပြင်ကို ခရီးထွက် ကြည့်ပါ။ ပင်လယ်ရေက ကြာမြင့်စွာပွတ်တိုက်ထားသောအခါ အင် မတန်မာကျောလှသော ကျောက်ဆောင်ကျောက်သားများမှာ ချိုင့်၍ တမျိုး၊ ခွက်၍တသွယ်၊ မှိုပွင့်ပမာဖြစ်နေကြခြင်းမှာ ပကတိ ဆားငန်ရေ ကြောင့်ဖြစ်ကြရသည်ကိုတွေ့ရမည်။ ဆားဓာတ်ပါသည်ကတကြောင်း၊ စိုစွတ်သောသဘောရှိပြန်၍ ဆွေးမြေ့စေတတ်သောအကြောင်းတို့ကပါ ပေါင်းဆုံတော့ရာ မာကျောလှသော ကျောက်ဆောင်သည်ပင် ရေ ကြောင့် ပျက်စီးရသည်မှာ ထင်ရှားပါတော့အံ့။

ရခိုင်ပြည် စစ်တွေမြို့ကြီး – လေမုန်တိုင်းဒဏ် ခံရစဉ်အခါက ပင်လယ်တွင်းရှိ ရေထုအဆိုင်အခဲများကို လေအဟုန်ပင့်လိုက်သောအခါ ကုန်းပြင်တခုလုံး ရေလွှမ်းဖုံး၍သွားကြသည်ကို အားလုံးအသိပင်၊ဒါတွင် မက ရေထဲက သင်္ဘောများ ကုန်းပေါ်ရောက်ကြခြင်း၊ အမိုးသွပ်များ မှာ လူကလိုက်ခွါရသည့်ပမာ တချပ်ချင်းတချပ်ချင်း လေအရှိန်ပစ်သွင်း မှုခံရ၍ လွင့်စင်ကြရခြင်းတို့သည်–လေ၏အစွမ်းကိုမှန်းဆ၍ သိနိုင်ကြ မည်။ ဤကား ကမ္ဘာတခုပေါ်မှ မပြောပလောက်သော အရပ်ဒေသ နှင့် သက်ဆိုင်သော ရေထု၊ လေထုတို့၏ အတိုင်းအတာတည်း။

အပြောကြယ်လှသော ဩကာသတခွင်တွင်းရှိ စကြဝဠာ ကုဋေ တသိန်းကို ဖျက်ဆီးနိုင်သော သဘာဝနိယာမနေ (မီး) ရေ၊ လေ လက်နက်ကြီးများ၏ ဒုဒယ်နှင့် အာနိသင်တို့မှာ မည်မျှကြီးမား စွမ်း ပကားထက်လှမည်ကို မှန်းဆ၍သိကြပါလေကုန်။

ဤကား ဗုဒ္ဓဘုရားရှင်၏ ဒေသနာတော်နှင့် ဒေသနာတော်အား လျော်စွာဖွင့်ပြသော အဋ္ဌကထာတို့မှ ဆိုလိုရင်းဖြစ်သော ကမ္ဘာပျက်ပုံ နိယာမဖြစ်စဉ်တည်း။

**ကမ္ဘာပျက်စဉ် သိပ္ပံအမြင်**

ဗုဒ္ဓအမြင်ပြီး၍ သိပ္ပံအမြင်ကို အနည်းငယ်ချဲ့ထွင်၍ ပြဦးအံ့။

သိပ္ပံပညာရှင်တို့ နောက်ဆုံးယူဆထားသည်ကား ဤကမ္ဘာမြေကြီးသည် အအေးမိ၍ အအေးခေတ်လွန်ကဲ၍ဖြစ်စေ၊ အပူခေတ်လွန်ကဲကာ အပူလောင်၍ဖြစ်စေ မုချပျက်စီးရမည်ဟု ယူဆထားကြ၏။

ထိုတွင် နက္ခတ်အရာ ကျွမ်းကျင်သော ပါရဂူ တယောက်ဖြစ်သူ **အက်ဒင်တန်** ဆိုသူက စကြဝဠာကြီး တခုလုံးသည် အပြင်ဘက်သို့ တရွေ့ရွေ့ ချဲ့လျက်ရှိ၏။ နောက်ဆုံးတွင် ထပ်၍ မချဲ့နိုင်တော့သော အခြေသို့ရောက်လိမ့်မည်။ ထိုအခါ တွန်းကန်ခြင်း နိယာမအားကြီးသော အခါ အာကာသတခွင်ရှိ ဂြိုဟ်များ၊ နက္ခတ်များသည် အားလုံးပင် အရှိန်ပြင်းစွာလွင့်စင်သွားကြလိမ့်မည်။

အကယ်၍ ဆွဲငင်ခြင်း နိယာမ အားကြီးပါက ချဲ့သွားသော စကြဝဠာသည် အရှိန်ပြင်းစွာ အတွင်းသို့ကျုံ့ဝင်သွားလိမ့်မည်။ဤနှစ်မျိုးအနက် မည်သည့်အကြောင်းကြောင့်ဖြစ်စေ၊ ဤကမ္ဘာအပါဝင် ဂြိုဟ်များ၊ နက္ခတ်များသည် ညက်ညက်ကြေ၍ မြူမှုန်ဘဝသို့ပြန်လည်၍ ရောက်ရှိသွားလိမ့်မည်ဟု ၎င်း၏အယူအဆကို ထုတ်ပြခဲ့၏။

တဖန် **ဆာဂျိမ်းဂျင်းစ်** ဆိုသော ပညာရှိကြီးတဦးက နေ၏ရောင်ခြည်သည် တစထက်တစ အားပျော့လာသည်။ ထို့ကြောင့်ဤကမ္ဘာပေါ်၌ သက်ရှိများလဲ တည်နေနိုင်ရန်အတွက် လိုအပ်သောအပူခေတ်ကိုရရှိအောင် ကမ္ဘာကြီးသည် နေနှင့်နီးရန် ပို၍ပို၍ ချဉ်းကပ်လာရ၏။ သို့သော် ပြောင်းလဲ၍မရသော နိယာမများအရ နေသည် ကမ္ဘာနှင့်နီးမလာဘဲပို၍ဝေးရာသို့ ရွေ့လျားလျက်ရှိသည်။

ထို့ကြောင့် တချိန်တွင် နေ၏အလင်းရောင်ကို စုံလင်ပြည့်ဝလုံလောက်စွာမရသောအခါ၌ကား ဤကမ္ဘာကြီးသည် အေး၍ခဲလာကာ သက်ရှိအားလုံးပါ ပျက်စီးကြရလိမ့်မည်-ဟု တင်ပြခဲ့လေသည်။

တဖန် **ရူပဗေဒပညာရှင်များ** က–

တချိန်တွင် စကြဝဠာအတွင်းရှိ အပူဓာတ်သည် အာကာသ တခွင်လုံးညီမျှစွာ ပျံ့နှံ့သွားလိမ့်မည်၊ ထိုအခါ သက်ရှိသတ္တဝါဟူ၍ မတည်ရှိတော့ဟူ၍၎င်း။

နက္ခတ္တ ဗေဒပညာရှင်များ ကလည်း—

ကောင်းကင်ရှိ ဂြိုဟ်တို့သည် တခုနှင့်တခု အချိန်မရွေး ကြေမွ သွားနိုင်၏-ဟူ၍ တင်ပြခဲ့ကြပြီး....အဆုံးတွင် အဖြစ်သဘောရှိလာလျှင် အပျက်သဘောရှိကြောင်းကို ဆာဂျိမ်းဂျင်း က—

လမ်းအားလုံးသည် ရေမမြို့သို့ဆိုက်ရောက်သည်ချည်းဖြစ်သကဲ့သို့ ကမ္ဘာနှင့် စကြဝဠာတို့၏ဖြစ်စဉ်မှာလည်း နောက်ဆုံးပန်းတိုင်မှာ ပျက် စီးကြရမည်သာဟူ၍ တင်ပြခဲ့လေသည်။

ဤကား အနောက်တိုင်း သိပ္ပံပညာရှင်တို့၏ အမြင်သာဖြစ်ပါသည်။ ထိုတွင် ဗုဒ္ဓက-ကမ္ဘာပျက်ပြီးနောက် သင်္ခါရရုပ်ဝတ္ထုဟူ၍ အကျုံမြူမျှမရှိ-ဟု ယူဆတော်မူ၍ ပညာရှင်တို့က မြူမှုန်များကြွင်းသည်ဟု၎င်း၊ နေကြောင့် ပျက်စီးပုံကွာခြားချက်ကို၎င်း၊ ဗုဒ္ဓဘုရားရှင်က စကြဝဠာ ကုဋေတသိန်း သာပျက်၍ သိပ္ပံပညာရှင်အားလုံးက- စကြဝဠာအားလုံးပျက်စီးသည် ဟူ၍၎င်း၊ လေထုကြောင့် ပျက်စီးရသည်ဟူသော အယူအဆကို၎င်း၊ ခွဲခြားဝေဖန်နှိုင်းချိန်စိစစ်၍....အသိဉာဏ်သွင်းကာ ဆုံးဖြတ်ခြင်းပြုကြပါ လေကုန်။

ဗုဒ္ဓဘုရားရှင်က ကုဋေ တသိန်းသော စကြဝဠာ တို့သည်သာ ပျက်စီး၏ဟု ဟောကြားရာ၌....

အိမ်ခြေပြည့်နှက်နေသော မြို့ကြီးတမြို့ကို မီးစွဲလောင်ရာ၌ မြို့သူ မြို့သားတို့၏ ကံအားလျော်စွာ တချို့ရပ်ကွက် အိမ်ခြေတို့ကိုသာ စွဲ လောင်ခံရသကဲ့သို့....

အကုသိုလ်ကံများခဲ့သော သတ္တဝါတို့မှာလည်း ၎င်း စကြဝဠာ ကုဋေတသိန်းမျှပျံ့နှံ့ နေသည်ပမာ-အကုသိုလ်ကံကြောင့်သာ လောင် ကျွမ်းပျက်စီးရခြင်းဖြစ်သည်ဟုယူဆကြပါကုန်။

**ကမ္ဘာတည်ခြင်း**

ရွာကြီးတရွာကို မီးလောင်သော် မီးလောင်ပြီးနောက် ရွာသစ် မတည်သေးဘဲ **ကာလရှည်စွာ** ပျက်မြဲ **အ**တိုင်းသာ တည်နေသကဲ့သို့....

ကမ္ဘာဖျက် မိုးကြီးရွာသည်မှ မီးတောက် မီးလျှံများ ငြိမ်းသည် တိုင်အောင်သော အချိန်သည် ပျက်ဆဲကာလ **သံဝဋ္ဋအသင်္ချေယျကပ်** ဟု ခေါ်၍ ကမ္ဘာပျက် မီးတောက်မီးလျှံများ ငြိမ်းပြီးနောက် ကမ္ဘာ **သစ်တည်ရန်** ကမ္ဘာပြု မိုးမရွာသေးသော ကာလအတွင်းသည် ဟာလာ ဟင်းလင်း အမိုက်တိုက်ချည်းသာ ရှိသေး၏။ ထိုအမိုက်တိုက်ကာလသာ ရှိသော အချိန်ကို သံဝဋ္ဋဋ္ဌာယီ ပျက်မြဲအတိုင်း တည်နေသော ကပ်ဟု ခေါ်၏။

တနည်းအားဖြင့် မဟာကပ်ဟု ခေါ်သည့် ကမ္ဘာသက်တမ်းမှာ အပျက်၊ အတည်၊ အပြု၊ အတည်ဟု လေးကဏ္ဍရှိရာ ၂-ကဏ္ဍသည် ကုန်ဆုံးခဲ့ပြီ၊ သတ္တဝါဟူ၍လည်း လုံးဝရှိသည့်အချိန် မဟုတ်သေး။

ထိုသို့ မဟာကပ် (ကမ္ဘာ)၏ လေးပုံတပုံခန့် ကာလကြာအောင် ပင် ပျက်ပြီးသား အခြေအနေအတိုင်း ဟာလာဟင်းလင်း တည်နေပြီး နောက် ကမ္ဘာ့အဆောက်အဦကြီးများ ဖြစ်ပေါ်ရန် အချိန်တန်လာ သောအခါ ကမ္ဘာပြုမိုးဖွဲ့ကလေးများမှ စ၍ ကြာရိုးခန့်၊ ဝါးလုံးခန့်၊ ထန်းပင်ခန့် ပမာဏရှိသော မိုးရေ အယဉ်များ အဆက်မပြတ် ရွာသွန်း တော့ရာ-ပထမကမ္ဘာ ပျက်ပြီးသော ဟင်းလင်းရှိရာ နေရာ တို့တွင် ရေအယဉ်ကြီးသည် ဒုဒယ်ကြီးမားစွာ ဖြစ်တည်၍ နေလေ၏။

ထိုရေအယဉ် ထုထယ်ကြီးကိုလည်း အောက်သို့ လျှောမကျစေ ရန် အောက်အာကာသဘက်ခွင်က လေအဟုန်ထ၍ ပင့်ဆောင်ပေးထားရုံ မက–စကြဝဠာ ကုဋေတသိန်းနယ်ပယ်၏ အပြင်ဘက်သို့ ရေအယဉ် များ စီးထွက်မသွားစေရန်အတွက်လည်း အရပ်လေးမျက်နှာက လေထု များက တိုက်ခိုက်၍ ထိန်းသိမ်းထားလေရာ—အောက်သို့လည်းမကျ-ဘေး သို့လည်း မထွက်ဘဲ ကြာရွက်ပေါ်၌ တင်နေသော ရေဆိုင်ခဲကလေးကဲ့သို့ အလိုက်သင့်ပင် တည်၍ နေလေသည်။

ဤ၌သာဓက ယုတ္တိစိစစ်ကြည့်ဦးအံ့....

တခြားကို မကြည့်နှင့် ကောင်းကင်ကို ကြည့်ပါ၊ အနီးကပ်ဆုံး လမင်းစန္ဒာ-ဓ္ဓသော်တာကို တွေ့ရလိမ့်မည်။ ၎င်းငွေစန္ဒာ လမင်းသည် ရေအယဉ်မဟုတ်၊ ထုထည် အဆိုင်အခဲ အလေးချိန် စီးလှသည့် ရုပ်ဝတ္ထုကြီးဖြစ်၏။ ၎င်းရုပ်ဝတ္ထုကြီးကို လွင့်ထွက်မသွားစေရန် ကမ္ဘာနှင့် နေတို့၏ သံလိုက်ဆွဲအားနောက်သို့ (အခွင့်ကြုံက) ပါမသွားစေရန်။

သဘာဝ လေထုကြီးက ပင့်ဆောင်ထားသောကြောင့် အာကာသ ကောင်းကင်ပြင် ထီးထီးမားမား တည်နေရသည့် သဘောကို သိနိုင်ကြမည်၊ ထိုအတူ တခြားဂြိုဟ်၊ စကြဝဠာတို့ကိုလည်း ဤအတိုင်းပင်မှတ်ပါ။

ထိုသို့မကြေနပ်သေး၍ ကိုယ်တိုင် စမ်းကြည့်ချင်သေးသပ-ဆိုလျှင် ဘုန်းတော်ကြီးများ သုံးသော ဓမကရိဏ်ရေစစ်တခုကို ရှာပါ၊ ရှာပြီးနောက် ရေထည့်ပြီးလျှင် အထက်ပေါက်ကို ပိတ်ပြီး လိုသလို-မှောက်လိုက် လှန်လိုက် လုပ်ကြည့်ပါ၊ ၎င်းအတွင်း၌သာ ရှိသော လေထုကလေးက ဆောင်ထား၍ မည်သို့မှ ထွက်မကျသည်ကို တွေ့ရပါအံ့။

ထိုသို့ ကာလကြာရှည်စွာ တည်၍ လာသော ၎င်းရေထုသည် တဖြည်းဖြည်း ခန်းသကဲ့သို့ ဖြစ်လာပြီးနောက် အရေများသည် ပြစ်ပြစ်သွက်သွက်ဖြစ်၍ လာ၏၊ ထိုမှဘဖန် နို့ရေ၏ အထက်၌ တက်လာသော မလိုင်ခဲများပမာ ၎င်းရေပြင်၏အထက်၌ မွှေးလည်းမွှေး၊ လှလည်းလှ၊ အရသာကလည်း ကောင်းမွန်လှသော ရသပထဝီဟု ခေါ်သည့် မြေဆီထုသည် တဖြည်းဖြည်းဖြစ်ပေါ်၍ လာလေ၏။

ဤသို့ဖြင့် ဤကမ္ဘာမြေကြီးသည် ရေထုမှ မြေထုသို့ လေထု၏ အထောက်အပံ့ဖြင့် တဖြည်းဖြည်း ဖြစ်ပေါ် ပြောင်းလဲ၍ ကမ္ဘာကြီးဖြစ်ပေါ်လာရလေသည်။

ဤနေရာ၌ ကမ္ဘာဦးကိုသာ အဦးပြု၍ ရေးသားသောကြောင့် တခြားစကြဝဠာများလည်း မဖြစ်သေးဟု မထင်သင့်၊ ကမ္ဘာပြုမိုးရေထုကြီးအင်အားကြောင့် အထက်မှ ရူပ ပထမဈာန်ဘုံများ၊ အထက်နတ်ပြည်လေးထပ်တို့မှာ- နောက်ဖြစ်မည့် သတ္တဝါတို့၏ ကံအစွမ်းကြောင့်

ဥတုဇရုပ်အဖြစ်ဖြင့် ထင်ရှား ဖြစ်ပေါ်ပြီးဖြစ်၏။ ထို့နောက်မှ ဤကမ္ဘာ ဆက်၍ ဖြစ်သည်ဟု မှတ်ယူကြပါလော့။

ဤမျှတိုင်အောင်ပင် တော၊ တောင်တို့ မဖြစ်သေးရုံမက နေ, လ,တို့လည်း မဖြစ်ပေါ်သေးသည်ကို အခိုက် အတန့် သတိပြုသင့်၏။ ကမ္ဘာ၏ ရှိရမည့်ပစ္စည်းဝတ္ထုများ မစုံသေးဟူလို။

**ကမ္ဘာဖြစ်စဉ်နှင့် သိပ္ပံအမြင်**

ဤကား ဗုဒ္ဓဘုရားရှင်၏ ကမ္ဘာနှင့် ဆိုင်ရာ ဖြစ်ပေါ်လာပုံများမှ ဒေသနာတော်နှင့်၎င်း၊ အဋ္ဌကထာနှင့်၎င်း လျော်ညီစွာ တင်ပြချက် တို့ဖြစ်၏။

ထိုမှတပါး -လောကီအမြင် သိပ္ပံပညာရှင်တို့၏ ကမ္ဘာ ဖြစ်စဉ် အမြင်များကို စိစစ်သုံးသပ်ကြည့်ရှုဦးအံ့....

သိပ္ပံပညာရှင်တို့သည် ယခုအချိန်တိုင်အောင်ပင် တိကျသော စကြဝဠာတို့၏ အဖြေမှန်ကို မထုတ်ပြန်သေးပါ၊ ဆက်လက်၍ စူးစမ်း လေ့လာလျက်ရှိကြဆဲဖြစ်၏။ သို့သော် ၎င်းတို့၏ ကမ္ဘာနှင့် ဆိုင်သော နောက်ဆုံးအမြင်များကို အနည်းငယ် ထုတ်ပြပါအံ့။

ကမ္ဘာပေါ်ရှိ လူတို့၏ သက်တမ်းသည် ကမ္ဘာကြီး၏ သက်တမ်း နှင့် နှိုင်းစာလျှင် မျက်စိတမှိတ်ခန့် အချိန်မျှသာဖြစ်၍၊ ဤကမ္ဘာကြီးမှာ လည်း နေစကြဝဠာနှင့် နှိုင်းစာသော် သေးငယ်လှသည့် အစက် အပြောက်သာ ဖြစ်လေသည်။

အာကာသအတွင်းဝယ် ပင်လယ်ကမ်းခြေရှိသဲပွင့်များထက်များ ပြားလှသော ကြယ်ကြီးများသည် အဟုန်ပြင်းပြင်း လှည့်ပတ်ခြင်းဖြင့် သွားလာနေကြ၏၊ထိုကြယ်ကြီးများတွင် -ဤကမ္ဘာလုံးပေါင်းထောင်ချီ၍ ထည့်နိုင်လောက်အောင်ပင် ကြီးမားသောကြယ်ကြီးများမှာလည်း များ ပြားစွာပင် ရှိနေ၏။

ထိုသို့အဟုန် ပြင်းစွာဖြစ်ပေါ် ပြေးလွှား၍နေသော ကြယ်ကြီး များသည် အပြောကျယ်လှသော အာကာသအတွင်းဝယ် တိုက်မိရန်ထား ဦး၊ တလုံးနှင့်တလုံးပင် နီးနီးကပ်ကပ် မချဉ်းကပ်ဘူးချေ။

သို့သော် လွန်ခဲ့သော နှစ်ပေါင်း သန်းနှစ်ထောင်လောက် ရောက်သောအခါ၌ ကြယ်ကြီးတလုံးသည် နေ၏အနီးသို့ ရောက်လာခဲ့၏၊ ထိုအခါ လ၏ ဆွဲငင်အားကြောင့် သမုဒ္ဒရာ ရေထုတွင် ဒီလှိုင်းများကြွ၍ တက်လာသကဲ့သို့-

ကြယ်ကြီး၏ ဆွဲငင်အားကြောင့် နေ၏ မျက်နှာပြင်တွင် ဒီလှိုင်းကြီးများ ကြီးကြီးကျယ်ကျယ် ထကြွ၍ လာကြတော့ရာ ဆွဲအား ပြင်းထန်သောအခါ ဓာတ်ငွေ့တန်းကြီးသည် ပင်ရင်းနေမှ ပြတ်ထွက်၍ သွားတော့၏။

ပြတ်ထွက်၍သွားသော ၎င်းနေ၏ အစိတ်အပိုင်းတို့သည် တချို့က ကြယ်ကြီး၏နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားကြ၍ တချို့မှာ နေ၏ဆွဲအားကြောင့် ပတ်ပတ်လည်တွင် လှည့်ပတ်လျက်ကျန်ရစ်ခဲ့ရာ-၎င်းဓာတ်ငွေ့တို့မှာ အစတွင် မီးတောက်လျက် ရှိသော်လည်း နောက်ပိုင်းတွင် အေး၍ အရည်ဖြစ်သွားကာ-တဖြည်းဖြည်း ခဲသွားလေသည်။

၎င်းတို့ကား အခြားမဟုတ်၊ နေကို ယနေ့တိုင်အောင် လှည့်လည်၍သွားနေသော ကမ္ဘာအပါအဝင် ဂြိုဟ်ကြီး ၉-လုံးပင် ဖြစ်သည်ဟုဆိုပါသည်။

တချို့က ဤသို့ယူဆကြ၏။

ကမ္ဘာကြီးသည် ဖြစ်တည်ခါစက အပူရှိန် အလွန်ပြင်းသော ဓာတ်ခိုး ဓာတ်ငွေ့လုံးကြီးသာလျှင်ဖြစ်သည်။ အနှစ်သန်းပေါင်းများစွာကြာ၍ ကမ္ဘာ၏အပေါ်ယံ အခွံ အေးသွားသည်အခါ ကမ္ဘာကို ရစ်ပတ်ထားသော ဓာတ်ငွေ့တို့သည် အချို့ လေဖြစ်ကြ၍ အချို့ဓာတ်ငွေ့တို့သည် ခဲ၍ အချို့မှာ ရေဖြစ်လာကြသည်။ ကမ္ဘာမြေမျက်နှာပြင် ကျုံ့၍တွန့်လိပ်လာရာမှ တောင်များဖြစ်လာသည်၊ ထို့နောက်မှ အပင်များ၊ တိရစ္ဆာန်များ၊ လူများ ဖြစ်ပေါ်လာကြသည်ဟု ယူဆကြလေသည်။

တချို့ကလည်း အမျိုးမျိုးယူဆကြရာတွင် ကယ်လဒီယန်လူမျိုးတို့က-

ကမ္ဘာသည် သမုဒ္ဒရာမှ ပေါ်ပေါက်သော နံရံများအတွင်းတွင် ကုတ်နေသော မိုးကောင်းကင်ကို မျက်နှာကြက်ပြုလျက် တည်ရှိသည်ဟု ယုံကြည်ကြ၏။

**ရှေးအီဂျစ်လူမျိုးများက–**

ကမ္ဘာကို ဆင်ကြီးလေးကောင်က ထမ်းထားလျက် ထိုဆင်များသည် သမုဒ္ဒရာ ရေပြင်တွင် ကူးခတ်လျက်ရှိသော ကမ္ဘာ လိပ်ကြီး၏ ကျောက်ကုန်းထက်၌ ရပ်တည်လျက် ရှိကြသည်-ဟု ယုံကြည်ကြပြန်၏။

ရှေးဂရိတို့၏ အယူအဆကား ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူချက်များနှင့် အနည်းငယ်နီးစပ်မှုရှိ၏။ ၎င်းတို့က–

ဤကမ္ဘာကြီးသည် သမုဒ္ဒရာ ရေပတ်လည် ဝိုင်းရံထားသော မြေအပြင်ကြီးတခုသာလျှင်ဖြစ်သည်-ဟု ယူဆခဲ့ကြသည်။

ဤကား သိပ္ပံပညာရှင် အသီးသီးတို့ယူဆသော ကမ္ဘာနှင့်ဆိုင်ရာ အချက်အလက်များမှ အချို့သာတည်း။ ထိုယူဆချက်များကို ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူချက်များနှင့် မည်သို့တူသည်၊ မည်သို့ကွာခြားသည်ကို စဉ်းစား ဝေဖန်သုံးသပ်၍ ကြည့်ရှုကြပါလေ။

ဤနေရာ၌ ဗုဒ္ဓဘုရားရှင်သည် သတ္တဝါတို့ အကျိုးမများသည့် အကြောင်းအရာများကိုအကျယ်ချဲ့ဟောတော်မမူခဲ့၊သို့သော်စူးစမ်းရှာဖွေ အကြောင်းအရာ စုံလင်နေအောင် တင်ပြနေသော ပညာရှင်တို့သုံးသပ်ချက်မှ ကမ္ဘာကြီး၏ အနေအထားကို ဆက်လက်၍ လေ့လာကြည့်ပါအံ့။

ကမ္ဘာကြီးတွင် အထပ်ကြီး ၆-ထပ်ရှိ၏။ အတွင်းအကျဆုံး ဗဟိုအပိုင်းမှာ-မိုင်ပေါင်း ၄၀၀၀ (လေးထောင်)ရှိပြီး အလွန်ပူသဖြင့်ပလပ်စတစ်အနေနှင့်သော်၎င်း တည်ရှိမည်ဟုယူဆကြ၏။

၎င်း ဗဟိုအပိုင်းကို ဝန်းရံထားသော ဒုတိယ အထပ်ကား မိုင် ၂၀၀၀ (နှစ်ထောင်)မျှ ထူထဲ၍ နစ်ကယ်များနှင့် ရောနေသော သံများ ပါရှိသည့်အပြင် အခြားသတ္တုနှင့် ကျောက်များလည်း အနည်းငယ်ရှိ၍-အပူရှိန် အလွန်များသော်လည်း ပြင်ပမှ ဖိနှိပ်အားမှာ ကြီးမားလှသောကြောင့် အစိုင်အခဲအဖြစ်ဖြင့်သာ တည်ရှိသည်ဟုဆို၏။

၎င်း၏အပေါ်ထပ်ကား မိုင်၃၀(သုံးဆယ်)လောက်သာထူ၍ ၎င်းအထပ်နှင့်ကပ်လျက်ရှိသော အတွင်းထပ် အပြင်ထပ်များ၌ သတ္တုများရှိ၍-တွင်းထွက်ပစ္စည်းများတည်ရာ အထပ်ဖြစ်၍ သတ္တုရိုင်းထု-ဟု ခေါ်လေသည်။

တဖန် ၎င်းသတ္တုရိုင်း အထပ်ကို မြေထုက မိုင်၂၀၀ (နှစ်ရာ) ပမာဏဖြင့် ဝိုင်းပတ်၍ထားကာ ၎င်းအပေါ်တွင် ပျမ်းမျှ ၂-မိုင်ခန့်ရှိသော ရေထုရှိ၍-ထို့အထက်၌ကား မိုင် ၂၀၀ပျမ်းမျှရှိသော ဓာတ်ငွေ့ထု ရှိသည့်ဟု အသီးသီးယူဆကာ တင်ပြခဲ့ကြသည်။

၎င်းတို့၏ တင်ပြချက်တို့ကို ချုပ်၍ကြည့်လျှင် ကမ္ဘာမြေကိုရေထုက ဆောင်ထားသည်-ဟူသောအချက်နှင့် အတော်ပင် နီးစပ်မှုရှိသည်ကို တွေ့ရ၏။

## ကမ္ဘာမြေ၌ လူသားတို့ပေါ်လာပုံ

ဆက်ဦးအံ့၊ ထိုသို့ ရသပထဝီ-ဟုခေါ်သည့် မြေဆီပေါ်နေဆဲ အခိုက်အတန့်၌-အထက်အဆက် ဗြဟ္မာ့ဘုံများမှ ကံကုန်၍၎င်း၊ အနေကြာပြီး သက်တမ်းစေ့သောကြောင့်၎င်း စုတေကြ၍ အချို့သည် လူ့ပြည်၌ တိုက်ရိုက်ထင်ရှား ဘွားကနဲဖြစ်ရသော ဥပပတ်သတ္တဝါများလာ၍ဖြစ်ကြသည်၊ ၎င်းတို့သည် လူပင်ဖြစ်၏။ သို့သော် ယောကျ်ား၊ မိန်းမ လိင်အင်္ဂါများမှာ... ဗြဟ္မာ့စိတ်အထုံပါလာကြ၍ ကာမစိတ်ကိုအားပေးသောလိင်များ မကွဲပြားသေး၊ ပုံမှန်ပကတိ နပုံးလိင်သာ ရှိကြသည်ဟု ဆို၏။

အနီးစပ်ဆုံး ပြရလျှင်-ဆေးတက္ကသိုလ်ကျောင်းများ၌ သုံးသော အရိုးစု၊ အကြောစု ဖန်သွင်းထားသည့်အရုပ်နှင့်တူလှ၏။ ၎င်းအရုပ်မှာ ယောကျ်ား၊ မိန်းမအကြောင်းကို နှစ်ဘက်ရအောင်သင်ပြရာ၌ အသုံးပြုခြင်းဖြစ်ပေမည်။

ထိုလူသားတို့ကို သတ္တဝါဟုခေါ်ကြ၏၊ မည်သူကမှဖန်ဆင်း၊ မွေးဖွားခြင်းမဟုတ်ပဲ သဘာဝအလျောက် ပေါ်ပေါက်လာခြင်းသာဖြစ်၏။ ဆန်းမည်ဆိုကဆန်းစရာပင်၊ ဤသို့မှ ကမ္ဘာဦးအစတွင် ဆန်းပြားမှုနှင့် မစလျှင်လည်း အမေးသံသရာဆုံးလိမ့်မည်မဟုတ်တော့။

ငင်းသတ္တဝါတို့သည် ဗြဟ္မာပြည်မှ ဘဝပြောင်းလာသူများပီပီ ကိုယ်ရောင်ကိုယ်ဝါကလည်း လင်းထိန်နေအောင် တောက်ပရုံမက ပုပ် စပ်ညှီလှောင်သော အစာအာဟာရတို့ကိုလည်း မစားမသောက်သော ကြောင့် အသွေးအသားများမှာ ကြည်လင်ဝင်းပကာ – ကောင်းကင်၌ ကျင်လည်သွားလာနိုင်ကြကုန်၏။

သွားလာရာ၌ မြေပြင်နှင့်ထိသည်မဟုတ်သည့်အပြင် နေရောင်၊ လရောင်တို့ကလည်း မပေါ်သေးသောကြောင့် အမိုက်တိုက်သာဖြစ်နေ သည့် ကမ္ဘာမြေအပြင်ကို....

မှောင်နေသော အခန်းတွင်း၌ တံခါးပိတ်ခံထားရသော ပိုးစုံး ကြူး(ပိုးစိမ်းဖြူ)များ ပျံသွားသကဲ့သို့....

မိမိတို့၏ခန္ဓာကိုယ်က အလင်းရောင်ဖြင့် ဖြာထွက်စေကာ သွား လာနေကြရသည်။

ဤ၌ ကိုယ်မှအရောင်ထွက်သည့်သဘောကို သုံးသပ်ကြည့်အံ့....

ပကတိသောရွှေ၊ ပတ္တမြားတို့ အရောင် တောက်နိုင်ခြင်းသည် ငင်းတို့၌ရှိသော ဒြပ်ဆဲလ်များ-များပြားစွာရှိသည့်အထဲတွင် မဲညစ်စေ သော အခြားဒြပ်များနည်းပါးကြ၍ငင်း၊အရောင်ထွက်သည့်ရုပ်ဒြပ်များ က အများစုဖြစ်နေသောကြောင့်ငင်း၊ ကြည်လင်တောက်ပခြင်းဖြစ်၏။

ထို့အတူ ငင်းကမ္ဘာဦးသားတို့မှာ ဗြဟ္မစိုရ်တရား၊ နူးညံ့သိမ် မွေ့လှသည့်မေတ္တာ၊ ကရုဏာများကို ပွားခဲ့ကြသည် အားလျော်စွာ- စိတ်ကလည်းကြည်လင်သောကြောင့် စိတ်ကြောင့်ဖြစ်သော ရုပ်များက လည်း ကြည်လင်တော့မည်။

ပူလောင်သောစိတ်၊ ထိုင်းမှိုင်းသော စိတ်ဟူ၍ မြူမျှမရှိတော့၍ ကာယ၊ စိတ္တတို့မှာ ကြွကြွရွရွရှိနေကြမည်မှာလဲမလွဲပေ။

(ဒေါသထွက်သူသည် ဒေါသစိတ်ကြောင့် မျက်ထောက်မျက်ဆံ နီမြန်းပြီး တဆတ်ဆတ်ခုန်နေခြင်းသည် စိတ်ကြောင့်ဖြစ်သော ရုပ်တို့၏ သဘောဖြစ်၏)

ထိုသို့လှည့်လည်၍ သွားလာနေရာဝယ် ငင်းသတ္တဝါတို့မှ လျပ် ပေါ်လော်လီလက်မငြိမ်သည့် သတ္တဝါတယောက်က ရသပထဝီခေါ်မြေ-

အဆီကိုကြည့်၍ "အဆင်းအနံ့ကဲဖြင့် လှပသင်းပျံ့၏၊ အရသာဘယ်လို ရှိမလဲ"ဟူ၍ လက်ဖြင့်တို့၍ လျက်စားမိရာ အရသာရှိလွန်းသောကြောင့် ရသတဏှာစိတ်ဝင်ကာ ထပ်ကာထပ်ကာ လျက်လေတော့၏။

တခြားသော သတ္တဝါတို့မှာလည်းအတုမြင်အတတ်သင် ဟူသကဲ့သို့လိုက်၍ လျက်ရုံမက-ရသတဏှာစိတ်ဖြင့် မြေဆီကို ဆုပ်ကာ ဆုပ်ကာ ထမင်းစားသလို စားကြလေတော့ရာ-ပူလောင်သော ရသတဏှာ စိတ်ကြောင့် ကိုယ်ရောင်များ ကွယ်ပျောက်ကုန်ကြသည်။

၎င်းကမ္ဘာဦးသား သတ္တဝါတို့မှာကိုယ်ရောင်ပျောက်၍အမှောင်ထုသာ ရှိသည့်ကမ္ဘာမြေပေါ်၌ လှည့်လည်၍သွားလာရာတွင် ကြောက်ရွံ့ထိတ်လန့်ခြင်းဖြစ်နေကြ၏။ ထို့ကြောင့် ကံအားလျော်စွာပင် ရဲရင့်မှုကိုဖြစ်စေသော ယူဇနာ ၅၀-မျှ အရောင်အဝန်းရှိသော နေမင်းကြီးသည် ပေါ်ပေါက်၍လာ၏။

ဘဖန် ညအချိန်ရောက်ပြန်သော် ပကတိအမှောင်သာ ကြီးစိုးနေ၍ နေ့လယ်ကလို အလင်းရောင်တခုဖြစ်ပေါ်၍ လာလျှင် ကောင်းမည်ဟူ၍ စိတ်ဆန္ဒ ဖြစ်ပေါ်ကြပြန်ရာ ၎င်းသတ္တဝါတို့ကံအားလျော်စွာ ညအချိန်၌ ၄၉-ယူဇနာရှိသော အရောင်ဝန်းတခု ပေါ်ထွက်လာပြန်၏။ ၎င်းကို သတ္တဝါတို့ လိုအင်ဆန္ဒအား လျော်စွာ ဖြစ်ပေါ်လာသောကြောင့် ဆန္ဒ-ဟူ၍ ခေါ်ရာမှစန္ဒ-စန္ဒာဖြစ်လာကြတော့သည်၊ ထိုသို့ နေနှင့်လတို့ဖြစ်ပေါ်လာပြီး မကြာမီမှာပင် နက္ခတ် ကြယ်တာရာတို့မှာလည်း မရှေးမနှောင်းပင် ပေါ်လာကြ၍ မိမိတို့လမ်းကြောင်းဖြင့် အသီးသီး လှည့်ပတ်၍ သွားလာကြသည်ဟုဆို၏။

၎င်း နေလ နက္ခတ် ကြယ်တာရာတို့ စုံလင်သည့်နေ့ကား ကမ္ဘာတည်မှု ပြီးပြည့်စုံသည့် အပေါင်းလပြည့်ဟု သတ်မှတ်ကြ၏။

သိပ္ပံပညာရှင်တို့က ဤကမ္ဘာမြေအပြင် ကျုံ့ဝင်သောကြောင့် တောင်များဖြစ်သည်ဟု ဆိုသော်လည်း ဗုဒ္ဓစာပေက—ဤသို့ပြ၏။

ဆပ်ထမင်းများကျတ်၍ အမြှုပ်ထွက်လာသည့်အခါ အချို့နေရာ၌ အမြှုပ်များ မောက်နေသကဲ့သို့ ထို့အတူ မြင့်မောက်၍—တောင်ဟုခေါ်သော အရပ်ပေါင်းများစွာတို့သည်၎င်း-

ထမင်းကျက်ရာ၌ နိမ့်ရှိုင်းသော အရပ်များ ဖြစ်လာသကဲ့သို့-ထို့အတူ နိမ့်ရှိုင်း၍ သမုဒြာ၊ မြစ်၊ အိုင်၊-ဟု ခေါ်ဝေါ်အပ်သော အရပ်များသည် ရှိသကဲ့သို့ မြေပြင်ဟု ခေါ်ဝေါ်အပ်သော အရပ်တို့သည်လည်း....

တပေါင်းလပြည့် နက္ခတ်ကြယ်တာရာ စုံသောနေ့ဝယ် မရှေး မနှောင်းပင် ထင်ထင်ရှားရှား ဖြစ်ပွား၍ လာကြသည်ဟု ဆိုသည်။

ဤကားလူတို့နေရာ ဤကမ္ဘာကြီး၌အဓိကလိုအပ်သောအဆောက်အဦတို့ ပြည့်စုံသည့် ဖြစ်ပေါ် တိုးတက်မှုတည်း။

**နေ, လ, နက္ခတ်လှည့်ပတ်ပုံ**

ကမ္ဘာ၌ နေ, လ, နက္ခတ်တို့ ထင်ရှားစွာ ဖြစ်ပေါ်နေသည်ကို သတ္တဝါတို့ တွေ့မြင်ရ၏၊ ထိုအခါ ၎င်းတို့နှင့် ပတ်သက်၍ တွေဝေမှု မဖြစ်ပေါ်ရန် အဋ္ဌကထာဆရာသည် ဖြေရှင်းချက်ကို ဤသို့ ထုတ်ပြခဲ့လေသည်။

၁။ နေနှင့်လတွင် မည်သူက အရင်ဖြစ်သနည်း။
၂။ နေလတို့သည် အဘယ်၌ နေကြသနည်း။
၃။ နေလတို့ ပမာဏ မည်မျှရှိကြသနည်း။
၄။ နေနှင့်လ မည်သူက အပေါ်ကနည်း။
၅။ နေနှင့်လ မည်သူက အသွားနှုန်းမြန်သနည်း။
၆။ နေလတို့၏ သွားပုံလမ်းကြောင်းကား မည်သို့ မည်ပုံနည်း။
၇။ နေလတို့ မည်သို့သွားသနည်း။
၈။ နေလတို့ အလင်းရောင် မည်သည့်အရပ်သို့ တိုင်အောင် ပြန့်နှံ့သနည်း။

**၁။ နေနှင့်လသည် မည်သူက အရင်ဖြစ်သနည်း။**

ဥဘော၊ နှစ်ပါးသော လနေတို့သည်၊ ကေတော၊ တပြိုင်နက်။ န ပါတုဘာဝန္တိ-ထင်ရှားမဖြစ်ကုန်။ သူရိယော၊ နေသည်။ ပဌမတရံ၊ ရှေးဦးစွာ။ ပညာယတိ၊ ထင်ရှားဖြစ်၏။ ဤကား အဋ္ဌကထာ ဆရာ၏ နေဖြစ်ပုံကိုပြသော သာခကောသည်း။ ရှေ့၌သည်း ထင်ရှားခဲ့ပြီဖြစ်၍ အကျယ်မချဲ့တော့ပြီ။

ဤ၌ ခေတ်အမြင်မည်သို့ ရှိသည်ကို ချဲ့ပြဦးအံ့—

နေ-ဟူသည် စင်စစ် မီးတောက်လောင်နေသည့် ရုပ်ဒြပ်အစုအဝေးသာဖြစ်၍-လ-မှာ ၎င်းနေ၏ အစိတ်အပိုင်း တခုသာပင် ဖြစ်သည်ဟု ဆိုသည်။

ဗုဒ္ဓစာပေက စကြဝဠာပေါင်း ကုဋေတသိန်း မက-အနန္တ-မရေမတွက်နိုင်အောင် အာကာသ တခွင်၌ ဖြစ်ပေါ်၍ နေသည်ဟူသကဲ့သို့ ယနေ့သိပ္ပံပညာရှင်တို့ကလည်း လက်လှမ်းမမီသေးသည့် စကြဝဠာများမှာလည်း အာကာသခွင် များပြားစွာပင် ရှိနေသေးသည်ဟု လက်ခံယုံကြည်ထားကြ၏။

နေမိသားစုဟု ခေါ်လောက်သည့် နေ၏ ဓာတ်ငွေ့ တန်းမှ အကြောင်းအားလျော်စွာ ပေါ်ထွက်၍လာသော တခြားသော စကြဝဠာများလည်း ရှိသေး၏။ ၎င်းတို့သည် နွားမအုပ်စုမှ နွားပေါက်ကလေးများသည် မိခင်နွားမကိုသာလျှင် မကွာဘဲ လှည့်ပြ၍ သွားလာသကဲ့သို့—

၎င်းတို့သည်လည်း နေကိုပင် လှည့်ပြ၍ သွားလာနေကြ၏။ ၎င်းတို့မှာ ကမ္ဘာဂြိုဟ်၊ သောကြာဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ် စနေဂြိုဟ် ယူရာနပ်ဂြိုဟ်၊ နက်ပကျွန်းဂြိုဟ်၊ ပလူးတိုးဂြိုဟ်တို့ဖြစ်ကြ၏။

လမှာ ဤကမ္ဘာ၏ အရံဂြိုဟ်ကလေးသာဖြစ်သည်ဟုဆို၏။

နက္ခတ် ပညာရှင်တို့ သတ်မှတ်ထားရာ၌ ဂြိုဟ်များကို ရံနေသော လ-ပေါင်းမှာ (၃၁)လုံးရှိ၏၊ ၎င်း တို့ မှာ လက် လှမ်း မီ သ ရွေ့ သာ အကြောင်းအားလျော်စွာ တင်ပြထားခြင်းဖြစ်၏။ ထိုတွင် အင်္ဂါဂြိုဟ်၌ လ ၂-လုံး၊ ကမ္ဘာဂြိုဟ်၌ လ-၁လုံး၊ ယူရေးနပ်ဂြိုဟ်၌ လ-၅လုံး၊ ကြာသပတေးဂြိုဟ်၌ လ-၁၃လုံး (၁၉၇၉-ခု အောက်တိုဘာလတွင် ထုတ်ပြန်သော အာကာသဆိုင်ရာ အစီရင်ခံစာအရ-၁၄လုံး) ဆက်တန်ဂြိုဟ်၌ လ-၉လုံး၊ နက်ပကျွန်းဂြိုဟ်၌ လ-၂လုံး အသီးသီးရံလျက် ရှိနေကြသည်ဟု ဆိုပါသည်။

**၂။ နေလတို့သည် အဘယ်၌နေကြသနည်း**

လသည် ပတ္တမြား ဗိမာန်၏အတွင်းနေ၏၊ လဗိမာန်၏ ပြင်ပကို ငွေဖြင့် ခြံရံရောနှောစေ၍ အတွင်းအပြင် ပတ်လည်စု၍ ပတ္တမြားနှင့်ငွေ

သတ္တုများ ရောနှောပေါင်းစပ်ရှိသောကြောင့် အေးမြသော သဘောရှိသည်ဟု ဆို၏။

နေသည် ရွှေဗိမာန်၏ အတွင်း၌ နေ၏၊ နေဗိမာန်၏ ပြင်ပကို ဖန်ဖြင့် ခြံရံပတ်ကာထား၍ အတွင်းအပြင်၌ ရွှေနှင့်ဖန်ရည်တို့ ရော နေသောကြောင့် ပူသောသဘောရှိသည်ဟု ဆိုသည်။

ဤ၌ ခေတ်သစ် ပညာရှင်များက တင်ပြထားသော သဘော သာဓကများဖြင့် အနည်းငယ် စိစစ်ကြည့်ရှုအံ့-

ငွေဖြင့် ခြံရံထားသည်ဟူသည်မှာ အုန်းသီးဆံကို အခွံပြည့်ကာရံ သကဲ့သို့ ကာရံမှုသဘောကို ဆိုသလော၊ သို့မဟုတ် ငွေစင်သတ္တုများ များပြားစွာ ရောနှော၍ တည်ရှိသော သဘောကို ဆိုသလော မသိနိုင် သော်လည်း-အပိုလို အာကာသယာဉ် ယူဆောင်လာသော လဗိမာန် ကျောက်သား အနည်းငယ်ကို မြင်တွေ့ရပေရာ တချို့နေရာများ၌အနည်း ငယ် ပြဒါးကဲ့သို့ အရောင်ထွက်သောနေရာများကို ကြက်၍မြင်ရ၏။

တဖန် နေဟူသည်မှာ အမြဲပင်ပူလောင်၍ နေသော ဓာတ်ငွေ့ ရည် အစိုင်အခဲကြီးသာ ဖြစ်သည်ဟု ယူဆထားပြန်ရာ ပုလင်းအဖြစ်သို့ မရောက်မီ အရည်ပျော်နေသည့် ဖန်၏အရည်မှာ ရှိနေမည်ဟု ထင် မြင်မိပါသည်။

(ဤကား တထစ်ချ အမှန်ဟု မယူဆစေလို၊ အဋ္ဌကထာ ဆိုလို ချက်နှင့် ပညာရှင်တို့ တင်ပြချက်ကိုညှိ၍ ပြရုံသာ မိမိ၏ အတွေ့အမြင် မတိသာ ဖြစ်ပါသည်)

ဤ၌အလျဉ်းသင့်၍-

နေနှင့်လတို့၌ သက်ရှိသတ္တဝါ ရှိမရှိ စိစစ်ဦးအံ့။

ခေတ်သစ် သိပ္ပံပညာရှင်များက ဤသို့ တင်ပြကြ၏၊ နေ၏သဘောမှာ ပင်ကိုယ်ကပင် ပူလောင်၍နေသောကြောင့် သက်ရှိများမရှိသည်မှာ ထင် ရှား၏။ လကိုကား အချိန်အခါနှင့်စောင့်၍ လေ့လာခဲ့၏။ သို့သော် ယနေ့ နောက်ဆုံး စုံစမ်းချက်များအရ လပေါ်တွင် ရေ၊လေနှင့် သက်ရှိအရာ များမရှိ၊ အသုံးလည်း မဖြစ်ပေါ်နိုင်၊ အကယ်၍ ကမ္ဘာမှလွှတ်လိုက်သော ဒုံးပျံသည် လပေါ်ကို အရှိန်ပြင်းစွာဖြင့် ထိမှန်ခဲ့သော်မှ အသံဖြစ်ပေါ်

လာမည်မဟုတ်၊ လ၏ ပတ်ပတ်လည်တွင် လေတုမရှိသည့် လေဟာပြင် နယ် ဖြစ်နေသောကြောင့်ဖြစ်၏။ လပေါ်တွင် မြစ်ကြောင်းသဏ္ဍာန်တူသော အစင်းကြောင်းကို တွေ့ရ၏။ သို့သော် ရေမရှိသော မြစ်များသာ ဖြစ်လိမ့်မည်ဟု အသီးသီး တင်ပြခဲ့ကြသည်။

ဗုဒ္ဓစာပေအရ သက်ရှိသတ္တဝါရှိ၊ မရှိကို စိစစ်အံ့။

ပါယာသိ-အမည်ရှိသော ဘုရင်ခံနှင့် အရှင်ကုမာရကဿပတို့ဆုံ တွေ့ပွဲ၌ ပါယာသိ ဘုရင်ခံက ဤသို့ သူ၏အယူအဆတို့ကို တင်ပြ၏။

"အရှင်၊ဤလူ့ပြည်လောကမှတပါး တခြားနတ်ပြည်၊ ငရဲပြည်ဆိုတာ မရှိနိုင်ပါ၊ လူ့ပြည်မှ သေကြေလျှင်လည်း နောက်ဘဝသစ် ပဋိသန္ဓေနေသည်ဟု မရှိနိုင်ပါ၊

ကောင်းတာလုပ်လျှင် ကောင်းသည့်အကျိုး၊ မကောင်းတာလုပ်လျှင် မကောင်းသည့်အကျိုးများလည်း မရှိပါ"ဟူ၍ မိမိသဘောတားကို တင်ပြလိုက်၏။

ထိုအခါ ရှင်ကုမာရကဿပက "ကောင်းကင်ကနေနှင့် လတို့သည် ဤလူ့ပြည်ကလား တခြားနတ်ပြည်ကလား လူသားတွေရှိသလား နတ်သားတွေရှိသလား"ဟူ၍မေးရာ "နတ်သားတွေပါ"ဟုပြန်၍ အဖြေပေးခဲ့၏။

ဗုဒ္ဓစာပေ၌ နေရာတကာတွင် လူတို့မတွေ့နိုင် မမြင်နိုင်အောင် ရှိနေသော လူတို့လောက်ပင် ဘုန်းကံကြီးမားမှု မရှိသော နတ်စုတ်၊နတ်မွား၊ နတ်အသေးစားကလေးများမှာ သစ်ပင် တောတောင် စသည်တို့၌ ရှိနေကြသည်။ ကြီးကျယ်သောဘုံဗိမာန်များနှင့် နေရသောနတ်တို့မှာ အဘယ်သို့ ဆိုဘွယ်ရှိအံ့နည်း၊ များပြားစွာပင် ရှိကြသည်ဟု ဆိုပါသည်။

သက်ရှိ ရှိပါလျက် ယခုတိုင်အောင် အဘယ်ကြောင့် မတွေ့ရသနည်းဟု မေးမြန်းကြလိမ့်မည်။

နတ်တို့၏သဘောကိုကြည့်ဦး-

ပါယာသိ ဘုရင်ခံက သူ့စူးစမ်းချက်တခုကို ဤသို့ အကျယ်တဝင့်ပြု၍-

(အရှင်ဘုရား အရှင်ဘုရားတို့က သူ့အသက်သတ်မှုစသော ဒုစရိုက်များ ရှောင်ကြဉ်ကြလျှင် ၎င်းတို့သေပြီးနောက် နတ်ပြည်ရောက်ကြသည်ဟု ဆိုသည်နှင့် တပည့်တော် အမျိုးထဲက သုံးရိုက်တရား ကျင့်ကြံနေကြပြီး သေခါနီး ဖြစ်နေတဲ့ သူတွေကို မင်းတို့ အကယ်၍ နတ်ပြည်ရောက်လျှင် ငါ့ထံ လာပြောကြပါ၊ သို့မဟုတ် သတင်းစကားပါးလိုက်ပါဟု မှာထားပါတယ်။ သူတို့သေတာလဲ ကြာလှပါပြီ၊ ယခုတိုင် အောင် လာမပြောသေးတာ နတ်ပြည်လောက မရှိလို့ မဟုတ်လား)ဟူ၍ လျှောက်ထား၏။

ထိုအခါ အရှင်ကုမာရ ကဿပက....

''ပါယာသိမင်း၊ ဥပမာဖြင့်ပြလိုက်လျှင် ဤလောကဝယ် ပညာရှိသည် ဆိုလိုရင်းအနက်အဓိပ္ပါယ်ကို အကျယ်တဝင့်သိနိုင်ကြပါသည်။

လားယောက် မစင်တွင်းကျနေဟာကို သင်၏မင်းချင်းယောကျ်ားတွေကို အဆယ်ခိုင်းပြီး၊ ရေမိုးချိုးစေကာ အမွှေးနံ့သာ လိမ်းကျံပေးပြီး ကောင်းမွန်တဲ့နေရာမှာ ထားပြီးနောက် ''မင်း မစင်တွင်း ပြန်ဆင်းမလား''လို့ မေးယင် မဆင်းသလို....

လူ့ပြည်ထက်သာလွန်ကောင်းမွန်တဲ့ နတ်ပြည်ကိုရောက်သွားကြလျှင် ၎င်းတို့သည် ဘယ်လိုမှ ပြန်လာလိမ့်မည်မဟုတ်၊ (လောကမှာ လူတို့သုသာန်တို့၊ မသန့်မပြန့်ရာအရပ်တို့၌ရှိသော အနာကြီးရောဂါသည်များ ရှိရာမသွားချင်သလို) ၎င်းနတ်တို့သည် လူတို့၏မကောင်းသော အနံ့ရှိရှာဘွယ် စက်ဆုပ်ဘွယ်ကောင်းလှသောအနံ့များကို ယူဇနာ ၁၀၀ အရပ်ကပင် နှာခေါင်းပြတ်လုမတတ်ခံစားရပေရာ- ဤလူ့ပြည်သို့ မည်သည့်နည်းနှင့်မျှမလာ-ဟူ၍ အဖြေပေးတော်မူပါသည်။

ထို့ကြောင့် နေနှင့်လတို့၌ သက်ရှိ+ မရှိကို ဗုဒ္ဓစာအ ကျသိနိုင်ကြပါကုန်၊ ဆက်လက်၍-သိပ္ပံပညာရှင်တို့၏ ဘိုင်းထွာတင်ပြချက်သို့ နေနှင့်လတို့တည်ရာအရပ်ကို ပြဦးအံ့။

ဤကမ္ဘာမြေ အပါအဝင် နေနှင့်လတို့သည် ဩကာသဘာခွင်အာကာသ ဟင်းလင်းပြင်၌ လှည့်ပတ်လှုပ်ရှားသွားလာ၍ နေကြပေသောနေသည် ဤကမ္ဘာမှမိုင်ပေါင်းကိုးဆယ်သုံးသန်းခဝ၍ ဝေးသည့် ကမ္ဘာ

မှ ပျမ်းမျှခြင်းအားဖြင့် မိုင်ပေါင်းနှစ်သိန်းလေးသောင်း(၂၄၀,၀၀၀) ဝေးကွာမသာအရပ်၌တည်ရှိသည်ဟု ဆိုပါသည်။

၃။ နေလတို့ ပမာဏမည်မျှရှိကြသနည်း

နေလတို့ပမာဏမပြမီ အလျင်းသင့်၍ မိမိတို့၏နေရာ ဤကမ္ဘာ ပမာဏကိုပြဦးအံ့(ဗုဒ္ဓစာပေအရ)-

ဤကမ္ဘာလောကကြီးသည် ဒုဒယ်အထုအားဖြင့် ယူဇနာနှစ်သိန်း လေးသောင်း(၂၄၀,၀၀၀)၊ အလျားအားဖြင့် ယူဇနာတသန်းနှစ်သိန်း သုံးထောင်လေးရာငါးဆယ် (၁၂၀,၃၄၅၀)၊ အဝန်းအဝိုင်းအားဖြင့် ယူဇနာသုံးသန်းခြောက်သိန်းတသောင်းသုံးရာငါးဆယ်(၃၆၁,၀၃၅၀) ရှိသည်ဟု ကျမ်းဂန်များ၌ပြ၏။

ကမ္ဘာကို ရေထုနှင့် လေထုက ဆောင်ထားသည်ဟု ဆိုပြန်ရာ- ၎င်းတို့၏ပမာဏကိုလည်း ပြဦးအံ့....

မိမိတို့နေရာ ဤကမ္ဘာကို တောင်ဝင်ရိုးစွန်း၊ မြောက်ဝင်ရိုးစွန်း မည်သည့်ဘက်ကြည့်ကြည့် ရေခဲပြင်အတိသာတွေ့ရပေမည်။ ၎င်းတို့မှာ အလင်းရောင်ကိုလည်း ကောင်းစွာမရသည့်အပြင် လေထု၏ထောက်ပံ့ မှုကြောင့်(လေတိုက်များများခံက လူ၏သွေးသားများ တောင့်တင်းခိုင် မာသကဲ့သို့) ရေထုမှာလည်း ခဲ၍နေပေမည်၊ ထိုရေထု၏ ပမာဏမှာ သိပ်သည်းပြီး ယူဇနာလေးသိန်းရှစ်သောင်းရှိ၍ အောက်ကပင့်တိုက်ထား သောလေထုမှာ ယူဇနာကိုးသိန်းခြောက်သောင်းရှိ၏-ဟုဆိုပါသည်။

သိပ္ပံပညာရှင်များ၏ယင်ပြချက်ကို ဆက်လက်၍ပြဦးအံ့....

သက် တမ်း အား ဖြင့် ဤ ကမ္ဘာ ကြီး သည် နှစ် သန်း ပေါင်း နှစ်သောင်း(ဘီလျံ ကငါးထောင်)ရှိ၍ စက်ဝန်းမိုင် အီကွေတာအားဖြင့် စတုရန်း(၂၄၉၀၂) နှစ်သောင်းလေးထောင်ကိုးရာနှစ်ရှိ၍ အချင်းမှာ မိုင်ရှစ်ထောင်(၈၀၀၀)၊ဝင်ရိုးစွန်းဒေါင်လိုက်အားဖြင့် မိုင်နှစ်သောင်း လေးထောင်ရှစ်ရာခြောက်ဆယ်(၂၄၈၆၀)ရှိသည်ဟုဆိုသည်။

ဆက်လက်၍ နေနှင့်လတို့၏ပမာဏကို ဗုဒ္ဓစာပေလာသည့်အတိုင်း ပြဦးအံ့....

နေသည် အလျားအနံ အစောက်အဖြောင့်အားဖြင့် ယူဇနာ ငါးဆယ်(၅၀)၊ လုံးပတ်အာဝန်းအားဖြင့် ယူဇနာတရာ့ငါးဆယ်(၁၅၀) ရှိ၍၊

လသည် အလျားအနံ အစောက်အဖြောင့်အားဖြင့် ယူဇနာ လေးဆယ့်ကိုး(၄၉)၊ လုံးပတ်အာဝန်းအားဖြင့် တရာလေးဆယ့်ခုနစ် (၁၄၇) ယူဇနာရှိသည်ဟု ဆိုပါသည်။

သိပ္ပံပညာရှင်တို့က ကမ္ဘာကိုရံထားသော 'လေ'၏အချင်းမှာ မိုင်နှစ်ထောင် တရာ့ခြောက်ဆယ် (၂၁၆၀)ရှိ၍ နေ၏အချင်းမှာ မိုင် ပေါင်းရှစ်သိန်းရှစ်သောင်း(၈၈၀,၀၀၀)ရှိ၍ကမ္ဘာမြေထက်အဆပေါင်း သုံးသိန်းကျော်ကြီးမားသည်ဟု ဆိုကြပါသည်။

## ၄။ နေနှင့်လ မည်သူအပေါ်ကနည်း

အဋ္ဌကထာဆရာက-လသည် အောက်ကနေ၍၊ နေသည်အထက် က လှည့်လည်သည်။ သို့သော် ၎င်းတို့မှာ တခုနှင့်တခုဝေးကွာလှသော် လည်း(ပင်လယ်ပြင်နှင့် တောင်ကိုတိုင်းရာ၌ ပင်လယ်နှင့် တောင်တို့ဝေး သောအရပ်၌မည်မျှပင်လှမ်း၍ရှိသော်လည်း အနိမ့်အမြင့်မှာ မျဉ်းညီဆွဲရ အတူပင်ဖြစ်သကဲ့သို့ရင်း၊ လမ်းတခု၌ရှိသော လေးထပ်တိုက် ၂-လုံး ကိုက်တရာဝေးကြသော်လည်း တိုက်တလုံး၏စတုတ္ထထပ်၌ နေသူနှင့် တိုက်တလုံး၏ တတိယထပ်၌ နေသူချင်းအနိမ့်အမြင့်မှာ တထပ်စာမျှ သာ ကွာသကဲ့သို့ရင်း၊

လနှင့်နေတို့မှာ ကြားထဲ၌ တယူဇနာသာကွာသည်၊ ထိုတွင် လ၏ အောက်ဘက်အစွန်းသည် နေ၏အထက်အစွန်းတိုင်အောင် ယူဇနာတရာ (၅၀+ကြား ၁ + ၄၉ = ၁၀၀)ရှိသည်ဟု ဆိုသည်။

သိပ္ပံပညာရှင်တို့က ဤသို့ပြ၏—

လသည် ကမ္ဘာမှ မိုင်နှစ်သိန်းလေးသောင်း(၂၄၀,၀၀၀)ဝေး ၍ နေသည် ကမ္ဘာမှ မိုင်(၉၃၀,၀၀၀,၀၀) ကိုးဆယ့်သုံးသန်းဝေး သည်ဟု တွက်ချက်ကြပါသည်။ (၎င်းတို့က-တိုင်းတာရာတွင် အလင်း ရောင်နှစ်များဖြင့် တိုင်းထွာ၍ပြတတ်သည်။ အလင်းရောင်နှစ်ဟူသည်မှာ

တစ္ကန့်လျှင် အလင်းရောင်သွားနှုန်း မိုင်တသိန်း ရှစ်သောင်း ခြောက်ထောင်(၁၈၆,၀၀၀)ဖြစ်၍ ထိုနှုန်းဖြင့် တနှစ်အတွက်သွားသော မိုင်ပေါင်းကို အလင်းရောင်နှစ်တနှစ်ခေါ်သည်။)

ထို့ကြောင့် ဤကမ္ဘာမှ ထောက်သော် နေက အပေါ်၌ ရှိ၍၊ လသည် အောက်ကဟူသည်မှာ ထင်ရှားသည်။ ဗုဒ္ဓစာပေအရ အကွာအဝေးယူပုံ ရှေး၌ ပေါ်လွင်လတံ့။

၅။ နေနှင့်လ မည်သူက အသွားနှုန်းမြန်သနည်း။

ဗုဒ္ဓစာပေအရ....

လသည် ဖြောင့်ဖြောင့်အားဖြင့် မြင့်မိုရ်တောင်နှင့် စကြဝဠာတို့အလယ်လမ်း ခရီးအတိုင်း သွားလျှင် ဖြည်းဖြည်းသွား၍....

တောင်မှ မြောက်အရပ်၊ မြောက်အရပ်မှ တောင်အရပ်ဘက်သို့ သွားလျှင်ကား အလွန်လျှင်မြန်စွာ သွားသည်ဟု ဆိုသည်။ လ၏တနေ့သွားနှုန်းကား ယူဇနာ နှစ်သန်းကိုးသိန်း (၂၉၀၀၀၀၁)ရှိ၏။ ထိုသို့သွားနှုန်းမြန်သော်လည်း မိမိတို့လမ်းကြောင်းအတိုင်း မပြောင်း မလွဲ သွားမြဲသွားနေသော နက္ခတ်တို့မှာ ဘေးဘက်တချက်တွင် ရှိကြသော်လည်း တခါတရံ နီးစပ်မှု ရှိသော်မှ နွားပေါက်ကလေးထံ နွားမကြီး ကပ်သကဲ့သို့ ညင်သာလှသည်ဟု ဆိုပါသည်။

နေကား ဖြောင့်ဖြောင့်အားဖြင့် မြင့်မိုရ်တောင်နှင့် စကြဝဠာသို့ အလယ်လမ်းခရီးအတိုင်းသွားလျှင် အလွန်လျင်မြန်၍ တောင်မှမြောက်၊ မြောက်အရပ်မှ တောင်အရပ်သို့ သွားလျှင်ကား ဖြည်းဖြည်းနှေးနှေး သွားသည်ဟုဆို၏။ နေ၏တနေ့သွားနှုန်းကား တနေ့တနေ့လျှင် ယူဇနာ ၃၀၀၀၀၀၀-ရှိ၏။ ထို့ကြောင့် လကိုနေသည် တနေ့လျှင် ယူဇနာ တသိန်း ခွါပစ်ခဲ့သည်။ ထို့ကြောင့် နေက သွားနှုန်း မြန်၍ လက အသွားနှုန်း နှေးသည်။

ဤနေရာ၌ လပြည့်လကွယ် ယူဆပုံ ထူးခြားဟန်ကို ဆက်ဦးအံ့။

နေသည် လကုန်ရက် လဆန်းတရက် အချိန်ဝယ် လကိုယူဇနာ တသိန်း စွန်း၍ သွားသည်။ ဤသို့ဖြင့် လဆန်း ၁၅-ရက် လပြည့်နေ့၌ ပြည့်ဝန်းသော လဖြစ်လာ၏။

တဖန် လဆုတ် ၁-ရက်နေ့မှစ၍ နေသည်လ၏ အနီးသို့ တဖြည်းဖြည်းချဉ်းကပ်ခဲ့ရာ လဆုတ်ကုန်ရက်သို့ ရောက်သောအခါ နေနှင့်လတို့ အထက်အောက် တည့်တည့်ဖြစ်နေ၍ (ခွက်ကြီးဖြင့် ခွက်ငယ်ကို ဖုံးအုပ်သကဲ့သို့ရင်း၊ အိမ်အမိုးတည့်တည့်မှ နေသာလျှင် အိမ်၏ အရိပ်အမှောင်ဘက်သည် အောက်တည့်တည့်၌သာ ရှိသကဲ့သို့ရင်း) လကွယ်သော(ဝါ) လ၌ အရောင်မထွက်သော နေ့ဖြစ်ရသည်ဟု ဆိုပါသည်။

ဤအဋ္ဌကထာဆရာ၏ အလိုအရ လသည် မိမိပင်ကိုယ် သဘာဝ အလင်းရောင်ဖြင့်သာ ထွန်းပ၍၊ နေ၏ အလင်းရောင်ကြောင့် တောက်ပရသည်မှာ မဟုတ်ဆိုသည်ကား ထင်ရှားပြီ။

ဆက်လက်၍ သိပ္ပံပညာရှင်တို့၏ အယူအဆကို သိစေရန် မြန်မာ့စွယ်စုံကျမ်းအမှတ် ၁၁-မှ အောက်ပါ ကောက်နုတ်ချက်ကို ထုတ်ပြလိုက်ပါသည်။

"ရှေးကာလ၌ နေကဲ့သို့ ကိုယ်ပိုင်အလင်းရောင် ရှိသည်ဟု လူတို့ ထင်မှတ်ခဲ့သည်။ နက္ခတ်ပညာ ထွန်းကားလာသောအခါ လသည် နေမှအလင်းရောင် ရရှိ၍သာ လင်းရကြောင်းကို သိလာကြသည်။ နေမှ လပေါ်သို့ ထိုးသော အလင်းကို လက ကမ္ဘာပေါ်သို့ပြန်၍ ဟပ်စေသည်။

နေဝင်သည်တိုင်အောင် လကိုမြင်ရခြင်းမှာ နေသည် လပေါ်သို့ အလင်းရောင် အစဉ်အမြဲထိုးလျက် နေခြင်းကြောင့်ပင် ဖြစ်သည်။ လသည် ကမ္ဘာကို အနောက်မှ အရှေ့သို့ လှည့်ပတ်ရာတွင် ၂၇ ၁/၃-ရက်ခန့်ဖြင့် တပတ်ပတ်မိ၏။

သို့ရာတွင် ကမ္ဘာကိုယ်တိုင်က အနောက်မှ အရှေ့သို့ လည်နေသည့်အတွက် ကမ္ဘာမှ အမြင်အားဖြင့် ကမ္ဘာကို တပတ်ပတ်မိအောင် ရက်ပေါင်း ၂၉ ၁/၂-ရက်မျှ ကြာသွားလေသည်။ ထိုအချိန်အတွင်း၌ လသည် မိမိ၏ ဝင်ရိုးပေါ်တွင် လည်ပတ်နေသဖြင့် ကျွန်ုပ်တို့သည် မြင်နေကျဖြစ်သော လ၏ မျက်နှာကိုသာ အမြဲမြင်တွေ့နေကြရလေသည်။

လသည် ဝိုင်းစက်သော ပုံသဏ္ဌာန်ရှိ၏၊ သို့သော် ကျွန်ုပ်တို့သည် လပြည့်နေ့၌သာလျှင် လဝန်းပြည့်ပုံသဏ္ဌာန်ကို မြင်ရ၍ လဆန်းလဆုတ်

ရက်များတွင် လ၏တစိတ်တဒေသဖြစ်သောလခြမ်းပုံကိုသာ မြင်ရသည်။ အဘယ်ကြောင့် ထိုသို့မြင်ရသည်ကို အောက်ပါလက်တွေ့ စမ်းသပ်မှုဖြင့် စမ်းသပ်ဆင်ခြင်ကြည့်ပါ။

အခန်းတခန်းတွင် ပတ်လည်လှည့်နိုင်သော ဆုံလည် ကုလားထိုင် တခုကိုထားပါ၊ မှန်အိမ် သို့မဟုတ် လျှပ်စစ်ခေါတ်မီးလုံး တခုကို အခန်း တနေရာတွင် ချိပ်ဆွဲထားပါ၊ သင်သည် ရှေးဦးစွာကုလားထိုင်ပေါ်တွင် မီးလုံးအလင်းရောင်ဘက်ကို ကျောပေးထိုင်၍ လက်တဖက်ကို ရှေ့တည့် တည့်သို့ ဆန့်တန်းထားပြီးလျှင် ထိုလက်တွင် ဘောလုံးအဖြူ တလုံးကို ကိုင်ထားပါ၊ မီးကို နေအဖြစ်၎င်း၊ ဦးခေါင်းကို ကမ္ဘာလုံးအဖြစ်၎င်း၊ ဘောလုံးကို လအဖြစ်၎င်း၊ သဘောထားပါ၊ ကုလားထိုင်ကို မလှည့်မီ မီးလုံးသည် သင်၏ကျောဘက်တွင် ရှိပါစေ၊ ဘောလုံးပေါ်သို့ ဦးခေါင်း ၏ အရိပ်မထိုးရအောင် ဘောလုံးကို ခပ်မြောက်မြောက် ကိုင်ထားပါ။ မီးလုံးမှ အလင်းရောင်သည် ထိုအချိန်၌ ဘောလုံးပေါ်သို့ တိုက်ရိုက် ကျနေသဖြင့် သင့်ဘက်သို့ လှည့်နေသော ဘောလုံးမျက်နှာသည် အပြည့် လင်းနေလိမ့်မည်။

ထိုသို့အပြည့်လင်းနေသော ဘောလုံးမျက်နှာ၏ ပုံသဏ္ဌာန်သည် လပြည့်ဝန်းပုံသဏ္ဌာန်ပင် ဖြစ်၏။ ထိုနောက် ကုလားထိုင်ကို လှည့်ပေး သောအခါ ဘောလုံးပေါ်၌ အရိပ်ကျနေသော အမှောင်ပိုင်း သည် အလင်းပိုင်းထက် တဖြည်းဖြည်းပို၍ များလာလိမ့်မည်။ ကုလားထိုင်ကို လေးပုံတပုံ လှည့်ပေးမိသောအခါ ဘောလုံး၏ မျက်နှာပြင်၌ တခြမ်း လင်း၍ တခြမ်းမှာ မှောင်နေသည်ကို တွေ့ရလိမ့်မည်။ ထိုသို့ လင်း သော ဘောလုံးမျက်နှာ တခြမ်း၏ ပုံသဏ္ဌာန်သည် လဆုတ် ၇-ရက် ၈-ရက်၌ ရှိသော လခြမ်း၏ ပုံသဏ္ဌာန်မျိုးပင်ဖြစ်၏။

ထိုနောက် ကုလားထိုင်ကို လေးပုံတပုံ ထပ်မံလှည့်ပေးလိုက်၍ သင်သည်မီးနှင့် မျက်နှာချင်းဆိုင် ဖြစ်နေသောအခါ ဘောလုံးပေါ်မှာ ရှိသော လင်းနေသောအပိုင်းသည် လုံးဝကွယ်ပျောက်သွားပြီး မှောင် ရိပ်ကျနေသော အပိုင်းကိုသာ မြင်ရလိမ့်မည်။ ထိုအနေမျိုး၌ လကွယ် သည်ဟု ဆိုကြသည်။

လသည် ပြည့်ရာမှဆုတ်၊ ဆုတ်ရာမှကွယ်၊ ကွယ်ရာမှ ဆန်း၍ ဆန်းရာမှ ပြန်ပြည့်ပုံတို့မှာ ဤအတိုင်းပင် ဖြစ်လေသည်။ လ၌အရောင် ဖြူနေရခြင်းမှာ နေအလင်းရောင်ကြောင့် ဖြစ်၏။ အကယ်၍ နေမှ အလင်းကို မရရှိပါကလသည် မဲမှောင်၍ နေလိမ့်မည်'' ဟု ထုတ်ပြထား ပါသည်။

ဤကား ဗုဒ္ဓစာပေနှင့် ယခုခေတ်ပညာရှင်တို့ တင်ပြချက်မှ လ, ပြည့် လ, ကွယ်ကွာခြားချက်ဖြစ်၏။ သုံးသပ်ချက်ကို ရှေး၌ တင်ပြပါ ဦးအံ့—

ယခု ခေါင်းစီးတပ်ခဲ့သော—

၅။ နေနှင့်လ မည်သူကအသွားနှုန်းမြန်သနည်း၊

၆။ နေလတို့သွားပုံ လမ်းကြောင်းကား မည်သို့မည်ပုံနည်း၊

၇။ နေလတို့ မည်သို့သွားသနည်း၊

၈။ နေလတို့ အလင်းရောင် မည်သည့်အရပ်သို့တိုင် နှံ့သနည်းဟူ သော လေးချက်၏ သိပ္ပံအမြင်ကို နောက်၌ တခုတည်းပေါင်း၍ ပြပါ မည်။

ဤ၌ကား အဋ္ဌကထာ ဆရာ၏နံပါတ် (၆) စစ်တမ်းဖြစ်သော နေ လတို့ သွားပုံလမ်းကြောင်းကို ဆက်၍ပြဦးအံ့—

နေနှင့်လတို့သည် ဆိတ်၏သဘောထားနှင့်တူသော လမ်းခရီးဖြင့် သွားနည်း— ဆင်၏ သဘောထားနှင့်တူသော လမ်းခရီးဖြင့် သွားနည်း— နွား၏သဘောထားနှင့်တူသော လမ်းခရီးဖြင့် သွားနည်းဟူ၍ သွားလာ လှည့်ပတ်နည်း သုံးနည်းရှိ၏။

ထိုတွင် ဆိတ်တို့သည် ရေကိုကြောက်၍ စက်ဆုပ်သကဲ့သို့ နေ နှင့်လတို့သည် မြင့်မိုရ်တောင်နှင့် နီးနီးကပ်ကပ် မသွားလာဘဲ ကမ္ဘာနှင့် နီးကပ်စွာ လှည့်ပတ်သည့်အခါမိုးမရွာသော နွေဥတုဖြစ်ရ၏။ ထို့ကြောင့် အင်မတန်ပူပြင်းရုံမက လကိုလည်း ဤကမ္ဘာမှ နီးကပ်စွာ ခါတိုင်းထက် တွေ့မြင်ရမှု ကြီးမားသည်ဟုဆို၏။

တဖန် ဆင်သည် ရေနှင့် အလွန်ပင် ပျော်မွေ့သကဲ့သို့ နေနှင့် လတို့သည် မြင့်မိုရ်တောင်နှင့် နီးနီးကပ်ကပ် လှည့်ပတ် သွားလာသော အခါ ကမ္ဘာနှင့်ဝေးကွာသောကြောင့် မိုးရွာသွန်းမှုဖြစ်ရသည်ဟုဆို၏။

နွားသည် ရေနှင့် တခါတရံဆုံ၍၊ တခါတရံ မကြုံသည့်အတွက် အချမ်းအပူ မျှတသကဲ့သို့ နေလတို့သည် မြင့်မိုရ်တောင်နှင့် မနီးမဝေး သောအရပ်က လှည့်ပတ်သွားလာသောအခါ ဆောင်းဥတုဖြစ်ရသည်ဟု ဆိုပါသည်။

**၇။ နေလတို့ မည်သို့သွားသနည်း**

နေနှင့်လတို့သည် တနှစ် တနှစ်၌ မြင့်မိုရ်တောင်နှင့် ခြောက်လခွါ၍ စကြဝဠာတို့နှင့် နီးနီးကပ်ကပ် (ခါတိုင်းထက်စာလျှင်) လှည့်ပတ်သွား လာကာ ခြောက်လတွင် မြင့်မိုရ်တောင်နှင့် နီးနီးကပ်ကပ် လှည့်ပတ်လေ သည်။

ဆက်ဦးအံ့-

နေနှင့်လတို့သည် ဝါဆိုလတွင် မြင့်မိုရ်တောင်နှင့် အနီးကပ်ဆုံး လှည့်ပတ်၍ သွားလာနေရာမှ တဖြည်းဖြည်းခွဲ၍ ခွာ၍လာရာ သီတင်း ကျွတ်လ၌ စကြဝဠာနှင့် မြင့်မိုရ်တောင်၏ လမ်းခရီးတွင် စကြဝဠာဘက် သို့ တဖြည်းဖြည်းနီးကပ်လာ၏။ တဖန် သွားမြဲသွားလာရာမှ တန်ခူး လသို့ ရောက်ချိန်တွင် အလယ်လမ်းကြောင်းမှ မြင့်မိုရ်တောင်ဘက်သို့ ပြန်လည်၍ချဉ်းကပ် လှည့်ပတ်လာရာ ဝါဆိုလ ပြန်ရောက်သောအခါ မြင့်မိုရ်တောင်နားသို့ပင် ကပ်၍ ပြန်လှည့်ပတ်ကြသည်ဟု ဆိုပါသည်။

**၈။ နေနှင့်လတို့ အလင်းရောင် မည်သည့်အရပ်တိုင်အောင် နှံ့သနည်း-**

နေနှင့်လတို့သည် တပြိုင်နက်တည်းသော ခဏဝယ် ကျွန်းကြီးသုံး ကျွန်းတို့ကို အရောင်ဖြန့်၍ လင်းကြ၏။

ဆက်ဦးအံ့-

ဇမ္ဗူဒိပကျွန်း၌ မွန်းတည့်ချိန်ရောက်လျှင် မြောက်ကျွန်း၌ နေ ဝင်ချိန်ဖြစ်၍ အနောက်ကျွန်း၌ သန်းခေါင်ယံ အချိန်ဖြစ်ကာ အရှေ့ ကျွန်း၌ နေထွက်သောအချိန် ဖြစ်လေသည်။ ထို့ကြောင့် နေ၏အရောင်

သည် အရှေ့၊ တောင်၊ မြောက် ကျွန်းသုံးကျွန်း၌ တပြိုင်နက် ရှိနေကြ
သည်ဟု ဆိုပါသည်။

သိပ္ပံပညာရှင်တို့က ဤသို့တင်ပြ၏။

နေ၏အလင်းရောင်သည် ကမ္ဘာကို မိုင်ပေါင်း ကိုးဆယ့်သုံးသန်းက လင်းစေ၍ လ၏အရောင်မှာ နေ့အလင်းရောင် လကိုထိ၍၊ ၎င်းလမှတဖန် ကမ္ဘာကို ရောင်ပြန်၍ လာသော အလင်းရောင်သာဖြစ်သည်။ လ၌ ကိုယ်ပိုင်အလင်းရောင်ဟူ၍ မရှိကြောင်းကို ရှေ့၌လည်းတင်ပြခဲ့ပြီ။

ဤကား အဋ္ဌကထာ ဆရာ၏ နေလတို့နှင့် ဆိုင်သော စစ်တမ်းရှစ်ချက် ဖြစ်သည်။ ဆက်လက်၍ သိပ္ပံပညာရှင်တို့၏အယူအဆ တို့ကို အဋ္ဌကထာ ဆရာ၏အမေး လေးချက်ဖြင့် စိစစ်၍ ပြဦးအံ့၊

နေလတို့နဲ့ သက်ဆိုင်တဲ့
အဋ္ဌကထာ ဖြေရှင်းချက် (၈)ချက်ထဲက

၁။ လ၊ နေတို့တွင် မည်သူကအရင် ဖြစ်သနည်း။
၂။ လ၊ နေတို့ဟာ ဘယ်မှာနေသနည်း။
၃။ လ၊ နေတို့၏ ပမာဏကား မည်မျှလောက်ရှိသနည်း။
၄။ လ၊ နေတို့တွင် မည်သူက အထက်ကနည်း
၅။ လ၊ နေတို့ဟာ မည်သူက အသွားနှုန်း မြန်သနည်း။
၆။ လ၊ နေတို့ ဘယ်ပုံဘယ်နည်း သွားသနည်း။
၇။ လ၊ နေတို့သွားရာကား မည်သည့်တို့နှင့်တူသနည်း။
၈။ လ၊ နေတို့၏ အရောင်တို့သည် မည်သည့်အရပ်သို့တိုင် နှံ့သနည်း။

ဆိုတဲ့ အချက်(၈)ချက်လုံးကို အဋ္ဌကထာနည်းကျ ဖြေရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။

ထို(၈)ချက်ထဲက (၁+၂+၃+၄) အချက်တို့ကိုလည်း ယခု သိပ္ပံပညာရှင်များရဲ့ အမြင်များနဲ့ နှိုင်းယှဉ်ပြခဲ့ပြီး ဖြစ်တယ်။

ဒါကြောင့် (၅+၆+၇+၈) အချက်တို့ကို ယခုခေတ် သိပ္ပံပညာရှင်များ၏ အမြင်များနှင့် နှိုင်းယှဉ်၍ ကြည့်နိုင်ရန် အချက်အားလုံးကို တပေါင်းတည်း တင်ပြသွားပါမည်။

ကမ္ဘာမြေပြင်နဲ့ လ+နေတို့ရဲ့ အကွာအဝေးဟာ တခုနဲ့တခုမတူပါဘူး၊ လ ဟာ ကမ္ဘာမှ မိုင်ပေါင်း (၂၄၀၀၀၀) နှစ်သိန်းလေးသောင်း မျှဝေးကွာသော်လည်း နေဟာ ကမ္ဘာကနေမိုင်ပေါင်း (၉၃၀၀၀၀၀၀) ကိုးဆယ့်သုံးသန်း ဝေးကွာသွားပါတယ်၊ ဒါက ရန်ကုန်နဲ့မန္တလေးဟာ မိုင်ဘယ်လောက် ဝေးသလဲဆိုရင် မိုင်သုံးရာကျော်လောက် ရှိတယ်လို့ သတ်မှတ်ထားလိုပါတဲ့။ သို့သော် ပင်လယ်ပြင်ကို စီးတားပြီး ရန်ကုန်နှင့် မန္တလေးအမြင့်ကို မျဉ်းညီဆွဲတိုင်းလိုက်လျှင် အမြင့်ပေ တရာလောက်ရှိမည်မဟုတ်ပါဘူး၊ ထို့အတူပဲ ကမ္ဘာနဲ့နေတို့ လတို့ ဟာ ကွာဝေးမှုစနစ် မိုင်အင်မတန်ကွာ ခြားလှသော်လည်း အမြင့် အနိမ့်ကို မျဉ်းညီဆွဲတိုင်းလျှင် အဋ္ဌမထာ နည်းကျ လနေတို့ဟာ တယူဇနာသာ ကွာသည်ဟု ဆိုပါတယ်။

သိပ္ပံပညာရှင်တို့ရဲ့ အယူအဆအတိုင်းဆိုလျှင် မိုင်ပေါင်း နေနဲ့လဟာ ကိုးဆယ့်နှစ်သန်း၊ ခုနစ်သိန်းငါးသောင်းလောက် ကွာနေပါတယ်။

တဖန်လ၊ နေ၊ ကမ္ဘာတို့ရဲ့ ပမာဏကို ဗုဒ္ဓစာပေအရ ပြရရင် ကမ္ဘာဟာ ယူဇနာနှစ်သိန်းလေးသောင်း ချင်းပမာဏရှိပြီး လက (၄၉) လေးဆယ့်ကိုး ယူဇနာရှိကာ နေက ယူဇနာ (၅၀) ငါးဆယ်ရှိတယ်လို့ ဆိုပါတယ်။

ဒါကြောင့် ကမ္ဘာ့ရဲ့ ပမာဏနဲ့ နှိုင်းစာလိုက်ရင် နေနဲ့လတို့ဟာ အဆ (၅၀၀၀) ငါးထောင်လောက် သေးငယ်နေပါတယ်။

သိပ္ပံပညာရှင်တွေကတော့ နေထဲမှာ ကမ္ဘာလုံး ထည့်ထားပြီးသော်မှ လ ဟာ နေပန်းအတွင်းမှာ ချောင်ချောင်ချိချိနဲ့ ကမ္ဘာကိုလှည့်ပြီး နေနိုင်တယ်လို့ ဆိုပါတယ်။

အချို့ သိပ္ပံပညာရှင်များရဲ့ အဆိုကတော့ ကမ္ဘာဟာ အချင်းမိုင် (၇၉၀၀) ရှစ်ထောင်ခန့်ရှိပြီး လကတော့မိုင်(၂၁၆၀) နှစ်ထောင့် တစ်ရာ ခြောက်ဆယ်ခန့်ရှိကာ၊ နေကတော့ မိုင်ပေါင်း (၈၈၀၀၀၀) ရှစ်သိန်း ရှစ်သောင်းရှိတယ်လို့ဆိုတယ်။

ဒီတော့ လ ဟာကမ္ဘာနှင့် စာရင် သုံးဆကျော်လောက် သေး ငယ်ပြီး နေကတော့ ကမ္ဘာနှင့်စာရင် အဆပေါင်း (၃၀၀၀၀၀) သုံး သိန်းကျော် ကြီးမားနေတာကို တွေ့ရပါတယ်။

အဌကထာဆရာက လနေတို့လှည့်ပတ်ကြောင်း ပြခဲ့ပေမဲ့ ကမ္ဘာ မြေကြီးကိုတော့ ဘယ်လို လှည့်ပတ်ကြောင်း ကည့်ငြိမ်ကြောင်း ကို မပြပါဘူး။

သိပ္ပံပညာရှင်တွေကတော့ နေလတို့သာမက ကမ္ဘာနဲ့ အခြား ဂြိုဟ်များဟာ မရပ်မနား ပြေးလွှားသွားနေရတယ်လို့ဆိုပါတယ်။

ဆက်ဦးအံ့၊ကမ္ဘာအပါအဝင် သောကြာဂြိုဟ် (ဗီးနပ်)၊မာကျူရီ ဗုဒ္ဓဟူးဂြိုဟ်၊ မားလို့ခေါ်တဲ့ အင်္ဂါဂြိုဟ်၊ ဂျူပီတာလို့ခေါ်တဲ့ ကြာသ ပတေးဂြိုဟ်၊ ဆေးလ်တန်လို့ ခေါ်တဲ့ စနေဂြိုဟ်၊ ဂျူရာနပ်ဂြိုဟ်၊ နက်ပ်ကျွန်းဂြိုဟ်၊ ပလူတိုဂြိုဟ်များဟာ နေကခွဲထွက်လာတဲ့အတွက် နေ ကို ဗဟိုမဏ္ဍိုင်ပြု၍ မရပ်မနား ရဟတ်ခြားကဲ့သို့ ပတ်ခြာလည်ပြေးနေ ရတယ်လို့ ဆိုပါတယ်။

အဲဒီအထဲမှာ ကမ္ဘာမြေကြီးဟာ မိမိဝင်ရိုးပေါ်မှာလည်းတနာရီ မိုင်တထောင်နှုန်းနဲ့လည်ပတ်နေပြီး ၂၄-နာရီတပတ်ကျ လည်နေရုံမက နေကိုလည်း ပတ်ပြီး ပြေးလွှားနေရတာ တစက္ကန့်မှာ မိုင် ၉၀-နှုန်း ပြေးနေရပြီး နေကို တပတ်ပတ်မိတဲ့အခါ ကမ္ဘာမြေကြီးဟာ မိုင်ပေါင်း သန်းခြောက်ထောင် ခန့် ခရီးတွင်ခဲ့ပြီလို့ဆိုပါတယ်။

ကမ္ဘာရဲ့ တုခြားဂြိုဟ်များသည်သာ မရပ်မနား ပြေးလွှားသွား နေတာ မဟုတ်ပါဘူး၊ အလယ်က ဗဟိုမဏ္ဍိုင်လို့ သတ်မှတ်ထားတဲ့ နေကိုယ်တိုင်ကလည်း သူ့ဝင်ရိုးပေါ်မှာ ၂၅-ရက်ကို တပတ်ကျ လည်

နေပြီး တစက္ကန့်မှာ မိုင်နှစ်ရာ၊ တနာရီမှာ မိုင်သန်းနှုန်းနဲ့ ပြေးလွှားနေရသေးတယ်လို့ ဆိုပါတယ်။

တဖန် လကိုလည်း ကမ္ဘာကို ခြံရံထားတဲ့ အရံဂြိုဟ်ဘဲ သဘောထားပါတယ်။ လ ဟာ မိမိဘာသာမိမိ တလကြာမှ တပတ် လည်ပတ်မိတဲ့အတွက် ကမ္ဘာပေါ်က တလနဲ့ လပေါ်က တနေ့တာ အချိန်ဟာ တူမျှတယ်လို့ ဆိုပါတယ်။

ပြီးတော့ လဟာ ကမ္ဘာကို အနောက်မှ အရှေ့ကို လည်ပတ်တဲ့အခါမှာ ၂၇-ရက်ခန့်ကျော်မှတပတ် ကမ္ဘာကိုပတ်မိတယ်လို့ဆိုပါတယ်။ သို့သော် ကမ္ဘာက ထွက်ရင်တော့ ကမ္ဘာကိုယ်တိုင်က အနောက်မှ အရှေ့သို့ လည်နေတဲ့အတွက် ရက် ၃၀-လောက်ရှိမှ တပတ် ပတ်မိတယ်လို့ ဆိုပါတယ်။

ကမ္ဘာနဲ့နေတွေ လတွေ သွားပုံကတော့ အဌကထာက တခြား သိပ္ပံပညာက တခြားဖြစ်နေပါတယ်၊ သိပ္ပံရှင်တွေက ကမ္ဘာနဲ့ လရော တခြားဂြိုဟ်တွေပါ နေကို ဗဟိုမဏ္ဍိုင်ပြုပြီးတော့ မိမိတို့ လမ်းကြောင်းကလေးမှ လုံးဝသွေဖီမှုမရှိဘဲ သွားနေတယ်လို့ ဆိုပါတယ်။ ဆိုလိုတာက အဌကထာ ပြသလို့ ကမ္ဘာကို နေနဲ့လက လှည့်ပတ်သည် မဟုတ်။

နေကိုသာ ကမ္ဘာတို့က လှည့်ပတ်နေရတယ် သွားလာလှုပ်ရှားနေရတယ်လို့ ဆိုပါတယ်။

နံပါတ်(၈)ဖြစ်တဲ့ နေနဲ့လရဲ့ အလင်းရောင်ပျံ့နှံ့တာကို သိပ္ပံပညာရှင်တွေကကမျိုး မြင်ကြပါတယ်၊ ကမ္ဘာက မြင်နေရတဲ့ လရဲ့အရောင်ဟာ သူ၏ ပင်ကိုယ်အရောင်မဟုတ်၊ နေကလကို အရောင်ပေး၍ နေရောင်ကြောင့် လကတဖန် အလင်းပြန်လာလို့ လရဲ့အလင်းရောင်ကို ကမ္ဘာပေါ်မှ တွေ့ရတာလို့ ဆိုပါတယ်။

နေရဲ့အလင်းရောင်ဟာ ကျွန်းကြီးလေးကျွန်းတွင် သုံးကျွန်းကို တပြိုင်နက် အလင်းရောင်ပေးနိုင်တယ်လို့ အဌကထာက ကမ္ဘာသာမက၊ တခြားစကြဝဠာ ဂြိုဟ်များသို့ပါ အရောင်ပေးနေတယ်လို့ သာမညဘဲ ဆိုပါတယ်။

နေက ကမ္ဘာမြေကြီးကို တစက္ကန့်မှာ မိုင်ပေါင်း(၁၀၆၀၀၀) နှုန်းနဲ့လာတဲ့ အလင်းရောင်ဟာ၊ မိုင် ၉၃–သန်းဝေးတာကြောင့်အလင်း နှစ် စနစ်အရ (၈) မိနစ်ကျော်မှ ရောက်တယ်လို့ဆိုပါတယ်။

ဤမျှဆိုလျှင် ဗုဒ္ဓစာပေအမြင်နှင့် သိပ္ပံပညာရှင်တို့၏ အမြင်ကို မည်သို့ မည်ပုံ ကွဲပြားသည်ကို သိနိုင်လောက်ပါပြီ။ ထိုသို့ သိရှိပြီးလျှင်

ဟုတ်နိုင်သည် မဟုတ်နိုင်သည်၊ ဖြစ်နိုင်သည် မဖြစ်နိုင်သည်ကို ဝေဖန် သုံးသပ်နိုင်ကြရန်သုံးသပ်ချက်ကဏ္ဍကို ဆက်လက်၍ ပြပါဦးမည်။

**သုံးသပ်ချက်**

ကမ္ဘာတည်ပုံ၊ တနည်းအားဖြင့် စကြဝဠာများ တည်လာပုံ၊ အခြေတည်သည်ကစ၍ ဗုဒ္ဓစာပေများနဲ့ သိပ္ပံပညာရှင်တို့ တင်ပြချက် များဟာ ကွဲလွဲနေတာကို တွေ့ရှိရပါတယ်။ တခါတရံ တူညီနေတာကို တွေ့ရှိပါတယ်။ ၎င်းသဘောကို ရှေ့မှာတွေ့ရပါလိမ့်မယ်။

ဗုဒ္ဓစာပေက အာကာသတခွင်မှာ စကြဝဠာများ တည်လာတာဟာ ရေက စတယ်လို့ ဆိုထားပါတယ်။ သိပ္ပံပညာရှင်တွေက နေကစတဲ့ ကြီးမားတဲ့ သဘာဝတွေက ဖြာပြီးထွက်လာတဲ့ ဓာတ်ငွေ့ အစိုင်အခဲ များကဋ်း၊ မြူမှုန်များ စုဖွဲ့ကြ၍ဋ်း၊ စကြဝဠာများ ဖြစ်တယ်လို့ ယူဆကြတယ်။

သို့သော် သိပ္ပံပညာနဲ့ အဘိဓမ္မာပညာရပ်တို့မှာ ဖအေခေါ် လောက်တဲ့ နေကြတ်မည့်ရက်ကို ကြိုတင်ပြီး ပထမဆုံး ပြောနိုင်ခဲ့တဲ့ ခေါမပြည်ကမီလေတော့(စ်)နယ်သား (သားလတ်စ်) ဆိုသူက အရာ အားလုံးသည် ရေဆိုတဲ့ အာပေါဓာတ်မှ စတင်ပြီး ဖြစ်ပေါ်လာ သည်လို့ ဆိုပါတယ်။

တဖန် သဗ္ဗါအားလုံးသော။ စက္ကဝါဠ၊ စကြဝဠာတို့သည်။ ပရိ မဏ္ဍလံ၊ ပရိမဏ္ဍလသဏ္ဌာနံ၊ လုံးဝန်းသော သဏ္ဌာန်ရှိတယ်လို့ ဆိုသော ကြောင့် ဤကမ္ဘာမြေနှင့် တခြားစကြဝဠာများဟာ လုံးဝန်းသော သဏ္ဌာန်ရှိတယ်လို့ဆိုပါတယ်။တချို့ကတော့ ဝိုင်းဝန်းတာဟာ ဒယ်အိုး လိုနခမ်းက ဝန်းဝိုင်းပြီး အလယ်မှာ မောက်မို့မို့ ဖြစ်နေတယ်လို့ ယူဆ

ပါတယ်။ စကြဝဠာကတော့ တခုတည်းမဟုတ် အနန္တ စကြဝဠာလို့ဆို ထားသောကြောင့် မရေမတွက်နိုင်ကြောင်းထင်ရှားပါတယ်။

သိပ္ပံပညာရှင်တွေကလည်း ဤကမ္ဘာမြေနဲ့ စကြဝဠာများဟာ လုံးဝန်းကြတယ်လို့ ဆိုကြတယ်။ နက္ခတ္တဗေဒပညာရှင်များဟာ အကြီးဆုံးနက္ခတ်ကြည့် မှန်ပြောင်းကြီးများနဲ့ ကြည့်တဲ့အခါမှာ မြင်နိုင်လောက်တဲ့ ကြယ်ပေါင်းဟာ သန်းတထောင်ထက်မနည်း ရှိနေပြီး တခြား အာကာသ တခွင်မှာလည်း မရေမတွက်နိုင်သော အနန္တစကြဝဠာတွေ ရှိနေသေးတယ်လို့ တင်ပြကြတယ်။

နေနဲ့လ လှည့်ပတ်တဲ့အခါမှာတော့ ဗုဒ္ဓစာပေက မြင့်မိုရ်တောင်ကို လှည့်ပတ်တယ်လို့ဆို၍၊ သိပ္ပံပညာရှင်တို့က နေကိုမဏ္ဍိုင်ပြုပြီး လှည့်ပတ်တယ်လို့ဆိုပါတယ်။ ဗုဒ္ဓစာပေကနက္ခတ် ၂၇-လုံးကိုယူဆထားသော်လည်း သိပ္ပံပညာရှင်တွေက ဂြိုဟ်ကြီး ၉-လုံးနှင့် အရံလအဖြစ် ယူဆ တင်ပြချက်များ ကျတော့လည်း ကွဲလွဲချက်များ ရှိနေပါတယ်။ ဤမျှလောက် ဆိုလျှင် မည်သို့ ကွဲလွဲချက်များရှိတယ်ဆိုတာကို သိနိုင်ပါလိမ့်မယ်။ ဆက်လက်၍ စဉ်းစားရမှာက ဗုဒ္ဓဘုရားရှင်သည် အကန်းယုံအရမ်းယုံ ဒါကို လက်မခံဘို့ ဟောထားတာမို့ အောက်ပါအချက်များလည်း စဉ်းစားစရာများဖြစ်နေပါတယ်။

ဤကမ္ဘာနှင့် လူသားတို့ကို နေကတစင်း၊ လကတစင်း သာ အဆင်ပြေရန် အဘယ်ကြောင့် ဖြစ်ပေါ်နေသလဲ၊ ဤကမ္ဘာကြီးဟာ တနာရီမှာ မိုင်ပေါင်း (၆၀၀၀၀)ခန့် ပြေးသွားနေပါလျက် အပေါ်တည့်တည့်အာကာသ၌ ရပ်၍ ပျံသန်းနေသော ရဟတ်ယာဉ်နှင့် အောက်ကကွင်းသည် ဗဟိုချက်မလွဲဘဲ အတူတူသာ ဖြစ်နေရသည်မှာ ကမ္ဘာကြီးက ရပ်နေ၍လော၊ ပြေးနေ၍လော၊ နေနှင့် ကမ္ဘာတွင် နေကအပေါ်ကများစွာ မြင့်နေပါလျက် ကမ္ဘာမြေပြင်ချင်းကွယ်၍ မှောင်ရသည်မှာ အဘယ်ကြောင့်ပါနည်း။

ကမ္ဘာလည်ပတ်ရာတွင် ဘောလုံးကဲ့သို့ မလည်ဘဲအဘယ်ကြောင့် ဒီဂရီအံ့နည်းငယ်သာ စောင်း၍ လည်ပတ်ရသနည်း၊ စကြဝဠာတို့သည် အရှိန်အဟုန်ပြင်းစွာ ပြေးလွှားနေပါလျက် အာကာသတခွင်တွင်(အခန်းတွင်း၌ မိုးပျံဘူဖောင်းနှစ်လုံး လွှင့်တင်ရာတွင် ပျံတက်နေသောအခိုက်

သည် တလုံးနှင့် တလုံး စံထား၍ မရနိုင်ပေ၊ ပထမတလုံးနှင့် နှိုင်းဆလျှင် ဒုတိယတလုံးသည် ရွှေ့လျားနေသကဲ့သို့) အဘယ်ကို စံထား၍ မိုင်နှုန်းများ သတ်မှတ်နိုင်သနည်း။ အာကာသယာဉ်များ လွှတ်တင်ရာတွင် ကမ္ဘာ၏ အထက်ပိုင်းသို့သာ လွှတ်တင် စူးစမ်း၍ အောက်ပိုင်းသို့ အဘယ်ကြောင့် မစူးစမ်းသနည်း၊ ကမ္ဘာနှင့် နေလတို့၏ အကွာအဝေးသည် ဥတုသုံးလီ၊ ရာသီ ၁၂-ခုတို့တွင် ညီမျှမှုရှိသလော ဆိုတဲ့အချက်များလည်း စဉ်းစားစရာ ရှိနေပါသေးတယ်။

မည်သို့ပင်ဆိုစေ၊ ရှေးကတင်ပြခဲ့တာတွေဟာ သူလည်းသူ့နည်း၊ ကိုယ်လည်း ကိုယ့်ဟန် အနေနဲ့ လက်ခံသုံးစွဲနေကြတာတွေဖြစ်ပါတယ်။

ဒါကြောင့် အမှားအမှန်ကို ငြင်းဆန်မှုပြုစေလိုတဲ့ သဘောနဲ့ ဖတ်ရှုသုံးသပ်မှုမပြုသင့်ဘဲ၊ အောက်ပါဗုဒ္ဓဘုရားရှင် ဟောကြားတော်မူတဲ့ ဒသနိက အမြင်ဖြင့် သုံးသပ်ကြည့်ကြပါလို့ တိုက်တွန်းယင်း ပထမပိုင်းကို တခန်းရပ်လိုက်ပါတယ်။

ကာလာမမင်းတို့၊ သင်တို့သည် ပြောသံကြားကာမျှဖြင့် ဟုတ်ပြီ မှန်ပြီဟု အတည်မယူကြကုန်လင့်ဦး။

* အစဉ်အဆက် စကားများဖြင့်လည်း ဟုတ်ပြီ မှန်ပြီဟုအတည် မယူလင့်ဦး။
* ဤသို့ ဖြစ်ဘူးသတတ်ဟူသော စကားဖြင့်လည်း မယူကုန်လင့်ဦး။
* ပိဋကတ် စာပေနှင့် ညီညွတ်ပေသည်ဟူ၍လည်း မယူကုန်လင့်ဦး။
* ကြံဆတွေးတော၍ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး။
* နည်းမှီယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး။
* အချင်းအရာကို ကြံစည်သော အားဖြင့်လည်း မယူကုန်လင့်ဦး။
* ငါတို့ကြံစည် နှစ်သက်၍ထားသောအယူနှင့်တူညီပေသည်ဟူ၍လည်း မယူကြလင့်ဦး။
* မှတ်ယူထိုက်သော သဘောဖြင့်လည်း မယူကုန်လင့်ဦး

* ငါတို့ လေးစားသောသူ၏ (ရဟန်း၏)စကားဟူ၍လည်းမယူ ကုန်လင့်ဦး

ကာလာမမင်းတို့၊ ဤတရားတို့ကား အကုသိုလ်အပြစ်ရှိသော တရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း၊ ဤတရားတို့ကို ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သည် ရှိသော် အစီး အပွါးမရှိခြင်းငှာ ဆင်းရဲခြင်းငှာ ဖြစ်ကုန်၏ ဟု သင်တို့သည် မိမိတို့ ကိုယ်တိုင်ပင် သိသောအခါ၌ ပယ်စွန့်ကုန်ရာ၏။

ရှေ့တွင် ကမ္ဘာတည်ဦးစ အခါမှ လူသတ္တဝါတို့ ရသပထဝီ မြေဆီ ကို တပ်မက်မှုကြောင့် ကိုယ်ရောင်ပျောက်ကွယ်ပုံ၊ ထိုမှ နေလတို့ ပေါ် ပေါက်လာပုံကိုင်၊ အသီးသီး ခွဲခြားပြီး ဗုဒ္ဓစာပေအမြင်နှင့် ခေတ်သစ် အမြင်တို့ကို ယှဉ်၍ ပြခဲ့ပြီး ဆက်လက်၍ မဇ္ဈိမတိုင်းသားတို့ ထုံးစံအရ (တပေါင်းလပြည့်နေ့ဟု မိမိတို့က သတ်မှတ်ကြသော်လည်း ၎င်းတို့က တပေါင်းလကုန်ဟု သတ်မှတ်ကြ၏။) နေလကမ္ဘာ နက္ခတ်တာရာတို့ ပြီး ပြည့်စုံသည့် တပေါင်းလကုန် နောက်ပိုင်းဖြစ်သော-

"ကမ္ဘာတည်ဦး၊ တန်ခူးရက်မစုံ"ဆိုသည့်အတိုင်း ကမ္ဘာတည်စ လူသတ္တဝါတို့ ဖြစ်ပျက်ပုံကိုပြပါဦးအံ့-

**မာနကြီးကြ၍ အစာအာဟာရ ကွယ်ပျောက်ရခြင်း။**

ရသပထဝီဟု ခေါ်သော မြေဆီကိုပင် စားသောက် သုံးဆောင် ကြသည့် ကမ္ဘာဦးသားတို့မှာ ကာလကြာရှည်စွာ စားသောက်သုံးဆောင် လာကြသည်ကတကြောင်း၊ အစားအစာကို တပ်မက်မောသော တဏှာ ကြောင့်၎င်း ကမ္ဘာဦးသား သတ္တဝါတို့မှာ အဆင်းသဏ္ဍာန် ကွဲပြား လာကြ၏။ ထိုတွင် အစားအစာကို တပ်မက်သော တဏှာနည်းပါး ကြ သူတို့မှာ အဆင်းသဏ္ဍာန်လှပ၍ တဏှာကြီးမားတို့မှာ အဆင်းမလှအရုပ် ဆိုးကြ၏။

ထိုအခါ ရုပ်ရေအဆင်း လှပတင့်တယ်ခြင်း ရှိသူတို့က (ယခုကာလ အဆင်းလှပသူတို့ အချို့ မော်ကြွမောက်ကြွသလို) မိမိကိုယ်ကို မိမိအထင် ကြီးသော စိတ်ထားဖြင့် မလှမပ သူတို့အပေါ်တွင် မော်ကြွမောက်ကြွ မာန်မူကြ၍၊ ရသပထဝီ မြေဆီချိုညက်မှာ ကွယ်ပျက်၍ သွားတော့ သည်။

ရသပထဝီ ကွယ်ပျောက်သည့်အခါ၌ သတ္တဝါတို့ ကံအားလျော်စွာပင် အဆင်းအနံ့အရသာနှင့် ပြည့်စုံပြီး ချိုဆိမ့်သော အရသာရှိသော မြေထပ် မြေလွှာများ ပေါ်လာပြန်၏။ ယခုခေတ်ကာလ အချို့ကိတ်မုန့်တုံးကလေးများ၌ အပေါ်ယံ သကြားထောပတ် တင်ထားပုံနှင့်တူလှ၏။ သကြားထောပတ်ကလေးများကို တင်ပြီးနောက် မုန့်အထပ်များ တထပ်ပြီးတထပ် ထပ်နေသကဲ့သို့-

ငင်းမြေဆီလွှာ အထပ်သည်လည်းအထပ်ထပ်နှင့်ရှိနေရာ ငင်းတို့ကိုလည်း တပ်မက်မောသောတဏှာစိတ်တို့ဖြင့်စားသောက်ကြသောကြောင့် ရုပ်လှသူ၊ မလှသူတို့ပို၍ ကွဲပြားပြန်ကာ ရုပ်လှသူတို့က မာန်မူကြ၍ မြေထပ် မြေလွှာမှာလည်း ကွယ်ပျောက်သွားရပြန်၏။

တဖန် ငင်းမြေထပ်လွှာတို့ ခြောက်သွေ့ ကွဲအက်သည့်အခါ အစိတ်စိတ်အမွှာမွှာ၊ နွယ်ချောင်းကလေးများသဖွယ် ဖြစ်ပေါ်၍ လာပြန်၏။ မြေဆီမြေလွှာတို့ထက် ကြမ်းတမ်း၏။ ထိုမြေနွယ်ချိုချောင်းကိုလည်း ရှေးကလိုပင် တပ်မက်မောသော တဏှာဖြင့် စားကြသောကြောင့် ရုပ်လှသူ၊ မလှသူ ကွဲပြားကာ မာန်မူထောင်ကြ၍၊ ငင်းမြေနွယ်ချိုလည်း ကွယ်ပျောက်ရပြန်၏။

ဤ၌ အစာအာဟာရ ကွယ်ပျောက်ရသည့် မာနအကြောင်းကို အနည်းငယ်ပြဦးအံ့- ငင်းမာနသည် တခြားသော သူတပါးစည်းစိမ်ကို မနာလိုမှု၊ ငြူစူစောင်းမြောင်းမှုပို့သည့် ဣဿာတရားတို့ကဲ့သို့ပင် ထိုင်နေယင်းမှ အရေမရ အဖတ်မရ၊အကုသိုလ်ဖြစ်ရသည့် တရားစုတွင် ပါဝင်၏။

ဤသို့ ထိုင်နေရာ၊ အလိုလိုနေယင်းမှ လွန်ကဲမှုဖြစ်ပေါ်လာပါက ငြူစူစောင်းမြောင်းမှု၊ မနာလိုမှုတို့သည် ပတ်ဝန်းကျင် သူတပါးတို့ကို ကိုယ်စိတ်နှစ်ပါးဆင်းရဲသွားအောင် ဒုက္ခပေါင်းစုံကိုဖြစ်ပေါ်စေသကဲ့သို့-

မာနသည်လည်း လွန်ကဲသော မာနဖြစ်ပေါ်လာပါက ပတ်ဝန်းကျင်တို့ကိုသာမက မိမိကိုယ်ကိုပါ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲမှုဖြစ်ပေါ်လာစေတတ်သည်။ လောက၌ အကယ်ပင် ဘဝင်သွေးမြောက် မာနရောက်နေသောသူကို ပတ်ဝန်းကျင်ကကြည့်မရ၊ ရှုမရ ခတ်ချဉ်ချဉ်ဖြစ်တတ်ကြသည့် သဘာဝကို မကြာခဏ တွေ့ဘူးကြလိမ့်မည်။ ထိုမာနစိတ်ရိုင်း၊ ဒီလိုင်းကဲ့သို့ လွန်ကဲစွာ ကြွတက်ပါက ရန်မူခံရခြင်း၊ မကောင်းသတင်း

ပြောဆိုခြင်း ခံရမည်မှာ မလွဲကေန်ပင်ဖြစ်၏။ ထို့ကြောင့် မာနကြီးသူတယောက်ကြောင့် ပတ်ဝန်းကျင်၌ တုတ်ဆွဲ၊ ဓားဆွဲ ထောင်ထဲ ဝင်ရသည်ကအစ၊ အပါယ်ကျသည့်အဆုံး၊ အကုသိုလ်အတုံးကြီးဖြစ်ရသည်မှာ ဂုဏ်မာနကြောင့်ပင် မဟုတ်လော–

လောကတွင် အထက်တန်းစားပုဂ္ဂိုလ်၊ အလတ်တန်းစားပုဂ္ဂိုလ်၊ အောက်တန်းစားပုဂ္ဂိုလ်ဟူ၍၊ သုံးမျိုးသုံးစားရှိရာ တမျိုးတမျိုး၌စည်းစိမ် ပညာ၊ အဆင်းအသံ၊ ရာထူး၊ ဂုဏ်ရှိန်အားဖြင့် "တဘက်ဘက်ကသူများ ထက်မြတ်၏ သာ၏"ဟု မှတ်ထင်သော သေယျမာန် "သူတို့နဲ့ ဘာထူးသေး လဲ၊ အတူတူဘဲ"ဟု တန်းတူအားဖြင့် မှတ်ထင်သော သဒိသမာန်။ "သူတို့ အောက်ကျနေကော ဘာဖြစ်ရမှာလဲ၊ ကိုယ့်ရှိမှ ကိုယ်စားရတာ"စသည် ဖြင့် အောက်ကပင့်၍ အထက်သို့ မာန်မူသော ဟီနမာန် ဟူ၍ သုံးမျိုးစီ ကွဲပြားပြန်၏။ ထိုတွင် အထက်တန်းစား ပုဂ္ဂိုလ်၏ သေယျမာန်မူခြင်း၊ အလတ်တန်းစား ပုဂ္ဂိုလ်၏ သဒိသမာန်မူခြင်း၊ ဟီနပုဂ္ဂိုလ်၏ ဟီနမာန် မူခြင်းတို့သည် ဟုတ်မှန်သော မာန်မူခြင်းဖြစ်၍ မိမိနှင့်မတန်သောအခြား မာန်မူခြင်းမျိုးကား မဟုတ်မမှန်သော မာန်မူခြင်းဟူ၍ ဆို၏။

မာန၏ သဘောလက္ခဏာကား ကုက္ကုလ်နှင့် တံခွန်တို့လို ငါ တကားဟု ထောင်လွှားမှု ပြုလုပ်လျက်၊ ငါ့အကြံ၊ ငါ့အပြော၊ ငါ့သဘော၊ ငါလုပ်တာမှန်၏။ တခြားသူတို့၏ အကြံ၊ အပြော၊ အလုပ်တို့ သည် အလကားဟု နှလုံးသွင်း၍ ခပ်ထောင်ထောင် ခပ်ကြွားကြွား ခပ်မာမာ မြင့်မောက်တတ်ခြင်း လက္ခဏာပင်ဖြစ်၏။

ဂုဏ်မာနသည် လောဘစိတ်နှင့် ယှဉ်၍ဖြစ်ရ၏၊ မိမိကိုယ်ကို ချစ် ခင်ခြင်း လောဘသာလျှင် အရင်းခံရှိသောကြောင့် မာနဖြစ်လျှင်လောဘ လည်းတွဲ၍ ပါလေပြီ။ လောဘနှင့် တွဲသည့်မာနများ လွန်လွန်ကဲကဲဖြစ် ပေါ်လာသောအခါ မြေလွှာလောက် မမွန်မြတ်သည့် နွယ်ချိုလည်း ကွယ်ကြလေတော့သည်။

ဂုဏ်နွယ်ချိုကွယ်သောအခါ ကမ္ဘာဦးသားတို့သည် စုဝေးကြကုန် ၏။ ယခုကာလ မိမိတို့ စားရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေးနှင့် ပတ်သက်၍ အဆင်မပြေတိုင်း အားမရ စိတ်ဒုက္ခရောက်ရသော် နောက်

နောက်က ချမ်းချမ်းသာသာနေရ၊ ထိုင်ရ၊ စားခဲ့ရသည်ကို ပြန်ပြောင်း အောက်မေ့တတ်ကြသကဲ့သို့....

နွယ်ချိုကွယ်သည့်အခါ၌လည်း၊ ၎င်းသတ္တဝါတို့သည် (ငါတို့ အား ချိုသော နွယ်သည် ဖြစ်ခဲ့၏တကား) ဟူ၍ ညည်းတွားမှုကို ပြု ကြလေသည်။

၎င်းကား ထာဝရဟု မမှတ်သင့်၊ အကြင်အခါ၌ လူတို့သည် လုံ့လ၊ ဝီရိယ စိုက်ထုတ်၍ အလုပ်အကိုင်တို့ကို အားထုတ်၏။ အကုသိုလ် အမှုများကိုလည်း ပြုလုပ်သည့်သူများ ရာခိုင်နှုန်းအားဖြင့် နည်းပါး၏။ ထိုအခါသည် စည်ပင်ဝ ပြောနိုင်သည့်အခါပင် ဖြစ်ပေမည်။ အဘယ် ကြောင့်နည်း၊ လူတို့၏ စိတ်ဘည်းဟူသော နာမ် ဓာတ်လှိုင်းများက ကောင်းကောင်းမွန်မွန် ထက်ထက်မြက်မြက်ဖြင့် ရုပ်ဝတ္ထုတို့ကို ရိုက်ခတ်၍ စေပါးနိုင်စွမ်း ရှိသောကြောင့် ဖြစ်၏။ ၎င်းဖြစ်စွမ်းခဲ့သော သာဓက တို့လည်း များစွာရှိခဲ့သည်မဟုတ်လော။

ဆက်ဦးမည်၊ ကမ္ဘာဦးသား သတ္တဝါများမှာ ထိုသို့ မာနဖြစ်ကြ သော်လည်းအကုသိုလ်အကြီးမားဆုံးဟု မခေါ်နိုင်သေး၊ ထမင်းအိုးတလုံး လုံးမှ ကြွက်ချေးတတုံးလောက် ရောက်နေသကဲ့သို့သာ ဖြစ်သေး၏၊ ထို့ကြောင့်လည်း ယခုခေတ် လူတို့ထက်စာလျှင် အဆပေါင်း တရာ လောက် စိတ်ရော ကိုယ်ရော နူးညံ့ ပျော့ပျောင်းနေမည်မှာ မလွဲ၊ မွေးကင်းစကလေးများကိုပင်ကြည့် စိတ်ကြမ်း စိတ်ယုတ်များ မဖြပ်ပေါ် တတ်သေး။ ထို့ကြောင့် အသားအရည် အရိုးအဆစ်ကလည်း ပျော့ ပျောင်း၏၊ နို့ကိုစို့ရုံနှင့် ၎င်း၏ ခန္ဓာကိုယ်ကို မျှတနိုင်စွမ်း ရှိနေလေ သည်။

ထို့အတူ ကမ္ဘာဦးသား သတ္တဝါများမှာလည်း မြေဆီလွှာ မြေနွယ်တို့ကို စားသုံးသည့်အခါဝယ် နို့ဓမ်း၊ ဒိန်ခဲများ စားရသကဲ့သို့ ခန္ဓာကိုယ်၌ အဆီအသားဖြစ်ပြီးနောက် အဖတ်အကာ အနည်းငယ်သာ ကြွင်းကျန်ကြ၏၊ ထိုကြွင်းကျန်သော အဖတ် အကာတို့မှာလည်း ဝမ်း တွင်းမီးခေါ် ပါစကဓာတ်ဖြင့် ချက်လိုက်သည်နှင့် ကုန်ခန်းသွား၍ ကျင်ကြီး ကျင်ငယ် စွန့်ဘွယ်မလိုဘဲ သူ့အိုးနှင့်သူ့ဆန် တန်နေသော အချိန်အခါပင် ဖြစ်လေသည်။

မြေဆီ မြေလွှာ မြေနွယ်တို့ ကွယ်ပျောက်ပြီးသည့်အခါ သတ္တဝါတို့ကံနှင့်သဘာဝနှင့်ယှဉ် အောင်လျော်စွာ ထွန်ဖြင့် ထွန်ယက် စိုက်ပျိုးစရာမလိုသော သလေးဆန်သီးသီးသော သလေးကောက်ပင်များ ပေါ်လာပြန်သည်။

၎င်း သလေးဆန်တည် ယခုခေတ် စပါးတို့ကဲ့သို့ အခွန်တထပ်ဆန်အနှစ်တထပ်ရှိနေသည်မဟုတ်၊ ဆန်အနှစ်ချည်းသာ အပင်၌ သီးနေကြခြင်း ဖြစ်၏။

(စပါးနှင့် ဆန်ကို မျက်စိ၌ ကွဲအောင်မြင်ပါလေ)

၎င်းသလေးဆန်သီးများကို အိုးတွင်ထည့်၍ ဇောတိပါသာဏခေါ် မီးကျောက်ပေါ်သို့ တင်ထားလိုက်လျှင် အလိုလို မီးတောက်လျက် ထမင်းကျက်မှ မီးငြိမ်းသည်ဟုဆို၏။ အော်တိုမက်တစ် စနစ်သည် ၎င်းအချိန်ကစသည်ဟု အထပ်ထပ်ဖြင့် ပြုံးမိ၏။

၎င်းသလေးထမင်းတို့၏ စွမ်းရည်ကိုလည်း ကြည့်ဦး....
မြက်လေးပန်းကလေးများသဖွယ် ရှချင်စဖွယ် တင့်တယ်လှပရုံမက အချို၊ အချဉ်၊ အငန် စသော စားလိုသောစိတ် ဖြစ်ပေါ်ရာ အရသာများပါသည့်အပြင် အသား၊ အသီး ဟင်းရွက် စသည့် ဟင်းများ ချက်စရာမလိုပဲ ၎င်းသလေးဆန် ထမင်းကို စားရုံနှင့် ဟင်းနှင့်ရော၍ စားရသလို အရသာရှိသည်ဟု ဆိုသည်။

## ယောကျ်ား မိန်းမ ကွဲပြားကြခြင်း

သလေးဆန် ပေါ်လာသောအခါ ထူးခြားမှုတခု ဖြစ်လာ၏။ တိုကား အခြားမဟုတ်၊ မြေဆီ မြေလွှာ မြေနွယ်တို့ကို စားသုံးစဉ်က ၎င်းအာဟာရတို့ နူးညံ့ပျော့ပျောင်းမှုကြောင့် စားသုံးလိုက်လျှင် အဆီအသားဖြစ်ပြီးနောက် အဖတ်အကာ အနည်းငယ်သာ ကျန်၏၊ ၎င်းအဖတ်အကာများမှာလည်း ဂမ်းမီးပါစကတက်နှင့် ချက်လိုက်ရုံဖြင့် ကုန်ခန်းနိုင်သည်ဟု ရှေ့၌ ပြခဲ့ပြီး၊ ယခုခေတ်ကာလ ပျော့ပျောင်းသောထမင်းနှင့် ကြမ်းတမ်းသော ထမင်းစားလျှင်ပင် ပျော့ပျောင်းသော ထမင်းက အစာကြေလွယ်၍ ကြမ်းတမ်းသော ထမင်းကို စားလျှင် အစာမကြေခဲတော့ပြီး ကာလကြာရှည်စွာ ခံနေသကဲ့သို့....

ငင်းသလေးထမင်းကို စားသုံးသောအချိန်၌ကား ဝမ်းမီးလောင်ရုံမျှဖြင့် မကုန်ခန်းနိုင်ဘဲ အရည်အဖတ်(ကျင်ကြီးကျင်ငယ်များ များစွာကျန်ရှိနေတော့သည်။

ရှေ့၌ဖြစ်ပြီးသည့်အတိုင်း ကမ္ဘာဦးသတ္တဝါများမှာ ကျင်ငယ်လမ်း၊ ကျင်ကြီးလမ်း (ဝါ)ယောကျ်ား၊ မိန်းမလိင်အင်္ဂါများမကွဲပြားသေးသော နပုံးလိင်ပိုင်ရှင်များသာ ဖြစ်သည်။ ယခုအခါ ခန္ဓာကိုယ်အတွင်း၌ ရှိသော ဝါယောဓာတ်က အရည်အဖတ်များကို မှုတ်ထုတ်တွန်းကန်နေလေရာ ကျင်ကြီး ကျင်ငယ်လမ်းများ လိုနေ၏။

ထိုအခါ ယခုကမ္ဘာတခု မဖြစ်မီ ရှေးက ဖြစ်ခဲ့သော ကမ္ဘာတခု၌ ယောကျ်ားဖြစ်ခဲ့သော သတ္တဝါသည် ယောကျ်ာလိင်အင်္ဂါ ထင်ရှားဖြစ်လာ၍ မိန်မဖြစ်ခဲ့သော သတ္တဝါသည် မိန်းမလိင်အင်္ဂါများ ထင်ရှားဖြစ်လာ၏။ ထိုမှစကာ မိန်းမနှင့် ယောကျ်ား ကွဲပြား၍ လာသည်ဟုဆိုပါသည်။

ဤ၌ အလျဉ်းသင့်၍ ကျင်ကြီးကျင်ငယ်သွားလာပုံကို သိလွက္ခန့်အဋ္ဌကထာနည်းကျကျ ပြဦးအံ့—

ကျင်ကြီးကျင်ငယ်စွန့်မှုကို စီမံဖန်တီးသော သူတယောက် ကိုယ်တွင်း၌ရှိသည်မဟုတ်။ မှည့်လွန်းသော အနာ၌ ရှိသော ပြည်တို့သည်အလိုမရှိပဲ ပိုထွက်လာသကဲ့သို့ငှင်း အိုးအတွင်း၌ အလွန် ပြည့်လွန်းပါကရေများလျှံထွက်လာသကဲ့သို့ငှင်း။

အီစာကျက်အိမ်နှင့် ကျင်ငယ်အိမ်တို့၌လည်း ကျင်ကြီးကျင်ငယ်များ ပြည့်လွန်းနေပါက အတွင်း၌ရှိသော စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်များက တွန်းကန် မှုတ်ထုတ်လိုက်သည့် အတွက် ကျင်ကြီးကျင်ငယ် စွန့်ခြင်း စသည့်အမှုတို့ဖြစ်ပေါ်ပြုလုပ်ရခြင်း ဖြစ်သည်ဟု ဆိုသည်။

အကယ်၍ အောင့်အီးပြီး မပြုလုပ်ပဲနေခဲ့လျှင်(ဝါ) ဓာတ်ချုပ်မှု လွန်ကဲလျှင် ခန္ဓာကိုယ်မှ ချွေးများယိုစီးခြင်း မျက်လုံးများလည်ခြင်း၊ တခြားရောဂါများ ဆက်တိုက်ဖြစ်ပွားခြင်း စသည့် မကောင်းကျိုးများဖြစ်ပေါ်တတ်သည်ဟု ဆိုသည်။

**မေထုန်သံဝါသပေါင်းဆုံခြင်းအစ**

ဆက်ဦးအံ့-ထိုသို့ ယောကျ်ားနှင့် မိန်းမ ကွဲပြား၍ လာသော အခါ မတူညီသော ပုံသဏ္ဍာန်သဘောကြောင့် မိန်းမဖြစ်သော ပုဂ္ဂိုလ်ကလည်း ယောကျ်ားဖြစ်သူကို ရှန်းရှန်းစားစား တစိန်းစိန်းကြည့်ရှု၏။ ယောကျ်ား ဖြစ်သော ပုဂ္ဂိုလ်ကလည်း မိန်းမ ဖြစ်သူကို ရှန်းရှန်းစားစား တစိန်းစိန်း ကြည့်ရှု၏။ ထိုသို့ တယောက်နှင့်တယောက် ရှန်းရှန်းစားစား တစိန်းစိန်းကြည့်ရှုမှု လွန်ကဲလာသောအခါ ပြင်းစွာတပ်မက်သည့် ကာမရာဂစိတ်ဓာတ် ဖြစ်ပေါ်လာကြ၏။ ၎င်းကာမရာဂကြောင့် ဘီလူးဖမ်းစားခံရသလို တဏှာရာဂ ပူးဝင်၍ ကိုယ်ကို ပူလောင်စေသောအခါ သွေးသား ဆူကြွ မေထုန သံဝါသအမှုကို ပြုကျင့်ကြတော့သည်။

**ကမ္ဘာဦးဓလေ့တခု**

တခြားလူသားတို့သည် မေထုန သေဝန အမှုပြုကြသည့် ၎င်းတို့ကို တွေ့မြင်ရသောအခါ-(ညစ်ပတ်စုတ်ပဲ့သူများ ပျက်စီးလေ့လေ့။ ညစ်ပတ်စုတ်ပဲ့သူများ ပျက်စီးလေလေ့ အဘယ်ကြောင့် ဤယုတ်မာသော အမှုကို ပြုကျင့်ရသနည်း) စသည်ဖြင့် ပြောဆို၍ မြေမှုန့်၊ ပြာ၊ နွားချေးတို့ဖြင့် ပစ်ကြ ခတ်ကြ နှင်ထုတ်ကြတော့သည်။ ၎င်းတို့သည် ဗြဟ္မာ့ဘုံမှ ပြောင်းရွှေ့လာကြသော သူများဖြစ်ရာ ကာမရာဂကို စက်ဆုပ်သော စိတ်ဓာတ်များ ၎င်းတို့၌ ကိန်းအောင်းနေကြ၍ ထိုသို့ပစ်ကြခတ်ကြခြင်းဖြစ်၏။ ယခုကာလ၌ မင်္ဂလာမှုပြုကြလျှင် ခဲဘိုးတောင်းသည်ဟုဆိုကာ ခဲများဖြင့် ပစ်ခတ်ကြ၏။ မည်သည့်ရည်ရွယ်ချက်ဖြင့် ပြုလုပ်ကြသည်မသိကြသော်လည်း ကမ္ဘာဦးအခါက အိမ်ထောင်ပြုမှုကိုပင်အဓမ္မအလုပ်ဟု သတ်မှတ်ထားပေရာ မသူတော်တွေကို အားမပေးချင်၍ပစ်ခတ်နှိပ်ကွပ်ထားခြင်းဖြစ်၏။

ထိုပစ်ခတ်မှုကိုပင် ကောင်းသောအလုပ်ထင်၍ ယနေ့တိုင်အောင် စွဲမြဲသော ဓလေ့အဖြစ်ဖြင့် ကျင့်သုံးနေကြပေသည်။

**လူနေအိမ်စနစ်ပေါ်လာခြင်း။**

ယုတ်မာသော မေထုနသံဝါသအမှုကို ပြုကျင့်ကြသောကမ္ဘာဦးသားတို့မှာ မိမိတို့နေမြဲဖြစ်သော ရွာနိဂုံးများသို့ တလနှစ်လနှင့်ဝင်ခွင့်

မရကြ၊ ထိုသို့ဝင်ခွင့်မရသည့်အထဲကပင် ၎င်းတို့မှာ ကာမရာဂမေထုနသံဝါသအမှုကို ရှောင့်ရဲတင်းတိမ်မှု မရှိကြဘဲ အပိုင်းအခြားမရှိ ပြုကျင့်မှိုဲကြတော့၏။

မှုန်၏၊ အိုပ်မှု၊ သေရည်အရက် သောက်စားမှု၊ မေထုနသံဝါသအမှုဟူသော ဤသုံးပါးသည် မရှောင့်ရဲ မတင်းတိမ်နိုင်သော အမှုများဖြစ်ရာ ၎င်းဖောက်ပြန်သော ကမ္ဘာဦးသားတို့မှာ တင်းတိမ်ရှောင့်ရဲမှု မရှိကြရုံမက ၎င်းတို့၏ ယုတ်မာသော အကျင့်တို့ကိုလည်း လွတ်လွတ်လပ်လပ် ပြုကျင့်နိုင်ကြရန် အကာအကွယ် သဘောဖြင့် အိမ်များကိုဆောက်လုပ်လာကြတော့သည်။ သံဝါသအမှုပြုကျင့်သည်ကို ထောက်ဆ၍ ကိုယ်ဝန်လွယ် သားဖွား လူဦးရေများ တိုးပွားလာမည်မှာလည်း အထင်အရှားဖြစ်နေ၏။

**ပျင်းရိသူများကြောင့် ပုဂ္ဂလိက လယ်မြေများ ပေါ်ပေါက်လာရခြင်း။**

ကမ္ဘာဦးသားတို့သည် မြေဆီ မြေလွှာ မြေချိုကွယ်ပြီးသည့်နောက် ဆန်ကွဲမပါ၊ ဖွဲမပါ စင်ကြယ်ပြီး အနံ့ကောင်းလှသည့် သလေးဆန်ကို စားသောက်ကြရာတွင် ထင်းဖြင့်ချက်စရာ မလိုရုံမျှမက ညနေစာကိုမနက်ပိုင်းကရိတ်ပြီး ထားလိုက်လျှင် ရိတ်ပြီးသား ရိုးဖြတ်များက ပြန်လည်၍ နောက်နေ့တွင် စည်ပင် ပေါက်ရောက်နေ၏။ ထိုအတူ မနက်ဖန်မနက်စာကို ယနေ့ညနေကရိတ်လျှင်လည်း ဤအတိုင်းပင် ရိတ်ဖြတ်သည့် အရာမထင်ဘဲ ပြန်၍ပေါက်ရောက်နေ၏။ ဤမျှအထိ မျိုးစေ့ကောင်းသောမျိုးများကို စားသောက်နေကြသည့် အချိန်သည် ၎င်းတို့ပိုင်ဆိုသော ဘုံလယ်မြေစနစ်အပေါ်တွင် မှီခိုစားသောက်ကြခြင်းဖြစ်၏။ သို့သော် ပျင်းရိသောစိတ်ရှိသော လူသားတယောက်က ဤသို့အကြံထုတ်လာ၏။

"ငါဟာ ညစာကို ညဉ့်အခါတကြိမ် နံနက်စာကို နံနက်အခါ တကြိမ်ယူရသည်မှာ ပင်ပန်းလှသည်၊ ပင်ပန်းခံမနေဘဲ သလေးဆန်ကို တကြိမ်တည်းနှင့် မနက်စာ ညစာကိုဆောင်ယူရလျှင်ကောင်းလေသစွ" ဟု အကြံဖြစ်ပြီးနောက် အကြံအစည်အတိုင်း လုပ်ကိုင်၏။

ထိုအခါ နောက်လူသားတယောက်သည် ၎င်းထံသို့ ချဉ်းကပ်လာပြီး သလေးဆန်ယူရန် ခေါ်ဘော့ရာ တခါတည်းနှင့် နှစ်နပ်စာ ယူပြီးကြောင်း ပြန်ပြော၏။

ထိုကာလ နောက်ကလူများကလည်း လူပျင်းအတုကို ခဏခြင်း ယူလာကြတော့ရာ ဟကြိမ်တည်းဖြင့် ရှစ်ရက်စာယူသည်အထိ ဖြစ်လာကြတော့၏။

သဘာဝတရားကြီးသည် အထပ်ထပ်ပင် လူတို့၏ကောင်းကျိုးကို ဆောင်၏၊ သို့သော် လူတို့သည် သဘာဝတရားကြီးကို ကျေးဇူးမပြုရုံမျှမက အလေးဂရုပင် မပြုချင်ကြ၊ ထို့အခါ သဘာဝတရားကြီးက လူသားတို့ကို အရေးမစိုက်ချင်သလို ဖြစ်လာပြန်၏။

သလေးဆန်ကို လူပျင်းတို့က တခါတည်းနှင့် ရှစ်ရက်စာ ယူကြသောအခါ သလေးဆန်၌ ဖွဲနု ဖွဲခံတို့ ဖုံးအုပ်လာ၏ ယခုမြင်ရသည့် စပါးများအတိုင်းပင် ထူးခြားမှုမရှိ။

ရိတ်ပြီးသား ရိုးပြတ်များစွာလည်း ပြန်၍မပေါက်တော့ဘဲ ဖြတ်ရာဒုတ်ဘုတ်သာရှိ၏။ သလေးစပါးပင်များမှာလည်း၊ ဟိုတစု သည်တစုသာ ပေါက်တော့သည်။ သဘာဝမြေပဒေသာမှာ ထိုအခါကစ၍ ကင်းဆိတ်ခြင်းဖြစ်၏။ ထိုအခါ လူအများသည် စုဝေးတိုင်ပင်ကြ၍ ညည်းညူကြတော့သည်။

"ချင်းတို့၊ လူတွေမှာ ယုတ်မာသောတရားတွေ တဖြည်းဖြည်း ပေါ်လာပြီး ကိုယ်ရောင်ကိုယ်ဝါနဲ့ ကောင်းကင်မှာ သွားလာနိုင်သည့်ဘဝက ကိုယ်ရောင်ကွယ်ပျောက် နေလတို့ ပေါ်ပေါက်ခဲ့၏။

မြေဆီ-မြေလွှာ-မြေနွယ် အစာအာဟာရများမှ သလေးစပါးကို စားရသည့်ဘဝသို့ ရောက်ခဲ့ကြရ၏။ ဒါကြောင့် ငါတို့သည် သလေးစပါးခင်းကို ဝေခြမ်းပြီး ပိုင်းခြားထားရလျှင် ကောင်းမည်ဟုတိုင်ပင်ပြီး ညည်းတွားကြကာ သလေးစပါးကို ဝေခြမ်းပြီး ပိုင်းခြားထားကြ၏။ ထိုမှစ၍ သမိုင်းဦးပုဂ္ဂလိက လယ်ယာမြေစနစ် ပေါ်လာခြင်းဖြစ်၏။

**ကမ္ဘာဦးခိုးမှုနှင့် ပညာပေးစနစ်**

ထိုသို့ ပုဂ္ဂလိက လယ်ယာမြေများ ပေါ်လာပြီး ကာလအတန်ကြာသောအခါ လျှပ်ပေါ်လော်လီ မတည်ကြည်သော စိတ်ထားရှိသော ဝိသမလောဘ သမားတယောက်သည် မိမိဝေစုလယ်ယာမှ စပါးကိုမသုံးစွဲဘဲ သူတပါးဝေစု အဘို့ကို မပေးဘဲယူ၍ သုံးစား၏။

ထိုသူခိုးကို တခြားလူများတွေ့၍ ဖမ်းဆီးကြပြီးနောက် "အချင်း၊ သင်သည် ယုတ်ညံ့သော အမှုကိုပြုဘိ၏တကား၊ သင်သည် မိမိအဖို့ကို စောင့်ရှောက်ဖို့ ဝှက်ပြီး သူတပါးအဖို့ကို မပေးပဲ ယူ၍သုံးစားဘိ၏၊ အချင်း၊နောက်တခါ၊ဤလိုယုတ်မာသော ခိုးမှုကို မပြုလင့်"ဟု ပညာပေး၍ ဆုံးမလွှတ်လိုက်၏။

**လူဆိုးကိုထိန်းသိမ်းကြခြင်းနှင့် လက်နက်ကိုင်စနစ် ပေါ်လာခြင်း**

ထိုသူသည် ပထမတခါ ခိုးမိသည်ကို နောင်တမရပဲ၊ ဒုတိယ တကြိမ်ထပ်၍ ခိုးပြန်၏၊ ဒုတိယအကြိမ်၌ လည်းပညာပေး၍လွှတ်လိုက်ကြပြန်၏၊ဒုတိယအကြိမ်၌လည်း မမှတ်ပဲ တတိယအကြိမ် ထပ်၍ ခိုးသောအခါ ဖမ်းဆီးချုပ်နှောင်ပြီး ပညာပေးရုံမက တချို့က လက်ဖြင့်ရိုက်ကြကုန်၏၊တချို့က ခဲဖြင့်ထုကြကုန်၏၊ တချို့က တုတ်ဖြင့်ရိုက်ကြကုန်၏။

ထိုသို့ရိုက်နှက်ဆုံးမသောအခါ တချို့သူခိုးများက မခိုးကြောင်း လိမ်လည်ပြောဆိုကြ၍ ရိုက်နှက်ညှဉ်းပန်းကာ အမှုပေါ်အောင် စစ်ဆေးကြကုန်၏။ထိုအခါမှစ၍ ခိုးမှု၊ကဲ့ရဲ့မှု၊လိမ်လည်မှု၊လက်နက်ကိုင်မှုတို့သည် ထင်ရှားလာလေသည်။

**မဟာသမ္မတမင်း တင်မြှောက်ခြင်း**

ထို့နောက် လူတို့သည် စည်းဝေးကြကုန်၏၊ စည်းဝေးပြီးနောက် "အချင်းတို့၊ ခိုးမှု၊ ကဲ့ရဲ့ရှုတ်ချမှု၊ လိမ်လည်မှု လက်နက်ကိုင်မှု စသော အယုတ်တရားတို့သည် ထင်ရှားလာပေပြီ၊ ဒါကြောင့် ရှုတ်ချထိုက်သူကို တရားသဖြင့် ရှုတ်ချနိုင်စွမ်းရှိသော၊ ကဲ့ရဲ့နှင် ထုတ်သင့်သူကို တရားသဖြင့် ကဲ့ရဲ့ နှင်ထုတ်နိုင်စွမ်းရှိသော လူတယောက်ကို ငါတို့ ရွေးကောက်ကြကုန်စို့၊ ၎င်းကိုလည်း ငါတို့လယ်ယာမှ သလေးဆန်အဖို့ အစုကိုထောက်ပံ့ကြကုန်စို့-ဟု စည်းဝေးကာ ညှိနှိုင်းကြကုန်၏။

**ရိက္ခာထောက်ပံ့ခြင်း**

ထို့နောက် ၎င်းတို့အထဲတွင် ရုပ်ရည် လှပရုံမက ရှုချင်စဖွယ်၊ ကြည်ညိုစဖွယ် ဥပဓိရုပ်ရှိ၍ စွမ်းအင်လည်း ရှိသော လူသားအား ချဉ်းကပ်၍....

"အချင်း၊ လာပါလော့၊ ရှုတ်ချထိုက်သူကို တရားသဖြင့် ရှုတ်ချပါ၊ ကဲ့ရဲ့ နှင်ထုတ်ထိုက်သူကို တရားသဖြင့် ကဲ့ရဲ့နှင်ထုတ်ပါ၊ ကျွန်ုပ်တို့

က သင့်အား သလေးဆန်အဖို့တစုကို ပေးပါအံ့" ဟု ပြောဆိုကြကာ မင်းအဖြစ် တင်မြှောက်ကြလေသည်။ ၎င်းမဟာသမ္မတမင်းကား ယခု ပွင့်တော်မူပြီးသော ဂေါတမဗုဒ္ဓဘုရားအလောင်းပင် ဖြစ်၏။

၎င်းကို ထောက်ပံ့သော သလေးစပါး ရိက္ခာမှာ လယ်သမား တယောက်လျှင် ယခုခေတ်သုံးနှင့် တွက်လျှင် နှစ်တင်းသုံးစိတ်၊ ပါဠိလို တအမ္မဏရှိ၏။ မဟာသမ္မတအမည်ခံ ၎င်း၏ အမည်ရင်းကား "မနု" ဟု ခေါ်၏။ နောက်လူတို့မှာ သူ၏စကားကို နားထောင်သောကြောင့် မနုဿဟု တွင်လာ၏။ ၎င်းတင်မြှောက်ခံရသောသူကို ကမ္ဘာဦးလူတို့က မဟာသမ္မတ မဟာသမ္မတဟူ၍ ခေါ်ဆိုကြ၏။

ထို့နောက် လယ်မြေတို့၏ အရှင်ဖြစ်သောကြောင့် ခတ္တိယ၊ခတ္တိယ ဟူ၍ ဒုတိယနာမည်ဖြင့် ခေါ်ဆိုကြ၏။ ထို့နောက် သူ၏ အပြု အမူ အဆုံးအဖြတ်တို့သည် သူတပါးတို့ကို နှစ်သက်စေတတ်သောကြောင့် ရာဇာ-ရာဇာဟူ၍ တတိယနာမည်ဖြင့် ခေါ်ဆိုကြပြန်သည်။

ထို့ကြောင့် ၎င်းပုဂ္ဂိုလ်၏ အမည် အပြည့်အစုံကို ရေးရလျှင် 'မဟာသမ္မတ ခတ္တိယရာဇာ' ဟူ၍ ထင်ရှားလာပေသည်။

၎င်းမှစ၍ အမျိုးဇာတ်များ ထင်ရှားစွာ သတ်မှတ်လာပြန်သော ကြောင့် ကမ္ဘာတွင် ၎င်းခတ္တိယမင်းမျိုး မင်းနွယ်သည်သာ အမျိုးဇာတ် အားဖြင့် အဦးဆုံးဖြစ်ပေါ်၍ လာသည့် မျိုးနွယ်စုအဖြစ်ကား ထင်ရှား လောက်ပေပြီ။

ဤ၌ ကမ္ဘာဦးအစ မဟာသမ္မတမင်းမှစ၍ ရေတွက်ခဲ့သော သက္ကရာဇ်ကို ဗေဒင်ကျမ်းတို့၌ လာသည့်အတိုင်း ပြဦးအံ့—

သက္ကရာဇ်ကို ကမ္ဘာတည်ဦး မဟာသမ္မတမင်း လက်ထက်တော် မှစ၍ ရေတွက်မှတ်သားလာခဲ့ကြရာ....

(က) သက္ကရာဇ် တသန်း တသိန်း လေးသောင်း ကိုးထောင်ခုနစ် ရာ ရှစ်ဆယ့် ခုနစ် (၁၁၄၉၇၈၇)သို့ ရောက်သောအခါ (အာကာရင္ဒ) မင်းသည် သက္ကရာဇ်ဖြိုကိန်းကြုံသဖြင့် (၁၁၄၉၇၈၅) ကို ဖြိုပစ်ကာ အကြွင်း ၂-နှစ် ထားခဲ့၏။

(ခ) တဖန် သက္ကရာဇ်များကို ရေတွက်လာခဲ့ရာ နှစ်ပေါင်း တကုဋေ လေးသန်း ကိုးသိန်း သုံးသောင်း ရှစ်ထောင် ငါးရာ ခြောက်

ဆယ့်နှစ် (၁၄၉၃၀၅၆၂) သို့ရောက်သောအခါ (ကုသ) မင်းကြီးသည် သက္ကရာဇ်ဖြိုကိန်းကြုံသဖြင့် (၁၄၉၃၀၅၆၀)ကိုဖြိုပစ်ကာအကြွင်း ၂-နှစ်ထားခဲ့၏။

(ဂ) ဆက်၍ သက္ကရာဇ်များကိုရေတွက်လာခဲ့ရာ သက္ကရာဇ် ရှစ်ထောင် ခြောက်ရာ လေးဆယ့်ခုနစ် (၈၆၄၇) သို့ ရောက်သောအခါ ဘိုးတော် (အဉ္စန)မင်းကြီးသည် သက္ကရာဇ်ဖြိုကိန်းကြုံသဖြင့် (၈၆၄၅) ကို ဖြိုပစ်ကာ အကြွင်း ၂-နှစ်ကို ထားခဲ့ပြန်၏။

(ဃ) တဖန် သက္ကရာဇ်များကိုဆက်၍ ရေတွက်လာခဲ့ရာ သက္ကရာဇ် (၁၄၈) ဘီစီ(၅၄၄)သို့ ရောက်သောအခါ (အဇာတသတ်) မင်းကြီးသည် သက္ကရာဇ်ဖြိုကိန်းကြုံသဖြင့် အကြွင်းမရှိ (၁၄၈) ခုလုံး ဖြိုပစ်ကာ ပထမသံဂါယနာတင် သာသနာသက္ကရာဇ် ၁-ခုနှင့် ညီစေသည်။

(ဇင်း ၁၄၈-၌ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသည်)

(င) ဆက်လက်၍ သက္ကရာဇ်များကို ရေတွက်လာခဲ့ပြန်ရာ သက္ကရာဇ် လေးရာသုံးဆယ့်သုံး(၄၃၃) သို့ရောက်သောအခါ (သိရီရာဇ်) မင်းကြီးသည် သက္ကရာဇ်ဖြိုကိန်းကြုံသဖြင့် (၄၀၃) နှစ်ကို ဖြိုပစ်ကာ အကြွင်း(၃၀) သုံးဆယ် ထားခဲ့ပြန်သည်၊ သို့သော်ဇင်းသက္ကရာဇ် မဖြိုခဲ့၍ မူရင်းအတိုင်းသာ ရှိသည်ဟု ဆိုသည်။

(စ) ဆက်လက်၍ သက္ကရာဇ်များကို ရေတွက်လာခဲ့ပြန်ရာ သက္ကရာဇ် ခြောက်ရာနှစ်ဆယ့်လေး (၆၂၄)သို့ ရောက်သောအခါ သီရိခေတ္တရာပြည် သုဒ္ဓရီမင်းကြီးသည် ဇဒါဒေါ်ရသခေါ် နှစ်ရှည် သက္ကရာဇ် ဖြိုကိန်း ကြုံသဖြင့် (၆၂၂) ကို ဖြိုပစ်ကာ အကြွင်း ၂-ခု ထားခဲ့ပြန်သည်။

ထူးချားချက်ကို ပြဦးအံ့ - သုဒ္ဓရီမင်းကြီးလက်ထက် သက္ကရာဇ် (၆၂၃)သို့ ရောက်သောအခါ အိန္ဒိယပြည် မြောက်ပိုင်း၌ အုပ်စိုးသော သာလိဂါဟနသကခေါ် ဘုရင် (ကန်နစ်သျှက်) မင်းက ရောက်နေသော အိန္ဒိယသက္ကရာဇ် (၃၁၈၀)မှ (၃၁၇၉)ကို ဖြိုပစ်၍ ၁-ခုကြွင်းထားပြန်ရာ....

မြန်မာပြည်က သုနန္ဒရိမင်း ၆၂၄-မှ ၆၂၂-ကို ဖြိုပစ်ကာ ၂-ခု ကြွင်းထားသော သက္ကရာဇ်နှင့် အကြွင်းချင်းညီကာ သက္ကရာဇ်ချင်း တူညီခဲ့လေသည်။

(ဆ) တဖန် သက္ကရာဇ်များကို ရေတွက်လာခဲ့ရာ သက္ကရာဇ် (၅၆၂) အေ-ဒီ(၆၃၈)သို့ရောက်သောအခါ ပုဂံ-ပုပ္ပါး ထေရ်ရဟန်းကြီးသည် ခဆပဥ္စခေါ် နှစ်တို့ သက္ကရာဇ် ဖြိုကိန်းကြုံသဖြင့် (၅၆၀)ကို ဖြိုပစ်ကာ အကြွင်း ၂-နှစ် ထားခဲ့ပြန်သည်။

(ဇ) တဖန်ဆက်လက်၍ ရေတွက်လာခဲ့ရာ သက္ကရာဇ် (၈၀၀) ပြည့်သို့ ရောက်သောအခါ အင်းဝပြည်မိုးညှင်းမင်းကြီးသည် သက္ကရာဇ်ဖြိုကိန်းကြုံသဖြင့် (၇၉၈) ကို ဖြို၍ အကြွင်း ၂-ခုထားခဲ့သော်လည်း သက္ကရာဇ်မပြိုသဖြင့် မူရင်းအတိုင်းသာ တည်နေတော့ရာ ယခုသုံးစွဲနေသော မြန်မာသက္ကရာဇ် စနစ်သည် ပုဂံပြည်က ပုပ္ပါး စောရဟန်းမင်းကြီးမှစ၍ သတ်မှတ်ထားသော သက္ကရာဇ်ပင် ဖြစ်လေသည်။

ထို့ကြောင့် ၎င်းဗေဒင်ကျမ်းများမှ အဆိုအရ ဆိုလျှင် မဟာ သမ္မတမင်းလက်ထက်မှ ယနေ့တိုင်သည့် နှစ်ပေါင်း တဆယ့်ခြောက်သန်းကျော် (၁၆၀၉၈၇၀၂) ရှိနေပြီဖြစ်သည်။

**ဗြာဟ္မဏလူမျိုးပေါ်လာခြင်း**

ထိုသို့ ခတ္တိယအမျိုးအနွယ်ပေါ်လာပြီးနောက် အကုသိုလ်တရားကျူးလွန်သည့်သူများ များပြား၍လာပေရာ လူတစုသည် ဤသို့ အကြံဖြစ်၏။

(ငါတို့သည် မကောင်းမှု အကုသိုလ်တို့ကို မျှောပစ်လိုက်ရလျှင်ကောင်းလေစွ) ဟု အကြံဖြစ်ပြီး သစ်ရွက်မိုး ကျောင်းသင်္ခမ်း၌ နေကာ စျာန်တရားကို ဝင်စားကြ၍ မကောင်းမှုများကို မျှောပစ် ကြကုန်၏။ ထို့ကြောင့် ဗြာဟ္မဏဟူ၍ အမည်တွင်လာလေသည်။

၎င်းတို့လူစုမှ တချို့သည် စျာန်မရကြသည့်အခါ ရွာနိဂုံးများသို့ ဝင်ရောက်ပြီး ဗေဒင်မန္တန်ယတြာ စသည်တို့ကို ပြုစုပို့ချ၍ နေကြလေသည်။

ကမ္ဘာဦးအခါက ၎င်းဗေဒင်မန္တန် စသည်တို့ကို ပြုလုပ်ခြင်းကို ယုတ်ညံ့သည့်အလုပ်ဟူ၍ သမုတ်ခဲ့ကြ၏။

**ကုန်သွယ်လယ်လုပ်သူများပေါ်ပေါက်လာခြင်း**

ခတ္တိယနှင့် ဗြာဟ္မဏတို့မှာ—

လူအများကို စောင့်ရှောက် အုပ်စိုးရခြင်း၊ ဗျာပါရများခြင်း၊ ဝေဒကျမ်းဂန်တို့ကို ရွတ်တဲ့အကြံရခြင်းတို့ကြောင့် ကာမဂုဏ်တို့ကို ပြင်းပြင်းပြပြ မခံစားရဟု ဆို၏။ ထိုအချိန်တွင် အချို့သတ္တဝါတို့သည် အိမ်ထောင်ပြုကြ၍ တသီးတခြား ကုန်သွယ်၊ လယ်လုပ်၊ နွားမွေး စသည့် အလုပ်တို့ကို သင့်တော်အောင် လုပ်လျက် ကာမဂုဏ်ကိုလည်း ခံစားမှု၌ လွတ်လပ်စွာ ရှိလာသောအခါ 'ဝေဿ' ကုန်သည်မျိုးဟူ၍ ထင်ရှား လာပြန်သည်။

ထို့နောက်မှတဖန်....

သားသတ်ခြင်း စသည့် သေးနုပ်ကြမ်းတမ်းသော အလုပ်ကို လုပ်ရသည့် 'သုဒ္ဒ'ဟု ခေါ်သည့် သူဆင်းရဲ လူတန်းစားမျိုး ထင်ရှား လာပြန်သည်။

ဤသို့ဖြင့် ကမ္ဘာတည်ဦးစအခါက အမျိုးလေးပါးတွင် ပထမ ဦးဆုံး ခတ္တိယမင်းမျိုးက အရင်ဖြစ်၍ ထိုနောက်မှ ဗြာဟ္မဏပုဏ္ဏားမျိုးက ဖြစ်လာရပေရာ ပုဏ္ဏားများက မိမိကိုယ်ကိုမိမိ ဗြဟ္မာမင်း၏ ခံတွင်းမှ မွေးဖွားကြ၍ မြင့်မြတ်သည်ဟု ပြောဆိုနေကြသည့် စကားများ မဟုတ် မမှန်ကြောင်းကို ဗုဒ္ဓဘုရားရှင်သည် 'ဝါသေဋ္ဌ'အား အဂ္ဂညသုတ်တော် ကို ဟောကြား၍ ဖြေရှင်းပြတော်မူလိုက်လေသည်။

ဤကား ကမ္ဘာတည်ဦးစအခါသမယမှ အခြေအနေတို့ကို လူ့ဘောင်သမိုင်းနှင့်ယှဉ်လျက်'ပထမကဏ္ဍ'ဟူ၍သီးခြားခွဲ၍ပြလိုက်ပါသည်။

ဆက်လက်၍ အလယ်ခေတ်နှင့် နှောင်းခေတ်တို့၌ ဖြစ်ပေါ်ပြီး ဖြစ်ပေါ်လတံ့သော လူ့ဘောင်သမိုင်းကို ဆက်လက်၍ လေ့လာကြည့် ရှုကြပါကုန်။

# ဒုတိယပိုင်း

## ကပ်လေးမျိုးနှင့် ထူးခြားခဲ့သောသမိုင်းများ

ပထမပိုင်းတွင် ဤကမ္ဘာမြေကြီး၊ နေ-လနက္ခတ်တို့ ပေါ်ပေါက်လာပုံကို ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသော ပါဠိတော် အဋ္ဌကထာဆရာ ဖွင့်ဆိုချက်နှင့် သိပ္ပံပညာရှင်တို့ တင်ပြချက်များကိုညှိ၍ သုံးသပ်ပြခဲ့ပြီးဖြစ်ရာ လူသားတို့မှာ ဗုဒ္ဓဘုရားရှင်အလိုအရ အောက်တန်းစားက လာသည်မဟုတ်၊ အထက်တန်းစားက လာသည်ကိုလည်း သိနိုင်ကြပါမည်။

(၎င်းတို့ အောက်တန်းစားကလာသော အယူအဆနှင့် အနီးဆုံးကား နောက်၌ ပြလတ္တံ့သော ဆယ်နှစ်သက်တမ်းကာလကလူများသည် အသက်တမ်းကလည်းတို၊ ရုပ်ဆင်းသဏ္ဌာန်တို့ကလည်း အင်မတန် ကြမ်းတမ်း ဖောက်ပြန်နေသော ဂူဒ်အောင်း ခြုံတိုးဘဝမျိုးသို့ ရောက်နေသော အချိန်ကာလမျှသာ အနီးစပ်ဆုံးဟု ထင်နိုင်စရာ ရှိ၏။)

ထိုသို့ ကမ္ဘာဦးပိုင်းကာလ၏ အခြေအနေများကို လေ့လာပြီးတဲ့အခါ ထို့ထက်အနည်းငယ် နှောင်းကာလ ဖြစ်သော လူ့ဘောင်သမိုင်း၏ အံ့ဩဘွယ်ဖြစ်ရပ်များကို လေ့လာနိုင်ရန် ဗုဒ္ဓဘုရားရှင်၏ ဒေသနာနည်းကျဆက်၍တင်ပြပါမည်။ လေ့လာတဲ့အခါ၌ပို၍ မျက်ဝါးထင်ထင် သိမြင်နိုင်ရန် ကမ္ဘာတခု၏ သက်တမ်းအပိုင်း အခြားကိုဦးစွာ ပြပါဦးအံ့။

ကမ္ဘာဟုခေါ်သော ဤမြေပြင်ကြီးသည် ကျမ်းဂန်များမှာ လာတဲ့အတိုင်း သတ်မှတ်ပြရရင် ကပ်ကမ္ဘာတခု၏ (၄)ပုံ (၂) ပုံမျှသာ ရှိလေသည်။

(**မှတ်ချက်**။ ။ကပ္ပ သဒ္ဒါသည် မြေကြီးထုထည် အလုံးအစိုင်ကို ခေါ်သည်မဟုတ်၊ သက်တမ်းအပိုင်းအခြားကို သာ ခေါ်သည်။ သို့သော် ယခုအများက မြေထုအစိုင်အခဲကို ကပ္ပ-ကမ္ဘာဟု ခေါ်နေခြင်းဖြစ်သည်၊ ပထဝီ-ဘူမိ-စသည်တို့သာ မြေထုကို ဟောသော ပုဒ်များဖြစ်သည်။)

လေးပုံ နှစ်ပုံ အချိန်ကာလကိုသိစေရန် အနည်းငယ်ပြပါဦးအံ့၊

၁။ ယခုကမ္ဘာမဖြစ်ခင် ပထမကမ္ဘာတခု ပျက်ဖို့ရာ ကမ္ဘာဖျက်မိုးရွာသည်မှမီးလျှံများငြိမ်းသည်တိုင်အောင် ပျက်နေဆဲကာလကို သံဝဋ္ဋအသင်္ချေယျကပ်လို့ ခေါ်ပါသည်။

(သံဝဋ္ဋ-ပျက်ဆဲသော၊ အသင်္ချေယျ-မရေမတွက်နိုင်သော နှစ်များ) အသင်္ချေယျကို မရေမတွက်နိုင်သော နှစ်များဟု သုံးစွဲရသည်ကား အဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာ၌ ဋီကာဆရာက ဥပမာတခုပြထား၏၊

အလျားအနံတယူဇနာရှိတဲ့ ဂိုဒေါင်ကြီးအတွင်းမှာ မုန်ညင်းစေ့များကို အပြည့်ထည့်ထားပြီး ထိုအပုံထဲမှ အနှစ်တရာကြာမှ တစေ့ယူသော်လည်း ၎င်းမုန်ညင်းစေ့များသာ ကုန်သွားမည်၊ အသင်္ချေယျ ကပ်တခုဟာ မကုန်သေးဟု ဆိုပါ၏၊

တချို့သော သဒ္ဒါစသော ကျမ်းများ၌ကား အသင်္ချေယျတခုသည် ဂဏန်းတလုံးနောက်မှာ သုညပေါင်း တရာ့လေးဆယ် (၁၄၀) ရှိ၏လို့ ဆိုပါတယ်။ ဒါကြောင့် သိပ္ပံပညာရှင်များ တွက်ချက်သော အလင်း နှစ်ကိန်းသာမက ပါစက်ကိန်းနှင့် တွက်လျှင်သော်မှ အသင်္ချေယျတကပ်ဟာ ပါစယ်ပေါင်းများစွာ ရှိပေလိမ့်မည်။

၂။ တဖန်-မီးလျှံများငြိမ်းပြီးသည်မှ ကမ္ဘာပြုမိုးမရွာသေးခင် အပျက်အတိုင်း ဟာလာဟင်းလင်း တည်နေသော ကာလကို သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်ဟု ခေါ်သည်။

၃။ ကမ္ဘာပြုမိုးရွာသည်မှနေလ နက္ခတ်စုံသည့်တိုင်အောင်သော ကာလကို ဝိဝဋ္ဋအသင်္ချေယျကပ်ဟု ခေါ်သည်။

၄။ နေလနက္ခတ်စုံလင်စွာ ဖြစ်ပေါ်သည့်အချိန်မှ ကမ္ဘာပျက်မိုးတဖန် ရွာသွန်းသော ကာလတိုင်အောင် (ယခုမိမိတို့ကြုံတွေ့နေရသော အချိန်)ကို ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်ဟု ခေါ်သည်။

ရှေ့ကပြခဲ့ပြီးသော အသင်္ချေယျကပ်လေးကပ်ကိုသာ မဟာကပ်ခေါ် တကမ္ဘာဟု ခေါ်ပါသည်။

ထို့ကြောင့် ယခုတွေ့ရသော မြေထုသည် မဟာကပ်ခေါ် ကမ္ဘာ၏ လေးပုံနှစ်ပုံအချိန်သာ ရှိသည်ကား ပေါ်လွင်လောက်ပေပြီ။

တဖန် အသင်္ချေယျ ကာလအတွင်းကိုပင် တချို့က အချိန် တမျိုးနှင့် သတ်မှတ်ပြသေး၏။

အကြင်အခါမှာ လူသားတို့၏ အသက်သည် အသင်္ချေယျတမ်းမှ ဆယ်နှစ်တမ်းသို့ တခါဆုပ်၏၊ ဆယ်နှစ်တန်းမှ တဖန်အသင်္ချေယျတမ်းသို့ တခါတက်၏။ ဤကဲ့သို့သော ဆုပ်ကပ် တက်ကပ် တစုံကို အန္တရကပ် သတ်မှတ်၏။ ယင်း အန္တရကပ်ပေါင်း ၆၄ -ကပ်ကိုမှ အသင်္ချေယျတကပ်လို့ ခေါ်လေသည်။ ထို ဆုပ်ကပ် တက်ကပ် အစုံရှိသော ယခုကြုံတွေ့နေရတဲ့ အသင်္ချေယျ ကာလအတွင်းမှာ ဤကမ္ဘာမှာ ထူးခြားသောကြောင့် ဘုရား ၅-ဆူပွင့်မည်ဟု ဆိုလေ၏။ ထိုငါးဆူတွင်လည်း ဂေါတမဘုရားရှင်မှာ အနှစ်တရာတမ်းကာလမကြာသေးသော အခါကမှ ပွင့်တော်မူပြီးသောကြောင့်ရင်း၊ မေတ္တေယျဘုရားရှင်မှာလည်း နောင်ထက် အနှစ်ရှစ်သောင်းတမ်းရောက်မှ ပွင့်တော်မူလတံ့ဖြစ်သောကြောင့်ရင်း၊ အတိတ်က လူ့ဘောင်သမိုင်းကို ပြသောအခါဝယ် ရှေ့ဘုရားသုံးဆူတို့၏ ထူးခြားစွာ ပွင့်တော်မူခဲ့ပုံကိုသာ ပြပါအံ့။

ကကုသန်၊ ကောဏာဂုမ်၊ ကဿပ၊ ဂေါတမ၊ မေတ္တေယျဟု ဤကမ္ဘာမှာ ပွင့်သော ဘုရားငါးဆူအနက် ကကုသန်၊ ကောဏာဂုမ်၊ ကဿပ မြတ်စွာဘုရား သုံးဆူတို့သည် ဆုပ်ကပ်တက်ကပ် ခေါ်သော အန္တရကပ်ပေါင်းများစွာ ခြား၍ ပွင့်တော်မူခဲ့လေသည်။ သို့သော်လည်း မှတ်သားမှု လွယ်ကူရန် အနည်းငယ် ခွဲခြား၍ ပြပါအံ့။

ကကုသန် မြတ်စွာဘုရားသခင် အလောင်းတော်ကို ခေမဝတီ အမည်ရှိသော မင်းနေပြည်ကို အုပ်စိုးသော ခေမမင်းကြီး၏ လက်ထက်၌ ပုဏ္ဏားအမျိုးအနွယ်ဖြစ်သောခမည်းတော်အဂ္ဂိဒတ္တမယ်တော်ဝိသာခါတို့မှ ဖွားဖွားတော်မူခဲ့ပါတယ်၊သစ္စာလေးပါးသိ၍ဘုရားအဖြစ်သို့ရောက်တော်မူ၍ မို၍ ပွင့်ရသောသစ်ပင်ကား ကုက္ကိုပင်ဖြစ်ပြီး လက်ဝဲလက်ျာရံများမှာ ဘော့ ဝိဓူရထေရ်နှင့် သဥ္ဇီဝထေရ်တို့ ဖြစ်ပါတယ်၊ ၎င်း ကကုသန် မြတ်စွာဘုရားလက်ထက်တော်မှာ ရဟန္တာချည်း လေးသောင်း အရေအတွက်ဖြင့် သာဝက သံဃာ့အစည်းအဝေးကြီး တကြိမ် ကျင်းပခဲ့သည်ဟု ဆို၏။

ကကုသန်ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်သည် သတ္တဝါတို့အား တရားရေအေး တိုက်ကျွေးတော်မူကာ အနှစ်လေးသောင်း သက်တော်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူလေသည်။

ထိုနောက် နှစ်ပေါင်းများစွာ ကြာလာသော တချိန်သောအခါမှာ ပွင့်တော်မူသော ကောဏာဂုံ မြတ်စွာဘုရား အလောင်းတော်ကို သောဘဝတီ အမည်ရှိသော မင်းနေပြည်ကို အုပ်စိုးသည့် သောဘမင်းကြီးလက်ထက်ဝယ် ပုဏ္ဏားအမျိုးအနွယ်ဖြစ်သော ခမည်းတော်ယညဒတ္တ မယ်တော် ဥတ္တရာတို့မှ ဖွားမြင်တော်မူခဲ့၏။ သစ္စာလေးပါးသိ၍ ဘုရားအဖြစ်သို့ ရောက်တော်မူရာ မှီ၍ပွင့်ရသော သစ်ပင်ကား ရေသဖန်းပင်ဖြစ်ပြီး လက်ဝဲ လကျ်ာရံများမှာ ဘိယျောသထေရ်နှင့် ဥတ္တရထေရ်တို့ဖြစ်လေသည်။ ကောဏာဂုံ မြတ်စွာဘုရားလက်ထက်တော်၌ ရဟန္တာချည်း သုံးသောင်းအရေအတွက်ဖြင့် သာဝက သံဃာ့အစည်းအဝေးကြီး တကြိမ်ကျင်းပခဲ့လေသည်။

ကောဏာဂုံ ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်သည် သတ္တဝါတို့အား တရားရေအေး တိုက်ကျွေးတော်မူကာ အနှစ်သုံးသောင်း သက်တော်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပြီ။

နှစ်ပေါင်းများစွာ ကြာတော်မူသော အခါ၌ ကဿပ အမည်ရှိသော ဘုရားအလောင်းတော်ကို ကိကီအမည်ရှိသော တိုင်းပြည်ကို အုပ်စိုးတဲ့ ကိကီမင်းကြီးလက်ထက်မှာ ဗာရာဏသီမြို့ကြီးသည် အင်မတန်ကြီးကျယ် ခမ်းနားခဲ့၏။ ၎င်းဗာရာဏသီမြို့ကြီး၌ ပုဏ္ဏားအမျိုးနွယ်ဖြစ်သော ခမည်းတော်ဗြဟ္မဒတ္တ၊ မယ်တော် ဓနဝတီတို့မှ ဖွားမြင်တော်မူခဲ့၏။ ဘုရားအဖြစ်သို့ ရောက်၍ သဗ္ဗညုတဉာဏ်တော်ကို ရရာ မှီ၍ ပွင့်ရသော သစ်ပင်ကား ပညောင်ပင်ဖြစ်ပြီး လက်ဝဲ လကျ်ာရံများမှာ တိဿထေရ်နှင့် ဘာရဒွါဇထေရ်တို့ဖြစ်လေသည်။

၎င်းကဿပ မြတ်စွာဘုရား လက်ထက်တော်၌ ရဟန္တာချည်း နှစ်သောင်းအရေအတွက်ဖြင့် သာဝကသံဃာ့ အစည်းအဝေးကြီး တကြိမ်ကျင်းပခဲ့၏။ ကဿပဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်သည် သတ္တဝါတို့အား တရားရေအေး တိုက်ကျွေးတော်မူကာ အနှစ်နှစ်သောင်းသက်တော်နှင့် ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပါတယ်။

ထိုဘုရားရှင်တို့သည် အစ အလယ် အဆုံးသုံးပါးလုံး၌ကောင်းကျိုးတရားများနှင့်ဆိုင်သော ဒေသနာများကို ဟောကြားတော်မူခဲ့၏၊ အကျိုးတရားတို့သည် အကြောင်းတရားများနှင့် ဆက်နွယ်မှုရှိနေကြောင်းကိုငင်း၊ အားလုံးသော သက်ရှိသက်မဲ့ ရုပ်ဝတ္ထု နာမ်ဓမ္မ အရာမှန်သမျှတို့သည် အမြဲမရှိ အစိုးမရ အနိစ္စ အနတ္တဟူ၍ ရှိကြောင်းကိုငင်း၊ ဟောကြားတော်မူခဲ့၏။

ဆင်းရဲခြင်းအမှန် ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းအမှန် သမုဒယသစ္စာ၊ ဆင်းရဲမှ ထွက်မြောက်ခြင်းအမှန် နိရောဓသစ္စာ၊ ဆင်းရဲမှ ထွက်မြောက်ခြင်း၏အကြောင်းအမှန် မဂ္ဂသစ္စာဟူသောသစ္စာလေးပါးတရားကိုလည်း ဟောကြားတော်မူခဲ့၏ ထိုဘုရားရှင်တို့ ဟောတော်မူသည့်အတိုင်း အနှစ်သာရတရားကို ချုပ်၍ပြရလျှင်

× သည်းခံခြင်းတရားသည် မြတ်သောအကျင့်ပေတည်း၊ ဆင်းရဲကုန်ရာ အေးငြိမ်းရာမှန် သန္တိသုခနိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်၏။ ရဟန်းမည်သည် သူတပါးကို မညှဉ်းဆဲ၊ သူတပါးကို ညှဉ်းဆဲသူသည် ရဟန်းမဟုတ်။

၁။ အလုံးစုံသော မကောင်းမှုကို မပြုခြင်း၊

၂။ ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်း၊

၃။ မိမိစိတ်ကို ဖြူစင်စွာ ထားခြင်း၊

ဟူသော တရားအချုပ်များသည် ဘုရားရှင်တို့၏ အနှစ်သာရများ ဖြစ်လေသည်။

ရှေးက ပြခဲ့ပြီးသည်တို့ကို သုံးသပ်ကြည့်လျှင် ကမ္ဘာဦးကာလ နှောင်းပိုင်း၌လည်း လူ့ဘောင်သမိုင်းမှာ ထူးခြားသောလူတို့၏ သမိုင်းမှတ်တိုင်မြင့်ကြီးများ ဖြစ်ပေါ်ခဲ့သေးသည်ကိုလည်း တွေ့မြင်ရမည် ဖြစ်သည်။

# တတိယပိုင်း

(စကားချပ်) ရှေ့ကပြခဲ့ပြီးဖြစ်တဲ့ အပိုင်းများကို လေ့လာပြီးက ကမ္ဘာဦးကာလက လူ့ဘောင်သမိုင်းများနှင့် အနည်းငယ်နောက်ကျသော လူ့ဘောင်သမိုင်း၏ အလယ်ခေတ်လို့ ခေါ်လောက်တဲ့ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသော စက္ကဝတ္တိသုတ်တော်ကို ဆက်၍ ပြပါအံ့။

ဗုဒ္ဓဘုရားရှင် ဤစက္ကပတ္တိသုတ်ကို ဟောရာမယ်။ (ဘူတပုဗ္ဗံ-ရှေးက ဖြစ်ဘူး၏)ဟူ၍ အစချီကာ ဟောတော်မူသောကြောင့် ထိုမှဆက်စပ်ကာ ယခုကာလတိုင်အောင် ဖြစ်ပျက်နေသောကြောင့် လူ့ဘောင်သမိုင်းနှင့် စံထားလိုက်လျှင် အလယ်ခေတ်သာသာ အလယ်ခေတ်နှောင်းပိုင်းလောက်ဟူ၍ ယူဆမိပါသည်။

ဤသုတ်ကို မဟောမီ ဗုဒ္ဓဘုရားရှင်သည် သတိပေးမှုကို ဤသို့ ပြတော်မူခဲ့၏။ (လောကီရေးရာ၌ဖြစ်စေ၊ လောကုတ္တရာ ရေးရာ၌ဖြစ်စေ) မိမိကိုယ်ကိုသာ မိမိအားကိုးပါ၊ ပတ်ဝန်းကျင်က အထောက်အပံ့ပေးနိုင်သည် မှန်သော်လည်း ကောင်းကျိုး တရား ဆိုးကျိုးတရားများဖြစ်ပေါ်လာပါက မိမိသည်သာ အဓိကအားကိုးစရာဖြစ်၍ မကောင်းသော အနှောင့်အယှက် အဖျက်အဆီးများ မဖြစ်ပေါ်နိုင်ဟူ၍ သတိပေးတော်မူကာ စက္ကဝတ္တိသုတ်ကို အောက်ပါအတိုင်း ဟောကြားတော်မူခဲ့လေသည်။

ရှေးက ဒဋ္ဌနေမိဟူသော စကြာမင်းဟာပါးသည့် တရားနှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်၍ သမုဒ္ဒရာလေးစင်းဖြင့် ပိုင်းခြားထားသောကျွန်းလေးကျွန်းကို အာဏာစက်ပြန့်နှံ့ကာ ဆန့်ကျင်ဘက် ရန်သူပုန်မရှိ၊ ပိုင်ပိုင်နိုင်နိုင် အုပ်စိုးနိုင်၏။

အုပ်ချုပ်ရာတွင် လက်နက်တုတ်၊ ဓားများ ဆောင်ရသည်မဟုတ်ပဲ တရား သဖြင့် နေထိုင်အုပ်စိုးသည့်တကြောင်း၊ နောက်ဘဝပေါင်းများစွာကပါရမီကုသိုလ်ကံအဟုန်က စွမ်းဆောင်ပေးသည်ကတကြောင်းတို့ကြောင့် တန်ခိုးအာဏာဖြင့် အုပ်ချုပ်နိုင်ခြင်းဖြစ်၏။

စကြာမင်းဖြစ်ရန်ဟူသည်မှာ လောကီလူသားတို့ ကုသိုလ်ပေါင်းစုံပြုလုပ်ခဲ့၍ ၎င်းကုသိုလ်ကံတို့က အမြင့်ဆုံးအကျိုးပေး၍ ရရှိခြင်း ဖြစ်လေသည်။

တနည်းအားဖြင့် လူ့လောကနယ်ပယ်တွင် အမြင့်မြတ်ဆုံးသောအရာကား စကြာရတနာကို ပိုင်ဆိုင်ခြင်း ဖြစ်လေသည်။

၎င်းစကြာမင်းသည်....

၁။ စကြာရတနာ

၂။ ဆင်ရတနာ

၃။ မြင်းရတနာ

၄။ ပတ္တမြားရတနာ

၅။ မိန်းမရတနာ

၆။ သူဌေးရတနာ

၇။ သားကြီးရတနာ ဟူသော ရတနာ (၇) ပါးကိုသာ ပိုင်ဆိုင်သည် မဟုတ်သေး၊ ရဲရင့်ပြီး သူရဲကောင်း ဇွဲလုံ့လမျိုးရှိကာ တဖက်ရန်သူတို့ကို နှိမ်နင်းတိုက်ခိုက်နိုင်စွမ်းရှိသော သားတော်တို့မှာလည်း တထောင်မက ပိုင်ဆိုင်သည်ဟု ဆို၏၊

ဆက်ဦးအံ့-၎င်း ရတနာ ၇-ပါးသည်လည်း မိမိတို့၏ အသီးသီးသော စွမ်းရည်သတ္တိထူးများ ရှိနေကြ၏၊ ထိုတွင်-

နောက်နောက် ဘဝပေါင်း များစွာက ကုသိုလ်ကံ များကိုဆည်းပူးအားထုတ်ခဲ့၍ စကြဝတေးမင်းဖြစ်မည့် ဘဝ၌ ပါရမီများကလည်း စုံလင်သောအခါ တခုသောလ၏ ၁၅-ရက် ဥပုသ်နေ့တွင် ဥပုသ်ဆောက်တည်ကာ စကြာမင်း ကျင့်ဝတ်များနှင့် အညီ နေသည့်အတွက်-

မြင်းရထားလှည်း၊ဘီးသဏ္ဌာန်ရှိ၍ အကန့် တထောင် အကွပ်ပုံတောင်း အစုံအလင်ရှိသော စကြာရတနာသည် ထင်ရှားဖြစ်ပေါ်လာသည်ဟု ဆိုသည်။

ဋင်းစကြာရတနာသည် နတ်၏အာနုဘော်ကဲ့သို့ပင် အစွမ်းသတ္တိ ထူး အာနုဘော်နှင့်လည်း ပြည့်စုံသည်ဟု ဆိုသည်။

ဋင်းစကြာရတနာ၏ ပုံ တောင်း သည် ပတ္တမြားအတိ ဖြစ်၍ အလယ်ပေါက် ဝန်းကျင်ဝယ် ငွေဖြင့် သင့်ရာ သင့်ရာ အရပ်များတွင် မရောမယှက်အောင် စီမံဖန်တီးထားလေသည်။

(အကျယ်ကို သုတ်မဟာဝါ အဋ္ဌကထာ မဟာသုဒဿနမင်း အကြောင်း၌ ရှုပါ)

ထိုစကြာရတနာ ဖြစ်ပေါ်လာသောအခါ စကြာဝတေးမင်း လောင်း အဘိသိက်ခံပြီးသော မင်းဖြစ်ပါက အပေါ်ရုံစုလျားကို ပခုံး တဘက်၌ တင်၍ လက်ဝဲလက်၌ ရွှေကရားကိုကိုင်ကာ (အရှင် စကြာ ရတနာ လည်စေသတည်း)ဟုဆို၍ စကြာရတနာကို လကျ်ာလက်ဖြင့် ရေ သွန်းဖြန်းပေးရသည်ဟု ဆိုသည်။

ထို့နောက် စကြာရတနာသည်အရှေ့အရပ်ဘက်သို့ လည်၍ သွား သော် စကြာမင်းမှာလည်း စစ်အင်္ဂါ လေးပါးနှင့် အတူ လိုက်ပါ၍ သွားရ၏၊ ထိုတုတ်တန့်သောနေရာ၌ပင် စခန်းချနေရလေသည်။ ထိုအခါ အရှေ့ဘက်အရပ်၌ ရှိသော ထီးပြိုင်မင်းထံ ချဉ်းကပ်လာရ၍-

(မင်းကြီးကြွတော်မူပါ၊ အရှင်၏ လာခြင်းသည် ကောင်းသော လာခြင်း ဖြစ်ပါသည်။ ဤနိုင်ငံသည် အရှင်၏နိုင်ငံပါ၊ တရားနှင့်အညီ ဆုံးမတော်မူပါ) ဟူ၍ ခရီးဦးကြို၊ နိုင်ငံအပ်ကာ တောင်းပန်လျှောက် ထားကြသည်။

ထိုအခါမှာ စကြာဝတေးမင်းက-

(အသက်ကို မသတ်အပ်၊ မပေးသည်ကို မယူအပ်၊ ကာမဂုဏ်တို့၌ ဖောက်ပြန်သော အကျင့်ကို မကျင့်အပ်၊ မဟုတ်မမှန်သော စကားကို မပြောအပ်၊ သေရည်သေရက်ကို မသောက်အပ်၊ ကောက်ခံမြဲ အခွန် အတုတ်ကိုလည်းကောက်ခံသုံးစွဲကြကုန်လော့)ဟူ၍ဆုံးမသည်ဟုဆိုသည်။

ထို့အတူ တောင်၊ အနောက်၊ မြောက် အရပ်မျက်နှာတို့၌လည်း ဤအတိုင်းပင် ဖြစ်ကြရ၍ အားလုံး စကြာမင်း၏ ဩဇာခံ မင်းများ ဖြစ်လာကြရသည်။

ထိုနောက် ဇင်းစကြာရတနာသည် မင်းနေပြည်ရှိ နန်းတော် တံခါးလွှတ်တော်ရုံး၏ မုတ်ဦး၌ ဝင်ရိုး တပ်ထားဘိသကဲ့သို့ တည်နေသည်ဟု ဆိုသည်။

(ဤ၌ မယုံကြည်မှု လွန်ကဲခြင်းစသော စိတ်ဆက် မဖြစ်ပေါ်ခင် ဘာကြောင့် ဖြစ်ပေါ်လာရသည်ကို ဆိုင်ရာဆိုင်ရာ ပါဠိ၊ အဋ္ဌကထာ ဋီကာတို့၌ စေ့ငုသေချာ လေ့လာပြီးမှသာ သုံးသပ်ဆုံးဖြတ်ကြပါလေ။

ဤ၌ ဇင်းတို့ကို အဓိက ပြလိုရင်းမဟုတ်၊ သိသာရုံ သဘောမျှ လောက်သာ ပြခြင်းဖြစ်၍ အကျယ်မဖွင့်ပြခြင်း ဖြစ်ပါသည်။)

သို့သော် အာဏာနှင့် စွမ်းအင်ကြီးမားသူတို့ထံ ဩဇာခံအဖြစ် ရောက်ရသည်ကို အနည်းငယ်ပြဦးအံ့။

နာမည်ကြီး ပြင်သစ်ပြည်က နပိုလီယံကဲ့သို့ပင် ပဌမကမ္ဘာစစ် အတွင်းက အရှုံးကြီး ရှုံးခဲ့သော ဂျာမဏီသည် နာဇီဝါဒကိုခေါင်းဆောင် ဟစ်တလာက ထောင်၍ စစ်အင်အားကြီးအောင် လုပ်ခဲ့၏။ ထို့နောက် ဒုတိယကမ္ဘာစစ်အတွင်းဝယ်-လူ၊ လက်နက်အင်အားများ တောင့်တင်း လာသောအခါ

ဩစတီးယား၊ ချက်ကိုစလိုဗားကီးယား၊ ပိုလန်၊ နော်ဝေး၊ ဒိန်းမတ်၊ ပြင်သစ် စသည့် ရုရှားမှတပါး ဥရောပနိုင်ငံများအား အင်အားဖြင့် အနိုင်ယူကာ ဩဇာခံအဖြစ်သို့ သွတ်သွင်းခဲ့ဖူးသည် မဟုတ်လော။

(သို့သော် စကြာဝတေးနှင့် ဟစ်တလာမှာ အကွာကြီး ကွာလှ၏။ သဘောမျှကို ပြလိုက်ခြင်း ဖြစ်ပါသည်)

၂။ ဆင်ရတနာ—

စကြာမင်း၏ ဆင်ရတနာသည် တကိုယ်လုံး ဆွတ်ဆွတ်ဖြူ၍ ဘော်ငွေရောင်အဆင်း တောက်ကာ ကောင်းကင်၌ ပျံသွားနိုင်သော စွမ်းအင် ရှိသည်ဟုဆိုသည်။

ဧင်းဆင်ရတနာသည် ကာလကြာမြင့်စွာ သင်ကြားဆုံးမထားသော ဆင်တို့ကဲ့သို့ပင် ယဥ်ကျေးလိမ္မာရုံမက–ဤကမ္ဘာ မြေအပြင်ကို တမနက်တည်းနှင့်ပင် လှည့်လည်နိုင်သော စွမ်းအင်ရှိသည်ဟု ဆိုသည်။

၃။ မြင်းရတနာ–

စကြာမင်း၏ မြင်းရတနာမှာ တကိုယ်လုံး ဆွတ်ဆွတ် ဖြူသော်လည်း ဦးခေါင်းပိုင်း၌ အညိုရောင်သန်းကာ ထိပ်ဆံဇောင်းမွေးများ၊ နှာဖြူဆံမြက်ကဲ့သို့ တင့်တယ်လှပသည်ဟု ဆို၏။

မြင်းရတနာသည်လည်း ကာလကြာမြင့်စွာ သင်ကြားဆုံးမထားသကဲ့သို့ ယဥ်ကျေးလိမ္မာရုံမက....

ဤကမ္ဘာမြေအပြင်အားလုံးကို တမနက်တည်းနှင့်ပင် လှည့်လည်နိုင်သော စွမ်းအင်ရှိသည်ဟု ဆိုသည်။

၄။ ပတ္တမြားရတနာ....

မြန်မာဘုရင်အဆက်ဆက်တို့၌ ပြည်တန်သော ငမောက်ပတ္တမြားသည် နန်းသုံးတော်ဝင် နန်းစဥ်ပတ္တမြား ဖြစ်သကဲ့သို့–

ဒဋ္ဌနေမိစကြာမင်း၌လည်း ပတ္တမြား ကျောက်မျက်ရွဲ ရတနာရှိလေသည်။ ဧင်းပတ္တမြားသည် အလွန်တောက်ပခြင်း၊ အမျိုးမှန်ခြင်း၊ ရှစ်မျှောင့်ရှိခြင်း၊ ကောင်းစွာပြုပြင်ပြီး ဖြစ်ခြင်း၊ အရည်ကောင်းခြင်း၊ အထူးကြည်လင်ခြင်း၊ နောက်ကျုမှု ကင်းခြင်း၊ သွေးခြင်း ဖောက်ခြင်း စသော အရည်အချင်းအားလုံးနှင့် ပြည့်စုံခြင်း ရှိသည်ဟု ဆို၏။

စွမ်းအင်ကိုကြည့်ဦး....

စကြဝတေးမင်းသည် အင်္ဂါလေးပါး ရှိသော စစ်တပ်ကို ခင်းကျင်းလျက်–

ပတ္တမြား ကျောက်မျက်ရွဲရတနာကို တံခွန်အဖျား၌ တင်ကာ ညဥ့်သန်းကောင်ယံ မှောင်မိုက်အတွင်း ခရီးထွက်ခဲ့ရာ ဧင်းတို့သွားသည့် ပတ်ဝန်းကျင်ရှိ ရွာသူရွာသားတို့မှာ ပတ္တမြားအရောင်ကြောင့် မိုးလင်းပြီဟု ထင်မှတ်ကာ "အလုပ်ကိစ္စများကို လုပ်ကိုင်ခဲ့ကြဖူးသည်"ဟု ဆိုသည်။

၅။ မိဖုရားရတနာ–

စကြာမင်းတို့၏ မိဖုရားတို့မှာလည်း 'ရှင်ဘုရင်ပု ဆိုး၊ ပိုးချည်းပဲ' ဟူသကဲ့သို့ သဲခဲစင်ရုံမက ခြောက်ပြစ်ကင်းကြသူများလည်းဖြစ်၏။

အဆင်းသဏ္ဌာန်လှရုံမက ရှုချင်စဖွယ်လည်းရှိ၍ စိတ်ကို ကြည်နူး နှစ်သက်စေသည့် မြင့်မြတ်အထက်တန်းကျသော မိန်းမမျိုးဖြစ်၏။

လုံးရပ်သဏ္ဌာန် ကိုယ်နေဟန်ထားမှာလည်း မနိမ့်လွန်း၊ မမြင့်လွန်း၊ မပိန်လွန်း၊ မဝလွန်းသော ခန္ဓာကိုယ်အချိုးအစားရှိ၍ အသားအရေမှာလည်း မမည်းလွန်း၊ မဖြူလွန်း၊ နတ်တို့၏ အဆင်းတမျှ စိုပြေဝါဝင်းသော အဆင်းရူပကာယ ပိုင်ရှင်လည်း ဖြစ်သည်ဟု ဆိုပါသည်။

အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကလည်း သာမည အမျိုးသမီးများနှင့် မတူ၊ လဲမှို့ဝါဂွမ်းဆိုင်တို့ကဲ့သို့ အိစက်ညက်ညောသည်ဟု ဆို၏။ ခန္ဓာကိုယ် အငွေ့မှာ အေးသောအခါ၌ ပူ၍ ပူသောအခါ၌ အေးကာ၊ ခန္ဓာကိုယ်အနံ့မှာလည်း စန္ဒကူးနံ့သင်းပျံ့၍ လှိုင်နေသလိုခံတွင်းပါးစပ်မှလည်း ကြာညိုနံ့ သင်းနေသည်ဟု ဆိုပါသည်။

အမူအကျင့်ကလည်း မိမိလင်ယောကျ်ားဖြစ်သူထက် အိပ်သောအခါမှာ ဖြစ်စေ၊ ထသောအခါမှာဖြစ်စေ ရှေးဦးစွာ ထတတ်၍၊ နောက်မှ အိပ်လေ့၊ ထိုင်လေ့ ရှိလေသည်။ မိမိလင်ယောကျ်ား၏ မည်သည့် အမှုကိစ္စ ဆောင်ရွက်ရမည်လဲဟူ၍ အမြဲပင် နာခံမှုရှိရုံမက ချစ်ခင်နှစ်သက်ဖွယ် စကားတို့သာ ဆိုလေ့ရှိသည်။

မိမိ၏ လင်ယောကျ်ား စကြာမင်းမှတပါး တခြားယောကျ်ားများနှင့် လွန်ကျူးရန် အနေသာ စိတ်ကပင် မဖောက်ပြားတတ်သော မိန်းမမြတ်ရတနာဖြစ်လေသည်။

၆။ သူဌေးရတနာ–

စကြာမင်း၏ သူဌေးမှာလည်း သာမညသူဌေးမဟုတ်၊ နောက်နောက်က ကောင်းမှုကံကြောင့် ပိုင်ရှင်ရှိ၊ ပိုင်ရှင်မဲ့မြှုပ်နှံ၍ ထားသော ရွှေငွေ စသည့် ရတနာအိုးများကို မြင်နိုင်စွမ်းရှိသည်ဟု ဆိုသည်။

၇။ **သားကြီးရတနာ**-

သားကြီး၏ စွမ်းအင်မှာ တတ်သိလိမ္မာ ပညာရှိသော သားဖြစ် ရုံမက စကြာမင်းထံ ဝင်ရောက်ခစားစေခြင်းငှါ သင့်တော်သူကို ဝင် ရောက်ခစားစေ၍၊ မသင့်တော်သူကို ပယ်ရှားနိုင်စွမ်းရှိ၏။ ဆိုင်ရာဆိုင် ရာ အကြီးအကဲပုဂ္ဂိုလ်များ အရမ်းကာရောဝင်ခွင့်မရ၊ ဝင်ခွင့်ရှိမရှိစိစစ် ရသော ယခုခေတ်ကဲ့သို့ သားကြီးရတနာမှာလည်း ထိုစွမ်းရည်နှင့် ပြည့် စုံသူဖြစ်လေသည်။

ထို့ပြင် ယခုခေတ် ရာထူးခန့် ပုဂ္ဂိုလ်များကဲ့သို့ သားကြီးရတနာ မှာလည်း ဆိုင်ရာဆိုင်ရာ ရာထူးများ၌ ခန့်ထားသင့်သောသူကို ခန့်ထား ရန်လည်း အရည်အချင်းရှိသူဖြစ်သည်။

ရှေးက တင်ပြခဲ့သည့် ရတနာ ခုနစ်ပါးကို ပိုင်ဆိုင်ရုံသာမက ဘုန်းကံလည်း ကြီးမားသော ဒဠှနေမိ စကြာမင်းသည် နှစ်ပေါင်း ထောင်ပေါင်း များစွာ ကြာလာသောအခါ မင်းချင်းယောကျ်ား တ ယောက်ကို ဤသို့ မိန့်မှာ၍ ထားလေ၏။

(အချင်းယောကျ်ား လိုရာအရပ်ကို အပိတ်အပင် အဆီးအတား မရှိ သွားနိုင်သော စကြာရတနာကို တည်မြဲနေရာမှ အနည်းငယ်မျှ လျော့ကျသက်ဆင်းနေသည်ကို တွေ့ရလျှင် ငါ့အား ပြောကြားရမည်) ဟု မိန့်မှာ၍ ထား၏။

ထိုသို့ မိန့်မှာပြီး နှစ်ပေါင်းအထောင်မက ကြာလာသောအခါ-

(ငင်းတို့ကာလ၌ နှစ်တသိန်းတမ်း အသက်ရှည်ကြသည်)

စကြာရတနာသည် တည်ရာနေရာမှ အနည်းငယ်လျော့ကျ သက် ဆင်းသည်ကို မင်းချင်းယောကျ်ား တွေ့မြင်သောအခါ ဒဠှနေမိ စကြာ မင်းကို အကျိုးအကြောင်း လျှောက်ထားလေ၏။

ထိုအခါ ဒဠှနေမိစကြဝတေးမင်းက အိမ်ရှေ့စံ သားကြီးဥပရာ ဇာကို ခေါ်တော်မူ၍-

(ချင်သား ငါ၏ လိုရာအရပ်ကို အပိတ်အပင်မရှိ သွားနိုင်သော မြတ်သော စကြာရတနာသည် တည်ရာဌာနမှ ရွေ့လျော့သက်ဆင်းပြီး၊

ရှေးအစဉ်အဆက် စကားကိုလည်း ဤသို့ ကြားဘူး၏။ စကြာရတနာမှာ နေရာဌာနမှ လျောကျလျှင် ၎င်းစကြာရတနာပိုင်ရှင်သည် ကြာမြင့်စွာ အသက်မရှည်ဟူ၍ ငါကြားဘူး၏။

ငါသည် လူ့စည်းစိမ်ချမ်းသာတို့ကိုခံစားခဲ့ပြီ၊ ယခုအခါ ငါသည် နတ်စည်းစိမ် ချမ်းသာကို ရှာဖွေရန် အချိန်တန်ပြီ၊ ချစ်သား သင်သည် သမုဒ္ဒရာလေးစင်း အဆုံးရှိသော ဤမြေကြီးကို သိမ်းဆည်းအုပ်စိုးလော့။

ငါမူကား ဆံမုတ်ဆိတ်ကိုရိတ်ပယ်ကာ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်၍ ရသေ့ပြုတော့အံ့)ဟူ၍ မိန့်ကြား၏။

ထိုသို့ မိန့်ကြားပြီး မကြာခင်ပင် ဒဠှနေမိစကြဝတေးမင်းသည် အိမ်ရှေ့စံ သားကြီးဥပရာဇာကို ကောင်းစွာ သွန်သင်ဆုံးမပြီး တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရန် လွှဲအပ်လိုက်လေသည်။ မိမိလည်း ဆံမုတ်ဆိတ် ပယ်ရိတ်ကာ ရသေ့ပြုပြီးသည့် ခုနစ်ရက်မြောက် ရောက်သောအခါ စကြာရတနာသည် ကွယ်ပျောက်သွားလေတော့သည်။

### သားသမီးအရည်အချင်း မိဘနှင့်မဆိုင်

ဤ၌အလျှင်းသင့်၍ မူရင်းဇာတ်ကွက်မဖတ်မီ သတိပြုစရာကို အနည်းငယ်ပြဦးအံ့-

မိဘလုပ်သော ပုဂ္ဂိုလ်တို့ရာထူးဂုဏ်သိန်အားဖြင့်၎င်း၊ ပညာအရည်အချင်း အကျော်အစောအားဖြင့်၎င်း၊ ပစ္စည်းဥစ္စာကြွယ်ဝမှုအားဖြင့်၎င်း ထိပ်တန်းသို့ ရောက်နေခိုက်တွင် တချို့သားသမီးများသည် မိဘတို့၏ အရှိန်အဝါကိုသုံး၍၎င်း၊ မိဘတို့ကို အားကိုး၍၎င်း မိမိတို့၏ စွမ်းရည်အရည်အချင်း၊ ပညာ၊ ဝီရိယ၊ ဇွဲ၊ သတ္တိတို့ကို အားမကိုးချင်ကြပေ။

မိဘလုပ်စာကို ထိုင်စားနေကြကာ မိဘအရှိန်အဝါ ဂုဏ်သိက္ခာကို မှီခို၍ နေတတ်ကြသည်။ ဤမျှဆိုလျှင် တော်သေး၏၊ မိဘတို့ကိုငဲ့ရမှန်း၊ စာနာရမှန်းမသိပဲ ထင်ရာလုပ်ခဲ့သော် အပြစ်မဲ့သော မိဘတို့မှာ ၎င်းသားသမီးကိုအတွက် ဂုဏ်သိက္ခာတက်ရပဲ ဂုဏ်သိက္ခာသာ ပျက်ရတတ်လေသည်။

ဤ၌ အတုယူစရာ ကောင်းလှသော ပြည်သူ့ဝန်ထမ်းပုဂ္ဂိုလ်ကြီး တဦး၏ သဘောထားကို တင်ပြပါအံ့၊ အမည်ဖော်လိုက်လျှင် အလွန် ချီးကျူးရာရောက်မည်စိုး၍ အမည်နာမ မဖော်ပြတော့ပါ။

၎င်း၌ သားနှစ်ယောက် သမီးတယောက်ရှိ၏။ သားသမီးတို့ကို ဤသို့ ဆုံးမ၏။

(မင်းတို့ ငါ့အရှိန်အဝါသုံးပြီး ဘာမှမလုပ်ပဲနှင့်တော့ ဘာမှ ဝတ်ရ၊ စားရ၊ နေရ ထိုင်ရမှာ မဟုတ်ဘူး၊ ခု ငါတို့ကလည်း မိဘတို့ ဝတ္တရားကျေပွန်အောင် ပညာအမွေတွေပေးပြီးပြီ၊ ဒါကြောင့် မင်းတို့ စွမ်းအားနှင့် မင်းတို့ အလုပ်အကိုင် လုပ်ကိုင်ပြီး နေထိုင်တတ်ရမယ်။ ငါကတော့ ရာထူးရှိတယ်ဆိုပြီး လိုက်လုပ်ပေးမှာ မဟုတ်ဘူး) ဟူ၍ ဆုံးမ၏။ သားသမီးများကလည်း ဖခင်၏ ဆိုလိုချက်ကို ကွက်ကနဲ နေအောင် သိကြသည်မို့ မိမိတို့၏ အစွမ်းအစဖြင့် မိမိတို့ အလုပ်အကိုင် ရှာဖွေကာ ယနေ့တိုင်အောင် ကောင်းကောင်းမွန်မွန် အသက်မွေးဝမ်းကျောင်း ပြုနေကြရှာသည်။

မကြာမီကပင် တရုတ်ပြည်ကြီး၌ အရှိန်အဝါသုံးကာ ဒုစရိုက်မှုများ ပြုလုပ်နေကြ၍ သတိပေးခြင်း၊ အပြစ်ပေးခြင်း သတင်းများ သတင်းစာများ၌ တွေ့ရလေသည်။ မိဘတို့မှာ မည်မျှ အနေရကြပ်မည်နည်း။

ဤ၌ သားသမီးများကိုချည်း အပြစ်ဆိုရမည်မဟုတ်၊ တချို့ မိဘလုပ်သူတို့မှာ သားသမီးများကို ချစ်ခင်လွန်း၍ အခွင့်အရေးအမျိုးမျိုး ပေးရာက ၎င်းသားသမီးတို့မှာ မိဘတို့ကို (ဖုတ်လေသည့်ပေါ၊ ရှိလေသည်)ဟု မအောက်မေ့ပဲ ထင်ရာစိုင်းတော့ရာ သားသမီး လုပ်သူတို့မှာ လူညွန့်တုံးရသည်အထိ ချစ်ရာမရောက်ပဲ နှစ်ရာ ရောက်ခဲ့ရတော့သည်။

မိဘနှင့် သားသမီး ဆရာနှင့် တပည့်တို့မှာ မချစ်ခင်ရဟု မဆိုလို၊ သို့သော် အကျိုးမများသည့် ဆက်ဆံမှုမျိုးကို မပြုလုပ်ကြ စေချင်ပါ၊ ရေဆိပ်ပမာသာ ဆက်ဆံစေချင်ပါသည်။

အဘယ်ကြောင့်နည်း၊ လူ့ဘဝနယ်ပယ်ရောက်လာ၍မှ လူလောကကြီး၏ သိစရာ၊ သင်စရာ၊ တတ်စရာ၊ လုပ်ကိုင်စရာတို့ကို ၎င်းသား

သမီး တပည့်တို့ မလုပ်တတ်၊ မကိုင်တတ်၊ လူမှုရေး (ဘုန်းကြီးကိုမှ ဘုရားတပည့်တော် မပြောတတ်လျှင်) တို့၌ လိမ္မာရေးခြား မရှိလျှင် ၎င်းတို့မှာ နောင်တချိန်တွင် မိဘကောင်းများ ခေါင်းဆောင်ကောင်းများ အဘယ်မှာလျှင် လာ၍ ဖြစ်နိုင်ပါအံ့နည်း။ ထိုရှေ့က ဆိုခဲ့ပြီးသော သဘောနှင့် လျော်ညီသော-

မူရင်းဇာတ်ကွက်ကို ပြန်၍ ဆက်ပါဦးအံ့၊ ထိုသို့ စကြာရတနာ ကွယ်သွားသောအခါ မင်းချင်း ယောကျ်ားတယောက်က စကြဝတေး မဖြစ်သေးသည့် အဘိသိက်သွန်းပြီးသော မင်းထံချဉ်းကပ်ကာ-

(မင်းမြတ် အမှန်အတိုင်းသိတော်မူပါ၊ လိုရာအရပ်ကို အပိတ် အပင် အဆီးအတားမရှိ သွားနိုင်သော စကြာရတနာသည် ကွယ်၍သွားပါပြီ)ဟူ၍ လျှောက်ထားသောအခါ-

တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူသည် စိတ်ဓာတ်ကျ၍ နှလုံးမသာ ဖြစ်၏၊ထိုနှလုံးမသာမယာခံစားရမှုကိုလည်း သူတပါးတွေကို ပြောကြား၏၊ ထို့နောက်ရသေ့ပြု၍ သွားသော 'မင်းရသေ့'ထံ ချဉ်းကပ်ကာ-

(မင်းမြတ် အမှန်အတိုင်း သိတော်မူပါ၊ စကြာရတနာသည် ကွယ်ပျောက်၍သွားပါပြီ)ဟူ၍ လျှောက်ထားသောအခါ 'မင်းရသေ့' က မင်းမျိုးဖြစ်၍ အဘိသိက်သွန်းပြီးသော မင်းကို ဤသို့ ပြောကြားလိုက်လေသည်။

(ချစ်သား မြတ်သော စကြာရတနာ ကွယ်ပျောက်ခြင်းကြောင့် နှလုံးမသာ မဖြစ်ပါလင့်၊ နှလုံးမသာဖြစ်ခြင်းကိုလည်း သူတပါးအား မပြောကြားပါလင့်၊ စကြာရတနာသည် ဖခင်မှ ဆင်းသက် လာသော အမွေပစ္စည်းမဟုတ်။

ချစ်သား သင်သည် အပြစ်ကင်းသော စကြာမင်းတို့၏ ကျင့်ဝတ်ကို ကျင့်ပါလော့၊ တဆယ့်ငါးရက်မြောက်လပြည့် ဥပုသ်နေ့၌ ဦးခေါင်းဆေး မင်္ဂလာပြုပြီးလျှင် မြတ်သော ပြာသာဒ်ထက်သို့တက်၍ ဥပုသ်ဆောက်တည်ခဲ့သော် စကြာရတနာသည် ထင်ရှားဖြစ်ပေါ်လာလိမ့်မည်) ဟူ၍ ဆုံးမစကားပြောကြားလိုက်လေသည်။

**စကြာမင်းတို့၏ ကျင့်ဝတ်**

ထိုသို့ ဆုံးမစကားပြောကြားသောအခါ တိုင်းပြည် အုပ်ချုပ်မင်းလုပ်သော ပုဂ္ဂိုလ်သည် 'မင်းရသေ့'အား စကြာမင်းတို့၏ ကျင့်ဝတ်ကို လျှောက်ထားမေးမြန်းသောကြောင့် စကြာမင်းတို့၏ ကျင့်ဝတ်ကို အောက်ပါအတိုင်း ပြောကြားပေ၏။

**သုစရိုက်တရားဆယ်ပါးကို အမှီပြုခြင်း၊ အရိုအသေပြုခြင်း၊ အလေးပြုခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်း၊ တုပ်ဝပ်ခြင်း၊ အလံတံခွန်သဖွယ် အထက်တန်းတင်ခြင်း၊ အကြီးအမှူးပြုခြင်း၊ စိတ်ဓာတ်ဖြင့် ရဟန်းမိဖုရား စစ်သည်ဗိုလ်ပါ အရံမင်းပုဏ္ဏား တိုင်းသူပြည်သား နိဂုံးဇနပုဒ်သားတို့သာမက သားငှက်တိရစ္ဆာန်တို့ပါမကျန်စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်ရမည်။**

တိုင်းပြည်တပြည်အုပ်ချုပ်ရသည်မှာ မလွယ်၊ လူ့အလိုနတ်မလိုက်နိုင် ဟူသကဲ့သို့ လူတကိုယ် အကြိုက်တမျိုး စရိုက်တသွယ် အမယ်မယ်ရှိနေကြလေရာ တခါတရံ တိုင်းသူပြည်သား တဦးတယောက်က ပြစ်မှုတခု လွန်ကျူးခဲ့သော် ၎င်းလွန်ကျူးသူအပေါ်၌ သေဒဏ်ထားခြင်း စသော အရမ်းကာရော ကျူးလွန်သည့် အပြစ်ထက် ပေးသည့်ဒဏ်က လေးသည့် ဥပဒေမျိုးများ မထားပဲ ပြစ်ဒဏ်လျော့ခြင်း၊ ကြီးသည့် အပြစ်ကို ငယ်အောင်လုပ်ခြင်း၊ သည်းခံခြင်း စသည့် စိတ်ဓာတ်တို့ဖြင့် မေတ္တာထားကာ စောင့်ရှောက်မှု။

စစ်တပ်ကို ဘုရင်ကပင် တိုက်ရိုက်အုပ်ချုပ်သောကြောင့် လက်အောက် ငယ်သားများ တခါတရံ ဒုက္ခတွေ့လျှင် ခေါင်းရှောင်မနေပဲ-

(စစ်တပ်ရဲ့ ရှေ့ဆောင်လုပ်တဲ့ သားတော်တို့လို ဗိုလ်ချုပ်က ကိုယ့်အောက်ငယ်သား စည်သည်တော်များကို ရန်သူအကြားမှာ ပစ်ထားခဲ့၍ ကိုယ်လွတ်ရုံးသွားတယ်ဆိုတာ ထုံးစံမရှိပါ၊ စစ်သည်တော်အားလုံး ရန်သူ့လက်တွင်းမှ လွတ်ကင်းအောင် ဆောင်ကြဉ်းပြီးမှ လိုက်ခဲ့ပါမည်) ဟူသော မဟောသဓာ စိတ်ဓာတ်မျိုးဖြင့် အကာအကွယ် ပေးမှု၊ လခရိက္ခာထောက်ပံ့မှု၊ စီးစရာယာဉ် (မြင်းစသည်) တို့ဖြင့် စီမံဖန်တီးပေးမှု။

တိုင်းသူပြည်သား ရဟန်းပုဏ္ဏားတို့ကိုလည်း သူပုန်သူကန် ဒမြဘေးရန်တို့မှ ကာကွယ်ပေး၍ သနားခြင်း စိတ်ဓာတ်ဖြင့် စောင့်ရှောက်မှု၊

သူကြွယ်လယ်သမား စသူတို့အား ထွန်တုံး၊ ထွန်သွား၊ နွား စသည်တို့ကို ထောက်ပံ့မှု။

သစ်တော ကြိုးဝိုင်း ရေယာများသတ်မှတ်ခြင်း၊ အင်းအိုင်များ၌ ငါးဖမ်းခွင့်များ ပိတ်ပင်ခြင်း စသည်ဖြင့် ဆင်ကျား၊ သမင်၊ ဥဒေါင်း၊ ဂျိုးငှက် သားငါးတို့အပေါ်၌ လုံခြုံစွာ စီရင်မှုတို့ကို ပြုရမည်ဟူလို။

**(မိမိအုပ်ချုပ်သော နိုင်ငံတော်အတွင်း၌ မတရား အနိုင်အထက် ဖိစီးနှိပ်စက်မှုများ မဖြစ်စေရ။)**

တိုင်းပြည်ကိုရင်း၊ ပြည်သူပြည်သား လူအများတို့ကိုရင်း ဆင်းရဲဒုက္ခရောက်စေရန် သတ်ဖြတ်ခြင်း၊ ညှဉ်းဆဲခြင်း စသည်ပြုနေသော လူဆိုးသူဆိုးတို့ကို ထောင်ချခြင်း၊ ဒဏ်ပေးခြင်း စသော ဥပဒေတို့ဖြင့် နှိပ်ကွပ်မှုမျိုးမဟုတ်ပဲ-

ဆိုင်ရာဆိုင်ရာသာသနာ၊ ဘာသာတို့၏ အကျိုးကိုသယ်ပိုးစေရန်ရင်း၊ သူတပါးကာမပိုင်များကို ဖျက်လိုဖျက်ဆီး ပြုမှုများကိုရင်း ရဟန်းပညာရှိ၊ လူပညာရှိ စသူတို့ကို မတရားနှိပ်စက်ညှဉ်းပန်းမှုတို့ကိုရင်း မပြုရဟူလို။

**(မိမိအုပ်ချုပ်သော နိုင်ငံတော်၌ ပစ္စည်းဥစ္စာ မရှိသူတို့အား ပစ္စည်းဥစ္စာကို ပေးကမ်းရမည်။)**

ဤ၌ စကြဝတေးမင်း အုပ်ချုပ်သော တိုင်းပြည်၌ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာပြီးဖြစ်၍ ၎င်းကိုစွဝယ် ပေးနိုင် ကမ်းနိုင်မည်သာဖြစ်သည်။ သာမန်ရှင်ဘုရင်တို့ အုပ်ချုပ်ရသော တိုင်းပြည်အခြေအနေနှင့် မပေးလျှင် မည်သို့သော အကျိုးဆက်များ ဖြစ်ပေါ်လာတတ်သည်ကို ဤ၌ အထူးပြု၍ ပြဦးအံ့-

တိုင်းပြည်တိုင်းသည် ဖွံ့ဖွံ့ဖြိုးဖြိုးလိုလေသေးမရှိ စည်းစိမ်ဥစ္စာရိက္ခာစပါးတို့ ပြည့်စုံလိမ့်မည်မဟုတ်ပေ၊ မိမိတို့အင်အားနှင့် ချင့်ချိန်ကာ မိမိတို့တိုင်းရေးပြည်ရာ အဖြာဖြာကို ဝန်နှင့်အား လေးနှင့်မြားလို မျှမျှတတ လုပ်ဆောင်နေကြရသည်ချည်းဖြစ်သည်။

မိမိတို့ ဤနိုင်ငံကိုပင် ကြည့်ဦး၊ ဝန်ထမ်းအဖြာဖြာ၊ တောင်သူလယ်သမားအမျိုးမျိုး၊ အလုပ်သမား အသွယ်သွယ်တို့ကို ဆိုင်ရာဆိုင်ရာ လခရိက္ခာသင့်တင့်စွာ ထောက်ပံ့ခြင်း၊ နေ့စားရိက္ခာများ သင့်တင့်စွာ

ထောက်ပံ့ခြင်း အမတော်ငွေ ချေးငှားခြင်း၊ စိုက်စရိတ် ကြိုတင်ငွေပေးခြင်း၊ ထွန်၊ ထယ်၊ ပေါက်တူး၊ ဒီဇယ်ဆီကအစ မျိုးရိက္ခာအဆုံး သင့်တင့်သော အဖိုးအခဖြင့် ထောက်ပံ့နေရခြင်းမှာ ဤတိုင်းပြည်၏ ဘဏ္ဍာရိက္ခာ ကြွယ်ဝမှုအရ ဆောင်ရွက်နေရခြင်းဖြစ်သည်။ထို့ထက်ကြွယ်ဝလျှင် ထို့ထက်ပင် အထောက်အပံ့ရမည်သာ ဖြစ်သည်။

ဤအလေ့များသည် ယခုမှသာ ဖြစ်ပေါ်လာသည်မဟုတ်၊ ရှေးရှေးအခါကပင် ပြုလုပ်ခဲ့ကြသည့် အလေ့အကျင့်များ ဖြစ်ကြောင်းကို သဂါထာ ဝဂ္ဂသံယုတ်အဋ္ဌကထာ၌—

တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့က ဆင်းရဲသားတို့အား ထောက်ပံ့ငွေကို သုံးနှစ်အတွင်း အတိုးမယူပဲ ပေးကြပုံများကို တွေ့ရပေသည်။

ထို့ကြောင့် မည်သည့်တိုင်းပြည်၌မဆို ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်အခြေအနေနှင့် လခရိက္ခာ၊ ထောက်ပံ့ကြေးများ ပေးရသည်ချည်း ဖြစ်သည်။

**အတိုးမယူပဲ အမတော်ငွေပေးခြင်း**

ရှေးက 'မဟာဝိဇိတ'ဟူသော မင်းတပါးရှိခဲ့၏။ ၎င်းအုပ်ချုပ်သော တိုင်ပြည်ကြီးမှာ ရွှေငွေရတနာ သယံဇာတ ဘဏ္ဍာတို့မှာ ဆိုင်ရာဆိုင်ရာ အခန်းများ၌ ပြည့်ကြပ်လျက်ရှိ၏။ ဆန်ရေစပါးစသောရိက္ခာတို့မှာလည်း ဆိုင်ရာဆိုင်ရာ ဂိုဒေါင်စပါးကျီများ၌ ပြည့်လျှမ်းလျက်ရှိနေသည်။

တိုင်းပြည်အခြေအနေဝဖြိုး၍ နေသော်လည်း ဆင်းရဲသားတို့ကို ၎င်းလယ်သမားတို့ကိုၛင်း၊ မင်းခစားတို့ကိုၛင်း ဆိုင်ရာဆိုင်ရာ လခရိက္ခာ ထောက်ပံ့ကြေးများမပေးသောကြောင့် တိုင်းပြည်တွင် လုယက် တိုက်ခိုက်မှုများ၊ ရွာနိဂုံးတို့ကိုဖျက်ဆီးသူများ၊ လမ်းခရီး၌ စောင့်၍ လုယက်မှုများတနေ့တခြားတိုးပွား၍သာ လာလေသည်။

ထိုသူပုန်သူကန်တို့ကို ဖမ်းဆီး၍ သတ်ဖြတ်ခြင်း၊ ချုပ်နှောင်ဖမ်းဆီးခြင်း စသည်ကိုပြုသော်လည်း ကျန်သောသူတို့ကထ၍ လုယက်ဖျက်ဆီး တိုက်ခိုက်မှုကိုပြုပြန်သည်။

ထို့ကြောင့် မဟာဝိဇိတမင်းကြီးသည် ပုရောဟိတ်၏ အကြံပြုချက်ဖြင့် မင်းခစား မင်းမှုထမ်းတို့အား လခရိက္ခာကိုၛင်း–

ကုန်သည် လူတန်းစားတို့အား အရင်းအနှီးကိုရင်း
လယ်သမားတို့အား မျိုးစေ့ရိက္ခာကိုရင်း
လုံး၀ အတိုးမယူပဲ အခမဲ့ ထောက်ပံ့သောအခါ မိမိတို့ဆိုင်ရာ အလုပ်ကိစ္စများ၌သာ လုပ်နေကြ၍ ခိုးဆိုးလုယက် ဖျက်ဆီး တိုက်ခိုက်မှုများ မရှိတော့ပဲ-

ရပ်သူရွာသားတို့မှာ ပျော်ရွှင်မြူးထူး ကခုန်လျက် သားငယ်ကိုချီကာ တံခါးပေါက်များ ပိတ်စရာပင်မလိုပဲ အိပ်စက်ခဲ့ကြရသည့်သာဓကများ ရှိလေသည်။

ထို့ကြောင့် တိုင်းပြည်ရှိ မရှိဆင်းရဲသားတို့အား လခရိက္ခာပစ္စည်းဥစ္စာ ပေးကမ်းရမည်ဟူသော ကျင့်ဝတ်သည် တိုင်းပြည်အတွက် အကျိုးမည်မျှ ဖြစ်ထွန်းကြောင်းကားပေါ်လွင်လှပါပြီ။

ထို့ပြင် လူဆိုးသူခိုးများ ရှိခြင်းသည် ပစ္စည်းဥစ္စာ သက်သက်နှင့်သာ ဆိုင်သည်မဟုတ်သေး၊ လူတို့၏ဗီဇနှင့်လည်း ဆိုင်သေးသည်ကို အထူးသတိ ပြုသင့်သေးသည်မဟုတ်လော။

* (**မိမိအုပ်ချုပ်သော နိုင်ငံတော်အတွင်း၌ ရဟန်းပညာရှိ လူပညာရှိတို့သည် ရှိကြ၏၊ ထိုသူတို့အထံ၌ ဤအလုပ်ကိုလုပ်လျှင် ကောင်းကျိုးရှိ-မရှိ၊ မကောင်းကျိုး ရှိ-မရှိကို မေးမြန်း စုံစစ်ကာ မကောင်းကျိုးဖြစ်စေမည့် အလုပ်တို့ကို မလုပ်ရ။**)

မည်သည့်လူသားတိုင်းမဟူ အရာရာတွင် ပြီးပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍မရှိ၊ ထို့ကြောင့် ပြောရာ၌ဖြစ်စေ၊ လုပ်ရာ၌ဖြစ်စေ မိမိကအမှန်ဟုထင်သော်လည်း တခါတရံ အမှားဖြစ်ကာ အလွဲဖြစ်သွားတတ်လေသည်။

တိုင်းပြည်အုပ်ချုပ်သော ပုဂ္ဂိုလ်တို့သည်လည်း (နှောင်းခေတ်များကဲ့သို့ အတိုင်ပင်ခံ အဖွဲ့များ၊ အကြံပေးအဖွဲ့များ၊ စုပေါင်းအုပ်ချုပ်ရေးစနစ်များ မထင်ရှားသေးပဲ) တဦးတယောက်တည်းက စီမံအုပ်ချုပ်ရသောကြောင့် တခါတရံ တွင် လုပ်ငန်းကိစ္စအဝဝကို လုပ်ကိုင်ရာတွင် အမှားများနှင့် တွေ့တတ်လေသည်။

ထို့ကြောင့် ဆိုင်ရာ ဆိုင်ရာ သာသနာရေး လူမှုရေး စီးပွားရေး ကိစ္စ စသည်တို့၌ ကျွမ်းကျင်သော ရဟန်းပညာရှိ လူပညာရှိတို့နှင့် တိုင်ပင် နှီးနှော၍ ပြုလုပ်ဆောင်ရွက်လျှင် အမှားနည်းပါးမည်။

ဤသို့ တိုင်ပင်ရာတွင်သည်း တတ်သိနားလည် ကျွမ်းကျင်သူများနှင့် ကာလဒေသတို့သည် အလွန်မတန် အရေးကြီးလှ၏။ အဘယ်ကြောင့်နည်း–လောကီရေးကိစ္စကို ဆောင်ရွက်ရာ၌ လောကီအကျိုး စီးပွားများကို ညွှန်ပြသော ဗုဒ္ဓဘုရားရှင်၏ ဟောကြားတော်မူချက်များကို မညွှန်ပြပဲ-

ယနေ့ပင် လုပ်ကိုင်စရာများကို လုပ်ကိုင်ပါ၊

မနက်ဖန် မသေဟု မည်သူပြောနိုင်မည်နည်း စသော သံဝေဂဒေသနာများကို နာကြားရလျှင် မိမိတို့အကျိုးစီးပွားလည်းပြီးမြောက်မည်မဟုတ်ပဲ-လုပ်ကိုင်ရမည့် အလုပ်ကိစ္စများအတွက်လည်း နှောင့်နှေးကြန့်ကြာတတ်သည်။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်သည် သတ္တဝါတို့၏ လိုအင်ဆန္ဒ အားလျော်စွာ တရားတော်များကို ဆုံးမဟောကြားတော်မူခဲ့သကဲ့သို့ မိမိတို့ တိုင်ပင်လျှောက်ထားသော ပုဂ္ဂိုလ်သည်လည်း—

မင်းတို့၏ကိုယ်ကျင့်တရား၊ မင်းတို့စည်းစိမ်တိုင်ပင်ရကျိုး၊ မင်းတို့ကြီးပွားကြောင်းတရား၊ ကုန်သည်၊ ဈေးသည်၊

လယ်သမား၊ တိုင်းသူပြည်သားတို့ ကြီးပွားကြောင်း တရားစသည်တို့၌ ကျွမ်းကျင် လိမ္မာသော ပုဂ္ဂိုလ်ဖြစ်ဘို့ သတိပြုရပေမည်။

ထို့အတူ စီးပွားရေး၊ ကာကွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေး စသည်တို့၌လည်း ဆိုင်ရာဆိုင်ရာ ကျွမ်းကျင်သော ပုဂ္ဂိုလ်များကို တိုင်ပင်ဆွေးနွေးလျှင် မိမိတို့၏ လုပ်ငန်းကိစ္စအဝဝတို့လည်း အောင်မြင်ပြီးစီးနိုင်၍ လုပ်ငန်းကိစ္စဟူသမျှတို့ကို လုပ်ကိုင်ရာတွင်လည်း အမှားနည်းပါးစွာဖြင့် ထိထိမိမိ အကျိုးရှိရှိ လုပ်ကိုင်နိုင်မည်ဖြစ်သောကြောင့် ဆိုင်ရာဆိုင်ရာ ရဟန်းပညာရှိ၊ လူပညာရှိတို့ထံ ချဉ်းကပ်မေးမြန်း ဆွေးနွေးတိုင်ပင်ရမည်ဟူသော စကြာမင်း ကျင့်ဝတ်ကို မိန့်ကြား၍ ပြခြင်း ဖြစ်ပေသည်။

ဤကား စကြာမင်း၏ ကျင့်ဝတ်များဖြစ်၏၊ သဘောတူရာပေါင်း၍ ပြလိုက်ခြင်းဖြစ်သည်၊ အမှန်တကယ် ဝေခွဲလျှင်မူ စစ်သားတို့အပေါ်၌ စောင့်ရှောက်ကာကွယ် လုံခြုံစေမှု ၁-ပါး၊ ရဟန်းတို့အပေါ်၌ စောင့်

ရှောက်ကာကွယ် လုံခြုံစေမှု ၁-ပါး စသည်ဖြင့် ၁၀ပါး၊တနည်းအားဖြင့် ၁၂-ပါးရှိသည်။

ဤနေရာ၌ စကြာမင်းတို့၏ ကျင့်ဝတ်ကို ပြသော်လည်း ဆိုင်ရာ ကိစ္စတို့၌ သာမန်တိုင်းပြည် အုပ်ချုပ်သူများနှင့်လည်း သက်ဆိုင်သော အကြောင်းများ ပါရှိ၍ အနည်းငယ်ချဲ့ကာ ပါဠိတော် အဋ္ဌကထာတို့မှ ထုတ်၍ပြလိုက်သည်။

စကြာမင်း ကျင့်ဝတ်နှင့် သာမန်တိုင်းပြည် အုပ်ချုပ်သောမင်းတို့၏ ကျင့်ဝတ်များ အနည်းငယ်ကွာသည်ကို သိသာရန် မင်းကျင့်တရား ဆယ်ပါးကို ဆက်၍ပြဦးအံ့—

၁။ ဝေဘန်မှု ပေးကမ်းမှုရှိခြင်း။

၂။ ဆိုင်ရာကျင့်ဝတ်များကို စောင့်စည်းခြင်း။

၃။ ဘဏ္ဍာတံဆိပ်ရိက္ခာတို့ဖြင့် ချီးမြှင့်ဂုဏ်ပြုခြင်း။

၄။ စိတ်နှလုံး ဖြောင့်မတ်ခြင်း။

၅။ ကိုယ်နှုတ်ကို နူးညံ့သိမ်မွေ့ အေးဆေးခြင်း။

၆။ သီလအကျင့် ဆောက်တည်မှုရှိခြင်း။

၇။ မေတ္တာရှေ့ထား အမျက်မပွားခြင်း

၈။ ပြည်သူပြည်သားတို့ကို မညှဉ်းဆဲပဲ သနားညှာတာမှုရှိခြင်း

၉။ သည်းခံရခြင်း။

၁၀။ တိုင်းသူပြည်သား လူအများ၏ အလိုကို မဆန့်ကျင်ခြင်းတို့ ဖြစ်၏။

**စကြာရတနာဖြစ်ပေါ်လာခြင်း**

ထိုသို့ မင်းရသေ့က စကြာမင်း၏ ကျင့်ဝတ်များကို ပြောပြလိုက်သည့်အခါ ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းသည် ကောင်းပါပြီဟု ဝန်ခံ၍ စကြဝတေးမင်း ကျင့်ဝတ်တို့ကို ကျင့်သောကြောင့် စကြာရတနာ ဖြစ်ပေါ်လာလေသည်။

ဤသို့ဖြင့် ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ၊ ဆဋ္ဌမ စကြာမင်း ဆက်တိုင်အောင် စကြာရတနာ ဖြစ်ပေါ်လာသော်လည်း သတ္တမ မင်း

ဆက်သို့ရောက်သောအခါ၌ကား ဆင္ဃမစကြာမင်းဘဝမှ ရသေ့ပြုသော သူကို ရှေးနည်းအတိုင်း မမေးပဲ နှလုံးမသာဖြစ်ခြင်း၊ နှလုံးမသာမှုကို သူတပါးတို့အား ပြောကြားခြင်းပြုကာ မိမိ၏မူပိုင် ပညာဖြင့် နိုင်ငံကို ဆုံးမအုပ်စိုး၏။

(ယခုခေတ်ကဲ့သို့ အတိုင်ပင်ခံ၊ အကြံပေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် များကို ဖွဲ့စည်းမှု သီးသန့်မရှိ)

ထိုသို့ တိုင်ပင်မှုမပြုပဲ မိမိ၏ ပညာလမ်းစဉ်ဖြင့် အုပ်ချုပ်သော အခါ ရင်းအုပ်ချုပ်သည့် တိုင်းပြည်သည် တိုးတက်မှုမရှိပဲ ဆုတ်ယုတ်၍ လာတော့၏။

ထိုအခါ-မင်းပါးရိပ်ချည်၊ သိနားလည်၊ ရှေ့ပြည်မှူးမတ်၊ ဘဲ့ထူး အပ် ဟူသည်နှင့်အညီ မင်း၏အပါး၌ ခစား၍နေကြသော အမှုဆောင် အမတ်များ၊ မင်းတိုင်ပင်အမတ်များ၊ ဘဏ္ဍာရေးအမတ်များ၊ အမတ် ချုပ်များ၊ စစ်သည် ဗိုလ်ပါများ၊ တံခါးမှူးများ၊ ပညာရှိပုရောဟိတ် အမတ်များမှာ စုဝေးတိုင်ပင် စည်းဝေးကြပြီးနောက် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူထံ ဤသို့လျှောက်ထားကြ၏။

(မင်းမြတ် သင်မင်းမြတ်၏ နိုင်ငံတော်၌အမှုဆောင်အမတ်များ၊ မင်းတိုင်ပင်အမတ်များ၊ ဘဏ္ဍာရေးအမတ်များ၊ အမတ်ချုပ်များ၊ စစ် သည်ဗိုလ်ပါများ စသည့်ပုဂ္ဂိုလ် အသီးသီးတို့ ရှိကြပါသည်။

ကျွန်ုပ်တို့သည် အပြစ်ကင်းသော စကြာမင်း၏ ကျင့်ဝတ်များကို မှတ်သားထားကြပါသည်။ သင်မင်းမြတ်သည် ကျွန်ုပ်တို့အား အပြစ်ကင်း သော စကြာမင်း၏ ကျင့်ဝတ်များကို မေးပါလော့။ ကျွန်ုပ်တို့သည် ဖြေ ကြားပါအံ့)

မှန်၏။ တိုင်ပင်နှီးနှောခြင်း၏ အကျိုးတရားတို့ မည်မျှဖြစ်ပေါ် နိုင်သည်ကို မဟာဝဂ္ဂပါဠိတော်လာ တိုင်းပြည်အုပ်ချုပ်သူတို့ တိုးတက် ကြီးပွားကြောင်း တရားများကို အလျင်းသင့်၍ ပြပါဦးအံ့—

မူရင်းဒေသနာသည် စုပေါင်း၍ မင်းပြုသော လိစ္ဆဝီမင်းတို့နှင့် ပတ်သက်၍ လာသော်လည်း တိုင်းပြည်အုပ်ချုပ်သူတို့နှင့်ပါ ဆိုင်သော ကြောင့် ပါဠိတော်၏ ဆိုလိုချက်နှင့် အဋ္ဌကထာ ဖွင့်ပြချက်ကိုညှိ၍ပြပြီး

၁။ အမြဲမပြတ် ခဏ ခဏ စည်းဝေးခြင်း အမှုရှိခြင်း။

စည်းဝေးမှုမပြတ်ရှိမှသာ ခိုးသူဒမြ စသော ရန်သူတို့၏သတင်းကို သိရှိနိုင်သောကြောင့် နေရာဒေသ အရပ်ရပ်၌ရှိသော ရန်သူတို့ကို နှိမ်နှင်းရန် အချိန်မှီနိုင်မည်ဟုဆို၏။

ထိုသို့ မဟုတ်ပဲ မေ့မေ့ လျော့လျော့ မစည်းမဝေးပဲ နေလျှင် နံနက်အခါ၊ နေ့လည်အခါ၊ ညနေအခါ စသည်တို့၌ အခွင့်ရလျှင်ရသလို ဖျက်ဆီးနိုင်သောကြောင့် ၎င်းဘေးရန်တို့ကို နှိမ်နင်းရန် အမြဲမပြတ် စည်းဝေးမှု ပြုရမည်ဟူလို။

၂။ (က) ညီညီညွတ်ညွတ် စည်းဝေး (ခ) ညီကညွတ်ညွတ် အစည်းအဝေးမှထကာ (ဂ) ညီညီညွတ်ညွတ် ပြုလုပ်ဘွယ် ကိစ္စတို့ကို ပြုလုပ်မှုရှိခြင်း။

ဤ၌ (က) (ခ) (ဂ) တို့သည် မတူပါ။

(က) ညီညီညွတ်ညွတ် စည်းဝေးခြင်းဟူသည် အစည်းအဝေး စည်တော်သံ စာလွှာ၊ အကြောင်းကြားလွှာ စသည်တို့ကို ကြားသိ ရရှိလျှင် မိမိတို့ လုပ်ကိုင်မြဲကိစ္စတို့ကိုရင်း၊ စားသောက်ဆဲ၊ အဝတ်အစား ဝတ်ဆင်ဆဲ ကိစ္စတို့ကိုရင်း ထားရစ်ခဲ့ကာ အစည်းအဝေး အချိန်မှီရန် စည်းဝေးသည့် နေရာသို့ ညီညီညွတ်ညွတ်လာ၍ စည်းဝေးမှု ပြုရမည်ဟု ဆို၏။

အကယ်၍ အစည်းအဝေး မတက်ခြင်း စသည် ပြုသော်ရင်း၊ တက်သော်လည်း ကိုယ်ကနောက်ကျ နေသော်ရင်း၊ 'ဘာတွေများ တိုင်ပင်နေကြသည်မသိ' စသည်ဖြင့် သံသယ ဝင်တတ်ကာ 'ငါတို့က တော့ အတွင်းစကား မကြားရဘူး' စသည့်မကျေနပ်မှုများ ဖြစ်ပေါ် တတ်သည် ဆို၏။

(ခ) ညီညီညွတ်ညွတ် အစည်းအဝေးမှ ထခြင်းဟူသည် အစည်း အဝေးပြီး၍ စည်းဝေးရာ နေရာမှ ထွက်လာသော် နောက်ကျ ကျန်ခဲ့မှုများ ရှိလျှင် ပထမထွက်သူတို့က နောက်ချန်၍ နေသူတို့အား သူတို့ အရေးကြီးတဲ့ အတွင်းစကားပြောနေတယ်၊ ငါတို့တော့ အပြင်စကား သာ ကြားရတယ် စသည်ဖြင့် သံသယဝင်ခံရတတ်သည်ဟု ဆို၏။

(ဂ) ညီညီညွတ်ညွတ် ပြုလုပ်ဖွယ်ကိစ္စတို့ကို ပြုလုပ်ခြင်းဟူသည် အများဆောင်ရွက်ရမည့် ကိစ္စ၊ တဦးတယောက်ချင်း ဆောင်ရွက်ရမည့်

ကိစ္စဟူ၍ ရှိရာတွင် အများဆောင်ရွက်ရမည့်ကိစ္စတို့၌ မခိုမကပ် ညီညီ ညွတ်ညွတ်လုပ်ဆောင်ရမည်ဟု ဆို၏။

အကယ်၍ တတ်နိုင်လျှင် တဦးတယောက်၏ အလုပ်ကိစ္စကိုပင် အများက ဝိုင်း၍ လုပ်ကိုင် ဆောင်ရွက်ရမည်ဟု ဆိုသည်။

**၃။ ကြီးသော အုပ်ချုပ်သူတို့ကို အရိုအသေ အလေးအမြတ် ပြုခြင်း၊ ကြီးသော အုပ်ချုပ်သူတို့၏ အဆုံးအမ ဩဝါဒကို လိုက်နာခြင်း အမှုရှိရမည်။**

ကြီးသူတို့နှင့်တွေ့လျှင် ခါးထောက်ခြင်း၊ ခြေကားခြင်း၊ ကိုယ်ဟန် နေထားမပိယခြင်း စသည်မလုပ်ပဲ ဦးခေါင်းငုံ့ခြင်း လက်စုခြင်း၊ အလေးပြုခြင်း စသည်တို့ကိုရင်း၊ ဩဝါဒညွှန်ကြားချက်များကို လိုက် နာရမည်ကိုရင်း ပြုလုပ်ရမည်ဟူလို။

**၄။ ရှေးအုပ်ချုပ်သူတို့ မပညတ်သည်ကိုထပ်၍ မပညတ်ခြင်း၊ ပညတ်ပြီးသည်ကို မဖျက်ဆီးခြင်း၊ ရှေးဓမ္မသတ်လမ်းရိုးအတိုင်းသာလျှင် လိုက်နာကျင့်ကြံရခြင်း။**

ရှေးရှေးက မပညတ်အပ်သော အခွန်ဆောင်စေခြင်း စသည်တို့ ကို တီထွင်ပညတ်ခြင်းမပြုပဲ ထုံးစံဖြစ်သော အခွန်အကောက်များကို ကောက်ခံသုံးစွဲ ဆိုင်ရာပညတ်ချက်များအတိုင်း လိုက်နာရမည်ဟုဆို၏။

မဟာသမ္မတမင်းအား နှစ်တင်းတစိတ် ထောက်ပံ့မှု၊ စကြာမင်း က ကောက်ခံမြဲတိုင်းသော အခွန်များကို ကောခံသုံးစွဲစေ-စသည်ဖြင့်ဆို သည်တို့ကို ထောက်၍ အခွန်စနစ်သည် ကမ္ဘာဦးအစ ရှေးရှေးအခါများ ကပင် ရှိနေ၏။

သို့သော် မည်သည့်ပမာဏ မည်သည့် အတိုင်းအတာအထိ ကောက်ခံ ကြသည်ကို အဋ္ဌကထာ၌ မပြချေ။

ရှေးဓမ္မသတ် လမ်းရိုးအတိုင်းသာ လိုက်နာရမည် ဟူသည်ကား-

တဦးတယောက်သည် ပစ္စည်းခိုးမှု ကျူးလွန်ခဲ့သော် ဖမ်းဆီး၍ တရားဆုံးဖြတ်သော အမတ်ကြီးထံပို့၏။ ၎င်းအမတ်ကြီးက စိစစ်၍ခိုးမှု မထင်ရှားသော် အောက်ခြေတွင် ပြီးရသည့်စနစ်အတိုင်း လွှတ်လိုက်၏၊ အကယ်၍ ခိုးမှုထင်ရှားခဲ့သော် တရားသူကြီး၊ ဝန်ကြီး၊ ဝန်ထောက်၊

စစ်ဗိုလ်ချုပ်၊ အိမ်ရှေ့မင်းသားထံသို့ရောက်အောင် အဆင့်ဆင့်ပို့၏၊ ထို အိမ်ရှေ့မင်းသားကလည်း စူးစမ်းစစ်ဆေး၍ ခိုးမှုထင်ရှားသော်-

ယခုခေတ် အယူခံချက်သည် အကြီးအကဲ၌သာ ဆုံးသကဲ့သို့ အိမ်ရှေ့မင်းသားက ၎င်းသူခိုးကို မင်းထံပို့၏။ ထိုအခါ မင်းလုပ်သူက လည်း ဓမ္မသတ်၌ပါသော "ဤအမှုကျူးလွန်လျှင် ဤပြစ်ဒဏ် ထားရ မည်"ဟူသော စနစ်အတိုင်း အပြစ်နှင့်ဒဏ် သင့်တော်ညီမျှအောင် အပြစ် ပေးခြင်းသည်။

ရှေးသူဟောင်းတို့၏ ဓမ္မသတ်လမ်းစဉ်အတိုင်း လိုက်နာခြင်း-ဟု ဆိုသည်။

**၅။ တဏှာ၏ အလိုသို့လိုက်ပါ၍ အမျိုးသမီးတို့ကို အလိုမတူသဘော မတူပဲ မိမိအလိုသို့ လိုက်ပါစေခြင်း အမှုကိုမပြုရခြင်း။**

ရှေးရှေး ပဒေသရာဇ်ခေတ်များတွင် မိဖုရားမောင်းမပေါင်းများ စွာ ထားတတ်သော အလေ့ရှိ၏။ ထိုသို့ထားရာ၌ အမျိုးသမီးများ၏ အုပ်ထိန်းသူတို့က ကျေကျေနပ်နပ် ခွင့်ပြုမှုမရှိပဲ အနိုင်အထက် လုယက် ယူငင်သောအခါ-

၎င်းအမျိုးသမီးတို့အား အုပ်ထိန်းရသည့်သူများမှာ မကျေမနပ် ဖြစ်ကြ၍ မြို့စွန်ရွာဖျားများသို့ ခိုကပ်ကာ တိုင်းပြည်ကို ပုန်ကန်ဖျက် ဆီးတတ်သည်-ဟုဆို၏။

**၆။ တိုင်းပြည်၏အတွင်း၌ရှိသောစေတီနတ်ကွန်းအပြင်ပ၌ရှိသော စေတီနတ်ကွန်းတို့ကို ပူဇော်မှုပေးရခြင်း။**

ရှေးရှေးက အစဉ်အဆက်ပသခဲ့သော နတ်ကွန်းများရှိလျှင် ၎င်း နတ်ကွန်းများကို ပူဇော်ပသမှုပြုရ၏၊ သို့မှသာ ၎င်းနတ်တို့က ချောင်း ဆိုးခေါင်းကိုက် အနာများ ဖြစ်ပေါ်အောင် မနှိပ်စက်ပဲ စစ်တိုက်ရာ၌ ပင် ကူ၍တိုက်ပေးသည်ဟုဆို၏။

**၇။ တရားစောင့်သော ရဟန်းဗုဏ္ဏားတို့ တိုင်းပြည်၌ ရှိရန် တောင့်တမှုရှိခြင်း၊ တိုင်းပြည်၌ရှိသော ရဟန်းပုဏ္ဏား တို့ကိုလည်း အစောင့်အရှောက်ပေးခြင်း။**

ယခုကာလကဲ့သို့ ဆိုင်ရာသံဃာတော်များအား ဘွဲ့တံဆိပ်၊ ရိက္ခာ တော် ဆွမ်းဆန်တော် စသည် ထောက်ပံ့ခြင်း၊ အစောင့်အရှောက် အကာအကွယ်ပေးခြင်း စသည်တို့ကို ပြုရမည်ဟူလို-

ဤအင်္ဂါ ၇-ချက်နှင့် ညီလျှင် တိုးတက် ကြီးပွားနိုင်ကြောင်း အထောက်အပံ့များ ဖြစ်ပေရာ ၁-နံပါတ်၌ ပြခဲ့သော အညီအညွတ် စုဝေး တိုင်ပင်ခြင်းသည်လည်း တိုးတက်ကြီးပွားကြောင်းဖြစ်၍ အမှုဆောင်အမတ်၊ မင်းတိုင်ပင်အမတ်တို့က တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူအား လျှောက်ထားကြခြင်းဖြစ်လေသည်။

**ပျက်စီးခြင်း ဆုတ်ယုတ်ခြင်းအစ သူခိုးမှုက**

ထိုသို့လျှောက်ထားသောအခါ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူက စကြဝတေးမင်းကျင့်ဝတ်များကို မေး၏။ အမှုဆောင်အမတ်-စသည်တို့ကလည်း စကြဝတေးမင်းကျင့်ဝတ်များကို ပြောပြ၏။ သို့သော်တိုင်းပြည်တွင် တရားနှင့် လျော်သော စောင့်ရှောက်မှု၊ ကာကွယ်မှု၊ လုံခြုံမှုကိုသာ စီရင်၏။

ပစ္စည်းဥစ္စာမရှိသူတို့အား အရင်းအနှီးကို ထုတ်၍မပေးတော့ပေ၊ ထိုသို့ အရင်းအနှီးထုတ်၍မပေးသောအခါတိုင်းပြည်၌ဆင်းရဲမွဲတေသူများ ပို၍များလာ၏၊ ဆင်းရဲသားလူတန်းစား ပွားများ၍ လာသောအခါ ၎င်းတို့အထဲမှ- ယောကျ်ားတယောက်သည် ပိုင်ရှင်မပေးသော သူတပါး ပစ္စည်းကိုခိုးယူမိ၏။

ထို့နောက် သူခိုးကို လက်ပူး လက်ကြပ် တွေ့၍ ဖမ်းဆီးကာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူထံအပ်နှံ၍ ခိုးမှုကျူးလွန်သူဖြစ်ကြောင်း လျှောက်ထားကြရာ- တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူက တရားခံခိုးသား ယောကျ်ားကို ဤသို့မေးမြန်းစိစစ်၏။

(မင်း) မောင်မင်း သူတပါးပစ္စည်းခိုးတယ်ဆိုတာ ဟုတ်သလား၊

( ခိုး ) ဟုတ်ပါတယ်မင်းမြတ်၊

(မင်း) ဘာ့ကြောင့်ခိုးရသလဲ၊

( ခိုး ) မင်းမြတ် အသက်မွေးဝမ်းကျောင်း မလုံလောက်လို့ပါ၊

(မင်း) မောင်မင်း ငါသည် အရင်းအနှီး ပစ္စည်းဥစ္စာများ ထုတ်ပေးလိုက်မည်၊ ၎င်းဥစ္စာများနှင့်မိမိကိုယ်တိုင်လဲ အသက်

မွေးမှုပြုပါ၊ မိဘများကိုလဲလုပ်ကျွေးပါ၊ သားမယား ကိုလဲစောင့်ရှောက်ပါ၊ ကုန်သွယ်လယ်လုပ်စသည့်အလုပ် အကိုင်တို့ကိုလဲ လုပ်ကိုင်ပါ။ ကောင်းရာမွန်ရာ ဘုံဌာန တွေကိုလဲ ရောက်စေနိုင်သောအလှူများကိုလည်း ရဟန်း သူမြတ်များအထံ၌ ပေးလှူပါ-ဟူ၍ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူက ပြောဆို ဆုံးမပြီး အရင်းအနှီးဥစ္စာကို ထုတ်၍ပေးလိုက်၏။

နောက်တဖန် တခြားယောကျာ်း တယောက်ကလည်း ရှေးနည်း အတိုင်း ခိုးမှုကိုကျူးလွန်ပြန်၏။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူကလဲ ရှေးနည်းအတိုင်း အရင်းအနှီး ထုတ်ပေးကာ ဆုံးမပြီးလွှတ်လိုက်ပြန်၏။

**အခွင့်အရေးယူကြ၍ ပြစ်ဒဏ်ထားရခြင်း**

ထိုသို့ မင်းက သူခိုးများကိုသူတပါးပစ္စည်းခိုးယူပါလျက် အရင်း အနှီးကုန်ရင်း ဥစ္စာ ထုတ်ပေးသည်ကို တိုင်းသူပြည်သားတို့ တဆင့်စကား တဆင့်နားဖြင့် ကြားကြသောအခါ တချို့လူများသည် ဤသို့ အကြံ အစည် ဖြစ်ပေါ်၍လာကြ၏။

(အချင်းတို့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူက သူတပါးပစ္စည်း ခိုးတဲ့သူကို ကုန်ရင်းဥစ္စာထုတ်ပေးသည်တဲ့၊ ငါတို့လည်း သူတပါးပစ္စည်း မတရားခိုးယူရလျှင် ကောင်းလေစွ)

ဤ၌ တိုင်းပြည်အုပ်ချုပ်သူများနှင့်ပြည်သူပြည်သားတို့၏ သဘာဝ ကို အနည်းငယ်ပြဦးအံ့။

မင်းလုပ်သူက သူတပါးပစ္စည်း ခိုးယူခြင်းကို မကောင်းသော ဒုစရိုက်အဖြစ် သတ်မှတ်ကာ မလုပ်စေလို၍ ကုန်ရင်းဥစ္စာ ထုတ်ပေးခြင်း ဖြစ်သော်လည်း တိုင်းသူပြည်သားတို့က ရှေးနည်းအတိုင်း အခွင့်အရေးကို မတရား အလွဲသုံးစား လုပ်ချင်သည့်စိတ်ဓာတ် ရစ်ပတ်၍ လာသည်ကို တွေ့ရမည်။ ဆက်ဦးအံ့-ဤအကြောင်းများသည် မိမိတို့ တိုင်းပြည်နှင့်သာ သက်ဆိုင်သည်မဟုတ်၊ အခြားတိုင်းကြီးပြည်ငယ်အသွယ်သွယ်တို့နှင့်လည်း ဆက်စပ်လျက်ရှိ၏၊ သို့သော် သူတို့အရေး ဘေးဖယ်ထား၍ မိမိတို့ တိုင်းပြည်၏ အခြေအနေကိုတစေ့တစောင်း ငဲ့စောင်း၍ကြည့်ရှုဦးအံ့။

အုပ်ချုပ်သူ ပုဂ္ဂိုလ်တို့က မည်သည့်အခါ၌ အုပ်ချုပ် အုပ်ချုပ် စည်းကမ်းရှိဘို့၊ ညီညွတ်ဘို့၊ အလုပ်လုပ်ဘို့ အမြဲပင် တိုက်တွန်းလျက် ရှိနေ၏။ သို့သော် တချို့သော ပုဂ္ဂိုလ်တို့သည် လစ်လျှင် လစ်သလို ချောင်လျှင် ချောင်သလို အခွင့်အရေးယူတတ်ကြ၏၊ ခါးပိုက်နှိုက်ခြင်း၊ ပစ္စည်းခိုးခြင်း၊ အလစ်သုတ်ခြင်း အမှုများကို ကျူးလွန်၍ အထပ်ထပ် ပြန်လည်အမိခံရသောသူများမှာလည်း မနည်းတော့ပေ။

တချို့ကလေးများသည် ကျောင်းမနေနိုင်ကြ၍ ပညာမတတ်၊ အနည်းငယ် စာတတ်သော်လည်း ကျောင်းဆက်မနေနိုင်ကြ၍ မိမိ၏ အသက်မွေးဝမ်းကျောင်းမှုကို မြေပဲဆားလှော်၊ စီးကရက်၊ နို့အေး ချောင်းစသော ခမ္မိယလဒ္ဒ သမ္မာအာဇီဝဖြင့် ကလေးငယ်များသည် အသက်မွေးဝမ်းကျောင်းပြုနိုင်ကြသော်လည်း—

ပညာတတ်ပြီး အသိဉာဏ်ကြီးလှပါသည်ဆိုသော တချို့ပုဂ္ဂိုလ် တို့သည် ပေးထားသည့် လခလေးက မစားလောက်ပါဘူး–ဟူသော ဆင်ခြေဖြင့် ပြည်သူပိုင်ပစ္စည်းများကို ခိုး၍တမျိုး ဝှက်၍တသွယ်အမျိုးမျိုး သယ်နေကြ၏၊ ရှားပါးစရိတ်ထုတ်ပေးသည်ကို ရုပ်ရှင်ကြည့်ခြင်း၊ အရက် သောက်ခြင်း၊ လောင်းကစားခြင်းအမှုများ ပြုကြ၏။

ဝိဿဂန္ဓ- ဆိုသော ပါဠိစကားလုံးရှိ၏၊ ပုပ်သိုးသော အနံ့ဟု အဓိပ္ပါယ်ထွက်၏၊ ၎င်း ဝိဿဂန္ဓများမှာလည်း တခြားနေရာကို အသာ ထား၊ ဆေးရုံဂိတ်ဝစောင့်သည့် ဒရဝမ်ကပင် ငွေစမပြယင် တံခါးဝမဖွင့် ချင်ဖြစ်နေ၏၊ တခါတရံ ငွေမရနိုင်သည့် ဘုန်းကြီး၊ ကိုရင်များကိုပင် ဟောက်ချင် ဟောက်ပစ်လိုက်သေး၏။

ဝံသာနုရက္ခိတစိတ်ဓာတ်ကိုလည်း ကြည့်ဦး–စေတနာရှင်များက ခန္ဓာကိုယ် အသက်နှင့်ရင်းပြီး လှူထားသောသွေးများကို လူနာတွေကို တချို့ရောင်းစားကြ၏၊ မီးဘေးဖြစ်ဖြစ်၊ ရေဘေးဖြစ်ဖြစ်၊ လေဘေး ဖြစ်ဖြစ်ကြုံတွေ့လိုက်ပြီဆိုလျှင် ဒုက္ခရောက်သူတို့မှာ အရှုံးပမာ ဒုက္ခတွေ ပင်လယ်ဝေနေရ ရှာသည့်အထဲ- " တောမီးလောင် - တောကြောင် လက်ခမောင်းခတ်" ဟူသကဲ့သို့ ပစ္စည်းများကို အလစ်သုတ်၏၊ လူကို နှိပ်စက်၏၊ တခါတရံ မီးကွင်းပင်ပစ်တင်လိုက်သေး၏၊ ရထားစီးခရီး

သည်ကို တံခါးဝက ဓားနှင့် မျက်နှာကိုလှီး၏၊ တထွာလောက်သာရှိသည့် မသွားမဖြစ်သည့် ခရီးကို မတန်တဆတန်ဘိုးတင်၍ တောင်းကြ၏၊ သဘော်-သမ္ဗန် တခါတရံနစ်လျှင်လည်း တချို့လူယုတ်မာများသည် ဆယ်ရန်အနေသာ ပစ္စည်းယူပြီး တက်စောင်းနှင့် ခုတ်သတ်ပစ်ခဲ့သေး၏။

တခါတရံ အဆင်မပြေ၍ လူမှုရေး စီးပွါးရေး အောက်ကျနေသူများရှိလျှင်လည်း စွမ်းအားတတ်နိုင်သလောက် ကူညီရန်အနေသာ ရှုတ်ချ၍တမျိုး ဝိုင်းပယ်၍တခါ ရှုတ်ချမှုကိုသာပြုတတ်ကြ၏။

မိမိတို့စိတ်၌ ငွေကြေးဓနနှင့် ရုပ်ရည်ရူပကာယ စသောအကြောင်းများ အဆင်ပြေမှု စွဲလမ်းမှုရှိလာလျှင် မိဘတို့၏ အမျိုးအစဉ်အဆက်ကို စောင့်ရှောက်မှုမရှိတော့ပဲ တမျက်နှာတရွာထင်ကာ လူမျိုးခြားဘာသာခြားများ နောက်သို့ လိုက်ကြ၏၊ ဤမျှဆိုလျှင် မပြောသေးပါ။

၎င်းလူမျိုးခြား ဘာသာခြားများ၏ အခြေအနေကို အထင်ကြီးမာနရောက်ပြီး မိမိတို့ ဆွေမျိုးသားချင်းတို့သာမက လူမျိုး၊ ဘာသာ၊ သာသနာတို့ကိုပါ တခါတရံ မထီမဲ့မြင် ရှုတ်ချချင်ကြ၏။

တိုင်းပြည်က ဘဏ္ဍာနှင့် ပညာသင်ခိုင်း လိုက်ပြန်လျှင်လည်း တတိုင်းတပြည်ကို အထင်ကြီးပြီး မိမိတို့၏ အောက်ကျနေသောတိုင်းပြည်ကို မပြန်ချင် ဆွေကွဲမျိုးကွဲ နေလည်းနေနိုင်ကြ၏။

စည်းလုံးညီညွတ်ရေးကို ကြည့်ဦး—

တိုင်းပြည်တွင် လူတော် လူတတ်ကလေးများ ပေါ်လာလျှင်-ဝိုင်း၍ ဖေးမ ကူညီရန်အနေသာ ဇိချင်နှိပ်ချင်ကြ၏။ ဖျက်လို ဖျက်ဆီးလုပ်လိုကြ၏။

ကုန်းဘောင်မင်းဆက် မင်းတုန်းမင်းကြီးလက်ထက်က ကနောင်မင်းသားကြီးဆိုလျှင် အမြော်အမြင် ဗဟုသုတအင်မတန် ကြွယ်ဝလှ၏၊ တိုင်းပြည်ကို ခေတ်မှီအောင် အမျိုးမျိုးသယ်ဆောင် ထမ်းပိုးနေဆဲလုပ်ကြံခဲ့ရ၏။

ဗိုလ်ချုပ်အောင်ဆန်းတို့ကို ကြည့်ဦး၊ တိုင်းပြည်အတွက် မည်မျှ အလုပ်လုပ်သည်ကို ပြောစရာမလို၊ သို့သော်-အမြော်အမြင်မဲ့စွာ လုပ်ကြံ သတ်ဖြတ်ပြန်၏၊ ဤကား တိုင်းပြည်နှင့်ဆိုင်၍ ထားဦး၊ မြို့နယ်ရပ်ကွက် များ၌လည်း လူမှုဝန်ထမ်းစိတ်ဓာတ်အပြည့်ရှိသော ပုဂ္ဂိုလ်များရှိတတ်၏၊ ၎င်းပုဂ္ဂိုလ်တို့ ရပ်ရေးရွာရေး ဆောင်ရွက်ပြီဆိုလျှင်—

ဘေးက မိမိတို့သာမလုပ်ချင်ရှိမည်- ဟိုပြော ဒီပြော-ဝေဘန်ပြီး လေကန်ရမည်ဆိုလျှင် ဆိပ်ချေးတုံးပစ်သွင်းရလောက်သည့် ပုဏ္ဏားအတိုင်း ပင် ဖြစ်၏။

ထိုလူစားမျိုးတို့ ရှိနေသောအခါ တချို့ ပရဟိတစိတ်ဓာတ်ရှိ နေသူများပင် မလုပ်ချင်မကိုင်ချင်ကြတော့ပဲ တိုင်းပြည်မှာ တိုးတက်သင့် သလောက် မတိုးတက်သည့်အဖြစ်မျိုး ရောက်ရရှာတော့သည်။

တခါ မိမိတို့ အမျိုးသား အမျိုးသမီးငယ်များကို တခြား အဖွဲ့အမဲတို့ကရန်စ နှောင့်ယှက်ကြလျှင် ၎င်းရန်စသူများဘက်က အရော ဝင်ကာ မြှောက်ပင့်ပေးသေး၏။

တခါက မျက်နှာမဲတယောက် မိမိနှင့် တခြားခရီးသွားများပါ လျက် ဘောတံတားပေါ်ကလူကာသော သွပ်ကြိုးတန်းများကို လက်နှင့် ဆွဲဖျက်နေ၏။

မျက်နှာထားတင်းတင်းနှင့် သူကဗျောင်ပင် အရေးမစိုက်သည့် သဘောဖြင့် လုပ်နေ၏၊ သို့သော် ဘေးက မြန်မာလူမျိုး ကြီးသူ-ငယ်သူ တို့မှာ ဒီအတိုင်းသာ လက်ပိုက်ကြည့်နေရရှာ၏။

**စည်းကမ်းနှင့်နိုင်ငံကြီးသားစိတ်ဓာတ်ကိုလည်းကြည့်ဦး**

တိုင်းပြည်တွင် ဘာဖြစ်ဖြစ် ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ် စေ (ရာဇာပဓာနံ ရာဇာပဓာနံ မင်းသာအဓိက မင်းသာအဓိက)

ဟူသောစကားကို တွင်တွင်သုံးနေကြ၏၊ မဟုတ်ဘူးလား-ဆိုလျှင် ဟုတ်သင့်သလောက်ဟုတ်၏၊ မိမိတို့ တိုင်းပြည်ကို ဦးဆောင်နေသူများ က လိုက်လျောညီထွေ ရှိမည်ထင်သော ဝါဒလမ်းစဉ်ကို ထူထောင်၍

လျော့ကျနေသောကြောင့် တိုင်းပြည်၏တိုးတက်ရေးသည် အုပ်ချုပ်သူတို့ လက်ထဲ၌ ထိုက်သင့်သလောက်ရှိနေ၏။

သို့သော် အုပ်ချုပ်သူသည် စီမံဖန်တီးသူဖြစ်၍ ပြည်သူများသည် ဂုဏ်းဖန်တီးမှုကို အုပ်ချုပ်သူတို့အလိုအတိုင်း လုပ်၍ပေးရ၏၊ ထိုအုပ်ချုပ်သူတို့ ဖန်တီးစီမံသည့်အတိုင်း လိုက်၍လုပ်ပေးလို့မှ မတိုးတက်လျှင် အုပ်ချုပ်သူတို့ ချွတ်ယွင်းမှုဟူ၍ မြင်နိုင်၏။

သို့ဆိုလျှင် (ရာဇာပဓာနံ-မင်းသာအဓိက) ဟူသော စကားနောက်၌—

(ဤသာရိယာနုဝတ္တကော လောကော-တိုင်းသူပြည်သား တို့သည် အစိုးရအုပ်ချုပ်သူတို့၏ အလိုသို့လိုက်ကြသည်) ဟူသော (သီလက္ခန် အဋ္ဌကထာ)စကားကို ဒွန်တွဲ၍ သုံးသော် ရှေ့နောက် လိုက်လျောညီထွေရှိပေလိမ့်မည်။

တံတွေးမထွေးရဆိုသောနေရာ၌ ပက်ကနဲထွေး၏၊ အမှိုက်မပစ်ရဆိုသောနေရာ၌ ပက်ကနဲပစ်၏၊ ဆေးလိပ်မသောက်ရ-ဆိုသော နေရာ၌ ထောင်းကနဲ ထောင်းကနဲ ဖွာ၏၊ ပြည်သူပိုင်ပစ္စည်းများကို မဖျက်ဆီးပါနှင့်ဆိုက မီးလုံးကို လေးခွနှင့် ပစ်၏၊ ထိုင်ခုံဆိုဖာကို ဓားနှင့်ခွဲ၏၊ ရထားလမ်းကို အသက်ပေါင်းများစွာ သေနိုင်သောရထားစီးခရီးသည်တို့ရှိပါလျက် မူလီတွေဖြုတ်ထား၏၊ ကြေးနန်းကြိုးများကို ခိုး၏။

ခလေးကျန်းမာရေး ပညာပေးဟောပြောပွဲရှိလျှင် မိခင်တို့မှာ အခန်းအောင်း၏၊ တိုးတက်ရာတိုးတက်ကြောင်း ဗဟုသုတ ရစေမည့် စာအုပ်များကို မဖတ်ပဲ ကာတွန်းဝတ္ထုလောက်သာ အချိန်ကုန်ကြ၏။

နှိမ့်နှိမ့်ချချနေကြရန် ပြောကြသော်လည်း တခြား ပညာ၊ နေရပ်ရည်တို့သာခြင်းကြောင့် မာနရောက်ခြင်း စသည်တို့ကိုထားဦး၊ အများပိုင်ကားပေါ် တက်စီးသည်၌ပင် မျက်နှာက မာနဝင်လာချင်၏။

ဤမျှလောက်ဆို ပေါ်လွင်လှပါပြီ- သို့ကြောင့် (ရာဇာပဓာန) ချည်း ပြီးသည်မဟုတ် (ဤသာရိယာနုဝတ္တကော လောကော) လည်း တိုင်းပြည်တိုးတက်ရေး၌ အဓိကကျလှကြောင်း သိနိုင်ကြမည်။

ယခုအကြောင်းအရာများကို တင်ပြရခြင်းသည် မည်သူ့ကိုမှ ထိခိုက်စေလိုသော သဘောမရှိ၊ တိုင်းပြည်တွင် မဖြစ်သင့်သောအရာများ မဖြစ်မှသာ မိမိတို့ တိုင်းပြည်သည် ပြည်ကြီးသားစိတ်ဓာတ်များ တိုးပွား၍ တိုးတက်ကြီးပွားမည်မဟုတ်လော၊ ကာယသုခ စိတ္တသုခတို့ ဖြစ်ကြမည်မဟုတ်လော။

မိမိရေးသည်မှာ ဇာတ်ကြောင်းအားလျော်စွာ အခွင့်ရ၍ တင်ပြလိုက်ခြင်း ဖြစ်၏၊ အုပ်ချုပ်သူများ၏ ဩဝါဒများကို ကြည့်ရှုက မိမိ၏ ရေးသားချက်များသည် မစုံလှသေးဟူ၍ပင် ထင်ချင်ထင်ကြပေမည်။

ဆားအိုးကြီးအတွင်းသို့ လက်နှိုက်လိုက်လျှင် အံနှာမရှိသူများ ဘာမျှ မဖြစ်သလို မပြောပလောက်သော ပုဂ္ဂိုလ်တို့ကို အပထား၍-ကျန်သောပုဂ္ဂိုလ်များ ဘာမျှဖြစ်မည်မဟုတ်ပါပေ။ သို့သော် တယောက်ကစ တရာမို့ တရာမရောက်ခင် တယောက်ကို အရင်သန့်စင်ပစ်မှ အများစိတ်ချမ်းသာရာ ရမည်မဟုတ်လော။

ထို့ကြောင့် အခွင့်အရေးဟူသည်မှာ တရားအားလျော်သောယူခြင် မျိုးဖြစ်ကြပါလေ။

**အကုသိုလ်ဖြစ်မှုများ စိစစ်ချက်**

ထိုသို့အခွင့်အရေးယူချင်သော အကြံအစည်များ ဖြစ်ပေါ်လာကြပြီးနောက် တယောက်သောသူသည် သူတပါးမပေးသောပစ္စည်းဥစ္စာကို ခိုးယူပြန်၏။ ထိုသူကို ဖမ်းဆီးပြီး မင်းထံသို့ပို့ဆောင်သောအခါ-

မင်းက ရှေးနည်းအတိုင်း မေးမြန်းစိစစ်ပြန်၏၊ သူခိုးလုပ်သူကလည်း အသက်မွေးဝမ်းကျောင်း မလုံလောက်သောကြောင့် ခိုးယူရပါသည်-ဟု ပြန်၍လျှောက်၏။

ထိုအခါ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူ၌ ဤသို့သော အကြံအစည်ဖြစ်ပေါ်၍ လာရသည်။

(သူတပါးတို့ မပေးသောဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူသောသူအား အကယ်၍ ငါသည် ဥစ္စာကိုပေးအံ့၊ ဤသို့ပေးနေခဲ့လျှင် သူခိုးမှုများ မကြာခဏဖြစ်ကာ တိုးပွားလာလတံ့၊ ငါသည် ဤခိုးသူယောကျ်ား

ကို ကောင်းစွာနှိပ်ကွပ်ရမှု ကောင်းလေစွ၊ ခိုးမှုအမြစ်ပြတ်အောင်ပြုရမှု ကောင်းလေစွ၊ ဦးခေါင်းကိုဖြတ်ရမှု ကောင်းလေစွ)

ထိုသို့အကြံဖြစ်ပြီးသည့်နောက် တိုင်းပြည်အုပ်ချုပ်မင်းလုပ်သော သူသည် မင်းချင်းယောကျ်ားတို့ကို ဤသို့ အမိန့်ပေး၏။

အချင်းတို့ သို့ဖြစ်လျှင် ခိုးသူယောကျ်ားကို မြဲမြံခိုင်ခံ့သော ကြိုးများဖြင့် လက်ပြန်ကြိုး တုတ်နှောင်လျက် ခေါင်းတုံးရိပ်ပြီးလျှင် (အောံသံမကြားရရန်) အသံပြင်းသော စည်ကိုတီးခတ်လျက် ခေါ်ဆောင်သွားပြီး မြို့၏တောင်ဘက်၌ နှိပ်ကွပ်ပါလော့။)

မင်းချင်းယောကျ်ားတို့လည်း "ကောင်းပါပြီ"ဟု လျှောက်ထားပြီး ခိုးသူကို ခေါ်ဆောင်၍သွားကာ ဦးခေါင်းကို ဖြတ်လိုက်ကြတော့သည်။

အဒိန္နာဒါန အမှုသည် မည်သည့်အတိုင်းအတာအထိ အကျိုးပေးသည်ကိုသိရန် ဤ၌ အဒိန္နာဒါနအကြောင်းကို သိထားသင့်၍ ပြဦးအံ့။

အဒိန္နဿ၊ မပေးအပ်သောဥစ္စာကို။ အာဒါနံ၊ ယူခြင်းပယောဂသည် (ဝါ) ခိုးကြောင်း စေတနာသည်။ အဒိန္နာဒါနံ၊ အဒိန္နာဒါန မည်၏။

ပိုင်ရှင်ဖြစ်သူဘို့က ကိုယ်လက်နှုတ်တို့ဖြင့် ကမ်း၍ဖြစ်စေ၊ စာရေးသား၍ဖြစ်စေ ပေးခြင်းလည်း မဟုတ်ပဲ ယူသောအခါမှာလည်း အကျွမ်းဝင်၍ယူခြင်း ခေတ္တခဏငှါးရမ်းခြင်းမျိုး မဟုတ်ပဲ သူတပါးပိုင်သော ပစ္စည်းဥစ္စာမနင္ငွေကြေးတို့ကို-

လျှို့ဝှက်၍ရင်း၊ အနိုင်အထက် လုယက်၍ရင်း၊ ကြံစည်၍ရင်း၊ မြက်သစ်ရွက်စသည် ဖုံးလွှမ်း၍ရင်း၊ ကမ္ဗည်းမဲတန် ပြောင်းလွှဲ၍ရင်း၊ ကိုယ်တိုင်ရင်း၊ သူတပါးတို့ကို စေခိုင်း၍ရင်း၊ အခွန်ကောက်ရာ နယ်နိမိတ်မှ လွတ်အောင် ရှောင်ကွင်း၍ရင်း-ခိုးခြင်းစသော ခိုးခြင်း ၂၅-မျိုးတွင် တမျိုးမျိုးဖြင့် ခိုးခြင်းကို အဒိန္နာဒါန-ဟု ခေါ်၏။

(ကူဋမာန ကူဋကဟာပဏာဒီဟိ ဝဥ္စေတွာ ဂဏှာတိ)ချိန်ခွင်စဉ်းလဲ၊ တင်း စဉ်းလဲ အသပြာစဉ်းလဲ စသည်တို့ကို ပြုလုပ်၍ လှည့်ပတ်ကာ ယူ၏-ဟူသည်နှင့်အညီ-
ခိုးပုံခိုးနည်းကလည်း အမျိုးမျိုးရှိ၏။

ရှေးခေတ်က ဆီ, ထောပတ် စသည်တို့ထည့်သော အိုးခွက်တွင်း သို့ ဖိနပ်စသည့် ဆီကိုစုပ်တတ်သော အရာဝတ္ထုများ ပစ်သွင်းပြီးခိုး ခြင်း၊ အလေးချိန်ခွင်တို့ဖြင့်လှည့်ပတ်ခြင်း၊ ရွှေနှင့်ကြေးကို အတုပြု၍ လှည့်ပတ်ကာ ခိုးယူခြင်း စသည်တို့လောက်သာတွေ့ရ၏။

ယခုခေတ် အဒိန္နာဒါနတို့ကား ကြောက်ခမန်းလိလိပင် ဖြစ် နေ၏။ မျက်မှန်၊ နာရီ၊ ငွေ-စသည်တို့ကို ခါးပိုက်နှိုက်မှု၊ ဆေးကိုအတု ပြု၍ရောင်းမှု၊ စားသောက်ဖွယ်ရာ အဖြာဖြာတို့၌ လက်ဖက်ခြောက်ထဲ တမာရွက်စသည် ရောသကဲ့သို့ အတုပေါင်းစုံလုပ်ကာ ရောစပ်မှု၊ အလေး ခိုးမှု၊ ပစ္စည်းအတုပြုလုပ်မှု၊ အခွန်ငွေရှောင်လွှဲမှု၊ တေးကဗျာလင်္ကာ စာသားခိုးမှု၊ မည်သူနှင့် အသိပါဟုပြောပြီး ပစ္စည်းဥစ္စာ ယူသွားမှု၊ အမျိုးမျိုးသော အနိုင်အထက်ပြု၍ လုယက်, ယူငင်မှု၊ တံစိုးလက် ဆောင်လာဘ်စား၍ယူငင်မှု၊ အရေခြုံ၍လိမ်လည်မှု-စသည်တို့မှာ ပစ္စည်း နှင့်စပ်၍ ပစ္စည်းပိုင်ရှင်သဘောမတူပါက အားလုံးအဒိန္နာဒါန-ဟူ၍ ချည်း မှတ်ပါလေ။

## အဒိန္နာဒါနအပြစ်

မိမိသည် ၎င်းပစ္စည်းကို ယူချင်သကဲ့သို့ ပိုင်ရှင်ဖြစ်သူမှာလည်း မည်မျှလိုချင်ရှာမည်နည်း၊ ထို့ကြောင့် သူတပါးတို့ပစ္စည်းဥစ္စာကို ခိုးယူ မိသူတို့မှာ လောကအပြစ်များသာမက နောင်သံသရာ အဆက်ဆက် တွင်လည်း အပါယ်သို့ကျရသည်ဟု ဆို၏။

ရှေးက တရားသူကြီးတဦး လာဘ်ယူပြီး တရားဆုံးဖြတ်သော ကြောင့် သေသောအခါ မိမိ၏လိင်ဥတို့ကိုထမ်းပိုး၍၎င်း၊ ဖိ၍၎င်းပြိတ္တာ ဘဝနှင့် ခံစားရသည်ဟု ဆို၏။

ဘုသပေတဝတ္ထု၌လည်း-

စပါးမှော် စပါးအဖျင်းတို့ကို မြေနီဆိုး၍ သလေးစပါးအနံ့နှင့် ရောစပ်၍ ရောင်းသောစပါးပွဲစားကုန်သည် မိသားစုမှာ သေတဲ့အခါ ပြိတ္တာဖြစ်ရသည်ကို တွေ့ရ၏။

ဂုင်းပေတဝတ္ထု မျှားမှာပင်-အများပြည်သူပိုင် ဘုံငွေကို စားသောက်ပစ်ပြီး လူထုကိုလိမ်လည်ခဲ့သောသူတို့မှာ ငရဲသို့ရောက်ရသည်ကို တွေ့ရ၏။

ထိုသို့ ငရဲခံစားရပြီးနောက်လွတ်လာပြန်လျှင် ဂုင်းပစ္စည်းခိုးသူမှာ ဆင်းရဲမွဲတေတတ်သည်ဟု ဆို၏။

**သူခိုးကို လူနတ်လက်မခံ**

ပုစိမန္ဒဇာတ်-၌

တမာပင်စောင့်နတ်က သူ၏အပင်အောက်၌လာ၍ အိပ်နေသော သူခိုးကိုနှင်ထုတ်ပစ်သည်ကိုလည်း တွေ့ရ၏။

မှန်၏၊ နတ်သာမဟုတ် သူခိုးဆိုလျှင် ဘယ်သူကမှ လက်သင့်မခံချင်၊ အမြဲပင်သတိနှင့် နေကြသည်မဟုတ်လော၊ မယုံသင်္ကာသော မျက်လုံးများဖြင့်ဂုင်း လက်နက်စသည်တို့ဖြင့် စောင့်ကြပ်၍ဂုင်း ကြည့်ရှုနေကြရာ ပစ္စည်းခိုးသူကို မည်သူကမှ ချစ်လိမ့်မည် မဟုတ်ပါပေ၊ ထို့ကြောင့် တဦးပိုင်ဖြစ်စေ၊ အများဆိုင်ဖြစ်စေ-ခွင့်ပြုချက် မရလျှင် ကိုင်၍ပင် မကြည့်ပါနှင့်။

**အဒိန္နာဒါနကြောင့်-ပါဏာတိပါတဖြစ်ပုံ**

ထိုသို့ အဒိန္နာဒါနအမှုကျူးလွန်သူကို သတ်ဖြတ်သည်ဟု ကြားသောအခါ-တချို့လူတို့က ဤသို့ အကြံဖြစ်ပြန်၏။

(အချင်းတို့ သူတပါးပစ္စည်း ခိုးသောသူကို အပြီးတိုင် နှိပ်၏၊ ဦးခေါင်းကိုဖြတ်၏ဟု ကြားရ၏၊ ငါတို့သည်လည်း သူတပါးပစ္စည်းခိုးသောသူတွေကို သတ်ကုန်အံ့။)

ဟူ၍ အကြံအစည်ဖြစ်ပေါ်ကြကာ လက်နက်များ ပြုလုပ်ကြပြီးနောက် သူခိုးများကို သတ်ဖြတ်ကြလေတော့သည်။ ထို့ကြောင့် ပစ္စည်းဉစ္စာမရှိသူတို့အား ပစ္စည်းဉစ္စာမပေးရာက ဆင်းရဲသူများများ

လာ၏၊ ဆင်းရဲသူများ များရာက ခိုးယူမှုများလာ၏၊ သူခိုးမှုများလာသောအခါ လက်နက်များ များပြားလာ၏၊ လက်နက်များများလာသောအခါ သူတပါးအသက်သတ်မှု ပါဏာတိပါတအမှုများ ပွားများလာတော့သည်။

ထိုအခါ အနှစ်ရှစ်သောင်း အသက်ရှည်ကြကုန်သော သူတို့မှာ အသက်ခေါက်ချိုးကျ၍ အနှစ်လေးသောင်းသာ အသက်ရှည်တော့သည်-ဟုဆို၏။

ထို့ကြောင့် အသက်တိုစေသော ပါဏာတိပါတ အကြောင်းကို အနည်းငယ်စိစစ်ကြဦးအံ့-

ယနေ့ကမ္ဘာကြီး၌ လောဘ၊ ဒေါသ၊ မောဟတွေ ဆူဖြိုးဝေလျက်ရှိနေပေရာ-အဏုမြူ ညှုကလီးယားစသော လက်နက်ဆန်းများ၏ ခြိမ်းခြောက်မှုကို ကမ္ဘာကြီးသည်ခံစားနေရပေပြီ၊ ထိုခံစားနေရမှုကို မိမိတို့ကိုယ်တိုင်ကြုံတွေ့နိုင်မည်လားဟူ၍ သံသယဝင်နေကြရသည်မဟုတ်လော။

**သာကီဝင်ဘုရားအနွယ် မျိုးပြုတ်ရသည့်ကိန်း**

ဝိဋ္ဋူဘမင်းကား ကျွန်မ၏သားဖြစ်၏။တနေ့ သာကီဝင်မင်းမျိုးမင်းနွယ်တို့စံရာဌာနီ ကပိလဝတ်ပြည်သို့ ချစ်ကြည်ရေးခရီးအဖြစ်စစ်သည်ဗိုလ်ပါဖြင့် ချီတက်ပြီး သုံးရက်မျှကြာသောအခါ ကပိလဝတ်ပြည်က ပြန်၍ထွက်ခဲ့၏။

ထိုဝိဋ္ဋူဘမင်းတို့ ပြန်၍ထွက်သွားသောအခါ ၎င်းထိုင်သည့်နေရာကို ကျွန်မတယောက်က—

(ဤနေရာကား ဝါသဘခတ္တိယာကျွန်မ၏သား ဝိဋ္ဋူဘ၏နေရာတည်း)ဟုပြောဆိုကာ နွားနို့ဖြင့် ဆေးကြောပစ်၏။

ထိုအချိန်တွင် ဝိဋ္ဋူဘမင်း၏ မင်းချင်းယောကျ်ားတယောက်မှာ လက်နက်ကျန်ရစ်ခဲ့၍ ပြန်အယူ ထိုစကားကို ကြားသောအခါ ဝိဋ္ဋူဘအား လျှောက်ရာမှ ဝိဋ္ဋူဘသည် သာကီဝင်တို့အပေါ်၌ မကြေမချမ်းဖြစ်၍ ရန်ငြိုးဖွဲ့တော့၏။

ရန်ငြိုးဖွဲ့သည့် အတိုင်း "သာကီဝင်အားလုံးကို သတ်ပစ်မယ်" ဟူသော အကြံအစည်ဖြင့် စစ်သည်ဗိုလ်ပါ များစွာတို့ကို ခေါ်ယူကာ သာဝတ္ထိပြည်မှ ထွက်တော့သည်။

**ဘုရားရှင်အမျိုးကိုစောင့်ရှောက်ပုံ**

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်မှာလည်း ဆွေတော်မျိုးတော်တို့၏ ပျက်စီးရတော့မည့်ကိန်းကို မြင်သောအခါ ကပိလဝတ်ပြည်နယ်စပ်သို့ ကြွတော်မူ၍ ကပိလဝတ်ပြည်၏ နယ်စပ် အနီးအရိပ်ကျဲသော နေမလုံသောသစ်ပင်ရင်းတခု၌ သီတင်းသုံးတော်မူ၏။

ထိုအခါ ဝိဋဋူဘမင်းမှာလည်း နယ်စပ်၏ ထူထဲ၍ နေပျောက်မထိုးသောသစ်ပင်အောက်၌ရောက်နေရာ မြတ်စွာဘုရားသခင်အား ဤသို့လျှောက်၏။

(ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား ပူပြင်းလှသည့် အခါမျိုးမှာ အဘယ်ကြောင့် အရိပ်ကျဲသော သစ်ပင်အောက်၌ နေတော်မူရပါသနည်း၊ တပည့်တော်၏ နယ်စပ်ထဲ၌ရှိသော အရိပ်လုံသောသစ်ပင်အရိပ်၌ထိုင်တော်မူပါဘုရား)

ထိုအခါ မြတ်စွာဘုရား မိန့်ကြားချက်သည် မှတ်သားဘွယ်ရာကောင်းလှ၏။

(ရှိပါစေ မြတ်သောမင်းကြီး၊ ဆွေမျိုးတို့၏ အရိပ်မည်သည်အေးမြလှပါဘိ၏)

ထိုအခါ ဝိဋဋူဘမင်းနှင့်အပေါင်းပါတို့မှာ—

(မြတ်စွာဘုရားဟာ ဆွေတော်မျိုးတော်တို့ကို စောင့်ရှောက်ရန်ကြွလာတော်မူခြင်း ဖြစ်လိမ့်မည်)ဟူ၍ ကြံစည်အောက်မေ့ကာ ဦးချ၍ပြန်သွားကြလေသည်။ မြတ်စွာဘုရားသခင်လည်း ဇေတဝန်ကျောင်းတော်သို့ ပြန်၍ကြွတော်မူ၏။

မကြာခင်၊ ဝိဋဋူဘမင်းသည် သာကီဝင်တို့မိမိအပေါ်ပြုခဲ့သောအပြစ်ကိုအမှတ်ရပြန်၍ ဒုတိယအကြိမ် တတိယအကြိမ်တိုင်အောင်ချီတက်ပြန်၏။

မြတ်စွာဘုရားသခင်လည်း ဒုတိယအကြိမ် တတိယအကြိမ် တိုင်အောင် စောင့်ရှောက်တော်မူ၏။ စတုတ္ထအကြိမ်မြောက် ဝိဋဋူဘမင်း ထွက်လာသောအခါ၌ကား သာကီဝင်တို့ရှေးကံဟောင်းတို့ကို မတားမြစ်နိုင်သောကြောင့် စတုတ္ထအကြိမ်မကြွတော့ချေ။

သာကီဝင်မင်းတို့မှာ လိမ်လည်ရိုး၊ သူတပါးတို့ကို သတ်ဖြတ်ရိုး ထုံးစံများ မရှိကြပေရာ ဝိဋ္ဋူဘမင်းသည် အချို့ ပရိယာယ်ဆင်၍ လွှတ်သောသာကီဝင်တို့မှတပါး နို့စို့သူငယ်ကလေးများသော်မှ အလွှတ် မပေးဘဲ သွေးချောင်းစီးသတ်ဖြတ်စေကာ လည်ချောင်းသွေးဖြင့် မိမိ နေရာ ပျဉ်ချပ်ကိုဆေးကြော၍ ရန်တုံ့ပြန်လေသည်။

ထို သာကီဝင်မင်းတို့ မျိုးပြုတ်၍ မကြာမီပင် ဝိဋ္ဋူဘမင်းနှင့် အပေါင်းပါတို့မှာလည်း အစိရဝတီမြစ်ကမ်း၌ စစ်ပမ်း၍ အိပ်နေကြရာ မိုးကျချောင်းရေ ကြီးမားစွာတက်လာ၍ အားလုံး ပင်လယ်တွင်းသို့ မျောပါကြကာ အသက်ကုန်ကြပြန်သည်။

၎င်းသာကီဝင်တို့ပျက်ရသည့်ကိန်းကား တခြားမဟုတ်၊ အတိတ် ကာလက မြစ်တခုအတွင်းဝယ် အဆိပ်ရေများ လောင်းမိသည့် အတွက် သတ္တဝါများ သေကြခဲ့ရဘူးသောကြောင့် အားလုံး ပျက်စီးကြရသည်ဟု ဆို၏။

ဝိဋ္ဋူဘတို့ကား လက်ငင်းအကျိုးပေးသွားသည်မှာ ထင်ရှားပြီ။

ပြခဲ့သည့် သာဓကများကို ကြည့်ရှုပါက နောက်နောက်ကံများ ဘယ်လိုနေမည်မသိကြသေး၊ စလုတ်တချက်ဖြုတ်ရုံနှင့် ဟီရိုရှီးမားပေါ် ကျသည့်ဗုံးထက် အဆတသန်းဓလောက်မကသော စွမ်းအင်များရှိနေပေရာ တပြုံလုံး မသာတွေဖြစ်ကုန်တော့မည်လား မပြောတတ်ပေ။

ယခုကာလများတွင် သတ္တဝါတွေကို သတ်နည်း အမျိုးမျိုးဖြင့် သတ်နေကြသကဲ့သို့ တခါတခါ သတ်လိုက်လျှင်လည်း သတ္တဝါတွေမှာ ကောင်ရေအမျိုးမျိုးနှင့် အရေအတွက်အများအပြားမှာ အစုလိုက် အပြုံ လိုက် သေနေကြရရှာသည်။

သူတို့လည်း ရှေးရှေးကအသက်ပေါင်းများစွာ သတ်ပြီးလို့ယခုလို ခံစား နေရရှာပါလား-ဟူ၍သာ သူတို့လိုမဖြစ်အောင် ဆောက်တည် နေထိုင်ကြဘို့သာရှိသည်။

သတ်သောအကြောင်း၏ လေးနက်ပုံကိုကြည့်ဦး၊ သူတပါးတို့ ကိုသာ ရေနွေးလောင်း၊ ဓားနှင့်ထိုး၊ ဖေါင်စီးဂဏန်းဆိုလျှင် ဒီအတိုင်း စုပြုံထည့်ပြီးအိုးကင်းပူတိုက်တတ်ကြသည်၊ မိမိတို့အသားကို ဆူးကလေး စူးဝင်သည်ကိုပင် မခံသာအောင် နာတတ်ကြလေသည်၊ ထို့ကြောင့်

ကိုယ်ချင်းစာစိတ်ထားကာနေကြပါလျှင် အသက်ရှည်ကြမည်သာမဟုတ် သေး၊ အစာရေစာလည်း 'သူ့အိုးနှင့် သူ့ဆန်' ပေါများလာလိမ့်မည် အမှန်သာ ဖြစ်သည်။

ပါဏာတိပါတ သဘောသွားကိုပြပြီး၍ ပါဏာတိပါတ လက္ခဏာ ကိုပြဦးအံ့။

ပါဏ-ဟူသည် သာမန်အသုံးအနှုန်းဖြင့် ပြောရလျှင် သက်ရှိသူ များကိုရ၍ ပရမတ်သဘောအားဖြင့် ဆိုလျှင် ရုပ်ဇီဝိတ-နာမ်ဇီဝိတကို ရသည်။

အတိပါတ-ဟူသည် လျင်စွာကျခြင်းကို ဟောသည်။ ပါဏာ- တိပါတ-ဟူသည် သေချိန်မတန်သေးပဲနှင့် မြန်မြန်သေအောင် တစုံတခု သော လက်နက်စသည်ဖြင့် လွှမ်းမိုးနှိပ်စက်၍ သတ်ခြင်းကိုခေါ်ဆိုသည်။

ပါဏာတိပါတအမှုကို ပြုရာ၌—

၁။ သတ္တဝါလည်းဖြစ်ခြင်း၊

၂။ သတ္တဝါဟူသော အမှတ်သညာလည်းရှိခြင်း၊

၃။ သတ်လိုသော စိတ်စေတနာရှိခြင်း။

၄။ သတ်ရန် လုံ့လတခုခုပြုခြင်း၊

၅။ လုံ့လကြောင့် သေခြင်း-ဟူသော အင်္ဂါငါးချက် ပြည့်စုံ လျှင် ပါဏာတိပါတကံမြောက်သည်ဟု မှတ်ပါလေ။

ရှေးအဒိန္နာဒါနတွင် ခိုးနည်းအမျိုးမျိုး ရှိသကဲ့သို့ ဤပါဏာတိ ပါတ၌လည်း သတ်နည်းအမျိုးမျိုး ရှိလေသည်။

၁။ မိမိကိုယ်တိုင် ဓားဖြင့်ခုတ် တုတ်ဖြင့်ရိုက်စသည်ဖြင့် ကိုယ်ထိ လက်ရောက်သတ်ပုတ်ခြင်း၊

၂။ တဦးတယောက်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာရေးသား၍ဖြစ်စေ၊ အရိပ်နိမိတ်ကိုပြ၍ဖြစ်စေ အသတ်ခိုင်းခြင်း၊

၃။ လေး-သေနတ် စသည်ဖြင့်ရင်း၊ မြားလှံ-စသည်ဖြင့်ရင်း ပစ်ခတ်၍ သတ်ဖြတ်ခြင်း၊

၄။ အမြဲထာဝရရှိသောလူသွားလမ်း၊ အိမ်-စသည်တို့၌တွင်းတူး ထားခြင်း၊ ချောင့်စသည်ကို စိုက်ထားခြင်း၊ ဓားလှံ သေနတ် လက်ပစ်ဗုံး

ချိန်ကိုက်ဖုံး-စသည်တို့ကို ထောင်ထားခြင်း စသည်တို့တွင် မည်သည့်ကိစ္စနှင့်ဖြစ်စေ သေခြင်း၊

၅။ အင်းချ၍သတ်ခြင်း: လက်ဖွဲ့လုပ်၍ သတ်ခြင်း စသော အတတ်ပညာတမျိုးမျိုးဖြင့် သတ်ခြင်း၊

၆။ တန်ခိုးဖြင့် စီမံဖန်တီး၍ သတ်ခြင်း-ဟူ၍ အမျိုးမျိုးရှိရာ မည်သည့်သတ်နည်းဖြင့်မဆို သေလျှင် ကံပြောက်သည်သာ ဖြစ်သည်။

**ပါဏာတိပါတအပြစ်**

ပါဏာတိပါတအမှုကို အပြုများသော သူတို့သည် လူမှန်းများစွာခံရခြင်း၊ ဘေးရန်များခြင်း၊ အသက်တိုခြင်း စသည်တို့သာ မကကြက်ဝက် တို့ကို အသတ်များသော အခါ ဒင်းစေတနာကြောင့် တပြည်းပြည်း ကြက်ရုပ် ဝက်ရုပ်ပေါက်လာသည်။

နွားကိုသတ်သူများမှာ သေခါနီးအခါမှာ တွေတွေဝေဝေဖြင့် နွားကဲ့သို့အော်ပြီး သေရသည်ဟု ဆို၏၊ တဖန် တံငါလုပ်ခြင်း၊ မုဆိုးလိုက်ခြင်းစသော ပါဏာတိပါတအမှုဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတို့မှာ ပစ္စည်းဥစ္စာ ကြာမြင့်စွာ ချမ်းသာကြွယ်ဝသောသူ မမြင်မတွေ့ရဘူးဟူ၍ မစ္ဆိမနွှသုတ်၌ ပြလေသည်။

ထိုသို့လောကအပြစ်အမျိုးမျိုးကို ခံစားရပြီး သေပြန်လျှင်လည်း အပါယ်သို့သာကျရပေဦးမည်၊ အပါယ်ကလွတ်ပြန်လျှင်လည်း အသက်တိုခြင်း ရောဂါများခြင်း ဘေးရန်များခြင်း စသည်တို့ကို ခံစားရပေဦးမည်။

ဤသို့ သူတပါးအသက်ကို ရှည်သင့်သည့် အတိုင်း အတာထိအောင်မရှည်ရသည့် အကြောင်းတရားကို ပြုလုပ်ကြသည့် အတွက် ဝင်းပါဏာတိပါတ ပြစ်မှုကျူးလွန်သူများလာသောကြောင့်ဝင်း အနှစ်ရှစ်သောင်းတန်းမှ အနှစ်လေးသောင်းတန်းသို့ခေါက်ချိုးကျိုး၍ ကျလာရခြင်းဖြစ်သည်ဟု မှတ်ပါလေ။

**အကြင်နာနှင့် မေတ္တာတရားများပွားများကြပါ**

ဒုတိယကမ္ဘာစစ်အတွင်းက ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတပါးဘိဘိစီအသံလွှင့်ဌာနမှနေ၍ (လောဘ၊ ဒေါသ-မောဟတွေ ဆူဝေပြီး

ပြီး ရမ်းကားရင် တကမ္ဘာလုံး ဒုက္ခရောက်ကုန်ကြလိမ့်မယ်)ဟူ၍ အသံလွှင့် ဟောပြောခဲ့ရာ-

နာဇီအာဏာရှင်ဟစ်တလာက (ရိုးလွန်းတယ်)ဟူ၍ ပျက်ရယ်ပြု ခဲ့သည် ဆို၏။

ရိုးသလား၊ မရိုးဘူးလားဆိုသည်ကိုကား ဟစ်တလာ၏လက်ရိုး များဖြစ်သော မူဆိုလိုနီနဲ့ သူ၏လက်ရိုးများ မှတ်တမ်းတင်ခဲ့သည့်စာအုပ် စာပေများကိုကြည့်၍တရွက်လှန်လိုက်တိုင်း လူပေါင်းသုံးရာနီးပါးမျှသေ ကြေပျက်စီးရသည်ကို တွေ့ရှိကြရသည်။ ဒါက မပြောပလောက် သေး ပါ။ ၎င်းတို့ ဟော့ရမ်း ဖျက်ဆီးသည့်အတွက် အတိုင်းတိုင်း အပြည်ပြည်က လူသားတွေမှာ သန်းပေါင်းများစွာ သေကြေ ပျက်စီးရုံမက- စက်ရုံအလုပ်ရုံများ၊ ယဉ်ကျေးမှု အမွေအနှစ်များ လူနေအိမ်ခြေတိုက်တာ များ၊ ဆေးရုံ စာသင်ကျောင်း စသည်များမှာ ပြာပုံအတိ ဖြစ်ခဲ့ရသည် တို့ကိုကြည့်က လွန်ကဲသော လောဘ၊ ဒေါသ၊ မောဟတရားများမှာ ရိုး သည်၊ မရိုးသည်မှာ ပေါ်လွင်နေပေသည်။

ယခုလည်း တတ်နိုင်သည့် အင်အားဖြင့် အကြင်နာနှင့် မေတ္တာ တရားများ ပွားများကြပါဟူ၍ တိုက်တွန်းလိုက်ပါသည်။ အဘယ် ကြောင့်နည်း၊ မကြာသေးမီကသတင်းစာတခု၌ အနုမြူ၊ ဉူကလီးယား ဗုံးတို့၏ ကြောက်မက်ဘွယ် စွမ်းအားကို လူသားများသိစေရန် နမူနာ တလုံးလောက် ဖောက်ခွဲပြသင့်သည်ဟုဆို၏။ ယနေ့ကမ္ဘာပေါ်တွင်အနုမြူ ဉူကလီးယားလက်နက်ကြီးအင်အား အရေအတွက်မှာ(၅၀၀၀၀)ငါး သောင်းကျော်ရှိ၍၊ စွမ်းအင်မှာလည်း ဟီးရိုးရှီးမားနှင့် နဂါးဆကီးမြို့ များပေါ်သို့ ကြဲချသည့်ဗုံးထက် အဆတသန်းကျော်လောက် ဖျက်ဆီး နိုင်သည့် စွမ်းအင်များရှိပေရာ ဤကမ္ဘာကြီးကို နှစ်ခါပြန် သုံးခါပြန် လောက် ဖျက်ဆီးပစ်နိုင်သည်ဟုဆိုသည်။

နောက်သတင်းတခုတွင်လည်း—

ယခုအခါမှာ အကယ်၍ အနုမြူ၊ ဉူကလီးယား စစ်ပွဲကြီး များ ဖြစ်ပွား၍ လာပါက ယခု တချို့နိုင်ငံမြို့ကြီးများ၌ တူး၍ထား သော ဗုံးခိုကျင်းကြီးများမှာ အချိုးနိုးသာ ဖြစ်ရုံမက ၎င်းဗုံးခိုကျင်း ထဲသို့ဝင်ပုန်းသည့်လူများမှာမီးပြင်းပြင်းနှင့် ရေလုံပြုတ်ခံရသည့်ဘဝထက်

ပို၍ ဆိုးရွားစွာ ခံစားရလိမ့်မည်ဟုဆိုသည်။ ယနေ့ကမ္ဘာတွင် စစ်စရိတ်အတွက် သုံးနေသော ငွေကြေးခနများမှာ- လူသားအကျိုးပြု လုပ်ငန်းများ၌ သုံးသော ငွေကြေးများနှင့် နှိုင်းယှဉ်ပြရလျှင် ယခုရေးနေသော ကလောင်တန်/ဘော(လ်)ကပင် ရှက်၍လားမသိ ရှေ့တောင် မတိုးချင်ဟု ထင်မိလေတော့သည်။

ယခုအခါတွင် ကြောက်မက်ဘွယ်ကောင်းလှသည့် လက်နက်ကြီးများကို ပို၍ဆိုးရွား၍မလာစေရန် ချုပ်ချယ် ကန့်သတ်ရေး စာချုပ်များဖြင့် ဟန့်တားနေကြရှာသည်။ သို့သော် လက်နက်များ ပြန့်ပွားမလာရုံသာ တားဆီးနိုင်ပေမည်၊ ရှိပြီးသား လက်နက်များကိုကာ တားဆီးနိုင်လိမ့်မည်မဟုတ်ပေ၊ သို့ဆိုလျှင် အကျိုးမည်သို့ထူးလိမ့်မည်နည်း။

ဤ၌ မိမိ၏ အဖြစ်အပျက်တခုကို သွား၍ သတိရမိ၏၊ မိမိသည် သူရဲအလွန်ကြောက်သူဖြစ်၏၊ ရှိသည်—မရှိသည် အပထား သူရဲကြောက်လှသူဖြစ်၏၊ တနေ့တွင် ခရမ်းမြို့နယ်မှ တကောကန်ကြီး ဆိုသော ရွာသို့ သွားရာ ၎င်းရွာ၌ ည အိပ်ခါနီး တပါးထည်းနေရသောအခါ ကြောက်စိတ်များ အလိုလိုဝင်လာ၏၊ ထိုအခါ မိမိ၏ ဖြစ်အင်ကို ဆရာဖြစ်ခဲ့ဘူးသူ ဘုန်းတော်ကြီးကသိ၍ ဤသို့အားပေး၏“ဟေ့ ကောင် သူရဲက လူလောက် ကြောက်စရာမကောင်းဘူး ကြောက်စရာကောင်းတာကလူကွ” ဟူ၍ ပြောဆို တိုက်တွန်းဆုံးမဘူး၏။

မှန်၏၊ ဤကမ္ဘာတွင် လူလောက် ကြောက်စရာ ကောင်းတာ အဘယ်မှာ ရှိနေတော့မည်နည်း၊ ကြီးကျယ်ခမ်းနား စွမ်းအင်ကြီးမားလှသော လက်နက်ကြီးများ မည်မျှပင် ရှိစေဦး၊ လူက-လောဘ၊ ဒေါသ၊ မောဟ တရားများဖုံးလွှမ်းပြီး မဖောက်ခွဲစေလျှင် ၎င်းဗုံးကြီးများအဘယ်မှာ ပေါက်ကွဲလိမ့်မည်နည်း။

ကန့်သတ်ချုပ်ချယ်မှုသည် လက်နက်ကြီးများနှင့် စာရွက်စာတန်းများ၌ အဓိက တည်သည်မဟုတ်၊ လူတို့၌ အဓိကတည်နေသည်၊ ထို့ကြောင့် ညာတာမှု အကြင်နာတရားများကင်းကာ တရားလက်လွန် မဖြစ်ပေါ်အောင် ချုပ်ချယ်ရန်နှင့်- ၎င်းတို့ သန္တာန်၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားများ ပွားများ ကြရန်သာ ဆုတောင်းမေတ္တာ ထပ်ခါထပ်ခါ ပို့ကြရမည်မဟုတ်လော။

**သူတို့ကိုအတုယူကြပါ**

ပါဏာတိပါတ လုပ်ငန်းစဉ်အကြောင်းကို ပြပြီး၍၊ ၎င်းလုပ်ငန်းစဉ်မှ ဆန့်ကျင်ဘက်ဖြစ်သော လမ်းစဉ်ကိုပြဦးအံ့။

ဗုဒ္ဓဘုရားရှင်၏ ဒေသနာတော်များတွင် သတ္တဝါများအားရင်း၊ တဦးတယောက်အားရင်း၊ ဖေးမကူညီ စောင့်ရှောက် ညှာတာပုံများမှာ နေရာတကာတိုင်းတွင် တွေ့နိုင်ပေရာ ဤ၌ အကျယ်မချဲ့တော့ပြီ။

အားလုံးကို မဟာကရုဏာရှင်ကြီးများ ဖြစ်ကြရန် တိုက်တွန်းနေသည်မဟုတ်ပါ၊ သို့သော် ငှက်ပျောသီးတလုံးကို တပိုင်းစီဝေငှယူသော ဘုန်းကြီးကျောင်းသား ရောင်ပေစူးသာအေးကဲ့သို့ရင်း၊ ဟင်းအနည်းငယ်ကောင်းလျှင် ဘေးကအိမ်တွေကို ထမင်းကျွေး၊ ဟင်းပေးတတ်သော ရွှေမြိတ်တို့ကဲ့သို့ရင်း၊ စာနာစိတ် ထောက်ထားသော စိတ်နှလုံးတို့ ရှိကြပါလျှင် ပတ်ဝန်းကျင် လူသားများမှာ မည်သို့မှ ဒုက္ခရောက်နိုင် ကြမည်မဟုတ်သည်ကို သတိပြုကြပါလေ၊ အကယ်၍ ပစ္စည်းဓနနှင့် ပြည့်စုံသော်ရင်း၊ ကရုဏာ၊ ဇွဲ၊ ဝီရိယတို့နှင့်ပြည့်စုံသော်ရင်း၊မြန်မာပြည်မှဒေါ်ဦးဇွန်းနှင့် ဦးရွှေလှေးတို့၏ ပရဟိတလုပ်ငန်းဖြင့် အများအကျိုးကို ကာကွယ်စောင့်ရှောက်ခြင်းကိုရင်း–

ကမ္ဘာတခွင်၌လည်း ဟင်နရီဒူးနန့်၊ ရှိုက်ဇာအဲလဗတ်၊ ဂျွန်ဒီရောကဲ့ဖွဲ့လား၊ မာသာတာရီဆာ စသည်တို့၏ အကြင်နာနှင့် မေတ္တာထားကာ စောင့်ရှောက်ခြင်းများကိုရင်း– နမူနာယူ–သတိမူကြပါလျှင် အဘယ်မှာလျှင် သူဘပါးတို့သည် ဒုက္ခရောက်ကြလိမ့်မည်နည်းဟူ၍ သတိသံဝေဂဖြစ်ကြစေကာ–ဤပါဏာတိပါတဇာတ်ကို တခန်းရပ်လိုက်ပါသည်။

**ညှဉ်းဆဲသတ်ဖြတ်၍လိမ်လည်မှုကျူးလွန်ခြင်း**

ပါဏာတိပါတ အမှုကို ဇက်ရဲလက်ရဲ ပြုလာကြသော လူသားတို့များပြားလာသောအခါ–၎င်းတို့၏ အကုသိုလ်ခေတ်လှိုင်း ပြင်းထန်လာမှုကြောင့် အနှစ်ရှစ်သောင်း အသက်ရှည်ကြကုန်သော သူတို့၏ သားသမီးများ လက်ထက်တွင် အနှစ်လေးသောင်းတန်းသာ အသက်ရှည်ခဲ့ကြောင်း ရှေ့၌လည်း ပြခဲ့ပြီ။

(နာမ်ခေတ်လှိုင်းကြောင့် ရုပ်ခေတ်လှိုင်းတို့ ဆုတ်ယုတ်ပုံကို နောက်၌ပြပါအံ့)။

ဤ၌ မိဘတို့ မကောင်းတာလုပ်သည်နှင့် သားသမီးတို့ အဘယ်ကြောင့် သက်တန်း တိုကြရသည်ကို စိစစ်ပြဦးအံ့။

စပါးဖြစ်စေ၊ ပဲဖြစ်စေ ကောက်ပဲသီးနှံ တမျိုးမျိုးကို ကျဲချစိုက်ပျိုးလျှင် ၎င်းမျိုးစေ့တို့ စိုက်ပျိုးသော လယ်ယာမြေသည် မြေဆိုးမြေညံ့ ဖြစ်နေပါက ဖွံ့ဖွံ့ဖြိုးဖြိုး အထွက်တိုးလိမ့်မည်မဟုတ်ပေ၊ မျိုးစေ့ကလည်း အဖျင်းအမော်များသာ ဖြစ်လျှင်ကားပို၍ပင် စည်ပင်ဝေဆာ သီးနှံတိုးမှု ရှိလိမ့်မည်မဟုတ်ပါပေ။

ထို့အတူ သီလအကျင့်ဟူသော ကိုယ်ကျင့်တရား နာမ်ဓာတ်ဩဇာ ယုတ်ညံ့၍လာသော မိဘတည်းဟူသော လယ်မြေတွင် သီလနှင့် ပြည့်စုံသော သားသမီး တည်းဟူသော မျိုးစေ့တို့ကို တည်ထောင် ဖြစ်ထွန်းစေသော် "ရေနောက်မှာ ပေါက်သည့်ကြာ မင်္ဂလာမရှိ" ဟူသကဲ့သို့ သားသမီးတို့မှာ တော်ပင်တော်ကြ၊ ကောင်းပင်ကောင်းကြသော်လည်း ထင်သလောက် တိုးတက်မှုမရှိသည့် အဖြစ်သို့ရောက်တတ်ပေသည်။

ယခုကာလ ယောကျ်ားပျက်၊ မိန်းမပျက်တို့၏ သားသမီးကလေးများ အနေအထိုင်ကောင်းကြသော်လည်း ပတ်ဝန်းကျင်က အနှိမ်ခံရခြင်း–စသည့် ဒုက္ခများနှင့် ရင်ဆိုင်ကြရခြင်းသည် မိဘလယ်မြေ ညံ့ဖျင်း၍ နေသောကြောင့် မဟုတ်လော။

ထိုအချိန်ကာလမှ ယခုကာလတိုင်အောင်ပင် ဆုတ်ကပ်ကာလသို့ ရောက်နေဆဲဖြစ်ရာ–၎င်းသားသမီးတို့မှာလည်း ကုသိုလ်ကံ နည်းပါးသည်ကတကြောင်း–ဆုတ်ကပ်ကာလ၌ ဖြစ်ရသည်က တကြောင်းကြောင့် အနှစ်ရှစ်သောင်းတန်းမှ အနှစ်လေးသောင်းသို့ ခေါက်ချိုးကျိုး၍ ကျလာရခြင်းဟု မှတ်ပါလေ။

ထိုသို့ အနှစ်လေးသောင်းတမ်းကာလဖြင့် ကြာမြင့်စွာ နေလာကြသော သတ္တဝါတို့တွင် တနေ့သောအခါ၌ ယောကျ်ား တယောက်သည် သူတပါးမပေးသော ပစ္စည်းဥစ္စာကို ခိုးယူမိပြန်၏။ ထိုသူခိုးကို ဝိုင်းဝန်း ဖမ်းဆီး ချုပ်နှောင်၍ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူထံသို့ ပို့အပ်ပြန်ရာ ရှေးနည်းအတိုင်း–

(အမောင်ယောကျ်ား သူတပါးမပေးသော ပစ္စည်းကို ခိုးယူသည် ဆိုသည်မှာ မှန်သလော)ဟူ၍ မေးမြန်းရာ အသတ်ခံရမည်စိုး၍ (မမှန်ပါ မင်းမြတ်)ဟူ၍ မဟုတ်မမှန်သော စကားကို ကျူးလွန်လာတော့သည်။

ဤ၌လိမ်လည်ကြခြင်း အကြောင်းရင်းကို အနည်းငယ်စိစစ်ပြဦးအံ့–

လိမ်လည်လှည့်ပတ်ရာတွင်အသက်စသော အန္တရာယ်များနှင့် ကြုံတွေ့လျှင် အသတ်ခံရခြင်း စသည်မှ လွတ်မြောက်ကြရန်ရင်း၊ ကိုယ်ကျိုးစီးပွား၊ ဂုဏ်သိက္ခာကိုယ်ကျင့်တရားများနှင့် စပ်ဆိုင်လာလျှင်လည်းကိုယ်ကျိုးစီးပွား ဂုဏ်သိက္ခာကိုယ်ကျင့်တရားများကို ကာကွယ်ရန်ရင်း၊ မိမိလိမ်လည် လိုက်သည့်အမှုထက် မလိမ်သည့်အဖြစ်မှန်အမှုက ပို၍ဆိုးကျိုးဖြစ်မည်စိုး၍ ၎င်းလိမ်လည်မှုများကို ကျူးလွန်တတ်ကြသည်။

လိမ်လည်မှုဟူသည် ကိုယ်အားဖြင့်ရင်း၊နှုတ်အားဖြင့်ရင်းအဓိပ္ပါယ်တမျိုး ယူဆအောင်လုပ်ခြင်းပြောခြင်းဖြစ်ပေရာ ယခုကာလတွင် စာရေးသူတို့ အပါအဝင် အားလုံးသည် (များသောအားဖြင့်)တနည်းမဟုတ်တနည်းအားဖြင့် အနည်းနှင့်အများ လိမ်လည်မှုများရှိနေကြသည်ချည်းဖြစ်သည်။

ဤ၌ လိမ်လည် ပြောဆိုမှုပြုလုပ်ခြင်း၌ ကမ္မပထမြောက်-မမြောက်အပြစ်ကြီး-မကြီးကို စိစစ်၍ ချိန်စက်နိုင်ကြရန် အတိမ်အနက်ကိုပြပါအံ့။

**မုသာဝါဒ**

မဟုတ်မမှန်သော စကားကို ဟုတ်မှန်သော သဘောအားဖြင့်နားလည်သွားအောင်–

မဟုတ်မမှန်သောဝတ္ထုကိုဟုတ်မှန်သော ဝတ္ထုဟု နားလည်သွားအောင် ပြောဆိုခြင်း ပြုလုပ်ခြင်းကို မုသာဝါဒဟုခေါ်သည်။

နှုတ်ဖြင့် လိမ်လည်ရသည့်အမှုကများနေ၍ မုသာဝါဒဟု ခေါ်ဆိုနေကြသော်လည်း လက်၊ မျက်စိစသော ကိုယ်အမူအရာ တခုခုဖြင့် အချက်ပြ၍ရင်း၊ရေးသား၍ရင်း၊လှည့်ပတ်သော လိမ်လည်မှုတို့မှာလည်း မုသာဝါဒ အတွင်းသို့ သွင်းရမည်သာဖြစ်သည်။

**မုသာဝါဒကံဟူသည်–**

၁။ မမှန်သောဝတ္ထု အပြောအဆိုဖြစ်ခြင်း
၂။ သူတပါးကို အမှားမှား အယွင်းယွင်း ဖြစ်စေလိုခြင်း
၃။ မှားယွင်းစေလိုသော စိတ်ထားနှင့် လျော်ညီစွာနှုတ်ဖြင့်ရင်း၊ ကိုယ်ဖြင့်ရင်းလုံ့လပြုခြင်း

၄။ အလိမ်ခံရသူကသူလိမ်သည့်သဘောကို အမှန်ဟုထင် ထင်မြင်ခြင်း-အားဖြင့် အင်္ဂါလေးရပ်ရှိလျှင် ကံမြောက်တော့သည်။

ဤ၌ လိမ်လည်လှည့်ပတ်ရာတွင် ကမ္မပထမြောက်သည်ဟုဆိုသော်လည်း-မိမိကဘယ်လောက်ပင် လိမ်လိမ်-အလိမ်ခံရသူက မယုံကြည်လျှင် အပြစ်မကြီး၊ မယုံသော်လည်း အကျိုးစီးပွားမပျက်စီးက အပြစ်မကြီးပေ။

ထိုသို့မဟုတ်ပဲ မိမိလိမ်လည်မှုများကိုတဘက်သားတို့ သိနားလည်၍ အကျိုးစီးပွား ပျက်စီးလျှင်ကား မုသာဝါဒကမ္မပထမြောက်၍ အပြစ်ကြီးသည်ဟု မှတ်ပါလေ။

**လိမ်လည်မှုအမျိုးမျိုး**

ယနေ့ကမ္ဘာကြီးတွင် လိမ်လည်မှုများမှာ ကြောက်စရာကောင်းလှအောင် ဒီဂရီတက်နေကြ၏။ ပါးစပ်နှင့်ပြော၊ လက်ရိပ်နှင့်ပြခြင်း စသည့်တို့သာ မဟုတ်သေး သူတပါးကို သည်လိုပြော၊ သည့်လိုလုပ်စသည်ဖြင့် (ခါးပိုက်နှိုက် သင်တန်းကဲ့သို့)သင်ပေး၍ လိမ်လည်မှု၊ သူတပါးတို့အထင်မှားအောင် မဟုတ်မမှန်သော အကြောင်းအရာကို ရေးသား၍ ထောင်ထားခြင်း၊ချိပ်ဆွဲခြင်း၊ ပစ်ချထားခြင်း စသည်ပြု၍ လိမ်လည်မှု၊ သူတပါးတို့ အထင်မှားအောင်၊နံရံ၊ တံတိုင်း စသည်တို့၌ လိမ်လည် လှည့်ပတ်မှု စသည်ဖြင့် အမျိုးမျိုးအဖုံဖုံလှည့်ပတ်မှုတို့သည် စုံ၍သာ နေပေသည်။ အတုပြု၍ လှည့်ပတ်နေကြသည်မှာလည်းဆံပင်တု၊ မျက်ခုံးတုက အစ လူတောင်မှ အတုပြုနေကြသည့် အချိန်သို့ရောက်နေပေရာ လိမ်လည်လှည့်ဖြားမှုများမှာလည်း မည်မျှလောက် များပြားနေသည်ကို မှန်းဆ၍ သိနိုင်ကြပါလိမ့်မည်။

လိမ်သောအခါမှာလည်းအကျိုးပျက်စီးရာပျက်စီးကြောင်းများသို့ ရှေးရှုကာ လိမ်လည်နေကြသည်ကများပေရာ (ယနေ့ကျောင်း၌ရုပ်ရှင်ရှိသည်)ဟူ၍လိမ်လည်ရေးသားထားခြင်းကြောင့်ဈေးသည်တဦးမှာဖောက်သည်ယူပြီး မုန့်ပဲသွားရေးစာများ ယူလာ၍ ရောင်းသော်လည်း အကယ်မရှိပဲ၊ လိမ်လည်ရေးသားထားမှန်း သိရသောအခါ တနေ့လုပ်မှတနေ့စားရသည့် ဘဝမျိုးမို့ ချုံးပွဲချ ငိုခဲ့ရသည်ကို တွေ့ရ၏၊ ဤသို့သောဖြစ်ရပ်ကလေးကအစ ထောင်၊ သောင်း သိန်းမက ဆုံးရှုံးရသည့် ဖြစ်ရပ်များအဆုံး မည်မျှလောက်လိမ်လည်မှုက အကျိုးစီးပွားတို့ ဆုံးရှုံးစေနိုင်လည်ကို သတိပြုကြပါလေ။

ထို့ပြင်လိမ်လည်ကောက်ကျစ်သောသူကို စီးပွားရေးနှင့် စပ်၍ဖြစ်စေ လူမှုရေးနှင့် စပ်၍ဖြစ်စေ၊မည်သူမှ နေရာမပေးချင်ကြ နှာခေါင်းရှုပ်ချင်ကြသည်သာများသည်။ တခါလိမ်မိလျှင်လည်း ကိုယ်က အရေးအကြောင်းပေါ်လာ၍ အကူအညီတောင်းသောအခါအဖြစ်မှန် ဟုတ်နေသော်လည်း မယုံကြည်တော့၍ ထိုသူမှာ အကျိုးနည်းရသည့် အဖြစ်သို့ရောက်ခဲ့ကြရသည်မှာလည်း မနည်းတော့ပေ။ဤသို့အရာရာတွင် ဆိုးပြစ်များနှင့်သာ ရင်ဆိုင်ရသည်မဟုတ်သေး၊ သံသရာတခွင် လျှောက်ရ လျှင်လည်း အပါယ်သို့ကျရခြင်း၊ သွားများကအစ ရုပ်ရည်ရူပကာယ မလှမပခြင်း၊ ဩဇာအာဏာများ ဆုတ်ယုတ်ခြင်း စသည့်အပြစ်များကိုလည်း ခံရမည်သာ ဖြစ်သည်။

တခါက အညာဘက်တွင်ဆိုင်းသမားနှင့် နှဲသမားတို့ မတဲ့ကြ၊ အလှူပွဲတပွဲ၌ တီးမှုတ်ရာတွင် ဆိုင်းသမားက (ဗျောင်လိမ်တယ်၊ ဗျောင်လိမ်တယ်)ဟု တီးသည်ဆို၏။

ထိုအခါ နှဲသမားကလည်း အားကျမခံပြန်၍ (တဲ့တဲ့လိမ်တယ်၊ တဲ့တဲ့လိမ်တယ်)ဟူ၍ မှုတ်သည်ဆို၏၊ သည့်လိုနှင့် အလှူပွဲပြီး၍ဗျောလည်းခေါက်သောအခါ (ပြုတ်ပြုတ်ပြုံး၊ ပြုတ်ပြုတ်ပြုံး)ဟူ၍အသံများ ထွက်လာသည်ကို ကြားရ၍ တသောသော ရယ်မောကြရသည်ဟူ၏။

ဤကဲ့သို့ပင် လိမ်လည်မှုများများပြားပြား၍လာလျှင် ဤကမ္ဘာ မြေပြင်တွင်"ပြုတ်ပြုတ်ပြုံးရသည့် ဖြစ်ရပ်များ" များပြားစွာ ဖြစ်ပေါ်လာနိုင်ပေရာ အများအကျိုး ပျက်စီးစေမည့်လိမ်လည်မှုများကို အတတ်နိုင်ဆုံး သတိသုံး၍ စောင့်ထိန်းကြပါကုန်။

**ချောပစ်ကုန်းတိုက်၍ သက်တန်းဆုတ်ယုတ်ခြင်း**

ထိုသို့ လိမ်လည်လှည့်ဖျားမှုသားစကား ပြောကြားမှုများ ပွားများလာသောအခါ ၎င်းသတ္တဝါတို့၏ သက်တန်းသည် ဆုတ်ယုတ်၍လာပြန်၏၊ ရုပ်ရည် ရူပကာယ အဆင်းသဏ္ဌာန်တို့မှာလည်းကြမ်းတမ်း ဆုတ်ယုတ်၍လာ၏၊ ၎င်းလူသားတို့ သက်တန်းများ ဆုတ်ယုတ် လာသည်နှင့်အမျှ သူတို့မှ မွေးဖွား၍ လာကြသောသားသမီးများမှာလည်း အနှစ်နှစ်သောင်းတန်းသာ အသက်ရှည်ကြတော့သည်။

အနှစ် နှစ်သောင်းတမ်းဖြင့် ကာလရှည်စွာ နေလာခဲ့ကြပြန်ရာ တချိန်တွင် ယောကျာ်းတယောက်သည် သူတပါးမပေးသောပစ္စည်းဥစ္စာကို ခိုးယူမိပြန်၏။ ထိုအချိန်တွင် ပါဏာတိပါတ မုသာဝါဒ တို့လည်း ကွက်ကျား ကွက်ကျား ဖြစ်ပွား၍နေသည်ကိုသတိပြုကြပါလေ။

ထိုသို့ သူ့တပါးမပေးသောပစ္စည်းဥစ္စာကို ခိုးယူသည်ကိုမြင်သော အခြားသူတယောက်သည် တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူထံသို့ သွား၍-

(မင်းမြတ် ဤသူသည် သူတပါးတို့မပေးသောပစ္စည်းဥစ္စာကို ခိုးလိုသောစိတ်ထားဖြင့်ယူပါ၏)ဟု ကုန်းချောစကားလျှောက်ထားလေ၏။

ဤ၌ အဖြစ်မှန်ကို အမှန်အတိုင်း ပြောကြားလျှောက်ထားခြင်းတို့သည် ပိသုဏာဝါစာမဟုတ်၊ ၎င်းပုဂ္ဂိုလ်တို့ အချင်းချင်း ကွဲကြပြဲကြ ဒုက္ခရောက်ကြစေလိုသော စေတနာစိတ်ထားဖြင့် ကုန်းချောစကား ပြောကြားမှသာ ပိသုဏာဝါစာဖြစ်သည်။

ဆက်ဦးအံ့-ပိသတိ သာမဂ္ဂီ သုဉ္ဉကရောတိတိပိသုဏာ

ညီညွတ်ကုန်သော သူတို့၏ ညီညွတ်နေမှုကို ကြိတ်ချေတတ်၊ မှုန့်မှုန့်ညက်ညက် ပြုတတ်သော သဘောကိုရင်း၊

မိမိ၏ချစ်အပ်သူ၏ အဖြစ်ကိုရင်း၊ သူတပါးအချစ်မှ ကင်းဆိတ်သူ၏ အဖြစ်ကိုရင်း ပြုတတ်သောသဘော (ဝါ)စကားတို့ကို ပိသုဏာဝါစာ ကုန်းချောစကားဟူ၍ ခေါ်၏။

၎င်း ၂မျိုး၏ ဆိုလိုရင်းအဓိပ္ပါယ်တို့သည် မတူညီကြ၊ ဝေဠုနှင့် ဗလတို့ ညီညွတ်ချစ်ခင်နေသည်ကို ကြားထဲမှ ဒေဝဆိုသူက ဝေဠုထံသို့ သွား၍ ''ဗလက မင်းကို မကောင်း ပြောနေတယ်''စသည်ဖြင့် ပြောဆိုကုန်းချောလေရာ ဝေဠုနှင့်ဗလတို့ အထင်မှားအမြင်မှား ကွဲ၍သွားကြသော်-

ဒေဝ၏ ကုန်းချောစကားသည် ဝေဠုနှင့်ဗလတို့၏ ချစ်ခင်ညီညွတ်မှုကို မှုန့်မှုန့်ညက်ညက် ကြိတ်ချေပစ်လိုက်ခြင်းဖြစ်၏။

အကယ်၍ ဝေဠုနှင့်ဗလတို့ သင့်မြတ်နေသည်ကို ဒေဝ-က ဝေဠုနှင့် ချစ်ခင်ရင်းနှီးလို၍ ဗလ၏အဖြစ်များကို ဝေဠုထံသွား၍ ပြောရာ ''အကျိုးအကြောင်းပြောဘော်ရပေတယ်'' စသည်ဖြင့် ဒေဝကို ချစ်ခင်ကာ ဗလကို ကွာပစ်လိုက်တော့သည်။ ထို့ကြောင့် ဝေဠုက ဒေဝကို

ချစ်၍ ဗလအပေါ်၌ ချစ်ခြင်းမေတ္တာ ကင်းဆိပ်သွားမှုသည်။ ဒေဝ၏ ကုန်းချောမှုကြောင့်သာ ဖြစ်လေသည်။

**ပိသုဏာဝါစာ ကမ္မပထမြောက်ပုံ**

ချောပစ်ကုန်းတိုက်ရာတွင်လည်း

၁။ အခွဲခံရသူတို့ရှိခြင်း ၂။ ကွဲပြားစေလို၍ မိမိကိုချစ်စေလိုခြင်း ၃။ ကိုယ်နှုတ်တို့ဖြင့် လုံ့လပြုခြင်း ၄။ အပြောခံရသူတို့ နားလည်ခြင်းဟူ၍ အင်္ဂါလေးချက် ပြည့်စုံလျှင် ကမ္မပထမြောက်တော့သည်။

**ဝဿကာရ အမတ် ကုန်းချောနည်း**

မြတ်စွာဘုရားသခင် လက်ထက်က ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းသည် လိစ္ဆဝီ မင်းများ စုပေါင်းစနစ်ဖြင့် အုပ်စိုးနေကြသော ဝေသာလီပြည်ကို ဖျက်ဆီးတိုက်ခိုက်ရန် အမျိုးမျိုးကြံစည် အားထုတ်နေ၏။ သို့သော် လိစ္ဆဝီတို့မှာ အင်အား သေးငယ်ကြ သော်လည်း အချင်းချင်း ညီညွတ်ကြသဖြင့် ရန်သူ အဇာတသတ်၏ စစ်တပ်များကို ကြံ့ကြံ့ခံ တွန်းလှန်နိုင်သောကြောင့် ဘယ်သို့မှ အကြံအစည် မမြောက် ဖြစ်နေသည်။ သို့ဖြင့်၍ အဇာတသတ်မင်းသည် တနေ့သော အခါတွင် ဤသို့ အကြံအစည် ဖြစ်ပေါ်၍လာ၏။ ၎င်းအကြံအစည်ကား လိစ္ဆဝီတို့ကို စစ်ထိုးလျှင် မိမိ ဆင်မြင်း စသည့် စစ်သည်အင်အားတို့ ဆုံးရှုံးမည်၊ လှည့်ပတ်ဖျားယောင်း၍ လိစ္ဆဝီအချင်းချင်း ညီညွတ်ရေး ပျက်ပြားမှသာ (နွားကွဲလျှင် ကျားဆွဲလွယ်သည်) ဟူသကဲ့သို့ ၎င်းတို့ကို အလွယ် တကူ စစ်အောင်နိုင်မည်ဟု အကြံအစည် ဖြစ်ပေါ်၍လာသည်။

သို့နှင့် ဝဿကာရ အမတ်ကို တာစန်စပေးအပ်လိုက်၏၊ ဝဿကာရ အမတ်လည်း လိစ္ဆဝီတွေ အပြစ်မရှိပဲနှင့် စစ်ထိုးရန် မသင့်ကြောင်း–စသော ထွင်လုံးစကားများဖြင့် အဇာတသတ်မင်းနှင့် ဆန့်ကျင်ယောင် ပြုကာ လိစ္ဆဝီတို့ထံ သွားလေ၏။ လိစ္ဆဝီမင်းတို့လည်း ဝဿကာရအမတ် ရာဇဂြိုဟ်ပြည်မှ ထွက်ခွာလာကြောင်း သိသော် ပထမတွင် ဝင်ခွင့်မပေး၊ ထိုနောက်မှ အဇာတသတ်မင်းနှင့် မတည့်၍ ဝေသာလီသို့ လာရကြောင်း ပြောမှ လက်ခံကြ၏၊ လက်ခံရုံတွင်မက ရာဇဂြိုဟ်၌ တရားသူကြီးအမတ် လုပ်ခဲ့သည်ဟုဆို၍ တရားသူကြီးအမတ်ပင် ခန့်ထားလိုက်ကြသေး၏။

ဤ၌ ဝဿကာရအမတ် အကွက်ဝင်လာ၏၊ မိမိ၏ ရာထူးဌာန မှာ တရားဆုံးဖြတ်ရသည့် ရာထူးဖြစ်ရာ ဥပဒေ ကျွမ်းကျင်လိုသော လိစ္ဆဝီ မင်းသားတို့သည် ဝဿကာရအထံ၌ ဥပဒေပညာ သင်ယူ၍နေ ကြရ၏၊ ထိုအခါ ဝဿကာရအမတ်သည် လိစ္ဆဝီမင်းသားတယောက်ကို ခေါ်ယူသွား၍ "ထမင်းစားပြီးပြီလား"ဟု မေးပြီး ပြန်၍လွှတ်လိုက်၏၊ ထိုအခါ တခြားသူများက "ဘာအကြောင်း ပြောတာလဲ"ဟု မေးလျှင် "ထမင်းစားပြီးပြီလား"ဟူ၍သာ မေးကြောင်း ပြောသော်လည်း၎ဤမျှ နှင့် မကျေနပ်ကြ၊ တို့ကို လျှို့ဝှက်တာပဲ-ဟု ယူဆကြကာ ၎င်းအား အပေါင်းအသင်း မလုပ်ကြတော့။

ဤနည်းဖြင့် တယောက်စီ တယောက်စီ ခေါ်ယူကာ "လယ် ထွန်ပြီးပြီလား ဘာဟင်းနဲ့စားသလဲ" စသည်ဖြင့် ဘာမဟုတ်သည့်စကား ကလေးများဖြင့်ပင် စကားကြီး စကားကျယ်ဟန်ပြုကာ အချင်းချင်း မယုံကြည်အောင် သွေးကွဲအောင် ဖျားယောင်းလှည့်ပတ်တော့ရာ လိစ္ဆဝီ မင်းသားတို့လည်း တယောက်နှင့်တယောက် မယုံကြည်တော့ပဲ ကွဲကြ ပြဲကြတော့ရာ တိုင်းပြည် ကာကွယ်ရေး၌လည်း ညီညွတ်မှု မရှိကြတော့ပဲ ဝင်တိုက်ခံရ၍ ဝေသာလီပြည် ပါဠိလိဂါမ ရွာကြီး ပျက်စီး၍ သွားရ တော့သည်။ (မဟာဝဂ္ဂ-အဋ္ဌကထာ)

## ကြားလေသွေး၍ ဝေးကြရပုံ

အောက်ရွာတရွာ၌ အောက်သူနှင့် အညာသားတို့ အကြောင်းပါ ပြီး အလွန်အမင်း ချစ်ခင်ကြသည်ကို အိမ်နီးချင်း မိန်းမများက မနာ လို မျက်မုန်းကျိုးသဖြင့် အညာသားနှင့် တွေ့သောအခါ (နင့်မိန်းမ အမျိုးတွေက စုံးမျိုးတွေ၊ ညအခါ အစာရှာထွက်လျှင် နင့်ကိုကျော် လွှားထားခဲ့လို့ မနိုးပဲဖြစ်ရတာ)ဟုပြော၏။

မိန်းမနှင့် တွေ့ကြပြန်သောအခါ (အညာက လာတဲ့သူတွေက ပြောတယ် ညီးယောကျ်ားမှာ အမြီးကလေး ပါတယ်ဆို အဲဒါညဘက် ကျ စမ်းကြည့်ပါလား) ဟူ၍ ပြောကြ၏။

ဤသို့ဖြင့် လင်းမယားနှစ်ယောက်မှာ ယောကျ်ားလုပ်သူက မိန်းမ ကျော်မကျော်ကို သိချင်၏။ မိန်းမလုပ်သူကလည်း ယောကျ်ား အမြီး ပေါက်မပေါက်ကို သိချင်နေ၏၊ တနေ့ညဘက် အိပ်ရာဝင်ကြသော

အခါ ယောကျ်ားက အိပ်ချင်ဟန်ဆောင်နေသည်ကို တကယ်အိပ်ပြီထင်၍ မိန်းမက ထ၍စမ်းကြည့်ရာဝယ် ယောကျ်ားလုပ်သူကလည်း လန့်ပြီး ကန်လိုက်ရာကအစ-"ဟဲ့ အမြီးပေါက်တဲ့ ခွေးမျိုး"

"ဟဲ့စုံးမျိုး"ဟူ၍ အပြန်အလှန် စွပ်စွဲမိကြပြီး အကွဲကြီးကွဲသွားရသည်ဆို၏။ (သင်္ဂဟဘာသာဋီကာ)

**ဂုံးချောခြင်း၏ ဆိုးကျိုးများ**

ကုန်းချောစကားများသည် အင်မတန် တုန်လှုပ် ချောက်ချားစရာကောင်းလှသည်၊ ကုန်းချောခြင်းမှာလည်း မနာလိုခြင်း ငြူစူ စောင်မြောင်းခြင်း ပျက်စီးစေလိုခြင်း စိတ်ဓာတ်များ အရင်းခံ၍ လာလေရာ ချို့ယွင်းချက်မရှိသော ပုဂ္ဂိုလ်များမှာ တခါတရံ အပြစ်မဲ့စွာ ဒုက္ခခံစားကြရရှာသည်။ ကုန်းချောမှုသည် တဦးတယောက်ကိုသာ ဒုက္ခရောက်စေသည်မဟုတ်၊ တအိမ်ထောင်နှင့်တအိမ်ထောင်၊ တစုနှင့်တဖွဲ့၊ တတိုင်းနှင့်တပြည် စသည်ဖြင့် ဒုက္ခတွေ့၍ ကွဲသွားနိုင်လေသည်။

ကုန်းချောစကား ပြောတတ်သူကိုလည်း အခြားသူများက (သူတဦးတယောက်၏ ချို့ယွင်းချက်ကို ပြောကြားကာ လာ၍ပေါင်းသင်းသည့်သူကို မိမိတို့၏ချို့ယွင်းချက်ကို ပြောလေမည်လား)ဟူ၍ ဘယ်သူကမှ နှစ်နှစ်ခြိုက်ခြိုက် လက်ခံလိုစိတ် ရှိမည်မဟုတ်ပေ၊ အရပ်ထဲတွင်လည်း ဤသို့ အကျင့်ရှိသောလူများကို စီးပွားရေးအားဖြင့်၎င်း၊အခြားလူမှုရေး စသည်အားဖြင့်၎င်း ဝိုင်းပယ်ကြသည်က များလေသည်။

အချို့ဌာနများတွင် အထူးအားဖြင့် တိုင်စာ လက်ခံရာဌာနနှင့် သတင်းစာ လူထုအောင်သံ အခန်းတို့တွင် (လိပ်စာအမှန်ပါမှ ခွင့်ပြုမည်) ဟု သတ်မှတ်ထားသည်မှာ အကြောင်းမဲ့မဟုတ်-

တချို့သော ယုတ်မာသည့် စိတ်ထားရှိသူတို့သည် သူတပါးတို့ ရာထူး ရနေသည်ကို မိမိက ၎င်းနေရာကို လို၍၎င်း၊ ကောင်းကျိုး ကောင်းရာ လုပ်ဆောင် နေသောသူကို ကြည့်မရ ရှုမရ ဖြစ်နေသောကြောင့်၎င်း၊ မိမိ ခံစားရသည်ကို မကျေနပ် အခဲမကြေသောကြောင့်၎င်း၊ ပါးစပ်နှင့်ကုန်းချောခြင်း၊ တိုင်စာပစ်၍ ကုန်းချောခြင်း စသည်ပြုတတ်ပေရာ တကယ်အဖြစ်မှန်မဟုတ်သောကြောင့် သက်ဆိုင်သူများလည်း စုံစမ်းရခြင်းကအစ အလုပ်ရှုတ်ရုံမက အတိုင်ခံရသူမှာလည်း အမှုကို

အမှားအမှန် မဆုံးဖြတ်မိ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း စသည့် ဒုက္ခများနှင့် တွေ့ကြုံရတော့သည်။

မိမိ၏ ဒါယကာရင်းဖြစ်သော မြို့နယ် ဒုတိယ ဦးစီးမှူးရာထူးရှိသော ပုဂ္ဂိုလ်တယောက်က ဤသို့လျှောက်ထားဘူး၏။

"တပည့်တော်ဟာ အလုပ်ကိစ္စနှင့် ပတ်သက်လာလျှင် အချိန်မရွေး စမ်းသပ်ခံနိုင်၊ အစစ်ဆေးခံနိုင်ပါတယ်၊ ဒါပေမဲ့ ခဏခဏ လာစစ်နေတော့ စုံစမ်းရေး ပုဂ္ဂိုလ်များကိုသာမက အထက်လူကြီးတွေကိုပါ မယုံသလို ဖြစ်လာတယ်။

နောက်ကျတော့မှ တပည့်တော်ရာထူးကို လိုချင်လို့ အောက်က လူတယောက်ကအမျိုးမျိုးအဖုံဖုံ ကုန်းတိုက်နေခြင်း ဖြစ်တယ်ဆိုတာ သိရတော့မှ သံသယကင်းသွားတယ်" ဟူ၍ လျှောက်ထားဘူး၏။

ထို့ကြောင့် ကုန်းချောမှုသည် မိမိကိုယ်ရင်း သူတပါးကိုရင်း ဒုက္ခတွေ ပင်လယ်ဝေစေသည့် လုပ်ငန်းဖြစ်ရာ ကုန်းချောသူသည် ယခုအသက်ရှင်ဆဲဘဝ၌ပင်လည်း ဒုက္ခဝဲပေါင်းစုံ၌ နှစ်မြုပ်ရသည်မဟုတ်သေး။

သေလွန်သောအခါ၌လည်း ငရဲ၊ ပြိတ္တာ ဘုံများ၌ ဒုက္ခပေါင်းစုံ တွေ့ကြုံရဦးမည်ဖြစ်ရာ-

ဒုက္ခပေါင်းစုံ တွေ့ကြုံရဦးမည့် ကုန်းချောစကားပြောကြားခြင်း ပြုလုပ်ခြင်းမှ အသက်နှင့်ခန္ဓာ ကွဲကွာသည့်တိုင် စွဲမြဲစွာ စောင့်ထိန်းကြပါကုန်။

**ကာမေသုကြောင့် အသက်တိုရခြင်း**

ရှေးန်ည်းတူ ကုန်းချောစကား ပြောကြားမှု များပြားလာသောအခါ ၎င်းလူသားတို့၏ အသက်တန်းသည်၎င်း၊ ရုပ်ရေ အဆင်းသဏ္ဍာန်တို့သည်၎င်း ဆုတ်ယုတ်၍လာပြန်၏။ ထိုသူတို့ သက်တန်းများ ဆုတ်ယုတ်လာကြသည်နှင့်အမျှ သားသမီးဖြစ်သူတို့မှာလည်း အနှစ်တသောင်းသာ အသက်ရှည်ကြတော့သည်။

အနှစ်တသောင်းတမ်းဖြင့် အသက်ရှည်စွာ နေလာကြသောလူတို့တွင် တချို့က အဆင်းရူပကာယ လှပတင့်တယ်ကြ၏။ တချို့က ရုပ်ရေရူပကာယ မလှမပကြကုန်၊ ထိုအခါ ရုပ်လှသူများကို တပ်မက်နှစ်သက်

သော တဏှာစိတ်ဖြစ်မိရာကအစ သူတပါးတို့၏ သားမယားကို လွန်ကျူးသော ကာမေသုမိစ္ဆာစာရမှု ဖြစ်ပွား၍လာကြတော့သည်။

၎င်းကာမေသု မိစ္ဆာစာရ ဖြစ်မှုများ တိုးပွား လာသောအခါ ၎င်းသတ္တဝါတို့၏ သက်တမ်းများ အဆင်းသဏ္ဌာန်များလည်း တဖြည်းဖြည်း ဆုတ်ယုတ်၍လာပြန်ရာ ၎င်းတို့၏ သားသမီးများ လက်ထက်တွင်ကား အနှစ်ငါးထောင်သာ အသက်ရှည်ကြတော့သည်။

**ကာမေသုမိစ္ဆာစာရ**

မိမိပိုင်ယောကျ်ား မိမိပိုင်မယားတို့နှင့် အချင်းချင်း စပ်ယှက်သံဝါသအမှုကို ပြုကြခြင်းသည် လောကအလိုက် ကဲ့ရဲ့ထိုက်သော သဘာဝ မဟုတ်။

မိမိမပိုင်သော ကာမဝတ္ထုတို့၌ ကာမအမှုကို ယုတ်ယုတ်မာမာပြုကျင့်မှု၊ အနိုင်အထက် နှိပ်စက်၍ပြုကျင့်မှုများကား ကာမေသုမိစ္ဆာစာရ ဖြစ်မှုများပင် ဖြစ်၏။

၎င်း ကာမေသုမိစ္ဆာစာရသည်—

၁။ မသွားလာထိုက်သော ပုဂ္ဂိုလ်ဖြစ်ခြင်း

၂။ မသွားလာထိုက်သောအရာ၌ မှီဝဲလိုသောစိတ်ရှိခြင်း

၃။ လုံ့လပယောဂပြုခြင်း

၄။ မဂ်တခုနှင့်တခု ကျင့်ရမှုကို သာယာခြင်း ဟူသော အင်္ဂါလေးချက်နှင့် ပြည့်စုံလျှင် ကာမေသုမိစ္ဆာစာရအတွက် ကမ္မပထ မြောက်တော့သည်။

ဤ၌ နံပါတ်(၁)အင်္ဂါဖြစ်သော မသွားလာထိုက်သော ဝတ္ထုကို ယောကျ်ားဘက်နှင့် မိန်းမဘက် သက်ဆိုင်ပုံများကို ခွဲ၍ပြဦးအံ့-

ယောကျ်ား ဖြစ်သူတို့သည် အောက်ပါမိန်းမတို့ကို လွန်ကျူးခွင့်မရှိ—

၁။ သူတပါးဥစ္စာဖြင့် ဝယ်ယူထားသောမိန်းမ၊

၂၊ သူ၏မယားဖြစ်ရန်အလိုတူသဖြင့် မိမိကြိုက်သောယောကျ်ား အိမ်၌ သွား၍နေထိုင်သောမိန်းမ

၃။ ဆင်းရဲလှ၍ အသုံးအဆောင် လခငွေရရှိရန်အတွက် မယား အဖြစ်ခံယူကာ သွားရောက်နေထိုင်သောမိန်းမ

၄။ အဝတ်ထမီစသော အဝတ်တန်ဆာအတွက် မယားအဖြစ်ခံ ယူထားသောမိန်းမ

၅။ ရေခွက်၌ လက်ဆုံချ၍ ထိမ်းမြားခြင်း လက်မှတ်ထိုးခြင်း စသည်ဖြင့် သိမ်းပိုက်ထားသောမိန်းမ

၆။ ယောကျ်ားက သိမ်းပိုက်လိုက်၍ မိမိ၏ ပင်ပန်းသောအလုပ် ကို မလုပ်ရတော့ပဲ အိမ်မှုကိစ္စသာ လုပ်ရသောမိန်းမ

၇။ စစ်တိုက်၍ အောင်မြင်သောအခါ သုံ့ပန်းအဖြစ် ဖမ်းဆီး ခဲ့ပြီးနောက် မယားအဖြစ် သိမ်းပိုက်ခံရသော မိန်းမ

၈။ အစေခံအဖြစ် ထားသော်သည်း မယားအဖြစ်နှင့် သိမ်းပိုက် ခံထားရသောမိန်းမ

၉။ ကျွန်အဖြစ် ထားသော်လည်း မယားအဖြစ်နှင့် အသိမ်း ပိုက်ခံရသောမိန်းမ

၁၀။ ခေတ္တခဏ ငွေကြေးမနပေး၍ ပေါင်းသင်းနေသော မိန်းမ (၎င်းမိန်းမသည် တရက်၊ တခါစသည်ဖြင့် ငွေကြေးယူ၍ ပျော်ပါးခြင်းဖြစ်ရာ- ပထမ လက်ခံထားသူကို ဝန်ခံထား သည့် အချိန်အခါသည် ပထမလက်ခံထားသူ ပိုင်ဆိုင်နေဆဲ အချိန်ဟုမှတ်ပါလေ။)

၁၁။ မင်းပြစ်မင်းဒဏ် မကင်းသောမိန်းမ

၁၂။ ပြောဆိုကြောင်းလမ်း စေ့စပ်မှုကို ပြုပြီးသောမိန်းမ

၎င်းတို့၌ မိမိကာမပိုင် လင်ယောကျ်ားများ ရှိနေသောကြောင့် သွားလာသောယောကျ်ားတို့သည် ကာမေသုမိစ္ဆာစာရဖြစ်သည်။

ထို့အတူ မိန်းမလုပ်သူများမှာလည်း မိမိကာမပိုင်ယောကျ်ားမှ တခြား ယောကျ်ားများနှင့် ဖေါက်ပြားခဲ့သော် ကာမေသုမိစ္ဆာစာရ ဖြစ်၏။

ဤကား မိန်းမများရော ယောကျ်ားများပါ နှစ်ဦးနှစ်ဘက်စလုံး သက်ဆိုင်သော ကာမပိုင်များဖြစ်၏။

ထိုမှတပါး ယောကျ်ားများလည်း အောက်ပါ မိန်းမတို့၌လည်း သွားလာခွင့်မရှိ–

၁။ ဘခင်မရှိ၍ မိခင်စောင့်ရှောက်မှုရှိသောမိန်းမ

၂။ မိခင်မရှိ၍ ဘခင်စောင့်ရှောက်မှုရှိသောမိန်းမ

၃။ မိဘနှစ်ပါးစလုံး စောင့်ရှောက်မှုရှိသောမိန်းမ

၄။ မိဘနှစ်ပါးစလုံးမရှိတော့၍ အမရင်း ညီမရင်းတို့က စောင့်ရှောက်မှုရှိသောမိန်းမ

၅။ မောင်ကြီး မောင်ငယ် အကိုကြီးအကိုငယ်အရင်းတို့က စောင့်ရှောက်မှုရှိသောမိန်းမ

၆။ ဆွေမျိုးတစုက ဝိုင်း၍စောင့်ရှောက်မှု ခံထားရသော မိန်းမ

၇။ တရုတ်၊ ကုလား၊ မြန်မာစသည်ဖြင့် လူမျိုးတူချင်း စောင့်ရှောက်ခံထားရသောမိန်းမ

၈။ အတူတကွ တရားကျင့်ဖက်ဖြစ်သူတို့က စောင့်ရှောက်ထားအပ်သောမိန်းမ-ဟူ၍ ရှစ်ယောက်ရှိ၏။

ရင်းမိန်းမတို့၌လည်း ယောကျ်ားများသည် ကျူးလွန်ခွင့်မရှိ၊ ကျူးလွန်က ကာမေသုမိစ္ဆာစာရကံထိုက်၏။

သို့သော် ၎င်းမိန်းမရှစ်ယောက်တို့မှာ အခြားယောကျ်ားများနှင့် ဖေါက်ပြားခဲ့သော် ကာမေသုမိစ္ဆာစာရ မဖြစ်ပေ၊ ၎င်းတို့ကို အုပ်စိုးထိန်းသိမ်းထားကြသော မိဘ ညီအစ်ကို မောင်ဘွားစသည်တို့မှာ ၎င်းမိန်းကလေး၏ကာမကိုပိုင်သည့်သူများမဟုတ်။ မိန်းကလေးမှာ မိမိကာမ မိမိပိုင်ဆိုင်သောကြောင့် ကာမအတွေ့ကိုသဘောရှိပေးနိုင်၏။ ကာမေသုမိစ္ဆာစာရမဖြစ်ပေ။

သို့သော် ဤကဲ့သို့ဖြစ်မှုမျိုးများသည် လောကအလယ် အင်မတန်စက်ဆုတ်ဘွယ် ကောင်းလှ၏။ အုပ်ထိန်းသူများလည်း မျက်နှာပူ မိမိလည်းအရှက်တကွဲအကျိုးနဲ စိတ်ဆင်းရဲဒုက္ခရောက်ရတတ်သည်မို့ အမျိုးသမီး ကြီးကြီးငယ်ငယ်တို့ သတိပြု၍ရှောင်ကြဉ်ကြပါကုန်။

**ကြောက်စရာ ဘတ်(စ်)ကားပေါ်က ကာမေသုတေ္တ**

ယနေ့အချိန်အခါကာလသည် သက်ရှိသက်မဲ့ အရာဟူသမျှ၌ စွဲဆောင်ခေါ်ငင် ယူနိုင်သော သတ္တိများ အပြည့်အဝရှိနေကြလေသည်။

မလိုခြင်သော အရာကို လိုချင်အောင် မကြိုက်သော အရာကို ကြိုက်အောင် အမျိုးမျိုးအဖုံဖုံ ခြယ်သထုံမွမ်း ဖုံးကာကွယ်ကာလှစ်ဟကာဖြင့် အမျိုးမျိုး တန်ဆာဆင်ထားကြလေသည်။

ထိုသို့ ဝတ္ထုအာရုံတို့က စွဲဆောင်မှုအပြည့်အဝ ရှိလာသောအခါ ၎င်းအာရုံများနှင့် ကြုံတွေ့ရသည့်သူများမှာ များသောအားဖြင့် ၎င်းအာရုံတို့နောက်သို့ ကောက်ကောက်ပါအောင် လိုက်မိကြလေသည်။

ထိုသို့ လိုက်မိကြသည့်အထဲတွင် အမှားအမှန်မဝေဘန်နိုင်လောက်အောင် ဖြစ်လာကြသော အချို့ငယ်ရွယ်သူများသည်၎င်း၊ ကြီးမားသူတို့သည်၎င်း၊ ဘတ်(စ်)ကားစီးခြင်း ရုပ်ရှင် ပွဲလမ်းသဘင် ကြည့်ရှုခြင်းစသည့် လူသူရှုတ်ထွေးသော နေရာများ၌ အမျိုးသမီးများကို နိုင်ထက်စီးနင်း သုံးသပ်ခြင်းပြုနေကြလေသည်။ သို့သော်လည်း မိန်းမသားတို့မှာ ၎င်းတို့၏ယုတ်မာ ပက်စက်မှုများကို နှစ်ခါအရှက်မကွဲလို၍ မအော်ရဲ မဟစ်ရဲ အကူအညီ မခေါ်ရဲသည့်ဒုက္ခများနှင့် ကြုံတွေ့ရလေသည်။

ထိုသို့သော ဖြစ်ရပ်ပေါင်းများမှာ မည်မျှရှိနေမည်နည်း၊ ဤ၌ယောကျ်ား သားများကိုသာ အပြစ်မဆိုသင့်၊ တချို့အမျိုးသမီး ပျက်များသည် မိမိတို့၏ ကာယိန္ဒြေများကို စောင့်ထိန်းမှုမရှိသည့်အတွက်ထိုသို့သော ယုတ်မာမှုများလည်း ဖြစ်ပွားလိမ့်မည်ထင်သည်။

အသိတယောက်ပြောဘူး၏။

"တချို့လူတွေ ကာမေသုမိစ္ဆာစာရရုပ် ပေါက်နေတယ်" ဟူသောစကားမှာ မှန်များမှန်လေမည်လား မပြောတတ်ပေ။

**ကာမေသုမိစ္ဆာစာရအပြစ်**

ရှေးကတင်ပြခဲ့သည့် ဖြစ်ရပ်တို့မှာ ကာမေသုမိစ္ဆာစာရအင်္ဂါမြောက်ရန် တချက်သာလိုသေးသည်ကားမှန်၏၊ သို့သော် မိမိတို့ပြုကျင့်ခံရသော

မိန်းမများမှာ အုပ်ထိန်းသူများလည်းရှိနေမည်။ ကာမပိုင်များလည်း ရှိနေမည်၊ ကိုယ်ကျင့်တရားလည်း ကောင်းမွန်နေမည်ဆိုပါက ကိုယ်ထိလက်ရောက် ကျူးလွန်နေကြသူများ၏ နေ့ာင်ရေးသည် မတွေးရဲစရာကောင်းလောက်အောင် ဆိုး၀ါးနေပေသည်။

တိုးတက်လွန်ကျူးကာ ကာမပိုင်ရှိနေသော ယောကျ်ားမိန်းမတို့ကို သဘောတူသော်လည်း သံ၀ါသအမှု ပြုခဲ့သော်လည်းကောင်း၊ သဘောမတူသော်လည်း အနိုင်အထက်ပြုခဲ့သော်ငင်း၊ ဇမ်းပုဂ္ဂိုလ်တို့မှာ ဘ၀နလံထူရန် အတော်ပင် ဘ၀ပေါင်းများစွာ ကြိုးစားရဦးမည် ဖြစ်သည်။

ပရာဘ၀ သုတ္တန်၌ ပျက်စီးကြောင်းတရားများကို ဟောတော်မူခဲ့ရာတွင်လည်း အက္ခခုတ္တ အလောင်းအစား ကျူးသူ-သုရာဓုတ္တ သေသောက်ကျူးသူ-ဣတ္ထိဓုတ္တ-ကာမဂုဏ် အင်အားလွန်ကြီးမားသည့်မိန်းမကျူးသူတို့မှာ ပျက်စီးခြင်းမလှ ပျက်စီးနေကြသည့် သူများဖြစ်သည်ဟု ဟောကြားတော်မူခဲ့လေသည်။

အဘယ်ကြောင့်နည်း၊ ဇင်းပုဂ္ဂိုလ်တို့သည်....ဇင်းကာမ ကျူးမှုကြောင့်—

၁။ မိမိ၏ လက်ရှိဥစ္စာပစ္စည်းများလည်း ဆုတ်ယုတ်ပျက်စီးရ၏။

၂။ မိန်းမယုတ် မိန်းမ ညံ့ တို့ နှင့် ပေါင်း သင်းမိ သော ကြောင့် ကြောက်မက်ဖွယ် အနာရောဂါ ဝေဒနာဆိုး-ပိုးအမျိုးမျိုးတို့ နှိပ်စက်ဒဏ်ခံရသောကြောင့် ကျန်းမာရေးလည်း ဆုတ်ယုတ် ပျက်ပြားရ၏။

၃။ ထိုသူတို့ အိမ်ထောင်ပြုသည့်တိုင်အောင် သားငယ်သမီးငယ်များမှာ လူပုံအလယ် မျက်နှာငယ်ရရှာ၏။

၄။ အခန့်မသင့်က ပက်ဝန်းကျင်၏ဇင်း။ မိမိလွန်ကျူးသောမိန်းမ၏ဇင်း၊ ရန်တုန့်မှုခြင်းကို ခံရ၍ အသက်အန္တရာယ်ပြုသည်ထိ ဒုက္ခရောက်ရ၏။

၅။ ဇင်းပုဂ္ဂိုလ်၌ လူကြီးလူကောင်းတို့၏ ကိုယ်ကျင့်သီလ ဟူ၍ တစိုးတစိမရှိဟုဆိုရလောက်အောင် သိက္ခာဂုဏ် ပါဝါ ယုတ်လျော့ကြ၏။

၆။ မိမိလွန်ကျူးလိုသော မိန်းမများ၏ လိုအင်ဆန္ဒ အဝဝကို ပစ္စည်းနှင့်ရင်း ကိုယ်နှင့်ရင်း ရင်းနှီး၍ ဖြည့်တင်းပေးနေရ၏။

၇။ ဘာလေး လုပ်ပေးပါ၊ ညာလေး လုပ်ပေးပါဟု ခိုင်းပြန်သောကြောင့် နဖားကြိုးထိုးခံထားရသော နွားကဲ့သို့ ရုန်း၍ လုပ်ပေးရပြန်၏။

၈။ သောက်လေ သောက်လေ ငတ်မပြေ၊ ဟူသကဲ့သို့ မကောင်းမှု အမှားလမ်းဟု သိနေပါလျက် မျက်စိမှိတ်၍ ဇွတ်လိုက်နေရသောကြောင့် ကိုယ်ကျင့်သီလလည်း ပျက်စီးရ၏။

၉။ ကာယအင်အား ဉာဏအင်အားများလည်း အားနည်းပျော့ညံ့ကာ ပညာမဲ့ လူ့ပေတုံး အသိဉာဏ်ဆိုသည့် ဘဝသို့ရောက်ရ၏။

၁၀။ အမြော်အမြင် ဉာဏ်ရှိသော်လည်း ၎င်းကိစ္စနှင့် ပတ်သက်လာလျှင် ပညာမျက်စိ လုံးလုံးကန်းသည့်ဘဝသို့ ရောက်ရ၏။

၁၁။ တခြားအန္တောင်အတဲတို့မှ လွတ်ကင်းနေသော်လည်း မိမိလွန်ကျူးသော မိန်းမ၏ ချုပ်နှောင်မှုကိုခံရ၏။

၁၂။ မိန်းမ လိုက်စားများသည့်အတွက် ကောင်းမှုကောင်းရာ ဖက်၍ ပေါ့လျှော့သောကြောင့် အခြံအရံပရိသတ်၊ အကျော်အစောဂုဏ်သတင်း၊ တည်ကြည်ခြင်း၊ ရဲရင့်ခြင်း စသည်တို့မှာ တစတစ ဆုတ်ယုတ် ပျက်စီးလာရ၏။

၁၃။ ကာမပိုင်ရှိသော သူတို့ကို လွန်ကျူးမိခဲ့သော် ခြံခုန်နွား၊ မုဒိမ်းကောင် စသည်ဖြင့် သမုတ်ခံရသည်သာမကသေး၊ ကာမေသု မိစ္ဆာစာရကံကိုလည်း ကျူးလွန်မိသောကြောင့် အဝီစိငရဲအိုးမှာ ဂျိုးကပ်ကာ ခွာမရသည့်အဖြစ်သို့ ရောက်ရတတ်လေသည်။

ဤ၌ အလျဉ်းသင့်၍ မိန်းမများက ဂရုမစိုက် အလေးမပြုသော လင်ဖျင်း လင်အ ရှစ်ဦးကိုပြဦးအံ့-

၁။ ပျင်းရိဖင့်နွဲ့ ဆင်းရဲသောလင်

၂။ ရောဂါကပ်ရောက် ရောဂါထူပြောနေသောလင်

၃။ ဆံဖြူသွားကျိုး အိုရွတ်တွနေသောလင်

၄။ အရက်သောက်ကျူးသောလင်

၅။ ဖျင်းအထုံထိုင်းသောလင်

၆။ ပေါ့ပေါ့ဆဆ နေတတ်သောလင်

၇။ ပစ္စည်းဥစ္စာ မပေးကမ်းသောလင်

၈။ သူတပါးနောက် လိုက်သောလင်

ဤလင်ရှစ်မျိုးတို့ကို မိန်းမများက အလေးဂရုမစိုက်ဟုဆို၏။ ဤကာမ အမှု လွန်ကျူးမှု ရှိနေသောလင်ကိုကား-အဘယ်မိန်းမသား ဇနီးမယား များသည် ချုပ်တီး သည်းခံ ဂရုပြုရန်ရှိတော့မည်နည်း။

တဖန်ကြည့်ဦး၊ မိမိလက်ရှိ သားမယားကို ပစ်ပယ်ထား ကာ အသစ်သစ် ရှာမှီးသောသူတို့၏ ဇနီးမယားများမှာလည်း ကာမဂုဏ်ကို အလိုရှိနေသော ကာမသတ္တဝါများပင် ဖြစ်နေရာ ယောကျ်ားလုပ်သူက ငါ့လှေငါထိုး။ 'ပဲ့ခူးရောက်ရောက်'လုပ်နေလျှင် မယားလုပ်သူကလည်း 'ငါ့ဗန်းငါရွက်၊ လာမစွက်နဲ့'ဟူ၍ ထင်ရာစိုင်းပေလိမ့်မည်။

တချို့ မိန်းမများလည်း ကာမယစ်မူး အပျော်ကျူးတတ်ကြ ၏။ မိမိလင်ယောကျ်ားကြီးရှိပါလျက် တခြားယောကျ်ားသားများနှင့် ပေါင်းသင်းယှက်နွယ်မှုကို လက်ခံသာယာတတ်ကြသည်၊ သဘာဝကိုလုပ် ၍ အကျယ်ချဲ့၍မရေးပြီ။ သို့သော် ယောကျ်ားလုပ်သူများက မည်မျှ ပင် ကျူးလွန်ဖောက်ပြားကြသော်လည်း အိမ်ရှင်မလုပ်သူတို့မှာ သည်း ခံချုပ်တည်း 'အသိတာဘူ' မင်းသမီးကဲ့သို့ အောင့်အည်းကာ နေကြပါ လေကုန်။

## မိန်းမမြတ်အသိတာဘူ

ရှေးအခါက ဗာရဏသီမင်းကြီးသည် မိမိသားဖြစ်သော ဗြဟ္မ ဒတ်မင်းသား၏ အခြွေအရံ တပည့်လက်သား ပရိသတ် များပြားသည် ကို တွေ့မြင်ရသောအခါ ထီးနန်းကိုပင် လုယူမလားဟူ၍ သံသယဝင် မိကာ သားကို တိုင်းပြည်မှ နှင်ထုတ်လိုက်၏၊ ဗြဟ္မဒတ်မင်းသားလည်း ကြင်ရာဇနီးဖြစ်သော အသိတာဘူ မင်းသမီးကိုခေါ်၍ ဟိမဝန္တာတော ၌ တဲကလေးနှင့် နေရလေ၏။

တနေ့သော် ပြဟ္မဒတ်မင်းသားသည် ကိန္နရီမတယောက်ကို မြင်ရ၍ တပ်နှစ်သက်သောစိတ်ဖြင့် ဇနီးလုပ်အံ့ဟူသော အကြံဖြင့် အသိတာ ဘူကိုပင် အသိမလုပ်တော့ပဲ ကိန္နရီမနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေ၏။

ထိုအခါ အသိတာဘူ မင်းသမီးမှာ-

(ငါ့ရှိပါလျှက် ငါ့ကိုအရေးမထားကိန္နရီမနောက်သို့ လိုက်သွားလေပြီ၊ ငါ့ကိုမှမကြင်နာတော့ ငါကလည်း ခင်မင်ကြင်နာနေ၍မသင့်) ဟု ခင်မင်ရင်းနှီးသော သံယောဇဉ်စိတ်ကို ထိန်းချုပ်ကာ အလောင်တော်ရသေ့ထံ သွား၍ ကသိုဏ်းကမ္မဋ္ဌာန်း တောင်းကာ အားထုတ်သောအခါ အဘိညာဏ်တန်ခိုးရ၍ မိမိနေသောတဲသို့ ပြန်ရန် အလောင်းတော်ရသေ့ကို ဦးချပြီး ပြန်ခဲ့လေသည်။

ထိုအချိန်တွင် ကိန္နရီမကိုမမှီပဲ မျက်ခြေပြတ်၍ မောပန်းကာပြန်လာသော မင်းသားကိုတွေ့လျှင် ကောင်းကင်သို့ ပြန်တက်၍

(အရှင့်သား—အရှင့်သား၏ ကျေးဇူး ကြီးမားလှပါတယ်၊ အရှင့်သားကြောင့် အကျွန်မမှာ ငြိမ်းချမ်းသာကို ရခဲ့ပါပြီ၊ အကျွန်မကို အာရုံမစိုက်ပဲ ကိန္နရီမနောက်သို့ လိုက်သွားသောကြောင့်သာ ခင်မင်တပ်မက်မှု ကင်းပြတ်၍ ငြိမ်းချမ်းသာကို ရရှိခြင်းဖြစ်ပါသည်။

လွှနှင့် ဖြတ်ပြီးသော ဆင်စွယ်ကို တဖန်ပြန်ဆက်၍မရသလို၊ အရှင့်သားအပေါ်၌ အကျွန်မ၏ ခင်မင်တွယ်တာမှုစိတ်ကို ပြန်ဆက်၍ မရတော့ပါ) ဟူ၍ ကောင်းကင်ခရီးဖြင့် အခြားတနေရာသို့ ပြန်တက်၍ သွားသည်ဆို၏။

ထို့ကြောင့် အမျိုးကောင်းသမီးတို့လည်း ယောကျ်ား၏ဒုစရိုက်ကို မိမိထံမကူးစက်စေပဲ စိတ်ချမ်းသာမှုများ ရရှိအောင် အတတ်နိုင်ဆုံး ကြိုးစားပါလေ။

ဆက်လက်၍ ရှေးကပြခဲ့ပြီးသော ဆုတ်ယုတ် ပျက်စီးကြောင်း အင်္ဂါရပ်တို့ကို သုခ်နီးစာယူနိုင်ရန် ပုံပြင်သာဓက ထုတ်၍ပြဦးအံ့—

ဒု-သ-န-သော ဆိုလျှင် သိကြသူများပြားပါလိမ့်မည်။

လောဟကုမ္ဘီဇာတ်၌ သူဌေးသားလေးယောက် အရက်ကိုအလွန်အကျွံသောက်ပြီး သူတပါး သားမယားတို့ကို လွန်ကျူးမိသောကြောင့် လောဟကုမ္ဘီ ငရဲ၌ ခံစားနေရရာ မိမိတို့ပြောလိုသော စကားများကို အပြည့်အစုံ မပြောနိုင်ပဲ ဆိုပူအိုးက ပေါ်၍အလာ(ဒု-သ-န-သော)ဟူ၍ တယောက်တခွန်းစီသာ ပြောနိုင်ကြရှာသည်ဟူ၏။

သာမန်ပုဂ္ဂိုလ်များကို မဆိုထားနှင့်၊ ဂေါတမ ဘုရားအလောင်း ဟရိတစ ရသေ့သည်လည်း အာနန္ဒာအလောင်း ဗာရဏသီ ပြည့်ရှင်မင်း၏ မိဖုရားနှင့် အဘိညာဏ် သမာပတ် ရပြီးသော်လည်း မှောက်မှားဘူးခဲ့ဘူး၏။

ဗာရာဏသီမင်းသည် ဟရိတစ ရသေ့ကို ကိုးကွယ်ဆည်းကပ်ကာ-မိမိဥယျာဉ်တော်၌ သီတင်းသုံး နေစေတော်မူ၏။

တနေ့တွင် တိုင်းပြည်ဝယ် သူပုန်ထသောကြောင့် ဘုရင်ကိုယ်တိုင် နှိမ်နင်းရန် ထွက်ခွာအသွား- မိဖုရားလုပ်သူအား ဆရာရသေ့ကို ဂရုစိုက်ရန် အထပ်ထပ်မှာခဲ့၏။

မိဖုရားသည်း အချိန်မှန်မှန် ဆွမ်းပြုစု၍ လုပ်ကျွေးရှာ၏၊တနေ့တွင် ဆရာရသေ့ မလာသေးသောကြောင့် နံ့သာရေမိုး ကောင်းစွာချိုး၍ ဝတ်စားတန်ဆာတို့ကို ကောင်းမွန်းစွာ ဝတ်ဆင်၍ ဆရာရသေ့ အလာကို စောင့်နေရင်း သလွန်ပေါ်၌ လည်းလျောင်းနေသည်။

အလောင်းတော် ဟရိတစ ရှင်ရသေ့လည်း အဘိညာဏ် တန်ခိုးဖြင့် ကောင်းကင်ခရီးမှကြွလာ၍ လေသာနန်း တံခါး ပြတင်းပေါက်သို့အရောက်တွင် လျော်တေသက်နိ၏ ကြမ်းတမ်းသော အသံကို ကြား၍ မိဖုရားမှာ ဖြုန်းကနဲအထလိုက်တွင် -ကိုယ်ဝတ်ဆမီ လျောကျ၍ သွားသည်ကို မြင်ရသော ရသေ့သည် တဏှာရာဂ ရုတ်တရက် ထကြွကာ မှောက်မှား မိခဲ့ဘူးလေသည်။

သို့သော် ပါရမီဓာတ်ခံ ရင့်သန်ပြီးသူမို့ ဗာရာဏသီမင်းထံ ခွင့်ပန်၍ ပြင်းထန်သော သံဝေဂရကာ ဈာန်သမာပတ်ကိုပြန်၍ရအောင် အားထုတ်ပြီး လူသူကင်းကွာ ဟိမဝန္တာသို့ ကြွသွားလေတော့သည်။

**ခေါင်းမလုံ၍ ကြမ်းပေါက်ယိုခြင်း**

တဖန် အနိတ္တိဂန္ဓမင်းသားသည်လည်း မိန်းမအလွန်ကျူးသူဖြစ်၏၊ ထို့ကြောင့် တိုင်းပြည်မှ နှင်ထုတ်လိုက်ရာ မယားလုပ်သူကို ခေါ်၍ တောသို့သွား၍ နေကြရ၏။

(အိမ်ခေါင်မိုး မလုံးရင် ကြမ်းပေါက်ကလည်းယိုသည်)ဟူသကဲ့သို့ လင်လုပ်သူက ထိုအမှုကိစ္စ အားကြီးသောအခါ မယားလုပ်သူကလည်း အနိတ္တိဂန္ဓ သစ်သီးရှာသွားနေခိုက် ရသေ့တဦးနှင့် ဖောက်ပြား ပျော်မွေ့သည်ဆို၏။

**ပညာရှိများသတိထားပါ**

သကုဏ္ဍလ-ဝတ္ထုကြီးကို ရေးသားခဲ့သော ကာလီဒါသဆိုလျှင်သိကြလိမ့်မည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင် (၂၀၀၀)ကျော်လောက်က အိန္ဒိယနိုင်ငံ ဥဇ္ဇေနီပြည် ဝိကြမ္မာဒိတျမင်းကြီး၏ စာဆိုတော် ပညာရှိကြီးတဦးဖြစ်၏။ သို့သော် မြန်မာကျမ်းဂန်များတွင် ဗာရာဏသီပြည် နန္ဒိရာဇာမင်းနှင့် ဘာဏုမန္တီ မိဖုရားကြီးလက်ထက်မှ ပညာရှိကြီးတဦးဟု ဖေါ်ပြကြ၏။

ကာလီဒါသဟူသော ထိုပညာရှိကြီးသည် အသံကြားရုံဖြင့် အသံရှင်၏ ပုံသဏ္ဌာန် အနေအထားကို သိသူဖြစ်၏၊ တနေ့တွင် မိဖုရားကြီး၏ ပုံတူကို ရေးဆွဲရန် စိတ္တရံသိ ပန်းချီဆရာကြီးအား တာဝန်ပေးအပ်ရာ ကာလီဒါသ ညွှန်ပြမှုကြောင့် ပန်းချီဆရာသည် မိဖုရား၏ပုံ၌ လျှို့ဝှက် ဖုံးကွယ်ရမည့်နေရာတွင် မှဲ့သုံးလုံး ရှိပုံကိုပါ ရေးဆွဲ၍ ဆက်သလိုက်၏။

ထိုအခါ ဘုရင်သည် မိဖုရားနှင့် ပန်းချီဆရာတို့ကို သက်ာမကင်းသဖြင့် စစ်ဆေးလေသောအခါ ကာလီဒါသ ပြောပြကြောင်း သိသော် ကာလီဒါသကို သတ်စေရန် အမိန့်ပေးလိုက်၏။

သို့သော် ကမ္မသိဒ္ဓိကာဟူသော အမတ်ကြီးတယောက်က လျှို့ဝှက်ထား၍ အသက်ချမ်းသာရာ ရရှိသွား၏။

တနေ့သော် မင်း၏သားတော် သုဒေဝသည် တောကစားရာမှ အပြန် ဝံသူတော် သင်ကြားလိုက်သော (သ-သေ-မိ-ယ) စကားလေးလုံး ၏အပွါယ်ကို ဖြေဆိုစေရာ မည်သူမှမဖေါ်နိုင်ဖြစ်နေ၏။

ထိုအခါ ကာလီဒါသသည် အမတ်ကြီး၏ သမီးဟန်ဆောင်ကာ တင်းတိမ်အတွင်းမှ ဖြေဆိုလိုက်လေသည်။ ဘုရင်လုပ်သူကစစ်မေးသော် ကာလီဒါသဖြစ်နေ၍ ရှေ့ကအပြစ်ကိုလွတ်ကာ ချီးမြှောက်ထားပြန်သည်။

**မိန်းမပျက်ကြောင့် ကာလီဒါသပျက်စီးရပုံ**

တနေ့သော် ကြာဖူးတခု လေမလာဘဲ အလိုလိုလှုပ်နေ၍ဘုရင်က အကြောင်းရင်းကိုဖြေဆိုနိုင်လျှင် ယောကျ်ားဖြစ်ကအမတ်အရာ၊ မိန်းမ ဖြစ်က မိဖုရားအရာပေးမည်ဟု ကြေငြာလေသည်။

ထိုအချိန်တွင် ကာလီဒါသသည် ပြည့်တန်ဆာမတဦးနှင့် ပျော်မြူး နေချိန်ဖြစ်ရာ ပြည့်တန်ဆာမသည် ကာလီဒါသကိုမေးရာ–

ကာလီဒါသက (ကြာဖူးထဲ၌ ပိတုံးဝင်နေကြောင်း) အဖြေပေး လိုက်ရာ အဖြေရသည်နှင့် ပြည့်တန်ဆာမသည် ဆရာပေါ်မည်စိုးသော ကြောင့် ကာလီဒါသကိုသတ်၍ ဘုရင့်ထံ အဖြေပေးနိုင်သော်လည်း စစ်မေးသောအခါ အမှုမှန်ပေါ်၍ အပြစ်ဒဏ်ရသွားလေသည်။

**သတိပြုကြပါ**

ကြီးကြီး ငယ်ငယ် ရှယ်ရှယ်စားစား သူတော်ကောင်းအများတို့ ရှေ့က ပြထားသည့် သာဓကများကိုကြည့်လျှင် ကာမကိစ္စသည် မည်မျှ လောက်ဒုက္ခရောက်စေနိုင်သည်ကို တွေ့မြင်နိုင်ကြပါလိမ့်မည်။

ထို့ကြောင့် သူ့စည်း ကိုယ့်စည်း လုံခြုံအောင် စောင့်စည်း၍ ယုတ်မာလှသော အမှုကိစ္စများတွင် လွန်ကျူးမှုမဖြစ်စေကြပဲ မိမိကိုယ်၏ ဂုဏ်သိက္ခာ၊မိဘညီအကိုမောင်ဘွား ဆွေမျိုးသားခြင်းများ၏ဂုဏ်သိက္ခာ၊ လူမျိုးတို့၏ဂုဏ်သိက္ခာကို ထိန်းသိမ်းကာမသေ့ စောင့်ရှောက်ကြပါလေ။

ဤအမှုများသည် လောက၌သာ ထိုထို ဒုက္ခရောက်ကြသည်မဟုတ် သေး၊ ထိုထို ဘုံဘဝသို့ ရောက်ကြလျှင်လည်း အဝီစိငရဲဒဏ် ခံရခြင်း၊ နပုံးသဏ္ဍာန် ဖြစ်ရခြင်း၊ မိန်းမရှာဖြစ်ရခြင်း၊ ရန်သူများဝိုင်းရံခံရခြင်း စသည့် သံသရာဝဋ်ဒုက္ခများလည်း ရှေးက ကြိုဆို၍နေကြလေရာ ၎င်း ယုတ်မာသည့် ကာမေသုမိစ္ဆာ အယုတ်တမာမှု တို့ကို စောင့်ရှောက်မှု ပြုကြပါလေကုန်။

**ဖရုသဝါစာ**

ရှေးနည်းအတိုင်းပင် ခိုးမှု၊ သတ်မှု၊ လိမ်လည်မှု၊ ကုန်းချောမှု၊ သူ့သားမယားကို လွန်ကျူးမှုဟူသော ဒုစရိုက်မှုန်တိုင်း စိတ်အရိုင်းတို့က တဒိုင်းဒိုင်း ရိုက်ခတ်နေကြလေသောအခါအနှစ်တသောင်းတမ်း အသက်ရှည်ကြသောလူတို့၏ သားသမီးများမှာ အနှစ်ငါးထောင်သာ အသက်ရှည်ကြတော့၏။ အနှစ်ငါးထောင်သက်တမ်းဖြင့် ကာလကြာစွာနေလာကြသည်။ ထိုလူများတွင် တချို့ကကြမ်းတမ်းသောစကားကိုပြောဆို၏။ အချို့က သိမ်ဖျင်းသောစကားကိုပြောဆိုကြ၏။

ထိုသို့ ဆဲဆိုကြိမ်းမောင်း ကြမ်းတမ်းသောစကားတို့ကိုငင်း၊ အနှစ်မပါ အဆံမရှိ သိမ်ဖျင်းသောစကားတို့ကိုငင်း၊ ပြောဆိုမှု များပြားခဲ့သော်ငင်း အနှစ်ငါးထောင်သက်တမ်းနေရသောသူတို့၏ သားသမီးများလက်ထက်တွင် အသက်တမ်းရော အဆင်းပုံသဏ္ဍာန်များပါ ဆုတ်ယုတ်၍ လာတော့ရာ တချို့ကအနှစ်နှစ်ထောင်ငါးရာ၊ တချို့က အနှစ်နှစ်ထောင်မျှသာ သက်တမ်းရှိကြတော့သည်။

အမိနှင့်သား မောင်နှင့်နှမ ကြား၍မှ မတော်သည့် မကြားကောင်းမနာသာ အယုတ်တမာ ဆဲဆို ပြောကြားမှုမျိုး၊ "မြွေကိုက်၍သေပါစေ၊ မိုးကြိုးပစ်၍ သေပါစေ"စသည်ဖြင့်ကျိန်ဆဲမှုများကို ဖရုသဝါစာဟုခေါ်၏။

ငင်းအသံများကို ကြားရလျှင် ကြားရသည့် လူအပေါင်းမှာ လွှသွား, ကျားလျှာ စသည်တို့ကို လက်နှင့်စမ်းရသလို ကြမ်းတမ်းသောအတွေ့ရှိသောကြောင့် ဖရုသဝါစာဟုလည်းခေါ်၏။

ငင်း ဖရုသဝါစာ ကြမ်းတမ်းသောစကားကိုပြောဆိုရာဝယ်-

၁။ ဒေါသအမျက်ထွက်ရှိခြင်း

၂။ ဆဲရေးခံသူရှိခြင်း

၃။ ပြောဆိုဆဲရေးခြင်းဟူ၍ အင်္ဂါသုံးချက်နှင့် ညီလျှင် ကမ္မပထမြောက်တော့သည်။

**ဖရုသဝါစာစစ်တမ်း**

ဤ၌ ကြမ်းတမ်းသောစကားပင် ဖြစ်သော်လည်း စေတနာက မပါလျှင်ငှင်း၊ စေတနာပါလျှင် သိမ်မွေ့စွာပင် ပြောဆို သော်လည်း ဖရုသဝါစာ မဖြစ်နိုင်ပုံ-ဖြစ်နိုင်ပုံတို့ကိုပြဦးအံ့-

မိခင်တဦးက တောသို့မသွားစေလိုသောသားဖြစ်သူကိုတားသော်လည်း မရဘဲ အတင်းထွက်၍သွားသောအခါ (ကျွဲမကြီးခတ်လို့သေပါစေ)ဟူ၍ကျိန်ဆဲမိ၏။ သို့သော် သားလုပ်သူကအမေပါးစပ်ကထွက်သည့်အတိုင်းမဖြစ်ပါစေနှင့် စိတ်ဆန္ဒရှိသည့်အတိုင်းဘာ ဖြစ်ပါစေဟုသားက ဆိုလေရာ မိဘတို့မှာ သားသမီးများအပေါ်၌ မည်သို့မှ သေစေလိုသော စေတနာမရှိသောကြောင့် ကျွဲမကြီးမှာကြိုးနှင့်တုတ်ထားသကဲ့သို့ ရပ်နေသည်ဟုဆို၏။

ဤ၌ ကြမ်းတမ်းသော်လည်း စေတနာမပါသောကြောင့် ဖရုသဝါစာ မဖြစ်ပေ၊ ထို့အတူ ဆရာလုပ်သူများက တပည့်တို့ အပေါ်၌ ပြောဆို ကြိမ်းမောင်းသောအခါ၊ အုပ်ချုပ်သူတို့က အုပ်ချုပ်ခံသူတို့ အပေါ်၌ စေတနာမပါသော ဆဲဆိုမှုများသည်လည်း ဖရုသဝါစာ မဖြစ် ဟုမှတ်ပါလေ။

သို့သော် မိဖုရားတို့နှင့် ပျော်ရွှင်စွာ နေချိန်ဝယ် သူခိုးတယောက်ကိုဖမ်း၍ အပ်နှံလာသည်ကို (ချမ်းသာစွာ သိပ်ထားလိုက်ပါ)ဟု ပြုံးပြုံးရွှင်ရွှင် အမိန့်ပေးသော်လည်း အတွင်းစေတနာမှာကြမ်းတမ်းလှသောကြောင့် ဧင်းရှင်ဘုရင်တို့၏ စကားသည် ဖရုသဝါစာ ဖြစ်သည်ဟု မှတ်ပါ။

**ရှောင်ကြဉ်ကြပါ**

ယခုကာလကား အင်မတန်ကြမ်းကြုတ် ခက်ထန်နေသောစရိုက်များ ဖုံးလွှမ်းနေသည့်အချိန်ဖြစ်၏။ ငယ်စဉ်ကပင် လူကြီးသူမ ဆရာ ဘုန်းကြီး စသူတို့အထံမှ လူမှုကျင့်ဝတ်များ မသင်ကြားခဲ့သောကလေး သူငယ် လူရွယ်များမှာ ဒေါင့်မကျိုးသည့်အပြင် ပြောဆိုရာ၌လည်းအင်မတန် ယုတ်မာသော စကားများကို သုံးစွဲနေကြလေသည်။

တခါက ဆရာတော်နှင့် မိမိအပါဝင် သံဃာတော် များသည် အလှူတခုရှိ၍အကြွ လှမ်းဆိုသို့ ရောက်သောအခါ ဘေးက ယောကျ်ား မိန်းမ စသူများလည်း ဈေး၏အနီးအပါးမို့ လူစုံရှိနေကြ၏။

ထိုအခါချိန်တွင် လူငယ်တယောက်သည် (ဟေ့ ကောင် မောင်ဝင်း၊ ငါ........မသား မြန်မြန်လာပါကွ)ဟူ၍ ပြောဆို ခေါ်ဝင်လေသည်။

ၔင်းလူငယ်သည် မိမိပါးစပ်က ဘာထွက်သွား၍ သွားမှန်းမသိ မည်သည့်အတိုင်းအတာထိ ရောက်ရှိသည်ကိုလည်းမသိ၊ သူတော်ကောင်း လူကြီးသူမများ၊ မိန်းကလေးများရှေ့ဝယ် မရှောင်ရမှန်း၊ ရှောင်ရမှန်း မသိ၊ မိုက်မဲစွာ ပြောဆိုလိုက်ခြင်း ဖြစ်၏။

ထိုလူငယ်အတူ တခြားလူငယ်တို့သည်ၔင်း၊ အသက်က သုသာန် လှမ်း၊ အရွယ်က ဆံဖြူသွားကျိုးနေသော တချို့ လူကြီးများသည် ကြမ်းတမ်းယုတ်မာသော စကားများကို ညစ်ညမ်းစုတ်ပဲ့စွာ ဗျောင် ဖွင့်၍ ပြောဆိုနေကြလေသည်။

လူတောမရှောင်၊ သူတောမရှောင် ကာမဂုဏ်နှင့် စပ်သည့် ယုတ် မာညစ်ညမ်းသော အသုံးအနှုန်းများကို ကလေးသူငယ်များနှင့် ပြိုင်၍ ပြောနေသော ခေါင်းဖြူစွယ်ကျိုး၊လူသာကြီးပြီး အချိန်မစီးသည့် လူမျိုး များလည်း မနည်းလှပေ။

ဇာတ်၊ အငြိမ့်၊ ဆိုင်း စသည့် ယဉ်ကျေးမှု အနုပညာ အမည် ခံထားကြသော အဖွဲ့အသင်းတို့မှ လူရွှင်တော် လုပ်သူများ၏ ပြက်လုံး များမှာ ပွဲလာကြည့်၊ ဆိုင်းလာ၍နားထောင်သော မောင်နှင့်နှမ သား နှင့်အမိတို့မှာ မျက်နှာပူစရာ ကောင်းလှအောင် ယုတ်ပတ်စုတ်ပဲ့ ညစ် နွမ်းလှသည့် ပြက်လုံးများကို မိုက်ကရိုဖုံး ခုတုံးလုပ်၍ ဗျောင်ပင်ပြော ကြားနေကြလေသည်။

**ချိုချိုသာသာဆက်ဆံပါ**

မိမိသည် စကားပြောရာတွင် မိမိကိုယ်မိမိပြုတ်သားသည်ဟု စွဲမှတ် ထားသူဖြစ်၏၊ သို့သော် ပတ်ဝန်းကျင်က စကားပြောရာ၌ ငုံ့းတိတိ သံပြတ်ပြတ်မို့ နားထဲမှာကြားရသည်မှာ တမျိုးပဲဟူ၍ ပြောဆိုပဲ့ပြင်ကြ ဘူး၏။

ဘာမဟုတ်သည့်စကားကလေးပင် ဤမျှပြောနေကြလျှင်ထိုထက် ကြမ်းတမ်း ယုတ်မာညစ်နွမ်းသည့် စကားမျိုးမှာကား မည်မျှလောက် မတင့်မတယ်၊ ပညာရှိတို့၏အလယ်၌ လက်မခံနိုင်ကြသည်ကို သိနိုင်ကြ ပါလေ။

နှုတ်ချိုရှိုတပါး ဟူသော မြန်မာစကားပုံတခုရှိ၏၊ မှားသည် မှန်သည်အသာထား သကြားပတ်ထားသော ပွေးကိုင်းဝမ်းနှုတ်ဆေးလို မှားသော ကြမ်းသောစကားပင်ဖြစ်သော်လည်း—

လေပျော့ လေအေး လေချိုသွေး၍ ပြောလျှင် နားဝင်ချိုမှု ရှိ ကြောင်းကိုဆိုလိုရင်းဖြစ်ပေသည်။ စကားချိုသာသူသည် ပေါင်းသင်း ဆက်ဆံရေး၊ စီးပွားရေး၊ ပညာရေး၊ ကြီးပွားရေးတို့၌ တပန်းသာသူ ဖြစ်၏။

(ဘုရားအလောင်း နွားမင်းဖြစ်စဉ်က ဝန်တထောင်ကိုဆောင်နိုင် သောအင်အားရှိ၏၊ သို့သော် ပိုင်ရှင်လုပ်သူက မြည်တွန်တောက်တီး ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုဖိစီးကာ ပြောဆိုသောကြောင့် ၎င်းဝန်ကို မရုန်းဘဲ ပေကပ်ကပ်လုပ်နေ၏။)

ထို့နောက် ချိုချိုသာသာပြောမှ ၎င်းဝန်ကိုဆောင်ကာရုန်းခဲ့ ဘူး၏။ ဤကဲ့သို့သော တိရစ္ဆာန်ကပင် ကြမ်းတမ်းသောစကား ဖြစ်ပါက လက်မခံသေးလျှင် လူသားစစ်စစ်အဖြစ်ကြီးဖြစ်ကြသူတို့မှာ အဘယ်မှာ လျှင် ပသာဒသောတနားဝင်ချိုပါမည်နည်း။

ထို့ကြောင့်အပါယ်ဘုမ္မိ ဒုဂ္ဂတိသို့ ဆုံးစမရှိ ရောက်စေနိုင်သော ဤဖရုသဝါစာစကားမျိုးကို အတတ်နိုင်ဆုံးနှုတ်ကွန်ြေ့သတိသုံး၍ စောင့် ထိန်းကြပါကုန်။

**သမ္ဖပ္ပလာပဝါစာ**

စကားတလုံးသည် ဘာမျှအနှစ်သာရမရှိ၊ တကယ်မှန်ကန်သည့် သဘောလည်းမရှိရုံမက နမူနာယူစရာဟူ၍ တစိုးတစိမရှိသော် ၎င်းစကား ကိုနားထောင်နေရသည့်အတွက် အလုပ်ပျက် အကိုင်ပျက် စီးပွားပျက် ဖြစ်ကြ၏။

ထိုသို့ စပါးမှော် စပါးဖျင်းတို့ကဲ့သို့ အနှစ်အသား ဘာမျှမရှိသော ဒဏ္ဍာရီဇာတ်လမ်းဆင်လုံးထွင်လုံးများစသည်တို့ကိုပြောဆိုခဲ့သော် သမ္ဖပ္ပလာပဝါစာ-ဟူ၍မှတ်ပါ။

ပင်ကိုယ်သဘာဝကပင် မဟုတ်မမှန်သော အကြောင်း အရာကို အမှားမှား အယွင်းယွင်း ပြောဆိုခြင်းပြုလျှင် သမ္ဖပ္ပလာပဖြစ်၏။ သို့သော် မဟုတ်သောအကြောင်းအရာကို တခါတရံ အကျိုးရှိဘို့အတွက် ဥပမာဆောင်၍ပြခဲ့သော် သမ္ဖပ္ပလာပမဖြစ်ဟုဆို၏။

စာပေကျမ်းဂန်များတွင်—

မှန်လည်းမှန်၊ အကျိုးလည်းရှိ၊ နားခံရသူကလည်း လက်ခံသော စကား၊ မနားခံလိုသော်လည်း မှန်လည်းမှန်အကျိုးရှိသောစကားစသည်ဖြင့် ခြောက်မျိုးခွဲခြားပြထား၏။

ထိုစကားမျိုးကို ပြောကြားမှသာလျှင် လူတဦးတယောက်၌ရင်း စကားအဓိပ္ပါယ်-ပညာစီးပွား စသည်တို့၌ရင်း အနှစ်သာရ ရှိလိမ့်မည်။

## လူရွှတ်လူပျက်များလျှင် ပျက်စီးလိမ့်မည်

မြန်မာတို့၏ အလေ့အကျင့်ကား ကောင်းသည်ဟု ဆိုရမည်လော၊ ဆိုးသည်ဟု ဆိုရမည်လား ခက်ခဲလှ၏။ တဦးနှင့်တဦး တွေ့လျှင် ဖော်ရွေသည်ဆိုသောသဘောဖြင့် အရောတဝင်ရွှတ်ရွှတ်နောက်နောက် ပြောတတ်ကြ၏။ ထိုအမူအကျင့်သည် တခါတရံမြင့်မြတ် အထက်တန်းကျသော အခွင့်အရေး အလုပ်အကိုင် စသည်တို့ကို လက်လွှတ်သွားစေတတ်၏။

အဘယ်ကြောင့်နည်း၊ အရောဝင်တော့၊ အရိုသေတန်ဟူသကဲ့သို့ အရင်က ဘလရွှတ်တတ် ပြောဆိုကာ အရောဝင်ခဲ့သောအခါ တကယ် အရေးကြုံ လာတော့(ဒီကောင်ဟာ ငါတို့နှင့် ဘာမှမထူးပါဘူးကွာ)ဟူ၍ ပြောဆို ခံရတတ်ကာ ကြီးပွားရေး၊ စီးပွားရေး၊ အခွင့်အရေးတို့မှ ဆုံးရှုံး ရတတ်ပေသည်။

လူဆိုသည်မှာ တည်သင့်သောနေရာ၌တည်၍၊ ရိသင့်သောနေရာ၌ ရိမှ တော်ကာကျ၏။ ထိုသို့မဟုတ် ဘလရွှတ်တတ် ရော့ရိရော့ရဲ ပေါ့ ပေါ့ပျက်ပျက် နေလာလျှင်ကား လုပ်ငန်းကိစ္စအဝဝမှာ ဘာမျှ ပြီးစီးလိမ့်မည်မဟုတ်ပေ။

အစိုးရ လခစားများတွင်လည်း ဟိုယောင် ဒီယောင်နှင့် ယောင်သောင်းသိန်းလုပ်နေသော လူတယောက်ရှိက တကယ်အလုပ်လုပ်သူတို့မှာလည်း တခါတရံ သူ့ကြောင့်ပေါ့ပေါ့ပျက်ပျက် ဖြစ်ရတတ်လေသည်။

(တာဒိသော ဟိ ဘတကော ဒိဝသက္ခယမေဝ ဥဒိက္ခတိ၊
န ကမ္မနိဋ္ဌာနံ။(သံယုတ္တ-ဋီကာ)

"လခစားသည် နေ့ကုန်ဘို့လောက်သာ စိတ်ရှိ၏၊ အလုပ်ကိစ္စမပြီး"ဟူသော ဆိုရိုးစကားသည် ၎င်းလူပျော်လူပျက် အကျင့်ရှိသော လူတို့၏ အပြောအဆို အလုပ်အကိုင်များကို အကြောင်းပြု၍ ဖြစ်ပေါ်လာရသည်ဟု ထင်၏။

နိုးကြားကြပါ မြန်မာတို့

မြန်မာတွေ တိုးတက်သင့်သလောက် မတိုးတက်ရခြင်း အကြောင်းတချက်မှာ မိမိအထင်အားဖြင့် ပေါ့တီးပေါ့ဆ၊ ရော့ရိရော့ရဲ ဖြစ်သလိုနေထိုင် ပြောဆိုတတ်သော အလေ့တခုကြောင့်ဟုထင်၏။

အဘယ်ကြောင့်ဆိုသော် စီးပွားရေးဖြစ်စေ၊ ကြီးပွားရေးဖြစ်စေ လုပ်ငန်းကိစ္စ တခုခုကို ဇောက်ချလုပ်လိုက်ပြီဆိုလျှင်ပင် မိမိလုပ်ငန်းကို သေသေသပ်သပ်၊ မက်မက်သက်သက်၊ တည်တည်ငြိမ်ငြိမ်ဖြင့် လုပ်ကိုင်မှသာ ၎င်းကိစ္စသည် ချောချောမောမောဖြင့် သေသေသပ်သပ် ပြီးစီးနိုင်မည်ဖြစ်၏။

ဤသို့မဟုတ်ပဲ ဝသီနှုတ်အကျင့်က ပေါ့ပေါ့ပျက်ပျက် ပြောတတ်ဆိုတတ်သောအခါ မိမိတို့ခန္ဓာကိုယ် အမူအကျင့်တို့ကလည်း ရော့တော့တော့ ပျော့စိစိ ဖြစ်ချင်လာ၏၊ ထိုအခါ မူရင်းစိတ်ကပင် သမန်ကာရှန်ကာ တွေးဆကြံစည်သောအခါ လုပ်ကိုင်ပြောဆိုမည့် လုပ်ငန်းကိစ္စတို့၌လည်း လေးနက်မှုမရှိတော့။

ကမ္ဘာဦး အခါက လျှပ်ပေါ်လော်လည် မတည်ငြိမ်သည့်သူ တယောက်ကစ၍ ရသတဏှာ တပ်မက်သောအခါ ကျန်သောလူများလည်း အတုမြင်အတတ်သင်ဟူသကဲ့သို့ လိုက်၍လုပ်ကြသကဲ့သို့=

၎င်းပေါ့ပျက်ပျက် လူဘယောက်ကိုလည်း နောက်ကလူများက အတုမြင်အတတ်သင်ကာ ပျင်းရိဖင့်တွဲတတ်ကြသည့်အလေ့ဖြစ်လာမည်မှာ

အမှန်၊ လူဟူသည်မှာ ချမ်းသာသည် ဆင်းရဲသည် အပထား၊ မိမိရှိတာလေးနှင့် မက်မက်သက်သက် သပ်သပ်ယပ်ယပ် နေထိုင်တတ်လျှင် ၎င်းတို့၏ပတ်ဝန်းကျင်သည် သန့်သန့်ပြန့်ပြန့် ရှိကြမှာပင်အမှန်ဖြစ်၏။

ဖြစ်ကတတ်ဆန်း ပျင်းရိဖင့်တွဲ နေတတ်သည့် အလေ့ရှိသောအိမ်များကား ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ ဘရုတ်သုကွဲရှုတ်ရှုတ်ထွေးထွေးဖြင့် မျက်စိနောက်စရာကောင်းလှ၏။

သည်ကြားထဲ မိမိတို့က ရေ့ရိရေ့ရဲ မျက်နှာလွှဲခဲပစ် ပေါ့ပေါ့ပျက်ပျက် နေတတ်ထိုင်တတ် ပြောတတ် ဆိုတတ်သော အလေ့ကလွှမ်းမိုးနေသောအခါ တကယ်ကို တည်တည်တံ့ တံ့ခန့်ခန့်ထည်ထည်ဖြင့် စီးပွားရေး၊ ကြီးပွားရေးတို့ကို ဝီရိယစိုက်ထုတ် လုပ်ကိုင်ကြသော သူများကိုတွေ့လျှင်လည်း အထင်သေး အမြင်သေးချင်သော အပြောအဆို အမူအကျင့်တို့ဖြင့် သူတပါးတို့ကို ထိပါးပုတ်ခတ်ချင်သေး၏။

မြန်မာနိုင်ငံကို အင်္ဂလိပ်များ အုပ်စိုးစဉ်အခါက ဘိုကလေးမြို့၌ဂျပန်လင်မယား ၂-ယောက်နေထိုင်ကြ၏။ ဂျပန်အမျိုးသားကိုမဆိုထားနှင့်၊ ဂျပန်အမျိုးသမီးသည် မြန်မာအမျိုးသမီးများထက် အဆပေါင်းများစွာအလုပ်လုပ်သောအခါ ဘေးကမြန်မာတွေက ကွဲ့ရဲ့လိုတဲ့သဘောနဲ့စိတ်ရင်းခံပြီး ပါးစပ်ကတော့ ချီးမွမ်းကြသည်ဆို၏။

(ရှင့်နှယ် အားနေတယ်ကိုမရှိဘူး၊ အလုပ်နဲ့လက်နဲ့ကို မပြတ်ဘူး၊ ကျွန်မတို့တော့ သည်လောက်တောင်မလုပ်နိုင်ပါဘူး၊ ရှင်တို့ဂျပန်ပြည်မှာ မိန်းမတွေသည်လောက်တောင်အလုပ်လုပ်ကြရသလား)ဟူ၍ ကွဲ့ရဲ့လဲကွဲ့ရဲ့ ချီးမွမ်းလည်း ချီးမွမ်းသည်ဆို၏။

ထိုဂျပန်မ ဂျပန်ပြည် ခေတ္တခဏ ပြန်သွားသောအခါ ဂျပန်မ၏ အမေလုပ်သူက ဂျပန်မကိုကြည့်၍—

(နင့်မှာလဲ မြန်မာပြည် သွားနေလိုက်တာ မြန်မာမတွေဆီက အပျင်းဓာတ်တွေ ကူးလာသလားမသိဘူး၊ အလုပ်ကို ဒီလို အေးအေးစက်စက်နှင့် ပျင်းရိရိလုပ်နေလို့ ဘယ်မှာထမင်းဝမှာလဲ)ဟူ၍ မြည်တွန်တောက်တီး၍ ဆုံးမသည်ဆို၏။

ကြည့်ပါ၊ မြန်မာမတွေက အလုပ်ကို အင်မတန်လုပ်ပါသည်ဟု ချီးမွမ်းခံရသော ဂျပန်မကို ဂျပန်ပြည်ရောက်တော့ ပျင်းသေးတယ်ဟု ပြောကြားသည်ကိုကြည့်က လုံ့လဝီရိယချင်း မည်မျှ ကွာခြားသည်ကို သိနိုင်ကြပါလိမ့်မည်။

ထို့ကြောင့်လည်း အုပ်ချုပ်သူလူကြီးတွေက ကုန်းလုပ်နိုင်မှ ရုန်းလုပ်နိုင်မှ တော်ကာကျမည်၊ ကိုယ့်အားကိုယ်ကိုး၍ လုပ်နိုင်သောအလုပ်များကို လုပ်ကြပါဟူ၍ ခဏခဏ ဩဝါဒများ ပေးနေသည်ဖြစ်ပါလျက်-

မြေရေယာ အကျယ်အဝန်း၊ မြေကောင်း၊ ရေကောင်း၊ ရာသီဥတုမျှတမှု၊ စပါး၊ ရေနံ၊ ကျွန်းသစ်၊ သတ္တု၊ ကျောက်သံ၊ ပတ္တမြားတွင်းထွက် သယံဇာတ အခွင့်အရေးများ အဆများစွာ သာနေသည် ဖြစ်ပါလျက်-

မြန်မာနိုင်ငံလောက် မြေရေယာမကျယ်၊ ကောက်ပဲသီးနှံစိုက်ရန် နယ်မြေကကျဉ်း၊ သယံဇာတဆိုတာလဲ မပြောပလောက်၊ ရာသီဥတုကလည်း မြန်မာပြည်နှင့်မတူ လူဦးရေကလည်း မြန်မာတွေထက် ငါးဆလောက်များနေသည့် ဂျပန်ပြည်သည် အာရှတိုက်သာမက အနောက်နိုင်ငံများနှင့်ပါ ရင်ဘောင်တန်းလိုက်နိုင်နေသည်မှာ ပေါပျက်မှု မရှိသော ဝီရိယ ဇွဲစိတ်ဓာတ် အရင်းခံများကြောင့်ပင် မဟုတ်ပါလော။

မြန်မာပြည်ရောက်စဉ်တုန်းက အရှက်ကိုပင် အလုံလုံ ဖုံးအုပ်နေရပြီး စားတော့လဲ ငြုတ်သီးတတောင့်၊ ပဲတဆုပ်လောက်သာဟင်းရှိသော ကုလားကို အစက-

"ဟဲ့ ကုလား၊ ဟဲ့ ကုလား"ဟူ၍ ခေါ်ခဲ့ကြ၏။

ထိုကုလားကလည်း ကုတ်ကုတ်ခြစ်ခြစ် ကြိုးကြိုးစားစားဖြင့် စီးပွားရေး လုပ်ရုံမက ဆိတ်တကောင်က နှစ်ကောင်၊ သုံးကောင်၊ နွားတကောင်က နှစ်ကောင်၊ သုံးကောင် ဖြစ်လာရာ နောက်ပိုင်းလယ်ပိုင်ရှင် သူဋ္ဌေးကြီး ဖြစ်လာသောအခါ—

(ဟဲ့ ကုလားက အယာကြီး)ဟူ၍ ခေါ်ကြရသည် မဟုတ်လော။

ဟဲ့ကုလား ခေါ်နေကြသော မြန်မာတို့မှာ ဒီအတိုင်း ဒီပုံစံကမတက်သည့်အပြင် အယာကြီးဆီက ငွေကိုတောင် ငွေတိုးယူ ချေးစား

နေကြရသည့် အဖြစ်သို့ ရောက်ခဲ့ကြသည်မှာလည်း ပေါ့ပေါ့တန်တန်နှင့် ဖြစ်သလို နေတတ်သည့် အကျင့်များကြောင့်ပင် မဟုတ်လော။

ပြောကြသေး၏၊ ရတာလေးနှင့် ရောင့်ရဲတာပ၊ ရတာလေးနှင့် ရောင့်ရဲတာပဟူ၍၊ မရောင့်ရဲနှင့် မပြောပါ၊ အသုံးနှင့်အဖြုန်း အရှုံးနှင့် အမြတ်ကို သိထားသင့်ကြ၏၊ ရှိသင့် ရှိထိုက်၊ ရသင့် ရထိုက်သော ဥစ္စာ ဓနကိုတော့ သမ္မာ အာဇီဝ အလုပ်ဖြင့် အခွင့်အရေး ရလျှင် ရသလို ရှာရမည်သာဖြစ်သည်။

လူဖြစ်စေ၊ရဟန်းဖြစ်စေ တနေ့တနေ့မှာ မိမိတို့၏ လုပ်ငန်းများ သည် ကုသိုလ်၊ ပညာ၊ ဥစ္စာဟူသော သုံးရပ်တွင် တမျိုးမျိုးတော့ ရ သင့်၏၊ ရဟန်းတော်များမှာလည်း ဝိပဿနာဓုရ ဂန္ထဓုရ တာဝန်များ ဖြင့် မိမိကိုယ်ကိုင်း အားလုံးသော လူသားအပေါင်းကိုင်း နေ့စဉ် နှင့်အမျှ အကျိုးပြု၍ လုပ်ကိုင်ပေးနေရမည်ဖြစ်၏။

ထို့အတူ လူတို့လည်း တနေ့တနေ့ ရောက်လို့မှ ကုသိုလ်လည်း မရ၊ ပညာလည်းမဆည်း၊ ဥစ္စာလည်း မရှာပဲ နေဝင်မိုးချုပ်သွားလျှင် ဂိုင်းနေ့အတွက် အင်မတန် ရှက်စရာ ကောင်းလှပေသည်။

ပြောကြသေး၏ လုပ်တော့ လုပ်ချင်တယ်၊ ပစ္စည်းပစ္စယ၊ ငွေ ကြေးဓနမရှိလို့ ဒီအတိုင်းထိုင်နေရသည်ဟူ၍–

ဥစ္စာရဘို့ အကြောင်းမရှိခဲ့သော် ရှိသလို အကြောင်းတခုကိုကြံ ဆောင်ရမည် မဟုတ်လော၊ ထားဦး ဥစ္စာမရနိုင်ပါက–

တွင်ခုံ ဖောက်ခုံ အတုခိုးမှု စာစီဖောင်သွင်းမှု၊ လက်နှိပ်စက်ရိုက်မှု ကြိုးကြစ်မှု၊ ခမောက်ယက်မှု၊ ဆေးအတတ်၊ လက်သမားအတတ်၊ ဓာတု ဗေဒ၊ ရူပဗေဒ၊ စက်ချုပ်လက်ချုပ်၊ ဆေးစပ်ဝါးစပ်၊ အလုပ်တခုခုကို လုပ်ကိုင်နိုင်ရန် မေးမှု မြန်းမှု ဆွေးနွေးမှုမရှိပဲ နေပါက ပညာကတော့ ရနိုင်ပါမည်လော။

နေရာတကာတွင် သူ့အခြေအနေနှင့် တနိုင်တပိုင် လုပ်ကိုင်ရမည့် ကိစ္စများသည် ခက်ခက်ခဲခဲ ရှားရှားပါးပါး လုပ်ကိုင်ရသည်ထားဦး ရှိနေ ကြသည်သာဖြစ်၏၊ ဤသို့ ဥစ္စာလည်းမရ၊ ပညာလည်း မရသောအခါ ကုသိုလ်ကတော့ ရရဲ့လား မေးလျှင် သံဃာတပါး သုံးမိနစ်မျှ ကြွလာ သည့်အချိန်၌ ဆွမ်းလောင်း၊ ဆွေးနွေးရသည်တောင်အနိုင်နိုင်ဖြစ်နေ၏၊

ထို့ကြောင့် ကုသိုလ်၊ ပညာ၊ ဥစ္စာ သုံးမျိုးတွင် တမျိုးမျိုးမှမရလျှင် ရှက်စရာ ကောင်းလှပါသည်။

တကယ်တန်း အများအကျိုးတိုင်းပြည်အကျိုးကို သယ်ပိုးချင်သော အရင်းခံစိတ်ဓာတ် ရှိသူများမှာ နေရာတကာမရွေး ဖင်တကြွကြွနှင့် လုပ်နေကြသည်ကို အများအသိပင်၊ လူဆိုသည်မှာ ပတိရူပဒေသ၊ အဆင်ပြေသော အရပ်တို့၌ နေချင်ကြသူများသာဖြစ်သည်။ သို့သော် အခြေအနေအရ လုပ်သင့်သော အလုပ်တို့ကိုကား(ပျော်ရာမနေ တော်ရာမှာနေ) ဟူသကဲ့သို့ လုပ်ကိုင်ကြရမည်သာ ဖြစ်ပေသည်။

**စိန်နားကပ်နှင့် ကိုလှအောင်ကြီး**

တခါက–ရွာတရွာတွင် အရုပ်ဆိုး၊ အကျည်းတန်လှသော ကိုလှအောင်ကြီးဆိုသူ လူတယောက်ရှိသည်၊ ရုပ်ကလည်းဆိုး၊ အကျည်းကလည်းတန်သောကြောင့် ဘယ်အမျိုးသမီးကမှကြိုက်မည့်သူမရှိ ဖြစ်နေ၏။

ထို့ကြောင့် အမေလုပ်သူက (ငါ့သား လှအောင်ကြီးတော့ အရုပ်ကလည်းဆိုး၊ အကျည်းကလည်းတန်သောကြောင့် ဘယ်သူမှမကြိုက်ကြဘူး၊ သားသမီး မစွန်တော့ မိဘကူ ဆိုတဲ့အတိုင်း ငါကူအုံးမှပဲ)လို့ အကြံဖြစ်ပြီး ရွာထဲ၌–

(ငါ့သားလှအောင်ကြီးနှင့် လက်ထပ်မည့် အမျိုးသမီးကို စိန်နားကပ်ကြီးတရံ တင်တောင်းမယ်)ဟူ၍ သတင်းလွှင့်လေသည်။

ထိုအခါ ရွာထဲက ကြီးကြီး ငယ်ငယ် ရွယ်ရွယ် စားစား အမျိုးသမီးများ ကြားသောအခါ ဤသို့ ပြောကြသည်ဆို၏။

(စိန်နားကပ်ကြီးတော့ ပန်ချင်ပါတယ်၊ ကိုလှအောင်ကြီးတော့ ဟင့်အင်-ဟင့်အင်)တဲ့

စိန်နားကပ်ကြီး ပန်ချင်ရင် ကိုလှအောင်ကြီးကို အောင့်အည်းပြီး ပေါင်းရမည် မဟုတ်လော။

ထို့အတူ မိမိတို့ အမျိုးသားများသည်လည်း အပြောအဆို အနေအထိုင်၊ အလုပ်အကိုင်တို့၌ ဘာလရွှတ်တတ်၊ ရော့ရိရော့ရဲ ပျော့ပြဲမှု၊ မျက်နှာလွှဲ ခဲပစ်ဘတ်သည့် အကျင့်တို့ ခေါင်းပါးအောင် နေထိုင်ကြပြီး၊ မက်မက်သက်သက်၊ ခန့်ခန့်ထယ်ထယ်၊ တည်တည်ငြိမ်ငြိမ်ဖြင့် လုပ်ကိုင်ပြောဆိုပြီး–

လောကနိဗ္ဗာန် စိန်နားကပ် ပန်ချင်လျှင် ဆင်းရဲခြင်း၊ သည်းခံခြင်း အရင်းခံ၍ ဝီရိယ ဇွဲတို့ကို ပေါင်းဖက်ပြီး လုပ်ကိုင်ရမည် မဟုတ်ပါလောဟု အားပေးသမှု တိုက်တွန်းခြင်း ပြုလိုက်ပါ၏။

**တည်ကြည်သူများ ကြီးပွား၏ လေးစား၏။**

အနီးစပ်ဆုံး ဥပမာတခု ပြဦးအံ့-

မိမိတို့၏ဆရာတော်သည် မနက်အရုဏ် တက်ကစ၍ ည ၁၂-နာရီ ကျော်သည် အထိ စာချရသည့်ကိစ္စ၊ ကျောင်းကိစ္စ၊ သံဃကိစ္စ၊ ရပ်ရွာကိစ္စ စသည်တို့ကို ဝီရိယစိတ်ဓာတ် ထက်သန်စွာဖြင့် နှစ်ရှည်လများ လုပ်ဆောင်လာသော ဆရာတော် တပါးဖြစ်၏။ ၎င်းဆရာတော် လက်ထက်မှ ကျောင်းတိုက်ယည်း တဟုန်ထိုး တိုးတက်လာခြင်းဖြစ်၏။

မက်မက်သက်သက် တည်တည်ငြိမ်ငြိမ်ဖြင့် ဝီရိယ စိုက်ထုတ်လုပ်ကိုင်သောအခါ ကြီးပွားလာသကဲ့သို့ ဘေးကလည်း အားကျပြီး အတုယူချင်လာကြ၏။

တခါတရံ ညဥ့်နက်သည်တိုင်အောင် ကိစ္စများ ဆောင်ရွက်ရာတွင် တပါးတည်း လုပ်နိုင်သလောက် ဘေးကလူများမှာ အလှည့်ပြောင်းပြီး လုပ်ဆောင်ရသည်အထိ ဝီရိယစိတ်ဓာတ် ကောင်းလှသည့် ပုဂ္ဂိုလ်တပါးဖြစ်၏။

ဤသို့ ပုဂ္ဂိုလ်များပင် တခါတရံ အပြောအဆိုများ၌ လျော့ရဲမိလျှင် အပြစ်တင်ခံရသေး၏။

သောင်မတင် ရေမကျ အရေမရ အဖတ်မရ အနှစ်သာရမရှိသည့် စကားတွေကို ပြောကြားမှုများနေလျှင် ပတ်ဝန်းကျင်ကလည်း နှစ်နှစ်ကာကာ မလေးစား၊ မိမိတို့၏ အကျိုးစီးပွားများလည်း ဆုတ်ယုတ်နိုင်ကြပေရာ ခွက်ထိုးခွက်လန်ရယ်သည်ကအစ ထိန်းထိန်း သိမ်းသိမ်းဖြင့် တည်တည်ကြည်ကြည် ပြောဆိုနေထိုင်ကြပါမှ အကျိုးစီးပွားများ ဖြစ်ထွန်းမည်မဟုတ်လော။

စကားပြောရသည်မှာ လျှာလှုပ်ရင်ပြီးရော သဘောထား၍မရ၊ မှန်လည်းမှန် အကျိုးလည်းရှိ နာခံရသူများလည်း လက်ခံမှ၊ သို့လက်မခံ

သော်လည်း မှန်ကန်အကျိုးရှိသောစကားတို့ကိုပြောမှ အကျိုးစီးပွားဖြစ်ထွန်းပေမည်။

မှန်လည်းမမှန် အကျိုးမရှိ ကြားနာရသူတို့မှာလည်း မကြားချင်မနာချင်သော သိမ်ဖျင်းသော စကားများကိုပြောလျှင် လောကီအကျိုးစီးပွားများ ဆုတ်ယုတ်သည် မဟုတ်သေး၊ တမလွန်၌လည်း အကျိုးစီးပွား ဆုတ်ယုတ်နိုင်သောအကြောင်းများဖြစ်သောကြောင့် ၎င်းသမ္ဖပ္ပလာပ အကျိုးမရှိသောစကားများကို အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်စည်းကာ–

မိမိတို့၏ လောကီ အကျိုးစီးပွား လောကုတ္တရာ အကျိုးစီးပွားများကို တည်တည်ကြည်ကြည် ထက်ထက်သန်သန်ဖြင့် ကောင်းစွာမသွေ ပြောဆို လုပ်ကိုင်ကြပါလေ။

**လိုချင်တပ်မက် ဖျက်ဆီး၍ အသက်တမ်းတိုရခြင်း**

အနှစ် နှစ်ထောင်ငါးရာ အနှစ် နှစ်ထောင်အားဖြင့် သက်တမ်းရှည်ကြသော လူသားတို့တွင် သူများပစ္စည်းခိုးမှု၊ သူ့အသက်သတ်မှု လိမ်လည်လှည့်ပတ်ပြောဆိုမှု၊ ကုန်းတိုက်မှု၊ သူများသားမယား လွန်ကျူးမှု၊ ကြမ်းတမ်း ယုတ်မာစွာ ပြောဆိုမှု၊ အကျိုးမရှိ အနှစ်အသားမပါသော စကားတို့ကို ပြောဆိုမှု ဟူသော ဒုစရိုက်ဒီလှိုင်းများ တဝုန်းဝုန်း ရိုက်ခတ်နေချိန်တွင် တချိန်တွင် လူသားတို့သည် သူတပါးပစ္စည်းကို မတရားလိုချင်ခြင်း၊ သူတပါးပစ္စည်း အသက်စသည်တို့ကို ပျက်စီးစေလိုခြင်း၊ အဘိဇ္ဈာ၊ ဗျာပါဒဟူသော အယုတ်တမာဝါဒတရား ပြစ်မှုနှစ်ခုတို့ ထပ်ဆင့်၍ လွန်ကျူးလာကြပြန်၏။

ထိုသို့လွန်ကျူးလာကြသောအခါ ၎င်းလူသားတို့၏ သားသမီးများလက်ထက်တွင် အသက်တမ်းကလည်း ဆုတ်ယုတ် အဆင်းပုံသဏ္ဌာန်တို့ကလည်း ဆုတ်ယုတ်၍လာတော့ရာ–အနှစ်နှစ်ထောင် အသက်တမ်းကာလနေရသည်မှ အနှစ်တထောင်သာ အသက်ရှည်ကြတော့သည်။

**အဘိဇ္ဈာ**

သူတပါးတို့၏ ဓမ္မိယလဒ္ဓပစ္စည်းအဝဝကို မိမိပစ္စည်းဥစ္စာ ဖြစ်စေလိုသောအာသာဆန္ဒဖြင့် အလွန်ပြင်းပြအားကြီးစွာ လိုချင်မှု သဘောကို အဘိဇ္ဈာဟုခေါ်၏။

အဘိဇ္ဈာကိန်းဝပ်လာလျှင် ဗဟိဒ္ဓ ပြင်ပဝတ္ထုအာရုံတို့ကို အာရုံပြုရိုးထုံးစံဖြစ်၍ မနာလိုခြင်း၊ ငြူစူစောင်းမြောင်းခြင်း ဟူသောတရားတို့ကို အရင်းခံလာပြီးမှ ဖြစ်ရသောသဘောရှိ၏။

အဘိဇ္ဈာသည် ဘာရိတ်အုပ်၍မနိုင်၊ တားမနိုင် ဆည်းမရ လွန်ကဲစွာဖြစ်ပေါ်လာလျှင်ကား တရားသော မတရားသော မည်သည့်သဘောနှင့်ဖြစ်စေ ဘယ်လိုယူရပါမလဲ၊ ဘယ်လိုကြံစည်ရပါမလဲဟူ၍ သူတပါးတို့၏ပစ္စည်းဥစ္စာ သက်ရှိသက်မဲ့အဝဝကို မိမိသို့ ညွတ်စေသောအခါ၌ ကမ္မပထမြောက်၍ အပြစ်ကြီးသည်ဟုမှတ်ပါလေ။

မှန်၏၊ ၎င်းသဘောသည် မိမိ၏သန္တာန်၌ ကိန်းဝပ်နေသော် မိမိမတရားလိုချင်နေသော ပစ္စည်းနေ သက်ရှိသက်မဲ့အဝဝတို့ပိုင်ဆိုင်သောသူများမှာလည်း မိမိကဲ့သို့ပင် လိုလိုချင်ချင်ရှိနေမည်မှာ မလွဲပါပေဟု သတိပြု၍ ဘာရိတ်သတ်မှတော်ကာကျပေမည်။

ထိုသို့မဟုတ်ပဲ မနှောကံမြောက်သော အဘိဇ္ဈာကို ဘာရိတ်မသတ်နိုင်ပါက မကောင်းသော အပြောအဆို အသုံးအနှုန်းတို့သာမက ခိုးယူခြင်း၊ လူသတ်ခြင်း၊ သူတပါးမယားကို မရအရလိုချင်မှုဖြစ်ရာက ကိုယ်ထိလက်ရောက် ထိန်းမနိုင်သိမ်းမရ ကျူးလွန်မိခြင်းကြောင့် မုဒိမ်းမှုဖြစ်ရခြင်း၊ မိန်းမကိုလိုချင်၍ လင်ယောကျ်ားကို သတ်ဖြတ်ဖျောက်ဖျက်ခြင်း၊ မိမိ၏ မေတ္တာသက်ဝင် ချစ်ခင်နေသောမိန်းမကို ယောကျ်ားတဦးနှင့် မပေါင်းသင်းစေလိုပဲ မိမိသာ ပေါင်းသင်းဆက်ဆံ သိမ်းပိုက်လိုခြင်းကြောင့် တခုခုလွန်ကျူးမိကာ ထောင်တွင်းသို့ ရောက်ကြရခြင်း စသည့် ဝစီကံ-ကာယကံ ဒုစရိုက်များသို့ ဆက်၍လွန်ကျူးမိကြမှာမလွဲပါပေ။

**ဗျာပါဒ**

မိမိသန္တာန်၌ ကိန်းဝပ်တည်ရှိ အရင်းခံသော ပျက်စီးစေတတ်သော ဒေါသကြောင့် ပတ်ဝန်းကျင်သူတပါးတို့၏ သက်ရှိသက်မဲ့အရာဝတ္ထုမှန်သမျှတို့သည် ဖျက်ဆီးခံရခြင်း ပျက်စီးရခြင်းဖြစ်ကြရ၏။

ထို့ကြောင့် သူတပါးတို့၏ပစ္စည်းနေ သက်ရှိသက်မဲ့အဝဝတို့ကို ဖေါက်ပြန်ပျက်စီးမှုသို့ ရှေးရှုကြံစည်သောသဘောကို ဗျာပါဒဟုခေါ်၏။

"မစားရတဲ့အမဲ သဲနှင့်ပက်"ဆိုသော စကားသည် ငင်းဗျာပါဒ သမားများကိုရည်၍ ပြောဆိုခြင်းဖြစ်၏။ အဘိဇ္ဈာက မိမိဘက်သို့ မိမိ ယက်ခြင်းကိစ္စများ၍ ဗျာပါဒက မိမိဘက်သို့ယက်သည်လည်း မဟုတ်ပဲ အကျိုးမဲ့ အလကားပျက်စီးသွားအောင် ပြည်သူပိုင်ပစ္စည်းများဖြစ်သော ရထား၊ ကား၊ မီးလုံး၊မှန် စသည်တို့ကို ဖျက်ဆီးမှုကို ပြုလုပ်ခြင်း စသည် တို့သည် ဗျာပါဒတရားခံသာဖြစ်၏။

ဗျာပါဒသည် သူတပါးတိုးတက်ကြီးပွားနေလျှင် ဖျက်လိုဖျက်ဆီး လုပ်ချင်၏၊ သူတပါးလုပကောင်းစားနေလျှင် မလုမပမကောင်းအောင် ဖျက်ဆီးချင်၏၊ သူများကသာလျှင် မနာလို ရှုတ်ချပြစ်တင်ချင်၏။

ဤဗျာပါဒသည်လည်း မနောကံမြောက်ပါလျက် ဘရိတ်မသတ် ခဲ့သော် ရှေ့ကလိုပင် ဆိုးဝါးသော ဝစီဒုစရိုက်၊ ကာယဒုစရိုက် တို့ကို စိတ်ကြိုက်ပြုမိမည်သာ ဖြစ်လေသည်။

**အဘိဇ္ဈာနှင့်ဗျာပါဒတို့တရားခံကား**

တခါက ဘုန်းကြီးကျောင်းတကျောင်းတွင် မဲလုံးဆိုသောကလေး ဆိုးတယောက်ရှိ၏၊ ထစ်ကနဲဆိုလျှင် လက်ကမြန်စိတ်ကမြန်မို့ ဘေးက ကျောင်းသားများနှင့် ခဏခဏရန်ဖြစ်၏။

တနေ့တွင် ဘုန်းတော်ကြီးက ကျောင်းပေါ်တွင်ကျိန်းစက်နေရာ မှ ဝုန်းဝုန်းဒိုင်းဒိုင်း အသံများကြားရ၍ "ဘာဖြစ်တာလဲ"ဟု မေးရာ ရန်ဖြစ်ကြတာပါဘုရားဟူ၍ လျှောက်ထား၏။

"ဘယ်သူတွေလဲ"-ဟုမေးရာ၊

"မဲလုံးတို့ပါဘုရား"ဟု လျှောက်၏။

ထိုအခါ ဆရာတော်က မဲလုံးပါတာတော့ မင်းတို့ပြောမှလား။

"နောက်တယောက်ကိုပြော"ဟူ၍ အမိန့်ရှိလေ၏။

ဤသာဓကကလေးကဲ့သို့ပင် ဟိုနေရာစိကနဲ ဒီနေရာညံကနဲဖြစ် လိုက်ရင် မဲလုံးမပါသည်မရှိသလို ဒုစရိုက်အတော်များများတွင် မနာလို ငြူစူခြင်း ဣဿာ၊ နှမြောဝန်တိုမှု မစ္ဆရိယတို့သည် အမြဲပင်နောက်ခံ ကျောထောက်၍ရင်း ရှေ့တန်းတက်၍ရင်း ပါတတ်လေသည်။

ဤအဘိဇ္ဈာနှင့် ဗျာပါဒတို့သည်လည်း ဣဿာနှင့် မစ္ဆရိယတို့ကို အရင်းခံ၍ ဖြစ်လာကြခြင်းဖြစ်၏။

တစုံတယောက်သည် သူ၏ အတိတ်ကကောင်းကြောင်းကောင်းရာ များကိုလုပ်ခဲ့၍ အကြောင်းအားလျော်စွာ ယခုပစ္စုပ္ပန်၌လည်း သတိ၊ ဝီရိယ၊ဉာဏ်တို့က အထောက်အပံ့ပေးသောအခါ ရုပ်ရည်လှပခြင်း၊ပစ္စည်း ဓနကြွယ်ဝခြင်း၊ ပညာဉာဏ်တော်ခြင်း၊ အခြံအရံ အပေါင်းအသင်း များခြင်း၊ မိန်းမယောကျာ်း ချောမောလှပသူများကိုစုံမက်ရခြင်းစသော အကျိုးပေးများ ခံစားနေရသည့်အခါ ဘေးကမနာလိုခြင်း၊ ငြူစူခြင်း၊ ဝန်တိုခြင်းရှိသော ဣဿာမစ္ဆရိယသမားတို့သည် အမြဲပင် ဖျက်လိုဖျက်ဆီး ပျက်စီး၍သွားအောင် ကြံဆောင်လုပ်ကိုင်ပြောဆိုတတ်ကြလေသည်။

ထိုအခါ မိမိတို့၏ ဣဿာ မစ္ဆရိယ လှိုင်းဒဏ်ကို ပတ်ဝန်းကျင် အပြစ်မဲ့သူများမှာ စိတ်ဆင်းရဲခြင်း ကိုယ်ဆင်းရဲခြင်းဒဏ်များကို ခံစား ရလေသည်။

လူနှစ်ဦး ဆုံလာလျှင် တဦးနှင့်တဦး ပြိုင်ချင် ဆိုင်ချင် တတ်သည့် သဘာဝများ ရှိကြ၏၊ ထိုသို့ ပြိုင်ချင်ဆိုင်ချင်နိုင်ချင်ရာမှ တဦးတယောက် က သာလွန်သွားခဲ့သော် ဇွဲမ်းပုဂ္ဂိုလ်အား ဖျက်လိုဖျက်ဆီး ပျက်စီး၍ သွားအောင် ပြုလုပ်တတ်ပေသည်။

(အခွင့်ရလျှင်၊ အကျယ်တအုပ် ရေးဦးအံ့)

ရှဲကုန်သည်ဇာတ်လမ်းက ဒေဝဒတ်အလောင်း ရှဲကုန်သည်၊ ဥတေန ဇာတ်က မာဂဏ္ဍီ၊ ပေတဝတ္ထုတို့၌ လာသော မနာလို ငြူစူမှုကြောင့် ပြိတ္တာဖြစ်ရသည့်ပုဂ္ဂိုလ်များ၊ ကောသလမင်းကြီး၏ အလှူတွင်အချောင် မစ္ဆရိယ နှိပ်စက်ခံရသော ကာဠအမတ်တို့မှ စ၍ နောက်ပိုင်း ကာလ၌ လည်း နိုင်ငံရေး၊ စီးပွားရေး စသည် ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်တို့၌ မနာလို ငြူစူမှုဒဏ် ခံရသော သာဓကများကို တွေ့နိုင်ကြလိမ့်မည်။

ထို့ကြောင့် အရေမရ အဖတ်မရ မစားမသောက် မထိမတွေ့ရ ပါပဲလျက် အလိုလိုနေယင်း ကုသိုလ်ဖြစ်ရသည့် ဆိုးကျိုးများစွာဖြစ် စေသော မနာလို ငြူစူမှု အရင်းခံသည့် အဘိဇ္ဈာနှင့် ဗျာပါဒတို့ကို စောင့်ထိန်း ချုပ်တည်း၍ ခေါင်းပါးအောင် ပြုကြပါလေ။

**အယူဝါဒ မှားယွင်းမှုများကြောင့် သက်တမ်းတိုရခြင်း**

ဒုစရိုက် အရိပ်တို့ တရိပ်ရိပ် တက်လျက်ရှိနေသော လူ့ဘောင်လောကမှ လူသားတို့သည် အနှစ်တထောင် သက်တမ်းဖြင့် ယခုနှင့်စာက ခန့်ခန့်ထယ်ထယ်ပင် အသက်ရှည်အောင် နေနိုင်ကြသေး၏။ ထိုအနှစ်တထောင် သက်တမ်းသို့ ရောက်သောအခါ ထူးထွေ ဆန်းပြားသော ဝါဒဆိုး အမျိုးမျိုးတို့သည် တမျိုးပြီးတမျိုးပေါ်ပေါက်၍လာကြပြန်၏။

လူတို့၏ သဘာဝကား အကြီးအကဲ ဦးစီးဦးဆောင် ပြုလုပ်ချင်ကြသောဗီဇစိတ်ဓာတ်များ ရှိတတ်ပေရာ ဟိုကလည်း တမျိုးဆင်လျှင် သည်ကလည်း တစင်ထောင် ဟူသကဲ့သို့ မှန်ကန်သည်ဟု ထင်မြင်ယူဆထားသော အယူအဆများကို ထုတ်ဖော်၍ တင်ပြလာကြသည်။

ထိုသို့ တင်ပြလာသော အယူအဆ သဘောတရားများကို ကြိုက်နှစ်သက်ရာ ကြိုက်နှစ်သက်ရာ စွဲလမ်းယူကြရာကအစ ၎င်းအယူအဆဖော်ထုတ်သည့် ခေါင်းဆောင်များကို တွေးခေါ်မြော်မြင်တတ်သည့် ဒဿနိ ပညာရှင်များအဖြစ် ယုံကြည်ကိုးစား တန်ဘိုးထားကြလိမ့်မည်သာ ဖြစ်သည်။ ထို့ကြောင့် အယူဝါဒစစ်တမ်း ထုတ်ဦးစို့။

**မိစ္ဆာဒိဋ္ဌိ**

မိစ္ဆာ-ဖောက်ဖောက်ပြန်ပြန် မှားမှားယွင်းယွင်းသဘောဖြင့်၊

ဒိဋ္ဌိ-ယူခြင်း၊ မြင်ခြင်းတည်း။

ဤအခန်း၌ ဗုဒ္ဓဘာသာရေး အမြင်ကိုသာ ရေးသားရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အယူဝါဒ အယူအဆ ရေးရာတို့နှင့်စပ်ဆိုင်လာလျှင် တင်ပြစရာများ မှုလိုပေါက်နေရာ လောကီအကျိုးစီးပွားများ ဖြစ်ထွန်းရန် တင်ပြသော အယူအဆများမှာ သူတို့ဘက်က တွက်လျှင် မှန်နေပေသည်။

ဥပမာ-စစ်ချီစစ်တက်နည်း ပညာအယူအဆ၊ စကြဝဠာကိုစူးစမ်းရှာဖွေသော အယူအဆများသည် လောကီရေးရာ၌ အမှန်တရားများဖြစ်၏။

သို့သော် ဘာသာရေး၌ နှိုင်းယှဉ်ကြည့်လျှင် အတ္တကိလမထ-မိမိကိုယ်သာ မိမိပင်ပန်းအောင် လုပ်နေခြင်းဟုမြင်သည်။ ဟိုဘက်ကကော

မမှန်ဘူးလား၊ လောကီရေးရာဘက်မှ မှန်၏။ သည်ဘက်ကကော မမှန်ဘူးလား၊ လောကုတ္တရာရေးမှ မှန်၏၊ ထို့ကြောင့် ဤသို့ဒွိဟဖြစ်ဘွယ်များကိုယှဉ်၍ မပြလိုပေ။

လောကီအကျိုးစီးပွားများကို လုပ်ကိုင်ဆောင်ရွက် ဖေါ်ဆောင်သော လုပ်ငန်းအဝဝသည် လောကီနှင့်ဆိုင်ရာ လမ်းညွှန်မှုများနှင့်သာ ပတ်သက်ပေမည်။

ဤဘဝနှင့် တမလွန်ဘဝ အကျိုးစီးပွားများကို လုပ်ကိုင်ဆောင်ရွက် ညွှန်ပြသော သဘာဝ ဓမ္မများသည် ဤဘဝနှင့် တမလွန် ဘဝများ၌ ဆောင်ရွက်သော ကိစ္စအဝဝနှင့်သာ သက်ဆိုင်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာအရ အမြင်ကိုသာ ဆက်၍ပြပါအံ့။

**အမြင်မှန်နှင့် အမြင်မှား**

ဗုဒ္ဓဘာသာအရ သမ္မာဒိဋ္ဌိ အမြင်မှန်ဟူသည်—

မကောင်းသောအလုပ်၊ မကောင်းသောအလုပ်၏ အကျိုးဆက်၊ ကောင်းသောအလုပ်၊ ကောင်းသောအလုပ်၏အကျိုးဆက်တို့ကို သိမြင်ခြင်းသည် သမ္မာဒိဋ္ဌိ အမြင်မှန်သည်ဟု ခေါ်သည်။

ထိုတွင် ကောင်း မကောင်း (ကုသိုလ်-အကုသိုလ်)ကို စိစစ်၍ပြဦးအံ့—

ကောင်းသော အလုပ်ဟူသည် လောက-တမလွန် နှစ်တန်သော ဘဝတို့၌ အပြစ်မရှိပဲ ကောင်းကျိုးချမ်းသာကို ဖေါ်ဆောင်သော လုပ်ငန်းဖြစ်၏။

မကောင်းသော အလုပ်ဟူသည် လောက-တမလွန် နှစ်တန်သော ဘဝတို့၌ အပြစ်မကင်းပဲ မကောင်းကျိုး ဆင်းရဲမှုကို ဖေါ်ဆောင်ဖြစ်စေသော လုပ်ငန်းဖြစ်၏။

**အမြင်မှန်=မှားမှုတို့၏ အကျိုးဆက်**

ဥပမာ-ရထားခေါင်းတွဲတခုတွင် နောက်ဆက်တွဲ(၇)တွဲပါအံ့-

ထိုခေါင်းဆောင်တွဲက အလိုရှိသော ကောင်းသော လမ်းရှိသော ဘူတာကိုဆွဲသွားလျှင် နောက်(၇)တွဲလည်း ပါသွားရ၏။

ရထားခေါင်းတွဲက အလိုမရှိ မှားယွင်းသော လမ်းပျက်ဘက်ကို ဆွဲသွားလျှင်လည်း နောက်(၇)တွဲမှာ ပါသွားရမည် ဖြစ်၏။

ထို့အတူ အလုပ်ကိစ္စတခုခုကို ကောင်း၊ မကောင်း ဝေဘန်သုံးသပ်နိုင်သည့် အသိဉာဏ်ပညာက အမြင်မှန်လျှင် နောက်ဆက်တွဲပါလာသော—

ကောင်းသောအကြံ၊
ကောင်းသောအပြော
ကောင်းသောအလုပ်
ကောင်းသော အသက်မွေးမှု
ကောင်းသော အားထုတ်မှု
ကောင်းသော အမှတ်ရမှု
ကောင်းသော တည်ငြိမ်မှုတို့ ဖြစ်ပေါ်မည်။

အကယ်၍ အမြင်မှားပါက—

အကြံအစည်မှားမှု
အပြောမှားမှု
အလုပ်မှားမှု
အသက်မွေးဝမ်းကျောင်း မှားမှု
မှားယွင်းသော အားထုတ်မှု
မှားယွင်းသော အမှတ်ရမှု
မှားယွင်းသော တည်ငြိမ်မှု-တို့ ဆက်တိုက်ဖြစ်လိမ့်မည်။

လူတို့ ပျက်စီးခြင်း အကြောင်းများကို ဟောကြားသော ပရာဘဝသုတ္တန်၌ အသိဉာဏ်ပညာပိုင်းခြားဝေဘန်နိုင်သော အမြင်မှန် ရှိသူတို့သည် တိုးတက်ကြီးပွား၍—

ပိုင်းခြားဝေဘန်ဆင်ခြင်ဉာဏ် အမြင်မှန် မရှိသူတို့သည် ပျက်စီးလိမ့်မည်ဟု ဟောကြားထားလေသည်။

ထို့ကြောင့် ဤ၌ အမြင်၏အကြောင်းကိုပြဦးအံ့–

အဖြူနှင့်အမဲ နှစ်ရောင်တွင် အဖြူကလည်း အဖြူရင့်–အဖြူပျော့ ဆွတ်ဆွတ်ဖြူရှိသကဲ့သို့–

အမဲတွင်လည်း အမဲပျော့ အမဲပြာ နက်မှောင်သော အမဲဟူ၍ ရှိလေသည်။

ထို့အတူ လူတို့တွင်လည်းအသိဉာဏ်ပညာရှိသည်ဟုဆိုသော်လည်း နက်နဲသောအမြင်၊ တိမ်သောအမြင်၊ ကျွမ်းကျင်သောအမြင်၊ ထိုးထွင်းသောအမြင်ဟူ၍ အမျိုးမျိုးရှိသကဲ့သို့–

ဆင်ခြင်ဉာဏ်မရှိသူတို့တွင်လည်း မကျွမ်းကျင်သော အမြင်မှား၊ မထိုးထွင်းသောအမြင်မှားဟူ၍ အမျိုးမျိုးရှိလေသည်။

ထိုတွင် အမြင်မှားအမြင်မှန် ထက်သန်လျှင် ထက်သန်သလောက် ကောင်းကျိုးဖြစ်စေ၊ ဆိုးကျိုးဖြစ်စေဖြစ်ပေလိမ့်မည်။ အမြင်မှန်+မှားကို စံထားရာ၌ ရှေးကပြခဲ့သည့် ကောင်း+မကောင်းလုပ်ငန်းတို့နှင့် စံထားပြီးမှသာ အမြင်မှန်သည် အမြင်မှားသည်ဟု ပရမတ်ကျစွာ သိလိမ့်မည်။ သို့မဟုတ်က သမ္မုတိသစ္စာ၌ တဝဲဝဲလည်နေကြလိမ့်မည်ဖြစ်သည်။

အမြင်ကိုကြည့်ရာ၌လည်း ပရမတ်သဘာဝအတိုင်းကြည့်မှ ပရမတ်သဘာဝ အမြင်မှား အမြင်မှန်ကို သိလိမ့်မည်။ လူကိုကြည့်ရာ၌ သမ္မုတိအနေအားဖြင့် ရုပ်ဝတ္ထုအစိုင်အခဲလောက်သာထင်မြင်မည်။

ပရမတ် အနေအားဖြင့်ကား ဖေါက်ပြန် ပြောင်းလဲနေသော ရုပ်နာမ်တရားစုပေါ်လာ‌းဟုမြင်ပေမည်။ ထို့ကြောင့် ထုံးဖြူဖြူကို မျက်မှန်စိမ်းတပ်လျက် ကြည့်ရှုသော် အစိမ်းရောင်သာ တွေ့ရှိနိုင်၍ ပကတိမျက်စိဖြင့်ကြည့်ပါက ဆွတ်ဆွတ်ဖြူသောထုံးကိုတွေ့ရှိနိုင်မည်။ ထို့အတူ သဘာဝဓမ္မတို့ကိုကြည့်ရာ၌လည်း ပရမတ် သဘာဝကျကျ ကြည့်ရှုရန် သတိပြုသင့်ကြသည်မဟုတ်လော။

တခါက မင်းချင်းယောကျ်ား ၂–ယောက် တယောက်ကအရှေ့ဘက်အပေါက်က ထွက်လာ၏၊ တယောက်က တောင်ဘက်ပေါက်က ထွက်လာ၏၊ ထိုတွင် အရှေ့တောင်ဒေါင့်မြို့ရိုးပေါ်၌ ရှိသော မန္ဒသီဟ

ရုပ်မှာ တောင်ဘက်ခြမ်းကရွှေချထားပြီးဖြစ်၏၊ အရှေ့ဘက်အခြမ်းမှာမူ စစ်စီးသာသုတ်ထား၍ ရွှေမချရသေးပေ။

ထိုအခါ တောင်ဘက်ကထွက်လာသော မင်းချင်းယောကျ်ားက (ဟာ မနုဿီဟရုပ်ကြီး ရွှေရောင်တောက်နေတာ တယ်လှပါလား)ဟု ပြော၏။

အရှေ့ဘက်ကထွက်လာသောမင်းချင်းယောကျ်ားကလည်း (ဟာ မနုဿီဟရုပ်ကြီး မဲမှောင်နေပါလား)ဟုပြော၏။

ဤသို့ဖြင့် အချင်းများကြရာ တယောက်က အရှေ့ဘက်သို့ရောက်၊ တယောက်ကတောင်ဘက်သို့ရောက်မှ အဖြစ်မှန်ကိုသိကြရလေသည်။

ထို့အတူ သမ္မုတိသစ္စာနှင့်ကြည့်ရာတွင် မိမိဘက်ကသာ အမှန် ထင်တတ်သည်ကို သတိပြုကြရပေမည်။

ဤဒိဋ္ဌိဗုဒ္ဓအလိုကျမှားယွင်းသောအယူဝါဒများကိုဆက်၍ပြဦးအံ့- မှားယွင်းသော အယူဝါဒတို့သည် ဗြဟ္မဇာလသုတ္တန် အလိုအရ ၆၂-ပါးရှိ၏။

ထိုတွင် တချို့က ယခုဘဝမှာတွင် ကောင်းကောင်းခံစားနေကြ ရသောအခါ လောကနိဗ္ဗာန်သို့ ရောက်နေသည်ဟုထင်ကာ လက်ငင်း ခံစားရသည့်နိဗ္ဗာန်ဟုနောက်ဘဝမရှိစဲ့ထင်၍ အမြင်မှားမှုဖြစ်၏။

တချို့က မိမိမကျွမ်းကျင်သော အလုပ်ကိစ္စပြဿနာတို့၌သူတပါး တို့က မေးစိစစ်မှာကြောက်သောကြောင့် ငါ၏အယူသည် သည်လိုမဟုတ် ဘူး၊ ဟိုလိုမဟုတ်ဘူး စသည်ရှောင်လွှဲ၍ပြောလျှင် သဘာဝကျသည်ဟု ထင်မြင်ကာ မှားမှားယွင်းယွင်း စွဲမြဲစွာ ယူထားကြလေသည်။ ဤသို့ အမျိုးမျိုးအဖုံဖုံ ကွဲပြားသောဝါဒအစုံတို့တွင် အဓိကအကြောင်းရင်းခံ မိစ္ဆာဒိဋ္ဌိသုံးမျိုးကိုသာ ပြဦးအံ့-

၁။ နတ္ထိကဒိဋ္ဌိ-ကောင်းသောအမျိုးဆက်မကောင်းသောအမျိုး ဆက်မရှိဟူသောအယူ၊

၂။ အကြိယဒိဋ္ဌိ-ကောင်းသောအလုပ်ကံအကြောင်း မကောင်း သောအလုပ်ကံအကြောင်းမရှိဟုယူသောအယူ၊

၃။ အဟေတုကဒိဋ္ဌိ–ကောင်းသော အလုပ်လည်းမရှိ ကောင်းသောအလုပ်၏ အကျိုးဆက်လည်း မရှိ၊ မကောင်းသော အလုပ်လည်းမရှိ၊ မကောင်းသော အလုပ်၏ အကျိုးဆက်လည်းမရှိဟု ယူသောအယူဟု သုံးမျိုးရှိ၏။

ဤသုံးမျိုးကိုစိစစ်ကြစို့.-

၁။ နတ္ထိကဒိဋ္ဌိ – ကောင်းမှု ပြုသော်လည်း ကောင်းကျိုးမရှိ၊ မကောင်းမှုပြုသော်လည်း မကောင်းကျိုးမရှိ၊ ယခုဘဝ တခုသာရှိ၍ နောက်နောက်ကဘဝတို့ ဆိုတာလဲမရှိ၊ လာမဲ့ ဘဝသစ်ဆိုတာလဲမရှိ၊ မိခင်ဘခင်တို့ကို လုပ်ကျွေးရသောကျေးဇူးမရှိ၊ တိုက်ရိုက် ထင်ရှားဖြစ်ပေါ်လာသော သတ္တဝါဆိုသည်မရှိ၊ ဤလောကကြီး အကြောင်း နောက်လောကကြီးများအကြောင်းကို ကိုယ်တိုင်သိမြင်၍ ဟောကြားတတ်သော အရိယာသူတော်ကောင်းမရှိဟူသော အယူအဆများသည် နတ္ထိကအယူများဖြစ်၏။

လူတဦးတယောက်သည် ရိုးသားစွာဖြင့်မကောင်းမှုဒုစရိုက်မှုများကို ရှောင်ကြဉ်ကာ စာပေ သင်ကြားသော်၎င်း၊ လုပ်ကိုင်သော်၎င်း ၎င်းပုဂ္ဂိုလ်သည်စာတတ်ခြင်း၊စပါးရခြင်း၊ငွေကြေးအမြတ်ရခြင်းဟူသော အကျိုးတရားများ ရရှိလာမည်မှာ လောကအမြင်အားဖြင့် ဘယ်လို ကြည့်ကြည့် ထင်ရှားလျက်ရှိပေပြီ၊ သို့ဆိုလျှင် ကောင်းသည့်အလုပ်ကိစ္စ အတွက် ကောင်းကျိုးဖြစ်မဖြစ် ထင်ရှားပေပြီ။

သူ့အသက်သတ်သူကို ဒီအတိုင်းပင် လောကကြီးက ခွင့်လွှတ်ကြရဲ့လား၊ ထောင်ချခြင်း သေဒဏ်ပေးခြင်းစသည်တို့ကို ပြုသည်မဟုတ်လော။ သို့ဆိုလျှင် မကောင်းသောအလုပ်ကိုလုပ်၍ မကောင်းကျိုးမရှိဟူသောအယူသည် မှားသည်မှန်သည်မှာ ထင်ရှားလောက်ပေပြီ။

မနေ့ကဟူသောရက်ရှိ၏၊ ဒီနေ့ဟူသောရက်ရှိ၏၊မနက်ဖန် သဘက်ခါဟူသောရက်တို့လည်း ရှိကြဦးမည်။ သို့ဆိုလျှင်သတ္တဝါတဦးတယောက်တွင် နောက်ဘဝ ရှေ့ဘဝဟူသော သဘာဝမရှိပြီလော။ မိဆိုး ဘဆိုးတို့နှင့်တွေ့လျှင် ၎င်းအယူဝါဒသမားတို့သည် ဗိုက်ထဲတွင် အသက်ထွက်သွားနိုင်သည်။ မိကောင်း ဘကောင်းမို့သာ လူ့ဘဝ ရောက်ခဲ့ရသည်

မဟုတ်လော၊ လူ့ဘဝ၌ ကြုံတွေ့ရသော သာယာဘွယ် နှစ်သက်ဘွယ် တို့နှင့်ကြုံတွေ့ရသည်မှာ ၎င်းမိဘတို့ကြောင့်ပင်မဟုတ်လော။ သို့ပါလျက် မိဘများကို ကုန်ကြမ်းထုတ်သော စက်ရုပ်ကဲ့သို့ သဘောထားခြင်းသည် ဟုတ်ပါမည်လော။

(ရှေ့၌ မိဘကျေးဇူးမေတ္တာ ပေါ်လွင်လတံ့)

လူမှတပါး တခြားသော ထင်ရှားသော နတ်ပြိတ္တာတွေ့ရှိသည်၊ မယုံလျှင်လူ့ဘုံမှာပင် တိရစ္ဆာန် သတ္တဝါအမျိုးမျိုးရှိနေ၏၊ သို့ဆိုလျှင် လူသည် သူတခုတည်း ဖြစ်သည်မှာ မှန်ပါမည်လော၊

ဗုဒ္ဓဘုရားရှင်သည် ထူးခြားသော တရားတော်များကို ဟော ကြားခဲ့၍ ယခုကာလတိုင်အောင်ပင် ဘယ်ဒေါင့်က စိစစ်စိစစ် မှတ် ကြောက်တင်ခံနိုင်သည်မှာ ထူးခြားသော ပုဂ္ဂိုလ်များမှာ ဟောကြား ထားသောကြောင့် မဟုတ်လော။

ထို့ကြောင့် ထင်ရာကိုစိုင်း၊ လုပ်ချင်ရာလုပ်၊သရမ်းချင်ရာသရမ်း လို့မှ ဘာမှ အကျိုးဆက် မဖြစ်ဟူသော အယူသည် (စလောင်းထဲက ဟင်း ခွေးယက်သကဲ့သို့) ပြောင်စင် လွင့်ပါး သွားလိမ့်မည် မဟုတ်ပါ လော။

၂-အကြိယဒိဋ္ဌိ

ကောင်း+မကောင်းသော အလုပ်၏ အကြောင်းတရား မရှိဟု အကြောင်းကိုပယ်သော ဝါဒဖြစ်၏။

ကုသိုလ်=ကံ=အလုပ်တို့သည်အဓိပ္ပာယ်အတူတူပင်ဖြစ်၏၊လောက၌ အလုပ်မရှိသောသူ တဦးတယောက်မျှ ရှိလိမ့်မည်မဟုတ်၊ပန်းချီကားချပ် ပေါ်လာခြင်းသည် ပန်းချီဆွဲသော အလုပ်ကြောင့်ဖြစ်၏၊ စပါးရခြင်း သည် စပါးစိုက်ပျိုးသော အလုပ်ကြောင့်ဖြစ်၏။ ထို့ကြောင့် အကျိုး သာရှိ၍ အကြောင်းမရှိဟူသော အယူသင့်-မသင့် နှိုင်းချင့်ကြပါကုန်။

၃-အဟေတုက ဒိဋ္ဌိကား-၎င်း၂ခုကို ထောက်ဆလျှင် သိနိုင်သော ကြောင့် မပြတော့ပြီ။

ဆက်ဦးအံ့-လောကကြီး၌ရှိသော နာမ်တရား၊ ရုပ်တရား အစု အဝေးများသည် အကြောင်းနှင့်အကျိုး အမြဲပင် ဆက်စပ်နေကြ၏။

အာရုံလှလှ တခုမြင်ရခြင်း အကြောင်းကြောင့် ၎င်းကိုလိုချင်သော အကျိုးဆက်စိတ်တို့ ဖြစ်ရ၏၊ စိတ်တခု ချုပ်ခြင်း အကြောင်းကြောင့် စိတ်တခုဖြစ်ရခြင်း အကျိုးတို့ဖြစ်ရ၏၊ မီးခလုတ် နှိပ်ခြင်း အကြောင်းကြောင့်မီးလင်းခြင်း အကျိုးများ ဖြစ်ရ၏၊ အစားအသောက်စားခြင်း အကြောင်းကြောင့် ခန္ဓာကိုယ် ဝဖြိုးခြင်း အကျိုးတရားတို့ ဖြစ်ရ၏။

သို့ဆိုလျှင် အကြောင်းကင်း၊ အကျိုးပြတ်ဝါဒတို့သည် မှန်၏၊ မမှန်၏ကား စာရှုသူတို့ အသိဉာဏ် အပေါ်တွင်သာ တည်ပါသည်။

ဤ၌ စပ်မိ၍ ရတနာသုံးပါးနှင့် နတ်တို့တွင် နတ်တို့ ရှေ့တန်းရောက်နေပြီး ရတနာသုံးပါးကို နတ့်လောက် အားမကိုးချင်သော တချို့သူများအတွက် အနည်းငယ်ပြဦးအံ့။

နတ်ဟူသည် မရှိမဟုတ် ရှိ၏၊ သို့သော် ၎င်းတို့သည် လောက အကျိုးစီးပွား၊ တမလွန်အကျိုးစီးပွားများကို ထက်ထက်သန်သန် ဖြစ်ထွန်းပေါ်ပေါက်အောင် လမ်းညွှန်ပြသဆောင်ရွက်နိုင်ကြသည် မဟုတ်။

ထို့ကြောင့် မြတ်စွာဘုရားသည် နတ်များကို တရိုတသေ ကိုးကွယ်ရမည်ဟူ၍ တခါမှမဟောခဲ့ပေ၊ သို့သော် ပါဋ္ဌလိပုတ် နေပြည်တည်ထောင်စက ၎င်းဆွမ်းကျွေးပွဲတွင် ယသ္မိံ ပဒေသေ ကပ္ပေန္တိ-စသည်ဖြင့် နတ်များကို အမျှဝေသင့်၊ မေတ္တာပို့သင့်သည်ဟု မိန့်တော်မူခဲ့၏။

တခါတရံမှာ-ဒေဝတာဗလိ-ဟူသော ပါဋ္ဌိကို ထောက်ပြီး စားသောက်ဖွယ်ရာအဖြာဖြာတို့နှင့် ပူဇော်ကြသည်ကို နတ်များက အဆီသြဇာကိုသာ စားကြတယ်လို့ ဆိုကြပါတယ်။

ယခုအခါ ကာလတို့ကဲ့သို့ သားစိမ်း ငါးစိမ်းများကို တင်ခံတဲ့ သဘောမရှိပါဘူး၊ သားစိမ်းငါးစိမ်းများ၏ အဆီသြဇာများကို စားရင်လဲ ၎င်းနတ်တွေဟာ အလွန်ကြမ်းတမ်းသောနတ်ဘီလူးမျိုးသာ ဖြစ်ရင်ဖြစ်လိမ့်မည်၊ နတ်ကောင်းနတ်မြတ်တို့ ဟုတ်လိမ့်မည် မထင်ပါ။ ၎င်းတို့ပူးဝင်ပြီး စောင့်ရှောက်တယ် ဆိုတာလဲ-မှန်ရှေ့ရည်တို့ စိန်နားကပ်ကြီးပန်ရမလိုတို့ကိုဆိုပြီးမြူးတူးကာ စောင့်ရှောက်ဖေးမတယ်ဆိုတာကိုလည်း စဉ်းစားကြစေချင်သည်။

ဗုဒ္ဓနည်းကျ သုံးသပ်ပြရသော်-လူတွေအချင်းချင်း မေတ္တာကရုဏာထားပြီး စောင့်ရှောက်ရင် လူအချင်းချင်း ပြန်၍ စောင့်ရှောက်နိုင်သလို–

နတ်များကိုလည်း ကုသိုလ်ပြုလုပ်အမျှဝေ မေတ္တာပို့တဲ့ အခါ အစောင့်အရှောက်တခါတရံ ပေးနိုင်ကြပါလိမ့်မည်၊ ထို့ကြောင့် နတ်ဆိုတာ ရတနာသုံးပါးနှင့်စာလျှင် မိခင်ဖခင်တို့လို အလေးဂရု မပြုရသည့် သက်ကြီးရွယ်အိုများကို အမေရင်း အဖေရင်းတို့လောက် ဂရုမစိုက်ရ၊ အလေးအမြတ်တော့ ပြုသင့်သည်ဟု ထင်ပါသည်။ တခါတရံ နတ်တို့သည် တကယ့်အရေးကြုံလာရင် လူတို့၏ လုံ့လဝီရိယလောက် အားမကိုးရသည်ကို တွေ့ရ၏။

ကာလိင်္ဂမင်းနှင့် အဿကမင်းတို့ စစ်တိုက်ဖို့စောင့်နေတဲ့ နေရာရဲ့ အနီးမှာ ဘုန်းကြီးတို့ဘုရားအလောင်းတော်ကြီးလဲ ရသေ့ဘဝနဲ့ တရားအားထုတ်နေတယ်၊ သူတော်ကောင်းရသေ့ထံ သိကြားမင်းလဲ မကြာခဏတရားနာရောက်တယ်၊ ထိုအခါ ကာလိင်္ဂမင်းက သာမန်လူတယောက်အနေအားဖြင့် ရသေ့ထံသွားပြီး ရင်းရင်းနှီးနှီး စကားစမြည်ပြောယင်း မင်းနှစ်ပါးစစ်တိုက်လျှင် ဘယ်သူက နိုင်စရာရှိပါသလဲလို့ မေးတယ်၊ ရသေ့က ငါမသိဘူး၊ ငါ့ဆီကို သိကြားမင်းလာလေ့ရှိတယ်၊ သူ့ကို မေးပြီးမှ ပြောမယ်၊ နက်ဖန်လာခဲ့လို့ ပြောလိုက်တယ်။

သိကြားလာတဲ့အခါမေးတော့ ကာလိင်္ဂမင်းဘက်က နိုင်ပါလိမ့်မယ်၊ ရှေ့ပြေးနိမိတ်တွေက ထင်ရှားနေပါတယ်၊ ကာလိင်္ဂမင်းက မင်းရဲ့ အစောင့်အရှောက်နတ်က တကိုယ်လုံးဖြူသော နွားလားဥသဘယောင်ဆောင်ပြီး အဿကမင်းရဲ့အစောင့်အရှောက်နတ်က မဲနက်သောနွားလားဥသဘယောင်ဆောင်ပြီး စစ်ထိုးကြပါလိမ့်မယ်၊ ထိုနိုင်တဲ့ နတ်ရဲ့မင်းဘက်ကပဲ နိုင်ပါလိမ့်မယ်လို့ သိကြားမင်းက လျှောက်သွားသည်။ နက်ဖန်ကိုလူလာတော့ ကာလိင်္ဂမင်းက နိုင်မယ်ဆိုတာကို ပြောလိုက်လျှင်ပဲ ဝမ်းသာအားရဖြစ်ပြီး ပြန်သွားတယ်၊ ရှေ့ပြေးနိမိတ်က ဘယ်လိုတွေ့ရပါသလဲ မမေးတော့ပေ။

ဒီသကင်းဟာ စစ်တပ်အတွင်း ပြန့်နှံ့သွားလို့ အဿကမင်းဘက်ကလည်း ကြားသွားတယ်၊ ဒါနဲ့ အဿကမင်း စိတ်ပျက်နေကြောင်း

ကို ရှင်သာရိပုတြာအလောင်း နန္ဒိသေနစစ်သူကြီးက ရသေ့ပြောလိုက်တဲ့အကြောင်း ကြားသိရတော့ ရသေ့ထံပြန်သွားတယ်၊ ရသေ့ကလဲ ကာလိင်္ဂမင်းဟာ နိုင်လိမ့်မယ်လို့ပြောတယ်၊ ရှေ့ပြေးနိမိတ်ကို ဘယ်လိုမြင်ပါသလဲလို့ မေးတော့ အစောင့်အရှောက်နတ်များ ပါဝင်တိုက်ခိုက်နေကြောင်းကို ပြောလိုက်တယ်။

နန္ဒိသေနစစ်သူကြီးဟာ ကောင်းပြီဆိုတဲ့သဘောနဲ့ ပြန်လာပြီး သူ့ရဲ့ကောင်းတထောင်ကို တောင်ထိပ်ပေါ်ခေါ်သွားတယ်။

'အမောင်တို့....မင်းတရားအတွက် အသက်ကို စွန့်ဝံ့ကြရဲ့လား ပြောတဲ့အခါ အားလုံးက ခုန်ချမယ်လုပ်ကြတယ်၊ အဲဒီအခါမှာ နန္ဒိသေနက ခုန်ချဘို့မလိုသေးပါဘူး၊ စစ်တိုက်တဲ့ အခါမှာသာ နောက်မဆုတ်စတမ်း ကြိုးစားတိုက်ကြပါလို့ တိုက်တွန်းပြီး ပြန်ဆင်းလာတယ်။

ကာလိင်္ဂမင်းရဲ့စစ်တပ်ကတော့ ငါတို့ကေန် နိုင်မှာပဲဆိုတဲ့ သဘောနဲ့ ပေါ့ပေါ့ဆဆနေကြတယ်။

ဒါနဲ့ စစ်တိုက်ခါနီးမှာ ရှင်ဘုရင်နှစ်ပါး မြင်းစီးပြီး ထွက်လာရင်ပဲ နတ်နှစ်ယောက်လဲ စစ်တိုက်မဲ့ပုံဟန်နဲ့ရှေ့ကပါလာတယ်။

အဲဒီနတ်မင်းတွေကို မင်း နှစ်ပါးသာမြင်တယ်၊အဿကမင်းရဲ့နတ်က ကြောက်ရွံ့တဲ့ပုံဟန် ပေါ်နေတယ်။

အဲဒီအခါ နန္ဒိသေနစစ်သူကြီးက အဿကမင်းကို "ဘာများ ထူးထူးခြားခြား မြင်ရပါသလဲ" လျှောက်ထားတော့ "နတ် ၂-ယောက် စစ်တိုက်မဲ့ ဟန်ပြင်နေတာမြင်တယ်။ဒါပေမဲ့ တို့ဘက်ကနတ်ကကြောက်ရွံ့နေပုံရတယ်" လို့ ပြန်မိန့်၏။

ထိုအခါ နန္ဒိသေနက "အရှင်မင်းမြတ်၊ သူ့ဘက်က နတ်ကိုသာ အရှင်မင်းမြတ်ကပစ်ခတ်ပါ၊ ကျွန်တော်တို့ရဲ့ သူရဲကောင်းတထောင်ကလဲ အရှင်မင်းမြတ်ပစ်တဲ့နေရာကိုပဲ ဝိုင်းပြီးပစ်ပါ့မယ်" ဟုပြောပြီး ကာလိင်္ဂမင်းရဲ့နတ်ကိုပဲဝိုင်းပစ်ခတ်ကြရာ၊ နတ်လဲဆုံး ကာလိင်္ဂမင်းလဲ ထွက်ပြေးသွားလေတော့သည်။

ထို့ကြောင့် နတ်ဆိုတာဟာ တကယ်တွက်ကြည့်ရင် လူလောက် အားမကိုးရဘူး၊ လူရဲ့အကြံဉာဏ်နဲ့ ကောင်းသော ဝီရိယ လုံ့လများဟာ

နတ်ထက် အားကိုးရတယ်ဆိုတာ သတိပြုသင့်ကြသည် မဟုတ်လော။ (ဘာသာရေးတရားများ)

မန်လည်ဆရာတော်ဘုရားကြီးကလည်း (လို့လမမူ၊ နတ်မကူဘူး၊ လူလည်းလို့လ၊နတ်လည်းမ၏)လို့မိန့်မှာထားခဲ့ပေရာ နတ်နှင့်လူမည်သူက အဓိကကျ၍ တကယ်ကိုးကွယ်သင့်တာဟာ ရတနာလား မိမိလား နတ်လားဆိုတာ စဉ်းစားဝေဘန် သမ္မာဒိဋ္ဌိဉာဏ် ရင့်သန်နိုင်ကြပါစေ။

* **အမိအဒေါ်စသည်၌တပ်မက်မှုအဓမ္မရာဂ။**
* **လောကထုံးတမ်းအားဖြင့် သုံးဆောင် မှီဝဲသင့်သူတို့၌ ကျူးလွန်မှု**
* **လိင်တူချင်း ဖေါက်ပြားမှု-မိစ္ဆာဓမ္မ**

ဒုစရိုက် ကိုယ်ကျင့်ပျက်တရားများ ပွားများ လာလျက်သာရှိရာ၊ အနှစ်တထောင် သက်တမ်းရှည်ကြသောကာလ၌ မှားယွင်းသော အယူဝါဒတရားဆိုးများ လွှမ်းမိုးလာသောအခါ ၎င်းလူသားတို့၏ သားသမီးများလက်ထက်တွင် အနှစ်ငါးရာသာ သက်တမ်းရှည်ကြတော့သည်။

ဤသို့ အနှစ်ငါးရာသာ သက်တမ်းရှည်ကြသော ၎င်းလူသားတို့လက်ထက်တွင် ရိုသေလေးစားရမည့် အမိ အဒေါ် ဘထွေး ဦးရီး စသူတို့၌ တပ်မက်ခြင်း (အဓမ္မရာဂ)

လောကထုံးတမ်းအားဖြင့် သုံးဆောင် မှီဝဲသင့်သူတို့၌ အလွန်အကျူးတပ်မက်ခြင်း(ဝိသမလောဘ)

လိင်တူချင်း ဖေါက်ပြားကျူးလွန်သော မိစ္ဆာဓမ္မတရားဆိုးတို့ကို ကျင့်ကြံကျူးလွန်သောလူသားတို့ များပြားလာပြန်၏။

ထိုအချိန်အခါကာလသည် ရှေးရှေးအခါကာလများထက် ကာမရာဂ အလွန်အားကြီးလှသော အချိန်ကာလ-ဟုထင်ရ၏။ သို့ကြောင့်ပင် တပြိုင်တည်း၌ ၎င်းတရားသုံးပါးကို စုပေါင်း၍ ဟောခဲ့ခြင်းဖြစ်ပေမည်။

အဓမ္မရာဂ-ဟူသည် မိမိတို့က ဆွေမျိုးစဉ်ဆက်အားဖြင့် လေးစားရမည့် ဇာတိဝုဍ္ဎိ၊ ဝယဝုဍ္ဎိ၊ ဂုဏဝုဍ္ဎိ ဖြစ်ကြသော အမိ အဒေါ်၊ဘထွေး ဦးရီး စသည့်ပုဂ္ဂိုလ်တို့၌ ငယ်ရွယ်သေးသူတို့က တပ်နှစ်သက်ခြင်းဖြစ်၏။

ကာမရာဂ ပြင်းထန်လှသော တချို့သူတို့သည် သမီးက အဖေ ပြန်ယူသောအဖြစ်တခါတရံရှိသော ယခုအခါကဲ့သို့ပင် လေးစားရမည့် သူတို့၏ တပ်နှစ်သက်မှု စိတ်ခေတ်များ ပွားများကြလိမ့်မည်။

မိမိနေသော မြို့နှင့်မဝေးလှသော ရွာတရွာတွင် ဖအေလုပ်သူက သမီးလုပ်သူကို သံဝါသပြုသည်ဆို၏။ ထိုသံဝါသကြောင့် ကိုယ်ဝန် ရသောအခါ လင်ကောင်ဖေါ်ရမှာရှက်ကြတာကြောင့် ကိုယ်ဝန်ဖျက်ချ ကြ၏။

ၚင်းဖျက်ချခံရသည့် ကလေးကို ပိုက်ကွန်နှင့် ချောင်းတွင်း၌ ငါးဖမ်းကြသည့်သူများတွေ့မှ ထိုစက်ဆုတ်ဖွယ်ကောင်းသော ဖြစ်ရပ်ကို သိကြရသည်ဟူ၏။

(ဂုဏ်သိက္ခာငဲ့သောကြောင့် ရွာနာမည်မထည့်ပါ)

မြတ်စွာဘုရားသခင်လက်ထက်က—

ရဟန်းတော်တပါးသည် အမေလုပ်သူက သားတယောက်မို့ အင်မတန်ချစ်ရှာ၏၊ ထို့ကြောင့် နောက်ပိုင်းတွင် မကွဲမကွာအတူနေလာ ကြသောအခါ သားနှင့်အမိတို့ ရာဂတဏှာ ရစ်ပတ်ကာ မှောက်မှား ခဲ့ကြောင်းတွေ့ရ၏။ ဤကား လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာ ကျော်ကဖြစ်၏။ ယခုကာလ၌ကား အဖေနှင့် သမီး၊ အရီးနှင့်တူ၊ ဆရာမနှင့် ကျောင်းသားတို့ တပ်နှစ်သက်စွာ ပေါင်းဖက်ကာ နေလာကြသည်ကို နေရာဒေသ အတော်များများတွင် တွေ့နေရပေသည်။

**ဝိသမလောဘ**

လောက၌ သုံးဆောင် မှီဝဲထိုက်သော သက်ရှိ သက်မဲ့များကို လောကထုံးတမ်းအားဖြင့် ကန့်သတ်ထားကြ၏။

ထိုတွင် သက်ရှိများဟူရာ၌ တပင်လဲတပင်ထူစနစ်၊ လေးယောက် ထားနိုင်သောစနစ် စသည်တို့ရှိရာ ၚင်းပိုင်ဆိုင်သော ကာမဝတ္ထုတို့၌ပင် ထပ်ကာထပ်ကာ တင်းတိမ်ရောင့်ရဲမှုမရှိပဲ လွန်ကျူးမှုများပင် ဖြစ်သည်။

သုံးဆောင်သင့်သောပစ္စည်းဥစ္စာတို့၌လည်း လွန်လွန်ကဲကဲတန်ရာ တန်ဖိုးကို ကာလအနေအားဖြင့် သတ်မှတ်ထားသည်ဖြစ်ပါလျက် ၚင်း

ကာလတန်ဘိုးထက်ကျော်လွန်၍ယူကာ အမြတ်ကြီးစားမှုမျိုးကို ဝိသမလောဘဟုခေါ်၏။

(လောဘော အတ္ထံ န ဇာနာတိ)

လောဘအားကြီးလျှင် အကြောင်းအကျိုး အကောင်းအဆိုးကို မသိ-ဟူသော စကားအတိုင်းပင်- ဝိသမလောဘ ဖြစ်လာခဲ့လျှင်ကား ဒေဝဒတ်အလောင်း ရွှေကုန်သည်ကဲ့သို့ ရသင့်ရထိုက်တာ မရောင့်ရဲနိုင်ပဲ- ကိုယ်ကျိုးသာ ပျက်ပြား သွားရသည်။ ၎င်းနှင့် ရပ်တန့် နေသည် မဟုတ်-၎င်းအချိန်က ထားခဲ့သော အာဃာတလှိုင်းကြီးမှ ဘုရားဖြစ်သည်အထိ နှောင့်ယှက်ဖျက်ဆီးကာ ကောင်းကျိုး မပေးခဲ့သည့် ဘဝပေါင်းလည်း မနည်းခဲ့တော့ပေ။

ထိုဝိသမလောဘကို အရင်းခံကာ အာဃာတများ ဖြစ်ပွားနိုင်၍ ၎င်းအာဃာတ၏ ဆိုးကျိုးမည်မျှ ပေးနိုင်သည်ကို သတိပြုကြပါလေ။

ပစ္စည်းဓနငွေကြေး ရတနာဟူသည်မှာ လောက လူသားတို့၏ သည်းခြေကြိုက် ဝတ္ထုများပင်ဖြစ်၏၊ ထိုသည်းခြေကြိုက် ဝတ္ထုများနှင့် ပတ်သက်လာလျှင်—သတိကလေး တချက်ဝင်ရန် အနောက်ပိုင်း အာရှမိုင်းနားက ဘုရင်'ကရီးဆပ်' အကြောင်းကို အနည်းငယ် ပြဦးအံ့။

ကရီးဆပ်ဘုရင်(ဘီစီ ၅၆၀-၅၄၆)သည် အီဂျီးယန်းပင်လယ် ကမ်းခြေပေါ်၌ရှိသော အနောက်ပိုင်းအာရှ မိုင်းနားအုပ်စုဝင် 'လစ်ဒီးယား' နိုင်ငံကို နောက်ဆုံး စိုးစံခဲ့သော ဘုရင်တပါးဖြစ်၏။

ထိုခေတ် အချိန်ကာလက ချမ်းသာကြွယ်ဝဆုံးဘုရင်တပါးဟု သူ၏ဂုဏ်သတင်းမှာ အဝေးအနီး ကျော်ကြားခဲ့၏။ လစ်ဒီးယား ရွှေတွင်းများမှ ရွှေအမြောက်အမြား ရသည့်အပြင် ပက်တိုးလပ် မြစ်အတွင်းရှိ သဲများကို ကျင်ယူသောကြောင့်လည်း ရွှေအများအပြားရရှိသည့်အတွက် ကရီးဆပ်၏ ဘဏ္ဍာတိုက်မှာ-ရွှေများဖြင့် ပြည့်လျှမ်းလျက်သာရှိနေသည်။

မြန်မာများက အလွန်ကြွယ်ဝသည့် အဖြစ်ကို ဖေါ်ပြသည့်အခါ 'ဇောတိကသူဌေး'နှင့် ခိုင်းနှိုင်း၍ ဖေါ်ပြသကဲ့သို့—အနောက်နိုင်ငံများ တွင်လည်း 'ကရီးဆပ်လို ချမ်းသာလေရဲ့'ဟု တင်စား ပြောဆိုလေ့ရှိကြသည်။

လစ်ဒီးယားနိုင်ငံ၏ မြို့တော် ဆာဒစ်မြို့တွင် ဘုရင် ကရီးဆပ်၏ ခမ်းနားလှပသော နန်းတော်ကြီးရှိရာ-ကျော်ကြားလှသောကြောင့် ရပ်ဝေးရပ်ကွာ ဒေသများစွာတို့မှ လူအများလည်း လာရောက်ကြည့်ရှုကြလေသည်။

ထိုသို့ လာရောက်ကြည့်ရှုသည့် အထဲတွင် ဂရိလူမျိုး ဥပဒေပညာရှင်ကြီး 'ဆိုလွန်' ဆိုသော ပုဂ္ဂိုလ်ကြီးလည်း ပါဝင်လေ၏။ ပညာရှိအပေါင်းနှင့် ငြိမ့်ညောင်းသာယာစွာ နေလိုသော ကရီးဆပ်သည် တနေ့တွင် ပါရှားဘုရင် ဆိုင်းရပ်၏ နယ်ခြံစက်ကွင်းသို့ ကျဆင်းရလေသည်။

စစ်ရိပ်စစ်ငွေ့များ သန်းလာသောအခါ ကရီးဆပ်သည် ဒဲလဖိုင်မြို့ရှိ နတ်ကွန်းသို့ စစ်တိုက်သင့် မတိုက်သင့် တမန်လွှတ်၍ မေးမြန်းလိုက်၏။

ရရှိလာသော အဖြေကား ကရီးဆပ် စစ်တိုက်လျှင် တန်ခိုးကြီးသော ပါရှင်း နိုင်ငံတော်ကြီး ပျက်စီးလတံ့-ဟူ၏။ သို့သော် တကယ်တိုက်သောအခါ ပါရှင်းတို့ကနိုင်၍ သူ၏နိုင်ငံကြီးသာ ပျက်စီးသွားရ၏။ သို့နှင့် ပါရှားဘုရင် ဆိုင်းရပ်သည် ကရီးဆပ်အား အရှင်လတ်လတ်မီးရှို့သတ်ရန် အမိန့်ချမှတ်လိုက်၏။

မီးစင်ပေါ်သို့ ရောက်နေသော ကရီးဆပ်သည် မီးတောက်များကြီး၍ကြီး၍ လာသောအခါ (ဆိုလွန်)၏ အမည်ကို သုံးကြိမ်သုံးခါမြည်တမ်းလိုက်၏။

ထိုအခါ ဆိုင်းရပ်ဘုရင်က သေခါနီးမှ ဘာကြောင့် (ဆိုလွန်)ကို တမ်းတရသနည်း-ဟု မေးသောအခါ ကရီးဆပ်က–

(မိမိသည် မိမိ၏ ချမ်းသာကြွယ်ဝကြောင်း စိတ်ပျော်ရွှင်ခြင်းအကြောင်းတို့နှင့် ပတ်သက်၍ ဆိုလွန်ကို ကြွားဝါခဲ့ဘူးကြောင်း၊ ထိုအခါ ဆိုလွန်က ကံကြမ္မာတို့မှာ ဆန်းကြယ်လှသဖြင့် လူတဦးတယောက်အား သေလွန်မှသာ ပျော်ရွှင်ခြင်း ရှိ-မရှိ ချိန်မွှမ်းနိုင်မည် ဖြစ်ကြောင်းပြန်လည်၍ ချေပခဲ့သည်)ဟု အဖြေပေးလိုက်လေသည်။ (စွယ်စုံကျမ်း) ထို့ကြောင့် ပစ္စည်းဓနတို့နှင့် ပတ်သက်လာလျှင် ထိန်းထိန်း သိမ်းသိမ်း သတိနှင့်ထိန်း၍နေမှ-ရန်သူမျိုးငါးပါး ကင်းဝေးနိုင်ပေလိမ့်မည်။

**မိစ္ဆာဝမ္မ**

ယောကျ်ား ယောကျ်ားချင်း၊ မိန်းမ မိန်းမချင်း တပ်မက်မှု သံဝါသပြုမှုကို မိစ္ဆာဝမ္မ-ဟု ခေါ်၏။

ဤသို့ အဓမ္မရာဂ၊ ဝိသမ လောဘ၊ မိစ္ဆာဝမ္မ တရားဆိုးများလွှမ်းမိုး၍ လာသောအခါ အနှစ်ငါးရာ သက်တမ်းကာလမှ အနှစ်နှစ်ရာငါးဆယ်၊ အနှစ်နှစ်ရာလောက်သာ သက်တမ်းရှည်ကြတော့သည်။

**မိဘဆရာသမား ကျင့်ဝတ်များ ချွတ်ယွင်းကြလာခြင်း**

ထိုသို့သက်တမ်းများ အနှစ်နှစ်ရာကျော် နှစ်ရာငါးဆယ်လောက်သာ ရှိကြသောအခါ၌-မိဘ၌ ကောင်းစွာပြုစုရမည့် ဝတ္တရားများ ချွတ်ယွင်းလာကြ၏၊ရဟန်းတော်သူတော်ကောင်းများ၌ ပြုကျင့်ရမည့်ဝတ္တရားများ ချွတ်ယွင်းလာကြ၏၊ ဆွေမျိုးထဲမှ လေးစားရမည့် ရိုသေရမည့် ပုဂ္ဂိုလ်တို့ကို ရိုသေတုပ်ဝပ်မှု ခေါင်းပါးလာကြ၏။

**မိဘကျေးဇူး**

ယခုကာလ၌ တချို့သားသမီးလုပ်သူ အတော်များများသည် မိမရိုသေ ဘ မလေးစားသည့် စိတ်ထားများ မွေးမြူနေကြသည်ကို တွေ့နေရ၏။

ထို့ကြောင့် မိဘများကိုဘာကြောင့် ကျေးဇူးဆပ်ထိုက်သည်ကို ဦးစွာပြဦးအံ့-

မိဘတို့သည် သားသမီးများ မိမိတို့ဝမ်း၌ ပဋိသန္ဓေတည်စအခါကပင်-သားမှန်း သမီးမှန်း မသိသေးသော်လည်း မိမိ၏ရင်သွေးကလေးများကို လူလောကသို့ တင့်တင့်တယ်တယ် ရောက်လာစေခြင်း အကျိုးငှာ အပူ အစပ် အခါး စသော ဝမ်းတွင်း၌ ကိန်းသူကို အန္တရာယ် ဖြစ်စေမည့် အစားအသောက်တို့ကို ရှောင်ကြဉ်ရ၍ အနေအထိုင် အကုံးအကွကလည်း ဆင်ခြင်ရသေး၏။ ဤသို့ရှောင်ကြဉ် ဆင်ခြင်ကြရရုံသာမကသေး၊ ရင်သွေးကလေးဟာ အနာရောဂါကင်းစွာ အင်္ဂါကြီးငယ်ပြည့်စုံစွာနဲ့ ဖြစ်လာပါစေဟူသော အကျိုးလိုလားသော မေတ္တာစိတ်ဖြင့်စောင့်ရှောက်ခဲ့ရ၏။

အကယ်၍ မေတ္တာခေါင်းပါးသည့် မိခင်ဘခင်တို့နှင့် ကြုံတွေ့ရပါလျှင် ဝမ်းတွင်းနေစကပင် ဖျက်ချခံရခြင်းကြောင့် လူ့ဘဝသို့ ရောက်လာကြလိမ့်မည်မဟုတ်ပါပေ။

ထိုသို့ ရှစ်လကိုးလမျှ မေတ္တာစိတ်ဓာတ်ဖြင့် စောင့်ရှောက် ခဲ့ရသော ရင်သွေးကလေးများ မွေးဖွားရှိလာပြန်သောအခါ မှဲ့၊ ခြင်၊ သန်းကြမ်းပိုး-စသည်တို့ ကိုက်ခဲနှိပ်စက်မှုကအစ-တစုံတခုသော ဘေးဒဏ်ထိခိုက်မှုအဆုံး ကြင်နာသနားသော ကရုဏာစိတ်ဓာတ် မျက်လုံးတို့ဖြင့် ပိုက်ကြုံးထိန်း ချစ်ရစ်ပတ်ကာ စောင့်ရှောက်ခဲ့ရ၏။

ထိုသို့ မေတ္တာကရုဏာ စိတ်ဓာတ်တို့ဖြင့် စောင့်ရှောက်လာခဲ့ကြ၍ တွတ်တီးတွတ်တာ ခရာဘာတာ ပြုံးတတ်ရယ်တတ်၊ ဟိုပြေး ဒီပြေးကစားတတ်သည့် အမူအရာများတွေ့ရလျှင်ကား မိဘလုပ်သူတို့မှာ ဝမ်းမြောက်မှု မုဒိတာစိတ်ဓာတ်ဖြင့် စောင့်ရှောက်ရပြန်၏။

အသက်အရွယ်များ အချိန်တန် လူလားမြောက်ကာ အိမ်ထောင်ရက်သား ကျသည့်အခါ- အော် သူတို့ အိုးအိမ်နဲ့ နေထိုင်ကြပါပေါ့လား စသည်ဖြင့် အဝေးကပင် ဥပေက္ခာစိတ်နှင့် စောင့်ရှောက်ရပြန်၏။

ဤသို့ မေတ္တာကရုဏာ မုဒိတာ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ် တရားလေးပါးနှင့် စောင့်ရှောက်ကြသောကြောင့် မိခင်ဘခင် ကျေးဇူးရှင်များကို ဗြဟ္မာဟူ၍ ခေါ်သင့်ကြ၏။

ကျောင်းသွားချိန် လူတော တိုးဝင်ချိန် စသည်ဘို့၌ လူရေးလူရာ လူလိမ္မာကလေးများ ဖြစ်ရန် အပြောအဆို အနေအထိုင်တို့ကို သွန်သင်ဆုံးမ ပဲ့ပြင်တတ်သောကြောင့် လက်ဦးဆရာ ဟူ၍လည်း ခေါ်ဆိုသင့်ပြန်၏။

ဤလောက၌ရှိသော ပျော်ရွှင်ဘွယ် သာယာဘွယ် လိုချင်ဘွယ် နှစ်သက်ဘွယ် အာရုံများကို သားသမီးများကို တွေ့မြင်စေအောင် စောင့်ရှောက်ကာ ပြသကြသောကြောင့်လည်း လောကကို ပြတတ်သော ကျေးဇူးရှင်များဟူ၍လည်း ခေါ်ဆိုသင့်ပြန်၏။

ဤကဲ့သို့ ကျေးဇူးဂုဏ် အနန္တတို့နှင့် ပြည့်စုံလှသော မိခင်ဘခင်တို့ကို လျစ်လျူရှု၍ ထားပါလျှင် မည်မျှလောက် တာဝန် မဲ့ကြပါသနည်း။

ဤဩပကိဏ္ဏကနိပါတ်တော်လာ သာလိကေဒါရ ကျေးမင်းဇာတ်ကို ပြဦးအံ့—

ဘုရားအလောင်းတော် သာလိကေဒါရကျေးမင်းသည် မိအိုဘအိုတို့ကိုစောင့်ရှောက်ရင်း ကျေးငှက်ပေါင်းများစွာတို့ကိုလည်း အုပ်ချုပ်နေရ၏။

တနေ့လျှင်တခါ အစာရှာထွက်ကာ သီးနှံများကို ကိုက်ချီလာပြီး မိအိုဘအိုတို့အား စားစေ၏။

တနေ့သောအခါ လယ်ပိုင်ရှင်က မိမိလယ်မှ စပါးနှံများကိုသာ စားသောက်သုံးဆောင်ကြသည့်ကျေးငှက်များကို သူရင်းငှါးအားဖမ်းဆီးရန် စောင့်နေစေသည်။

သို့ဖြင့် သာလိကေဒါရကျေးမင်းသည် အခါတိုင်းကဲ့သို့ပင် မိမိစားမြဲနေရာ၌ ဆင်းသက်သောအခါ ကျော့ကွင်း၌ မိနေသည်ကိုသိ၏၊ ထိုအခါ ဤသို့အကြံအစည်ဖြစ်ပေါ်၏။

(ငါသည် ယခုရောက်ဆဲကာလကပင် အော်မြည်သံကိုအကယ်၍ပြုအံ့၊ ထိုသို့အော်မြည်သော် အခြားကျေးငှက်တို့သည် မစားမသောက်ရဘဲ ပျံကြရလိမ့်မည်)ဟူ၍ ဒဏ်ကို သည်းခံ၍နေကာ အခြားကျေးငှက်များ စားသောက်ပြီးလောက်သည့်အချိန်ကျမှ အော်မြည်သံကိုပြုလေ၏။

ထိုအခါ အခြားကျေးငှက်များ ပျံသွားသောအခါ သူရင်းငှါးလုပ်သူသည် ကျော့ကွင်းကိုဖြေ၍ သာလိကေဒါရကျေးမင်းကို ဖမ်းဆီးကာ လယ်ပိုင်ရှင်အားအပ်နှံ၏။

ထိုအခါ လယ်ပိုင်ရှင်က—

အမောင်ကျေးသား၊ သင်သည် စားလည်းစားပြီး စပါးနှံများကိုနှုတ်သီးဖြင့်ချီ၍ အဘယ်ကြောင့် ယူသွားရသနည်း၊ စပါးကျီ ရှိထားလို့လား။

(ကျေး) အို—လယ်ပိုင်ရှင်ကြီး စပါးကျီမရှိပါ၊ သို့သော်ကျွန်ုပ်သည် ကြွေးဟောင်းကိုဆပ်ကာ ကြွေးသစ်ကို ပေးနေခြင်းဖြစ်ပါသည်။ ရွှေအိုးကိုလည်း မြှုပ်နှံနေခြင်းဖြစ်ပါသည်ဟု ပြန်၍ပြောဆို၏။

ဆက်ဦးအံ့–ကြွေးဟောင်းကို ဆပ်နေရသည်ဟူသည်မှာ မိမိငယ်စဉ်က မိခင်ဘခင်တို့ကကျွေးမွေးစောင့်ရှောက်ခဲ့သည့် ပေးဘူးသော ကျေးဇူးကြွေးများကို ပြန်၍ဆပ်ခြင်းကိုဆိုလို၏။

ကြွေးသစ်ကို ပေးနေရသည် ဟူသည်မှာ မိမိ၌ ရင်သွေးငယ်များရှိ၍ ၎င်းတို့ကို မိဘတို့ဝတ္တရားအတိုင်း သားသမီးများကို ကျေးဇူးပြုနေကာ စောင့်ရှောက်နေခြင်းကိုဆိုလိုသည်။

ရွှေအိုးမြှုပ်နှံ၏–ဟူသည်မှာ ၎င်းတို့နှင့် အတူနေကြသော မသန်မစွမ်း မကျန်းမမာသော ကျေးငှက်များကို ပြုစုလုပ်ကျွေး နေခြင်းကို ဆိုလိုပေသည်။

ဤသာလိကေဒါရ ဇာတ်လာ ကျေးမင်း၏ အပြုအမူတို့သည် မည်မျှလောက် အတုယူစရာ ကောင်းလှပါသနည်း။ နိပါတ်တော်များတွင် မိခင်ဘခင်တို့ကို တသက်လုံး မိမိခန္ဓာကိုယ်ပေါ် နေစေကာ–ကျင်ကြီးကျင်ငယ်စွန့်စေ၊ လုပ်ကျွေးနေသော်လည်း မိဘတို့ ကျေးဇူးဆပ်၍မကုန်နိုင်ဟုပြ၏။

ကျေးဇူးဆပ်ဟူသည်မှာ–ပစ္စည်းဥစ္စာနှင့်ပြုစုမှ ဆပ်ရာရောက်သည် မဟုတ်၊ သဒ္ဓါတရား မရှိသော မိဘတို့ကို သဒ္ဓါတရားနှင့် ပြည့်စုံအောင် ဆောက်တည်စေလျှင်၊

သီလမရှိသော မိဘတို့ကို သီလတရားနှင့် ပြည့်စုံအောင် ဆောက်တည်စေလျှင်၊

ပေးကမ်းမှုမရှိသော မိဘတို့ကို ပေးကမ်းလှူဒါန်းမှုနှင့် ပြည့်စုံအောင် ဆောက်တည်စေလျှင်၊

အမြော်အမြင်ပညာ နည်းပါးသော မိဘတို့ကို အမြော်အမြင်ပညာဉာဏ်ရှိအောင် ဆောက်တည်စေလျှင်–

ကျေးဇူးဆပ်ရာ ရောက်ပေသည်။

ယခုကာလအချိန်ကား မိဘလုပ်သူတို့ လုပ်စာကိုသာ ကုန်အောင်ခန်းအောင် စားသောက် ဖြုန်းတီးပြီး–မိဘတို့ အလှည့်ကျလျှင်ကား မိမိ

တို့၏ မိန်းမ၊ လင်-တို့လောက်မှ မသဒ္ဒါနိုင်ဘဲ မိအို ဘအိုတို့မှာ ပြုပြင်ခံရမှု အမျိုးမျိုး၊ စိတ်ဆင်းရဲခံရမှု အမျိုးမျိုးတို့ဖြင့် လောကကြီးကို ကျောခိုင်းသွားကြရရှာသည်။ ကောသလအိပ်မက်ပါ နွားပေါက်နို့ကို နွားကြီးတွေက စို့ရသည့်ကိန်း ဆိုက်ရရှာသည်။ သည့်ကြားထဲ မိဘလုပ်သူတို့က အကျိုးသင့်အကြောင်းသင့် ပြောသည်ကိုပင် (ခင်ဗျားကြီးတို့က ဘာမှမသိပါဘူး) စသည်ဖြင့် ခံ၍အော်ဟစ် ငေါက်ငမ်းကြသေး၏။

မိဘတွေကို စိတ်ဆင်းရဲအောင် လုပ်သည့်သူများ၊ လျစ်လျူရှုထားကြသော ရဟန်းကအစ လူသားအားလုံးမှာ အပါယ်သို့ ရောက်ကြလိမ့်မည်သာဖြစ်သည်။ ရေးစရာများကား များပြားလှ၏၊ ရှည်မည်စိုး၍ ဤမျှဖြင့် ရပ်တန့်ပါဦးအံ့။

**ဘီလူးနှင့်မခြားသော မိဘများ**

မိမိသည် သားသမီးမကောင်းကြောင်းကိုသာ ရေးခဲ့သော် တဖက်စောင်းနင်း ကျလိမ့်မည်။ ငယ်စဉ်ကပင် မိဘတို့ကို စောင့်ရှောက်ရမှန်း၊ ရိုသေရမှန်း မသိသော သားသမီးများသည်-မိခင် ဘခင်တို့ဖြစ်လာကြသောအခါ-မိမိဝမ်းက လွယ်ထားပြီးသော ရင်သွေးကိုပင် ဗိုက်ထွက်လာက ရှက်စရာ ကောင်းသည်ဟုဆိုကာ လက်သယ်ခေါ်၍ ငွေပေးပြီး ဖျက်ချခိုင်းကြ၏။

တခါက ငါးလလောက်ရပြီးသား ကိုယ်ဝန်ကို ဖျက်ချခိုင်းသောကြောင့် သားလည်းဆုံး မိမိလည်း အသက်ဆုံးရသည့် မိခင်တဦးကိုတွေ့ကြုံရဘူး၏။

တချို့က မိမိဝမ်းက မွေးဖွားသူပင် ဖြစ်သော်လည်း အလှပျက်မည်စိုး၍ နို့တောင်မှ မတိုက်ကြပေ။ ၎င်းတို့မှာ မိဘမေတ္တာ ပြည့်ဝစွာ မရသောအခါ-နောင်တဖန် ကျေးဇူးတုံ့ပြန်နိုင်သည့် စိတ်ဓာတ်တို့ ရှိကြပါမည်လော။

မိဘတို့ အသုံးမကျ၍ သားသမီးများ ငရဲသို့ ရောက်နိုင်အောင် ဆိုးသွမ်းရတာရှိသေး၏။ တခါက မိမိ၏ တပည့်တယောက် သူ ငယ်စဉ်အခါက ဖအေလုပ်သူက နောက်မိန်းမလိုချင်သောကြောင့် အမေလုပ်သူကို ရန်ရှာကာ-သူ့ကိုပင် ခရီးသွားရင်း ချောင်းတွင်း၌ ပစ်ချမည်လုပ်သည်ဆို၏။

မအေလုပ်သူကအစာန်တန့်တားမှ သူသည် ယခုအရွယ်တိုင်အောင် ရောက်ခဲ့ရသည်ဆို၏၊ ထိုသို့ကြမ်းတမ်းလှသော ဖအေမျိုးကို သားလုပ်သူသည် ယခုတိုင် ကြိတ်မနိုင်ခဲမရ ဖြစ်နေရှာသည်။

တချို့မိဘများ၊ ပထွေးများ၊ မိထွေးများက မတရားနှိပ်စက် ကြင်နာသနားမှု မရှိသောကြောင့် တချို့သားသမီး ရင်သွေးငယ်များ မှာ–အမိုက်အမဲဘဝသို့ ရောက်ကြရရှာသည်။

**ကျေးဇူးတုံ့ပြန် မေတ္တာထားကြပါ**

သူတော်ကောင်းတို့၊ မိဘကို ပြုစုသူ မိဘစကား နားထောင်သူ တို့မှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာမှု အဝဝနှင့် ပြည့်စုံရုံမျှမက–ကြီး ပွားတိုးတက်သော လူတော်လူကောင်းများ ဖြစ်မည်မှာ အမှန်မလွဲပါ။

မြန်မာသက္ကရာဇ် ၁၃၁၃-ခုနှစ်လောက်က ကေအင်အိုတပ်သား တယောက် မိခင်လုပ်သူကို ဓားနှင့် လိုက်သောကြောင့် ကျိုက်ပိမြို့တွင် မြေမျိုခံရဘူးသည်ဆို၏။

မိဘကျေးဇူးကို မဆပ်နိုင်စေကာမူ ပြစ်မှားမှု ကင်းလွတ်အောင် သတိပြု၍ ရိုသေစွာ ဆက်ဆံ၊ သာယာပြေပြစ်စွာ ပြောဆိုကြပါလျှင် လူနတ် ချီးမွမ်းကာ၊ ကောင်းသော အကျိုးတရားများ ဖြစ်ထွန်း၍လာ ပါလိမ့်မည်။

ထို့အတူ မိဘလုပ်သူတို့ကလည်း မေတ္တာ ကရုဏာ အကြင်နာ တရားများထားကာ မိမိတို့၏ ရင်သွေးများကို စောင့်ရှောက်ကြမှသာ ရင်းသားသမီးတို့မှာ လူလိမ္မာ လူတော်လူကောင်းများ ဖြစ်လာပါ လိမ့်မည်။

ဆက်လက်၍ မူရင်းပါဠိတော်တွင် မပါဝင်သော်လည်း ရတနာ သုံးပါး မိဘများနှင့် တဂိုဏ်းတည်းထားအပ်သော ဆရာသမားများ အပေါ်၌ ကျင့်ဝတ်များချွတ်ယွင်းလာပုံကိုပြဦးအံ့။

ဆရာဟူသည် အတတ်ပညာအမျိုးမျိုးကို သင်ပေးသောဆရာ၊ ကုန်သွယ်၊ ဆေးကု၊ လူမှုရေးအဖြာဖြာတို့၌ ကျွမ်းကျင်လိမ္မာမှုရှိအောင် သင်ပေးသောဆရာ၊ စစ်တက် စစ်ထိုး အမျိုးမျိုးတို့၌ ကျွမ်းကျင်လိမ္မာ

မှုရှိအောင် သင်ပေးသောဆရာ၊ ရာဇဝင် သမိုင်း နိုပါတ် ပုံပြင် သချင်္ခာ ဂဏန်းစသည်တို့၌ ကျွမ်းကျင်အောင် သင်ကြားပေးသောဆရာ စသည် လောကီ အကျိုးစီးပွားများကို ညွှန်ပြပေးသော ဆရာများနှင့် ပစ္စုပ္ပန် တမလွန်ဘဝ များစွာတို့၌ အကျိုးစီးပွား ဖြစ်ထွန်းရုံမက ဆင်းရဲဒုက္ခ အဝဝတို့မှ လွတ်ကင်းအောင် နည်းမှန်လမ်းမှန် အကျင့်မှန်တို့ကို ညွှန်ပြ ပေးသောဆရာများအဆုံး အားလုံးကို သိမ်းကြုံး၍ ဆရာဟုခေါ်ဆိုသင့် ပေသည်။

ဆရာသည် အချိုးအစားနှင့် အမျိုးအပြား မည်မျှပင် ခွဲခြားမှု ရှိနေကြသော်လည်း တပည့်ဖြစ်သူ လက်အောက်ငယ်သားတို့၏ အကျိုး စီးပွားကို ဆောင်ရွက်ကြသည့် သူများချည်း ဖြစ်ကြပေသည်။ တပည့် လက်အောက်သားတို့သည် ဆရာကောင်း ဆရာမှန်တို့နှင့် တွေ့ကြုံဆုံဆည်း ရလျှင် တွေ့ကြုံဆုံဆည်းရသည့်အလျောက် ကောင်းကျိုးစီးပွား အကျိုး တရားများဖြစ်ထွန်းနိုင်ကြ၍-

ဆရာညံ့ ဆရာတုတို့နှင့် တွေ့ကြုံဆုံဆည်းကြရလျှင်လည်း တွေ့ကြုံ ဆုံဆည်းကြရသည့်အလျောက် အကျိုးစီးပွားဖြစ်ထွန်းမှုများ မရှိကြပဲ ဆုတ်ယုတ်ပျက်စီး၍သာ သွားရတတ်ပေသည်။

ဆရာမပြ နည်းမကျဟူသည့်အတိုင်းပင် အရာရာတွင် ဆရာနှင့် ကင်းကွာ၍ ပြုလုပ်ကြသည့် မည်သည့် အလုပ်ကိစ္စမျိုးမဆို ဟန်ကျပန်ကျ ဖွံ့ဖြိုးတိုးတက်သော အသိပညာ အတတ်ပညာ အလုပ်ကိစ္စ အဝဝတို့သည် ရှားပါးလှပေသည်။

ဆရာဟူသည် တပည့်ဖြစ်သူတို့အပေါ် အရှည်အကျိုးစီးပွားနှင့် ပတ်သက်၍လာလျှင် ၎င်းတပည့်တို့၏အကျိုးစီးပွားကို လိုလားကြသည် ချည်းဖြစ်ပေသည်။

တိုးတက်၍လာသောတပည့်၊ လိမ္မာ၍လာသောတပည့်၊ တော်သည့် တပည့်၊ ကောင်းသည့် တပည့်တို့ကို မတိုးတက်အောင် မလိမ္မာအောင် မတော်အောင် မကောင်းအောင် အဖျက်ကို အနက်ဆိုးသော ဆရာဟူ၍ မရှိပါပေ။

တချို့ဆရာများသည် မလိမ္မာသောတပည့်တဦးအတွက် အခြားတပည့် ပတ်ဝန်းကျင် ကိုယ်ကျိုးစီးပွား စိတ်ဆင်းရဲမှုစသည်တို့ကိုအနစ်နာခံကာ ၎င်းမလိမ္မာသောတပည့်ကိုသာ အသက်နှင့်ရင်း၍ ချီးမြှင့် စောင့်ရှောက်ခဲ့ကြသည်မှာသည်း မနည်းတော့ပါပေ။

ဤမျှလောက်ဆိုလျှင် ဆရာသမား၏အတိုင်းအတာသည် ပေါ်လွင်လောက်ပေပြီ။ သို့ဆိုလျှင် ဆရာကို လေးစားရိုသေခြင်း၊ တုပ်ဝပ်ခြင်း ဟူသည် ဘာကြောင့်ဆိုသည်မှာလည်း ပေါ်လွင်လောက်ပေပြီ။

**ယနေ့တပည့်လုပ်သူတို့၏အနေအထား**

သို့သော် ယနေ့ ရဟန်းသာမဏေ၊ လူပုဂ္ဂိုလ်အနေအားဖြင့် တပည့်ဖြစ်လာကြသူတို့သည်ဆရာ၊ ဆရာမလုပ်သူများအပေါ်၌ ကလန်ကဆန်ပြုလုပ်ချင်မှုများ၊ အရွဲ့တိုက်ချင်မှုများ၊ ပြောင်လှောင်သရော်ချင်မှုများ၊ ရန်ရှာလိုမှုများ၊ ပြောဆိုဆုံးမသောအခါ၌ မနာလိုသည်း မခံသည့် ဒုဗ္ဗစအပြုအမူများကို အထောက်များများသော သူတို့၏သန္တာန်၌ ထင်ထင်ရှားရှား တွေ့မြင်လာရသည်။

ထို့ကြောင့်လည်း တချို့တပည့်ဖြစ်သူတို့သည် အကျိုးအကြောင်းပြောပြသည့်အခါ အလေးမပြုသည့်အပြင် ရယ်ရွှင်ဘွယ်အပြုအမူလောက်သဘောထားခြင်း၊ ဘေးကဆိုးသွမ်းသူများကို မြှောက်ထိုး ပင့်ကော်လုပ်ကာ ရန်တို့မူလာကြခြင်း၊ မိဖသြဇာ အရှိန်အဝါကို နောက်ခံပြုကာ ကျောင်းဆရာကို မရိုမသေဆက်ဆံခြင်း၊ မကြာခင်ကပင် ကျောင်းအုပ်ဆရာမကြီးတဦးကို ဓားနှင့်ထိုးခြင်းစသည့် ရိုင်းစိုင်းသော အပြုအမူများသည် ယနေ့လူငယ်လူရွယ်တို့၏ စိတ်နေ စိတ်ထားတို့ကို သရုပ်ဖေါ်နေခြင်း ဖြစ်သည် မဟုတ်လော။

**ဆရာနှင့် ကင်းကွာမနေသင့်**

တချို့တပည့်ဖြစ်သူတို့သည် ဆရာကိုအလေးမပြုပဲ ငါတို့ဖါသာ နေမယ်ဆိုတဲ့ သဘောနှင့် ထင်ရာစိုင်းသည့် အပြုအမူများကို ပြုတတ်ပေရာ ဤ၌အတုယူဘွယ်သာဓကတရပ်ကို ထုတ်၍ပြပါအံ့-

တနေ့သောအခါ မြတ်စွာဘုရားသခင်သည် ကောသီအမည်ရှိသော မြင်းဆရာကြီးနှင့် တွေ့ဆုံရာတွင် ဤသို့ မိန့်တော်မူ၏။

(မြတ်) ကေသီ သင်ဟာ မြင်းတွေကို ဘယ်လိုဆုံးမသလဲ

(ကေသီ) အရှင်ဘုရား၊ တပည့်တော်သည် နူးညံ့သိမ်မွေ့သော ဆုံးမသင်ကြား၍ ရသောမြင်းများကို နူးညံ့စွာဆုံးမပါသည်။ ကြမ်းကြမ်းဆုံးမမှရသောမြင်းများကို ကြမ်းကြမ်း ဆုံးမပါသည်။

(မြတ်) ဆုံးမ၍မရသောမြင်းတွေကို ဘယ်လိုလုပ်သလဲ

(ကေသီ) အနူးအကြမ်း နှစ်နည်းနှင့်မှ ဆုံးမ၍ မရသောမြင်းဆိုး တွေကို တပည့်တော်သတ်ပစ်လိုက်ပါတယ်ဘုရား။

(မြတ်) ကေသီ၊ ငါဘုရားလည်း နူးနူးနှင့် ဆုံးမ၍ရမည့် ရဟန်း များကို နူးနူးပဲဆုံးမရတယ်၊ ကြမ်းကြမ်းနှင့် ဆုံးမမှရ သောရဟန်းများကို ကြမ်းကြမ်းပဲဆုံးမရတယ်။

(ကေသီ) အရှင်ဘုရား- ဆုံးမ၍မရသော တပည့်သားများကို ဘယ်လိုလုပ်ပါသလဲ။

(မြတ်) ကေသီ၊ ဆုံးမ၍မရလျှင် သတ်ပစ်လိုက်ရတာပေါ့။

(ကေသီ) အရှင်ဘုရား-၊ အရှင်ဘုရားတို့ဟာ သူတပါး အသက် သတ်ခြင်းမှ ရှောင်ကြဉ်ကြသည်မဟုတ်ပါလား၊ အဘယ် ကြောင့် သတ်ပစ်ရပါသလဲ။

(မြတ်) ကေသီ၊ ငါသတ်တာက အသက်သေအောင် သတ်တာ မဟုတ်ဘူး၊ မဆုံးမပဲ လစ်လျူ ရှုထားလိုက်ခြင်းကိုပင် သတ်ပစ်သည်ဟု ငါဆိုလိုသည်။

ငါဘုရား၏ အဆုံးအမ အပြုအပြင် အသင် အပြကို မခံယူသော တပည့်သားတို့သည် တိုးတက်ကြီးပွားရေး လမ်းစများဆုံးရှုံးပျက်စီးကာ ဘဝသေသည်နှင့် တူသော ကြောင့် အဆုံးအမဩဝါဒမပေးခြင်းကိုသတ်ပစ်သည်ဟု ငါဆိုသည်။

ဤသာဓကကိုကြည့်လျှင် ဆရာသမားအကျိုးစီးပွားညွှန်ပြသော သူများနှင့် ကွေကွင်းကာနေလာကြလျှင် ဘဝနလံအမှန်မထူသူမို့ ဆရာ

သမားကောင်းများနှင့် အမြဲပင် အကျွမ်းတဝင် ပေါင်းစပ်ကာ နေထိုင်တတ်ကြပါကုန်။

## ဆရာကို မတော်လှန်နှင့်

ဆရာတို့မည်သည် မီးတမျိုးပင် ဖြစ်၏၊ မီးသည် သေးငယ်လျှင် သေးငယ်သလောက် ကြီးလျှင်ကြီးသလောက်ပူနိုင်၏။

ထို့အတူ ဆရာတို့သည်လည်း သူတို့သန္တာန်၌ အကျင့် သီလ အသိပညာ၊ အံရှိန်အဝါ ဩဇာများ သေးငယ်လျှင် သေးငယ်သလောက် ကြီးလျှင် ကြီးသည့်အလျောက် တော်လှန်ပုန်ကန်ကြသည့် တပည့်ဖြစ်သူတို့သည် စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း စသော ပူလောင် ပြင်းပြမှုများကို ခံစားရပေလိမ့်မည်။

မိမိ၏သာဓကတခုပြပါအံ့-

ကျောင်း၌ သံဃကိစ္စတခုရှိ၍ အငြင်းပွားဘွယ်တရပ် ဖြစ်လာ၏၊ ထိုတွင် မိမိတို့သီတင်းသုံးဘော်ချင်းသာမက ဆရာလုပ်သူကလည်း(စာချဆရာ)ပါဝင်ရလေသည်။

တိုတိုရေးရလျှင် ထိုကိစ္စကို ဖြေရှင်းရာတွင် ဆရာလုပ်သူမှာ တဖက်ကလုပ်ငန်းများကို မသိသောကြောင့် ဘာမျှမပြော၊ သို့ဖြင့် မိမိက ဤသို့ပြောမိ၏။

(ဆရာ- ဘုန်းကြီးဟုခေါ်သည်၊) တပည့်လုပ်တာသာပြောတယ်၊ ဟိုဘက်ကလျှောက်လုပ်နေတာတော့မပြောဘူးလား၊ ဤစကားကို ပြောဆိုရာ၌လည်း မိမိသည် ဆရာလုပ်သူကို စေတနာအရင်းခံပါ၍ ပြောခြင်းလည်းမဟုတ်၊ တဖက်ကိုသာလျှင် တိုက်ရိုက်မပြောလို၍ သွယ်ဝိုက်ကာ ဆရာအားပြောခြင်းဖြစ်၏။ ၎င်းကိစ္စကို ပြောဆိုရာတွင်လည်းအမှန်ကိုသာ ပြောဆိုခြင်းဖြစ်၏။ ပြောသည့်အခါ၌ကား အနည်းငယ် ထန်ပြင်းသည့် အသံဖြင့်ပြောမိ၏။

သို့သော် အစည်းအဝေးပြီးသည်နှင့် မိမိသည် စေတနာလည်းမပါ၊ တိုက်ရိုက်ပြောကြားခြင်းလည်း မဟုတ်ကြောင်းကို ဆရာထံခွင့်ပြု ဘို့လျှောက်သေး၏။

ဆရာကလည်း ဘယ်လိုမှ မိမိက စေတနာမပါ၍ ခွင့်တောင်းစရာ တောင် မလိုကြောင်းပြောပြ၏။ သို့သော် မိမိသည် တခါတရံ တွေးမိ တိုင်း စိတ်တွင်း၌ အနည်းငယ် ပူလောင်သောခံစားရမှုကို ခံစားနေရ ပါသည်။

သို့ဆိုလျှင် ဆရာလုပ်သူကို ပြစ်တင်ဝေဘန် တော်လှန်ရန်ရှာနေ သော တပည့်ဆိုး တပည့်မိုက်များသည် မိမိတို့အတိုင်းအတာ ပမာဏ အလိုက် မည်သို့သော ဆိုးကျိုးများဖြစ်ပွားနိုင်သည်ကို သတိပြုကြပါ။

ငါးကောက်သောဗျိုင်းထံမှ အမြင်ပညာ ရခဲ့သော်လည်း နန်း အလယ်၌ ဆရာမဇဖါသော လုလင်ငယ်သည် "ဆရာအာခံ-လုံပြန် လျှာစူး"ဘဝသို့ရောက်ခဲ့ရသည့် သာဓကများကို ထောက်ချင့်ကာ ထိန်း သိမ်းကာမသွေ စောင့်ရှောက်ကြပါလေ။

**ဆရာပေါင်း မမှားပါနှင့်**

ဒေဝဒတ်ဆရာမိုက်နှင့် အပေါင်းမှားသောကြောင့် အဇာတသတ် မင်းသားသည် အဖေ ဗိမ္ဗိသာရကို သတ်မိသည်အထိ အကျိုးစီးပွား ဆုတ်ယုတ်ခဲ့ရရ၏။

ထို့ကြောင့် ဆရာဖြစ်သူတို့သည်လည်း မိမိတို့၏ တပည့်များကို အကျိုးစီးပွား အသိဉာဏ်ပညာတရားများ ဖြစ်ထွန်းရန်အတွက် မိမိတို့၌ တာဝန်မည်မျှရှိသည် တို့ကို ချင့်ချိန်၍ မိမိတို့နှင့် တပည့်များ လုံးလား ထွေးလား မနေခြင်း၊ မျက်နှာမလိုက်ခြင်း၊ တော်လျှင် တော်သလို ချီးမြှောက်ခြင်း၊ မေတ္တာနှင့် အကြင်နာတရားများထားခြင်း၊ အကျိုး စီးပွား ရှေ့ရှုလိုလားခြင်း စသောကောင်းမြတ်သော စိတ်နှလုံးကောင်း များ ထားမှသာလျှင် ဆရာမှန်ဆရာမြတ်တို့ဖြစ်နိုင်ပေမည်။ ထိုသို့မဟုတ်ပဲ တပည့်များကိုအလိုလိုက်သောကြောင့် တပည့်ဖြစ်သူတို့မှာ မပျက်စီးသင့်ပဲ ပျက်စီးရခြင်း၊ ပညာမဲ့မဖြစ်သင့်ပဲ ဖြစ်ရခြင်း၊ အလုပ် လုပ်ကိုင်ရာ၌ ကျွမ်းကျင် လိမ္မာမှု မရှိခြင်းတို့ဖြစ်ရသည်ကို သတိပြုသင့်ကြသည်။

**ရဟန်းသာမဏေတို့၌ ရိုသေမှုမပြုကြခြင်း**

အနှစ်နှစ်ရာ သက်တမ်းပမာဏဖြင့် နေလာကြသော လူသားတို့ လက်ထက်တွင် သမဏ ဗြာဟ္မဏဟူသော မကောင်းမှုကို တစိုးတစိမျှ ပြုရိုးထုံးစံမရှိသော ရဟန္တာသူတော်မြတ်၊ နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော

သိက္ခာပုဒ်တို့ကို စောင့်ထိန်းသော ရဟန်းတော် အရှင်မြတ်တို့အပေါ်၌ ကောင်းစွာပြုကျင့်သော ရိုသေမှု၊ ဆည်းကပ်မှု၊ စွန့်ကြဲမှုတည်း ဟူသော ဝတ္တရားများ ချွတ်ယွင်း၍လာကြသည်ဆို၏။

ထိုအချိန်ကာလ၏ အခြေအနေကို ထင်ရှားရန် ယခုကာလအခြေအနေတို့နှင့်ပင် တိုင်းတာ၍ပြရပေမည်။

ယခုကာလနှောင်းပိုင်းတွင် မိဘလုပ်သော ပုဂ္ဂိုလ်တို့သည် မိမိတို့၏ သားသမီးများအား ငယ်ရွယ်စဉ်အချိန်များ၌ လူမှုကျင့်ဝတ် အတုယူဘွယ် နိပါတ်ပုံပြင် ပြောဆိုဆုံးမ သွန်သင်မှုတို့ ကိုငှင်း၊ ရဟန်းသာမဏေများနှင့် ထိတွေ့ဆက်စပ်မှုများကိုငှင်း ပြုလုပ်သည့်မိဘတို့မှာ တရာလျှင် လျှော့လျှော့ပေါ့ပေါ့ပြောရလျှင် ၅၀-လောက်သာရှိလိမ့်မည်ထင်သည်။

သို့ဖြင့် တဆင့်ထက်တဆင့် ဖြစ်ပေါ်တိုးတက်ခြင်းစနစ်အရ ပညာသင်ချိန်ရောက်ပြန်သောအခါ မိမိတို့၏အသက်မွေးဝမ်းကျောင်း အတန်းစာပေတို့ကိုသင်ယူရပြန်၏၊ ထိုအခါကာလများ၌လည်း ရဟန်းသာမဏေများနှင့်ထိတွေ့ဆက်စပ်မှုမှာ ရက် ၃၀-ကာလအတွင်း၌ မိနစ် ၃၀ အချိန်တောင်မရှိပါပေ။

ထိုအခါ ကင်းကွာ၍လာသောသူတို့သည် ''ပုဂ္ဂိုလ်မခင်၍တရားမမင်''ကြတော့သောအခါ မိမိတို့က မည်မျှလောက် အလေးဂရုပြုသင့်ကြသည် ရိုသေသမှုပြုသင့်ကြသည်ကို မဝေခွဲနိုင်ကြတော့ပဲ တခါတရံ ရဟန်းသာမဏေများကို စျေးသည် စျေးဝယ် ဆက်ဆံရေးလောက်သာ သဘောထားလာကြသည်။

**အဘယ်ကြောင့် အရှိအသေပြုသင့်သနည်း**

ဤလောက၌ တရားသည်သာလျှင် အမြတ်ဆုံးဖြစ်၏ဟု ဗုဒ္ဓဘုရားရှင် ခဏ ခဏပင် ဟောတော်မူခဲ့၏၊ မှန်၏။ ကိုးကွယ်ဆည်းကပ်ရိုသေမှုပြုကြရခြင်းမှာလည်း ခန္ဓာကိုယ် အကောင်ကြီးသောသူမှသာ ကိုးကွယ်ရလျှင်လည်းဆင်၊ ဝေလငါးတို့ကို ပူဇော်ကိုးကွယ်ရတော့မည်၊ ရုပ်ချောအသံကောင်း အသားဖြူ စသည်တို့ကို ကိုးကွယ်ရလျှင်လည်း ငှင်းရုပ်ချောအသံကောင်း အသားဖြူဟူသည့် ပမာဏတို့မှာ ဆုံးလိမ့်မည်မဟုတ်၊ ပစ္စည်း

အာဏာရှိသောသူတို့ကို ကိုးကွယ်ရမည်ဆိုလျှင်လည်း အကြွယ်ဝဆုံးသူတို့ကို ရှာ၍ဆုံးတော့မည်မဟုတ်။

သို့ဆိုလျှင် ရုပ်ဝတ္ထုတို့သည် ကိုးကွယ်ဆည်းကပ်မှု စန်စ်များနှင့် မဆိုင်ဟုသည်မှာ ပေါ်လွင်ပြီ၊ အရုပ်ထဲတွင် ကိုယ်ကျင့်တရားပျက်ပြား သူတို့ကိုတွေ့လျှင် ဂရုမပြုကြသကဲ့သို့ ကိုယ်ကျင့်တရား ကောင်းမွန်သော သူများကိုတွေ့လျှင် လေးစားသမှုရှိကြသည်။ ဤကား နာမ်သဘာဝ ဟူသော စိတ်၏ဖြူစင်မြင့်မြတ်မှုကို အလေးပြုခြင်းပင်မဟုတ်ပါလော။

ရဟန်းတော်များကို ကိုးကွယ်ဆည်းကပ်သင့်သည်မှာလည်း ၎င်း ရဟန်းတော်တို့သည် သာမန်လူသားဖြစ်သူတို့ထက် စိတ်ထား ဖြူစင်ကြ သောကြောင့် ကိုးကွယ်ဆည်းကပ်သင့်သည်ဟုသဘောပေါက်ကြပါလေ။

ရဟန်းတော်များစောင့်စည်းရသည့် နှစ်ရာ့နှစ်ဆယ် ခုနှစ်ချက်ဘွင် အိမ်ထောင်မှုမှ ရှောင်ကြဉ်သည့်အချက်ကို ရှင်းပြဦးအံ့–

လူသားတို့ အိမ်ထောင်ပြုသည်နှင့်တပြိုင်နက် လောကသဘာဝ အားလျော်စွာ သံဝါသအမှုကိုပြုကြရပေမည်။ ထိုသံဝါသမှုကိုပြုကြရာ၌ မှောင်မိုက်ဖုံးကွယ်သောနေရာဌာနကို ရွေးချယ်စီမံထားခြင်းကပင် လူအချင်းချင်းပင် မြင်လျှင် မတင့်တယ်ကြောင်း ထင်ရှားပြီ။

ထိုကြောင့် မတင့်တယ်သော အမှုအကျင့် သဘော တို့သည် ၎င်းရဟန်းတို့ သန္တာန်၌မရှိ၊ ပြုဘွယ်ကိစ္စလည်းမလို၊ ထိုကြောင့် သူတို့၏ စိတ်ထားများသည် ဖြူစင်မြင့်မြတ်ကြခြင်းဖြစ်ပါကလားဟူ၍ ယုံကြည်ကြရ ကိုးကွယ်ဆည်းကပ်ကြရခြင်းအမှုကိုပြုသင့်သည်ဟုသူတော်ကောင်းတို့ လက်ခံထားခြင်းဖြစ်ပေသည်။

**ရဟန်းသာမဏေများထံ ကိုးကွယ်မှုကြောင့်တိုးတက်မှုရှိခြင်း**

တချို့က ရဟန်းသာမဏေများကို သူတောင်းစား အမြင် မြင်ကြ၏။

ထိုသို့သော အမြင်ကိုသုံးသပ်ပါဦးအံ့–မိမိတို့လောက၌ တွေ့မြင်ရသောသူတောင်းစားတို့၏ အမူအကျင့်ကို ရှုကြည့်ပါ၊ သူတပါးထံမှ

ပစ္စည်းများကို တောင်းခံယူငင်၍ ကာမသုခ-ကာမဘောဂကို ခံစား၏၊ ထိုသဘာဝသည် ရဟန်းသာမဏေများ၌မရှိ။

ငင်းသူတောင်းစားတို့သည် အားကိုးရာမဲ့ အခြေအနေမဲ့ ခြေလက် အင်္ဂါ ချို့တဲ့သောကြောင့် တောင်းစား၏။ ထိုသဘာဝသည် ရဟန်း သာမဏေများ၌မရှိ။

တောင်းရာ၌ ပေးပါ-ကမ်းပါ-သနားပါဟု အောက်ကျို့သော လေသံ အပြုအမူတို့ကိုသုံး၍ တောင်းမှပေးကြကမ်းကြ၏၊ ရဟန်းသာမ ဏေများ၌ အောက်ကျို့ရသောအမူအကျင့်မရှိ။

သူတောင်းစားတို့သည် တောင်း၍ရသည်ကို စားသောက် သုံး ဆောင်ပြီးလျှင် မိမိတို့အကျိုးစီးပွားကိုသာပြုလုပ်ကြ၏။

ရဟန်းသာမဏေများကား စားသောက် သုံးဆောင်ပြီးသည်နှင့် အတ္တဟိတ ပရဟိတ သာသနာ့ကိစ္စအဝဝကို အားလုံးသော လောက သားတို့အတွက် ဆောင်ရွက်နေကြရ၏။

သူတောင်းစားများထံ၌ဩဝါဒပေးပါဟုတောင်းလျှင် တောင်း နည်း ကျို့နည်းများကိုသာ နာခံကြရလိမ့်မည်။

ရဟန်းသာမဏေများထံ၌ ဩဝါဒပေးပါဟုတောင်းလျှင်ကား- သူမိုက်တို့ကိုမပေါင်းနှင့်၊ လူလိမ္မာတို့ကိုဆည်းကပ်ပါစသော လောကုတ် လောကီ ဤဘဝ နောက်ဘဝများ၌ အကျိုးစီးပွား ဖြစ်ထွန်းသော ညွှန်ပြချက်ဩဝါဒများကိုနာခံရလိမ့်မည်။ သူတောင်းစားသည် ဘုရား ရှိခိုးတရားစာ ဖတ်လိမ့်မည်မဟုတ်၊ ရဟန်းတော်များသည် ရတနာ သုံးပါးဆည်းကပ်ကာ အားလုံးအတွက် စာပေသင် တရားအားထုတ် ကြ၏။ ဤမျှဆိုလျှင် ရဟန်းသာမဏေ အရှင်မြတ်တို့ကိုသူတောင်းစား အသွင်နှင့် နှိုင်းယှဉ်၍ မြင်သောအမြင်များသည် ပျောက်ပျက် လွင့်စင် ကြလိမ့်မည်ဟု ထင်ပါ၏။

ထို့ကြောင့် ရဟန်းတော်များနှင့် ထိတွေ့ ကိုးကွယ်မှု ရှိသော ကြောင့် တိုးတက်မှုရှိ-မရှိကိုသုံးသပ်ဦးအံ့-

ရဟန်းသာမဏေများနှင့် ထိတွေ့ဘိုရာ ကျောင်းသို့ ဝင်သည်နှင့် ဖိနပ်ချွတ်ခြင်းစသော နှိမ့်ချသော စိတ်ထားများကို ကိန်းအောင်းရလိမ့်မည်။

ထိုစိတ်ဓာတ်ကလေးသည်ပင် ပညာမာန ပစ္စည်းမာန ရုပ်ဆင်းမာနစသော စိတ်ဆိုးစိတ်ညစ်များ ကင်းကွာသွားရန်အခြေခံစိတ်ဓာတ်ကလေး ဝင်သွားခြင်းဖြစ်ရာ အကျိုးရှိမရှိစိစစ်ကြပါကုန်။

ကျောင်းသို့ ရောက်၍ ဘုရားရှိခိုး သံဃာ ရှိခိုးပြီးသည်ကအစ အကျိုးရှိသော အကြောင်းကိစ္စတို့ကို ဆွေးနွေး မေးမြန်း၍ လူမှုရေးရာ စာရိတ္တရေးရာ အဖြာဖြာတို့ကို သိရသည်အဆုံး ကောင်းကျိုးများသာ ဖုံးလွှမ်းနေသည်မဟုတ်ပါလော။

လူပေလူတေများနှင့်ပေါင်းလျှင် ၎င်းလူပေလူတေတို့၏ အကျင့်ဖြစ်သော အရက်သောက်ခြင်း၊ ပစ္စည်းခိုးခြင်း၊ ကာမပိုင်လွန်ကျူးမိခြင်းစသော ဒုစရိုက်များကိုပြုကျင့်ရပေလိမ့်မည်။

ရဟန်း သာမဏေများနှင့် ပေါင်းသင်းလျှင်ကား ဤကဲ့သို့ စက်ဆုတ်ဘွယ်သော အပြုအမူတို့ကို ကျင့်ရလိမ့်မည်မဟုတ်ပါပေ။

ဤကား အများနားလည်ရန် အနိမ့်ဆုံး အသုံး အနှုန်းများနှင့် ရှင်းပြနေရခြင်းဖြစ်၏။ ထိုထက် ခက်ခဲ နက်နဲသော သဘောသဘာဝ အကျိုးစီးပွား အဝဝတို့သည် ရဟန်းသာမဏေကောင်းများ၌ ရှိပေရာ ၎င်းရဟန်းသာမဏေများထံဆည်းကပ်ကိုးကွယ်ကာ အကျိုးစီးပွားများကို ယူငင်ကြပါကုန်။

မြတ်စွာဘုရား၏ တရားတော်များသည် လောကရေးရာ၊ လူမှုရေးရာ၊ အဘိဓမ္မာရေးရာ၊ စည်းကမ်းရေးရာ၊ အုပ်ချုပ်ရေးရာ စသည်တို့ကို တန်ဖိုးမြှင့်၍ ပေးသောရတနာများဖြစ်၏။

မြတ်စွာဘုရား၏ တပည့်သား ရဟန်းသာမဏေများသည် ထိုရတနာတို့ကို ထိန်းသိမ်းစောင့်ရှောက်ရသော ရတနာဘဏ္ဍာတိုက်များဖြစ်ရာ ထိုဘဏ္ဍာတိုက်များသို့ဝင်၍အလိုရှိရာရတနာကိုယူငင်သုံးစွဲကြပါ။ ရှေးရှေးက သူတော်ကောင်းများလည်း ရဟန်းသံဃာတော်များနှင့်ပေါင်းသင်းဆက်ဆံကြ၍—

အမှောင်မိုက်အတွင်း၌ မီးရောင်ရရှိသကဲ့သို့ရှင်း လမ်းမှားနေသည်ကို လမ်းမှန်သို့ရောက်အောင် လမ်းပြသကဲ့သို့ရှင်း၊ ချောက်တွင်းကျခါနီးသောသူကို ဆံပင်ဆွဲ၍ကယ်မထားသကဲ့သို့ရှင်း။

မိမိတို့ဘဝတွင် အဖိုးတန်သော အကျိုးအာနိသင်များဖြစ်ပေါ်အောင် ဘုရင်၊ ပုဏ္ဏား၊ စစ်သား၊ ယောကျ်ား၊ မိန်းမ အဝဝတို့ကို ရဟန်း သံဃာတော်များသည် ဘဝရွှေဆောင် မီးရှူးရောင် ပေးခဲ့ကြဘူး၏။

ပါယာသိဘုရင်ခံသည် ကောသလတိုင်း ပါတဗျမြို့ကိုစားရသောဘုရင်ခံဖြစ်၏။ ၎င်းက နောက်ဘဝဆိုတာမရှိ၊ကောင်းတာလုပ်လျှင်၎င်း မကောင်းတာလုပ်လျှင်၎င်း အကျိုးဆက် ခံစားရရိုး ထုံးစံမရှိဟု ယူဆယုံကြည်နေရာ အရှင်ကုမာရကဿပသည် ဖြေရှင်းချက် (၁၄)ရပ်ဖြင့် အမြင်မှန်ရအောင်ပို့ဆောင်ပေးခဲ့၏။

မြတ်စွာဘုရား၏လက်ယာတော်ရံမွသေနာပတိအရှင်သာရိပုတြာ၏ အငယ်ဆုံးညီထွေးဖြစ်သော ရေဝတသတို့သားသည် မနီးမဝေး ရွာတရွာမှ အမျိုးသမီးနှင့် လက်ထပ်ထိမ်းမြားရန် စေ့စပ်ကြောင်းလမ်းပြီးစီးသည့်နောက် သတို့သမီးအိမ်သို့သွား၏။

ထိုအခါ သတို့သမီး၏ ကြီးပွားချမ်းသာမှုကို လိုလားကြသော သတို့သမီး၏ဆွေမျိုးတို့သည်—

(သင့်အဖွားက သိသောတရားကိုသင်လည်းသိပါစေ၊ သင့်အဖွားကဲ့သို့ အသက်ရှည်ပါစေ)ဟု ဆုပေးကြသောအခါ ရေဝတသတို့သားမှာ အဖွားဆိုတာ ဘယ်သူလဲလို့ သိလို၍မေးမြန်းသောအခါ ဆံဖြူသွားကျိုး အသက်တရာ့နှစ်ဆယ်သို့ရောက်နေသော အဖွားကြီးကို ညွှန်ပြကြ၏။

ထိုအခါ ငါ့မိန်းမလည်း ဒီလိုပင် ဖြစ်ရချည်ရှဲဟု ထိတ်လန့်ကာ ထွက်ပြေးလာခဲ့၏။ ကျောင်းသို့ရောက်သောအခါ ရဟန်းတော်များက ဖေးမ စောင့်ရှောက်ပေးမှုဖြင့် နောက်ပိုင်းတွင် ပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သို့ ရောက်သွားခဲ့ရဘူး၏။

အနာထပိဏ်သူဌေးသား ကာလဆိုလျှင် တရားနာယူဘို့ကျောင်းသို့ တခေါက်သွားရန် မုန့်ဖိုးတခါပေးရ၏၊ ထိုမုန့်ဖိုးကိုယူပြီးကျောင်း

သို့ အခေါက်များစွာလာသောအခါ နောက်ပိုင်းတွင် တရားထူးများကို ကြားနာရ၍ သောတာပန်တည်ခဲ့ဘူး၏။

သီရိမဏ္ဍာသောကမင်းကြီးသည် နိဂြောဓသာမဏေထံမှ (မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်း၊ မမေ့မလျော့ခြင်းသည် အေးငြိမ်းခြင်း၏အကြောင်း)ဟူသော တရားကိုနာရ၍ ဗုဒ္ဓဘာသာစစ်စစ် အဖြစ်ကြီးဖြစ်ခဲ့၏။

အနော်ရထာမင်းသည် ရှင်အရဟံထံမှ (အကျိုးဆက်တို့သည်-အကြောင်းတရားများကို အရင်းခံ၍ ဖြစ်လာရသည်)ဟု နာကြားရ၍ သမ္မာဒိဋ္ဌိစစ်စစ်သို့ ရောက်ခဲ့ရ၏။

တခါက ဆရာဝန်တဦးနှင့် ရဟန်းတော်တပါးတို့တွေ့သောအခါ သေခါနီး ရောဂါခံစားနေရသူကို သနားလို့ မြန်မြန်သေဆေးထိုးပေးတာ အပြစ်ရှိမရှိ လျှောက်ထားသောကြောင့် ၎င်းရဟန်းတော်က ပါဏာတိပါတကံထိုက်ကြောင်းရှင်းပြ၍ အသိဉာဏ်လင်းခဲ့ဘူး၏။

တချို့သောလူပုဂ္ဂိုလ်များသည် ရဟန်းတော်များထံချဉ်းကပ်၍ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ဆိုင်ရာ ပြဿနာများ၊ ဆဋ္ဌမအာရုံကဲ့သို့သော ခံစားမှုနှင့်ဆိုင်ရာ နက်နဲသော ပြဿနာများ၊ စာပေးစာယူတက္ကသိုလ်ကျောင်း အသီးသီးတို့၌ တက်ရောက် သင်ကြားနေရသောအခါ မသိနားမလည်၍ ရဟန်းတော်များထံ ချဉ်းကပ် မေးမြန်းကြ၍ အဖြေမှန် အမြင်မှန်ရခဲ့ကြသည့် အခါကာများလည်း မနည်းတော့ပေ။ ထို့ကြောင့်ရဟန်းသံဃာတော်များသို့ချဉ်းကပ်ရကျိုးသည်မည်မျှအကျိုးကျေးဇူး ဖြစ်ထွန်းနိုင်ကြသည်ကိုသိကြ၍ ရှိသေတုပ်ဝပ် ဆည်းကပ်ကြကာ လူလိမ္မာ လူယဉ်ကျေးများဖြစ်အောင် ကြိုးစားကြပါကုန်။

**ရဟန်းတော်တို့အပြစ်များ**

အရာရာတွင် လူပုဂ္ဂိုလ်များကိုချည်း အပြစ်ဖို့၍မရ၊ လူဟူသည်မှာ လူကိစ္စ လူလမ်းကိုလှမ်းကြရမည်မှာ ဓမ္မတာပင်၊ ထိုလူ့လမ်းကိုလှမ်းကြရာတွင်ခရီးတွင်ရန် လမ်းမှန်ရန် ဖေးမကူညီရမည်မှာ ရဟန်းသံဃာတော်များ၏တာဝန်ဖြစ်၏။

မယဉ်ကျေးသည်ကို ယဉ်ကျေးအောင်၊ မတတ်သည်ကို တတ်သိလိမ္မာအောင်၊ မသိသေးသည်ကိုသိအောင် လမ်းပြဆောင်ရန် မိမိတို့ရဟန်းသံဃာတော်များ၌ အခွင့်များစွာ တခြားအယူဝါဒတို့ထက်သာလျက်ရှိ၏။ သို့ပါလျက်(ယခုခေတ်ကလေးတွေက အလကားလူရိုင်းကလေးတွေပါ)ဟု ငြီးတွားနေရုံနှင့် ၎င်းလူငယ်များသည် ရဟန်းတော်များနှင့် ထိတွေ့ရန်အနေသာ ကျောင်းသို့ပင် လာရောက်ကြမည်မဟုတ်ပဲ ရပ်စရိုက်ရပ်ဓလေ့များ၌ပျော်မွေ့ပြီး အသက် ၉၀-ခရီးနှင်ကြပေလိမ့်မည်။

ထိုလူငယ်၊ လူကြီးသည်တို့နှင့် ထိတွေ့ရန်မိမိတို့ ရဟန်းသံဃာတော်များသည် ဗဟုသုတလည်းပြည့်စုံမှု၊ ကိုယ်ကျင့်သည်လည်း လုံခြုံမှု၊ လောကအမြင်လည်းမှန်ကန်မှု၊ ခေတ်အမြင်ခေတ်အတွေး၊ ခေတ်ဉာဏ်လည်းပြေးမှ ဘာသာရေး အနှစ်သာရများကို သိမ်းသွင်းရန် အခွင့်အလမ်းတပန်းသာပေသည်။

ထိုသို့မဟုတ်ပဲ ငါ့ကျောင်းငါထိုင်ဘယ်သူဆိုင်သလဲ ဆိုသည့်တာဝန်မဲ့စိတ်ဓာတ်များဖြင့်နေလာကြပါလျှင် ကြာလျှင် မိမိတို့သာသနာကြီးသာ ဘက်ပေါင်းစုံထောက်ကန့်မှုမရှိသော အိမ်အိုကြီးကဲ့သို့ ပြိုလဲကာသွားလိမ့်မည်ဖြစ်ကြောင်းကို သတိပြုကြရမည် ဖြစ်ပါသည်။

**အမျိုးကိုမချီးမြှောက်၍ ဆုတ်ယုတ်ခြင်း**

လူ့လောကသို့ရောက်လာကြသူတိုင်းသည် ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် စနစ်ဖြင့်စည်းလုံးစွာ ပေါင်းစပ်ထားသည့်က များ၏။ ထိုကြောင့် ငယ်ရွယ်သောသူတို့သည် မိမိတို့၏ ကာယ၊ဉာဏ၊စာရိတ္တအင်အားတို့ဖြင့် ရရှိထားသော ဓနဥစ္စာများဖြင့်မထောက်ပံ့မပေးကမ်းနိုင်သော်မှ အရေးကြုံလာလျှင် မိမိတို့က ဆွေရေးမျိုးရေး ကူညီ အားပေးမှုသာ ဆွေမျိုးဝတ္တရားတော့ ကျေပွန်ကြမည်ဖြစ်၏။

အနှစ်နှစ်ရာသက်တမ်းအခါက လူသားတို့သည် ထိုကဲ့သို့ဆွေစုမျိုးစုထဲက အသက်သိက္ခာ ဂုဏ်ဝါကြီးမားလေးစားထိုက်သော သူတို့ကိုလစ်လျူရှုပေက္ခာပြုမှုများ ပွားများလာသည်ဆို၏။

ဆွေမျိုးစုတို့မှ အသက်သိက္ခာ၊ ဂုဏ်ဝါကြီးသူတို့သည် ဘဝအနှစ်သာရ၊ ဘဝတန်ဘိုးတို့သာမက ပစ္စည်းမနပါ ပြည့်စုံတတ်သည့် သူများ

ဖြစ်၏။ သို့သော်ခေတ်နှောင်းလူငယ်တို့သည် ဂုဏ်ပါဝါ ပစ္စည်းဓနများ တိုးတက်မလာလိုက်နှင့်၊ တိုးတက်လာလျှင် ဘကြီး၊ ဘထွေး၊ မိကြီး၊ မိထွေး၊ ဦးလေး၊ ဒေါ်လေးတို့မှာဘယ်မှာနေမှန်းပင်မသိအောင် နေကြ၊ ထိုင်ကြ မော်ကြ၊ မောက်ကြ၏။

တချိန်သောအခါတွင် မိမိတို့မှာအကြောင်းဆုံလာ၍ သိက္ခာ ဂုဏ် ဝါ ပစ္စည်းမနများ ဆုတ်ယုတ်လာသည်ဆိုလျှင် ဟို ဦးကြီးထံ ပြေးကပ်၍ မရလျှင် ဒီဒေါ်လေးထံပြေး၍ အောက်ကျို့ ရတော့၏။ ကိုယ့်ထမင်း ကိုယ်စားကာ ဘယ်ဆွေမျိုးမှ ဂရုစိုက်စရာမလိုဟူသော မာနသည် ဘယ် ကျသွားသည်မသိရတော့။

ယခုကာလတွင် ဆွေမျိုးစုတို့၏ စကားကို နားမထောင်ကြသော ကြောင့် ဆွေမျိုးစုအလယ်သာမက လောကအလယ်၌ပါ မျက်နှာငယ်နေ ရသောဖြစ်ရပ်တို့သည်၎င်း၊ ဝိုင်းပယ်ခံထားကြရသော ဖြစ်ရပ်တို့သည် ၎င်း များပြားစွာရှိနေသည်ကို အားလုံးအသိပင်။

တရုတ် ကုလား လူမျိုးခြားတို့သည် မိမိတို့လူမျိုးများ အောက်မကျ အောင် အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက် ပေးကမ်းချီးမြှောက်ကြ ၏။ မြန်မာလူမျိုးများကား ကိုယ့်တိုင်းရင်းသားတွေက များ၍လား မသိ၊ ဆွေမျိုးအချင်းချင်းပင် အမေ့ဘက်ဆွေမျိုး၊ အဖေ့ဘက်ဆွေ မျိုး ဟူ၍ ခွဲချင် ကွဲချင်ကြ၏။

လူတို့သည် ကံတရားအမျိုးမျိုးနှင့် ဖြစ်လာရခြင်းဖြစ်ပေရာ နန်း ညွန့်နန်းလျာ နန်းစဉ်ဆက်ဆွေမျိုးစုများတွင်သော်မှ တခါတရံ ခြေယက် အင်္ဂါ ရုပ်ရည်ရူပကာယ မတင့်မတယ်သော သူများကို မွေးဖွားလာရ ပေရာ–

ဆွေစုမျိုးစုအသိုင်းအဝိုင်းတွင်လည်း ကံအကြောင်းအား လျော် စွာ ရုပ်ရည်ရူပကာယမလှမပခြင်း၊ ပစ္စည်းဓနမကြွယ်ဝခြင်း အကြောင်း များဖြစ်ရသည့် ပုဂ္ဂိုလ်များလည်း အနည်းနှင့်အများ ရှိလာကြပေမည်။ ထိုသို့သောသူများကို ဘေးကပြည့်စုံကုံလုံကြွယ်ဝသောလူများက လိုရင် လိုသလိုကိုယ်အား၊ ဉာဏ်အားပစ္စည်းအားတို့ကို ပေးကမ်းချီးမြှောက်စွမ်း နိုင်သလောက် ထောက်ပံ့မှသာ ဉာတကာနုဂ္ဂ သင်္ဂဟ-ဟူသော မင်္ဂလာ တရားကြီးသည် အစိုင်အခဲကြီးမား၍ လာပေမည်။

ထိုသို့မဟုတ်မူပဲ မိမိတို့ကယူစရာရှိလျှင် နာစရာရှိလျှင် ဦးကြီး ဦးလေး၊ ဒေါ်ကြီး ဒေါ်လေးတို့ကို သတိရ၍ မိမိတို့က ပေးစရာသာရှိလျှင်ကား ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး ဒေါ်လေးတို့မှာ ဘယ်ချောင် ညှပ်ထားမှန်းမသိလောက်အောင် လောကကျင့်ဝတ် ချွတ်ယွင်းလာလျှင် ရင်းပုဂ္ဂိုလ်တို့သည် နောက်ပိုင်းတွင် အထီးကျန်လူကပ်ပါးများသာ ဖြစ်လာကြပေမည်။

ထိုသို့သော အကြောင်းများကြောင့်လည်း ဆွေမျိုးထဲ၌ ကြီးမြတ်သောသူတို့ကိုရိုသေမှု၊ တုပ်ဝပ်မှုများမပြုခြင်းဟူသော အကြောင်းတရားသည် သက်တမ်းဆုတ်ယုတ်ရခြင်း၏ အကြောင်းရင်းများ ဖြစ်လာဟန်ရှိပေသည်။

ဆက်ဦးအံ့-ထိုသို့ မိဘကျင့်ဝတ်ရဟန်းပြာဟ္မဏကျင့်ဝတ်၊ ဂုဏဝုစ္စိ၊ ဝယဝုစ္စိကျင့်ဝတ်များချွတ်ယွင်း၍လာသောအခါ အနှစ်နှစ်ရာ့ငါးဆယ်၊ အနှစ်နှစ်ရာ သက်တမ်းနေလာကြသော လူတို့၏ သားသမီးများသည် အသက်တရာ ထက်အောက်ဝန်းကျင်သာ အသက်ရှင်ကြတော့သည်ဟု ဆို၏။

## နာမ်ခေတ်လှိုင်း စွမ်းအင်ကြီးမားမှု

ထိုသို့ အနှစ်ရှစ်သောင်းတမ်းပမာဏကစ၍ အသက်တမ်းများသည် ဒုစရိုက်တရားများလွှမ်းမိုး၍လာသောအခါ ခေါက်ချိုးပမာဏဖြင့်ကြာမြင့်စွာတည်လိုက်၊ ကြာမြင့်စွာကျလိုက်ဖြင့် ဆုတ်ယုတ်၍ လာခဲ့သည်မှာ ယခုဆိုလျှင် ပျမ်းမျှ ၇၅-နှစ် သက်တမ်းသာ ရှိတော့သည်။ မြတ်စွာဘုရားသည် အနှစ်တရာတမ်းကာလက ပွင့်တော်မူရာ ထိုအနှစ် ၁၀၀-ကာလ၌ပင် မည်သည့်ဒုစရိုက်မှ မကျူးလွန်သည့် ဒုစရိုက်မရှိတော့ပေ။ အနှစ်ရှစ်သောင်းတမ်းကာလက အဒိန္နာဒါန-သူများပစ္စည်းခိုးသည့် ဒုစရိုက်ကိုသာ တွေ့ရပေမည်။ ကျန်သော ဒုစရိုက်များကို တွေ့ရလိမ့်မည် မဟုတ်ပေ။

အနှစ်တရာတမ်း၌ကား ဒုစရိုက်အမှုဟူသမျှသည် ဘက်စုံ၍ဖြစ်ပေါ်လာပေရာ တဦးတယောက်တွင် ဒုစရိုက်တခုကျူးလွန်လျှင် ကျန်သောသူက ဒုစရိုက်တခုကို ကျူးလွန်ပေလိမ့်မည်၊ တခါတရံ တဦးတည်းက ဒုစရိုက်လေးငါးမှုကို ကျူးလွန်ပေလိမ့်မည်။

ထိုသို့ ဒုစရိုက်များထူပြောသောအခါ၌ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူခြင်းမှာ သဘာဝအင်အားကို သတ္တဝါတို့၏ကံများဖြင့် ထွန်းညှိပေးရန်လောဟူ၍ပင် ထင်မှတ်မိပေသည်။

ထိုဘုရားရှင်သည်လည်း ရှေးရှေးက ဘုရားရှင်ကိုယ်တော်မြတ်တို့ကဲ့သို့ပင် သတ္တဝါလောကသားတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူကာ ပရိနိဗ္ဗာန်စံတော်မူခဲ့လေပြီ။ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်မှာ နှစ်ပေါင်း ၂၅၀၀-ကျော်သာကြာသေးသည့် ယခုကာလ၌ကား ပျမ်းမျှ ခုနစ်ဆဲ့ငါးနှစ် သက်တမ်းလောက်သာ နေနိုင်ကြတော့သည်။

ထို့ကြောင့် နာမ်ဓာတ်လှိုင်းများ၏ သဘာဝစွမ်းအင်ကို ဖေါ်ထုတ်၍ ကြည့်ဦးအံ့-ဝဝဖြိုးဖြိုးလူတဦးတယောက်သည် စိတ်မချမ်းမြေ့စရာ၊ နှလုံးမသာယာစရာ တွေ့ကြုံရလျှင် ၎င်းပုဂ္ဂိုလ်၏ ဝနေသော အသားများမှာ ကြုံလှီ၍သွားသည်ကို ယူပစ်လိုက်သလားဟု ထင်ရလောက်အောင် တွေ့ကြုံဘူးကြအံ့-

ထိုသူ၏နှလုံးမသာယာမှုကို တရားကိုယ်ကောက်သော် ဒေါမနဿဝေဒနာ ပြဋ္ဌာန်းသော အကုသိုလ်စိတ်ကိုသာ ရပေ၏။ ထိုဒေါမနဿဝေဒနာဟူသော အကုသိုလ်စိတ်ကြောင့်ပင် ၎င်းပုဂ္ဂိုလ်သည် ခန္ဓာကိုယ်ကြုံလှီသည်သာမကသေး၊ အကယ်၍ ပြင်းပြင်းထန်ထန် ခံစားရပါကအသက်ပင် ဆုံးပါးသွားနိုင်သေးသည်မဟုတ်လော။

ထိုသို့ လူတဦးတယောက်၏ပမာဏသည်ပင် ထိုမျှလောက် ဖေါက်ပြန်ဆုတ်ယုတ်နေလျှင် ဒုစရိုက် အကုသိုလ်မှု အပြုများသောလူများစွာရှိသော လောကကြီးသည် နာမ်ဓာတ်လှိုင်း စွမ်းအင်များရိုက်ခတ်မှုဒဏ်ကို မည်မျှ ပြင်းပြစွာ ခံစားနေရမည်ကို သိလောက်ပေလိမ့်မည်။

ထိုကြောင့်လည်း-

စိတ္တေန နီယတေ လောကော။

နာမ်ဓာတ်အင်အားကြီးသည် ဤကမ္ဘာရှိ သက်ရှိသက်မဲ့ အရာဝတ္ထုများကိုဆွဲဆောင်နေသည်ဟူ၍ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သည်မဟုတ်ပါလော။

**တတိယပိုင်းနိဂုံးသုံးသပ်ချက်**

စာရှုသူ သူတော်ကောင်းတို့ ယခုဖတ်ရှုခဲ့ပြီးသော အကြောင်းအရာများသည် လူတို့၏ အပြုအမူကြောင့် လူတို့ခံစားရခြင်းဖြစ်သည်ကို တွေ့ရမည်။ ထိုသို့ သက်တမ်း ဆုတ်ယုတ်လာခဲ့သည့် ကာလသည်လည်း အချိန်မည်မျှရှိသည်ဟုပြောပြရန် ခဲယဉ်းလှပေသည်။

ထို့ကြောင့် ဆုတ်ကပ် ဟူသော သဘာဝနိယာမ အားလျော်စွာ ဖြစ်လာခြင်းဟူ၍ပင်စွဲမှတ်ပါ။ သို့ရာတွင် ပစ္စည်းခိုးသည့် ဒုစရိုက်ကအစ ဆွေမျိုးကျင့်ဝတ် ယွင်းချွတ်သည့်ကိစ္စအဆုံးကို ယခုကာလ အခြေအနေများနှင့်ယှဉ်ပြမှသာ ကွက်ကွက်ကွင်းကွင်း မြင်လာမည်မို့ ထိုသို့နှိုင်းယှဉ်၍ပြရခြင်းဖြစ်၏။

သို့သော် ယခုကာလများထက် စာလျှင် ရှေးရှေးက ဒုစရိုက်ကျူးလွန်သည့်စရိုက်များသည် အင်မတန်သိမ်မွေ့နည်းပါးသည် ဆိုသည်ကား အထင်းသားပေါ်လွင်လျက်ရှိပေသည်။

သို့ဆိုလျှင် ယခုကာလ၌ကော ထိုဒုစရိုက်များကို ရှောင်ကြဉ်ကြသည့်သူများ မရှိဘူးလားမေးအံ့- ရှိသည်မှ အများကြီးရှိသေးသည်ဟု ဖြေပါမည်။

သို့သော် အကောင်းမြင်ဝါဒသည် အဆိုးဘက်သို့ဦးတည်နိုင်သကဲ့သို့ အဆိုးမြင်ဝါဒသည်လည်း အကောင်းဘက်သို့ ဦးတည်နိုင်ပေသည်။ ထို့ကြောင့် လိုကွက်ကိုဖြည့်ရန် ထောက်ပြခြင်းသာဟူ၍ မြင်ကြစေလိုပါသည်။

တခါက ပန်းချီပြပွဲတခုတွင် မည်သည့်ပုံမှ ရေးဆွဲ၍မထားသော ပိတ်ဖြူကား တချပ်ကို ထောင်ထား၏။ ထိုအခါ လာကြည့်သူများက (ဘာပုံလဲ)ဟူ၍မေးရာ (အင်္ဂုလိမာလ သူ့အမေကိုလိုက်ခန်း)ဟု ပြန်၍ဖြေ၏။ (အင်္ဂုလိမာလအမေ ဘယ်မှာလဲ)ဟူ၍ မေးရာ ပိတ်ကားထဲက လွန်သွားပြီဟုဖြေ၏။

(အင်္ဂုလိမာလကော)ဟူ၍ မေးမြန်းရာ–

(ပိတ်ကားထဲကိုမရောက်သေးဘူး)ဟူ၍ ပြန်ဖြေသည်ဆို၏။

ထိုပန်းချီကားကို ကြည့်သူများသည်အရသာပေါ့ပျက်ပျက်ခံစား ရသကဲ့သို့-

ယခုကာလတွင်လည်း ကောင်းကောင်း မွန်မွန် နေထိုင်သောသူ များက နေထိုင်ကြသလောက် ဆိုးသွမ်းသည့်လူများကလည်း ကမ်းကုန် အောင် ဆိုးသွမ်း၍နေပေရာ ကောင်းကောင်းမွန်မွန် နေထိုင်သောသူများ သည် ဤလောကပိတ်ကားတွင်းမှ လွန်သွားသည့် သဘောမှာ ဖြေသာ သော်လဲ ဆိုးသွမ်း ကောက်ကျစ်နေသော သူများကား ဤလောက ပန်းချီကားကြီးကို အနှစ်သာရရှိရှိ တန်ဆာဆင်နိုင်ရန် မြင့်မြတ် ဖြူစင် သော စိတ်ထားများဖြင့် ပြုပြုပြင်ပြင် ဝင်ရောက်ကြပါစို့။ ဝင်ရောက် ကြပါလေ။

-ဝးဝး-

# စတုတ္ထပိုင်း

ယခုမိမိတို့နေရသော ပျမ်းမျှသက်တမ်း(၇၅)နှစ်ကာလမှ တဖြေးဖြေးနှင့် အကုသိုလ်ဒုစရိုက်အမှုများကို နှောင်းကာလက လူသားများဟာ ပိုပြီး လွန်ကျူးလာလို့ ဆယ်နှစ်မျှသာ အလွန်ဆုံး သက်တမ်းရှိကြပါလိမ့်မည်။

၎င်းဆယ်နှစ်သက်တမ်းရှိကြတဲ့ လူသားတို့ လက်ထက်၌ ငါးနှစ်ဆိုလျှင်ပင် အိမ်ထောင်ပြုကြမည်ဟုဆို၏။ ငါးနှစ်၌ အိမ်ထောင်ပြုကြတဲ့ လူသားတို့ရဲ့ ပုံသဏ္ဍာန်အနေအထားဟာ ယခု ကလေးသူငယ်တို့လောက်သာ ရှိလိမ့်မယ်ထင်ပါတယ်။

အဘယ့်ကြောင့်ဆိုသော် ဝဏ္ဏော သဏ္ဍာန ရူပေသု ဆိုတဲ့ အဘိဓာန်ပါဌ်အရ ဝဏ္ဏ သဒ္ဒါသည် အဆင်းဟူသော အနက်သာမက အနိမ့်အမြင့်ပုံသဏ္ဍာန်ကိုလဲ ဟောသောကြောင့် အဆင်းသာမက အရပ်အနိမ့်အမြင့်လည်း ဖေါက်ပြန် ရုပ်လျော့လိမ့်မယ်ထင်ပါတယ်။

ဆက်ဦးအံ့-ထိုသို့ ၁၀-နှစ်တန်းရှိသူတို့ဟာ ငါးနှစ်နှင့်အိမ်ထောင်ပြုကြရတဲ့အချိန်မှာ ၎င်းတို့အကောင်းဆုံးစားသောက်ရတဲ့ ထမင်းကတော့ အင်မတန်ကြမ်းတမ်းလှတဲ့ လူးထမင်းပဲ ဖြစ်ပါလိမ့်မည်၊ ယခုအခါမှာ သားပြွမ်းထမင်းလို့ခေါ်တဲ့ ဒန်ပေါက်ထမင်းဟာ အကောင်းဆုံးဖြစ်သလို ထိုကာလမှာလဲ လူးထမင်းကိုသာအကောင်းဆုံးစားရပါလိမ့်မယ်။

ထို့အပြင်၊ ၎င်းကာလ ရောက်တဲ့အခါမှာ ထောပတ်၊ ဆီဦ၊ ဆီ၊ ပျားရည်၊ တင်လဲ၊ ဆား ဆိုတဲ့ မွန်မြတ်တဲ့အရသာတို့လဲ ကွယ်ပျောက်လိမ့်မယ်ဆိုပါတယ်။ ယခုအခါမှာတောင် တချို့ဆားများဟာသိပ်မငန်တာ တွေ့ရတယ်။ထိုသူတို့ရဲ့သဏ္ဍာန်မှာ အကုသိုလ် ဒုစရိုက်တွေသာ လွှမ်းမိုးနေတာမို့၊ ကုသိုလ်တရားကို ပြုကျင့်သူ မရှိသည့်အပြင် ကုသိုလ်ဆိုတဲ့ အမည်တောင်မရှိဘူးလို့ဆိုပါတယ်။ ၎င်းကာလရောက်လျှင် အမိအဘကို ကလန်ကဆန်လုပ်တဲ့သူ၊ ရဟန်းသံဃာ ဦးကြီး ဦးလေး တို့ကို မရိုမသေ လုပ်တဲ့သူတွေကို သူတော်ကောင်းများအဖြစ် သတ်မှတ်ကာ ချီးကျူး ပူဇော်ကြလိမ့်မယ်ဆိုပါတယ်။

ရှေးအချိန်တော့မသိ၊ ယခု တချို့ လူငယ်တွေဟာ အမေအဖေကို ပြန်ပြီးပြောတဲ့ သူတွေကို—(မင်း မားသားကြီးကို ပြောတာ

ထိတယ်က္ခ၊ မင်းဖါးသားကြီးကို ပြန်ပြောတာ မိတယ်က္ခ)နဲ့ ချီးကျူး စကားပြောနေတာကိုတခါတရံ တွေ့နေရပြီဖြစ်တယ်။

အဲဒီကာလရောက်ရင် ယခုကာလ ခွေး၊ ကြက်၊ ငှက် စတဲ့တိရစ္ဆာန်တွေဟာအမေအဖေမရွေးဘဲ သံဝါသပြုသလို၊ ထိုကာလမှာဖြစ်မဲ့ လူသားတွေဟာ အမိ၊ မိကြီးမိထွေး၊ အရီးကြီး အရီးလေး၊ အလေးအမြတ်ပြုထိုက်သော ဆရာ့မယားဟူ၍—သတ်မှတ်မှု မရှိတော့ပဲ သံဝါသပြုကြလိမ့်မယ်လို့ဆိုပါတယ်။ အကုသိုလ်များ ဖိစီးနှိပ်စက်နေတဲ့အခါဖြစ်တော့ လူသားအချင်းချင်းဟာ ပြင်းထန်သောအမျက်ထွက်ခြင်း၊ ပျက်စီးစေလိုခြင်း၊ မနာလိုခြင်း၊ သတ်ဖြတ်လိုခြင်းစိတ်များ ထင်ရှားလာတဲ့အတွက် (မုဆိုးဟာ သားကောင်မြင်လျှင် သတ်ဖြတ်ချင်သလို) သားကအမေကို အဖေကသားကို မောင်က နှမကို မြင်လိုက်တာနဲ့ ဒေါသစိတ် ဖြစ်ခါ သတ်ချင်ဖြတ်ချင်စိတ်များဖြစ်ပွားလာလိမ့်မယ်လို့ဆိုပါတယ်။

ယခုကာလ အမေရိကန်၊ ရုရှား စတဲ့နိုင်ငံတွေဟာ စစ်ပွဲဆင်နွဲလိုသော စိတ်ဓာတ်တွေ ဖြစ်ပေါ်လာတဲ့အတိုင်း ကြံစည် အားထုတ်တဲ့အတွက် အဏုမြူ ဥုကလီးယားစတဲ့ဆန်းပြားတဲ့ လက်နက်တွေကို ပိုင်ဆိုင်လာသလို ၎င်းလူသားတို့လက်ထက်မှာ အင်မတန်အစွမ်းထက် ပြင်းထန်သောလက်နက်တွေကိုပိုင်ဆိုင်ပြီး အချင်းချင်းသတ်ဖြတ်တဲ့ ကပ်ဆိုက်လိမ့်မယ်ဆိုပါတယ်။ ထို့နောက်မှ အချင်းချင်းသတိရကာ ပုန်းကွယ်၍ ထွက်လာရာကအစ မေတ္တာဓါတ်ကို ကျင့်သုံးကြပြီး အကုသိုလ်များကို ရှောင်ကြဉ်ကြကာ သက်တမ်းများ အနှစ် ရှစ်သောင်းတန်းရောက်အောင် ခေါက်ချိုးတက်မယ်လို့ဆိုပါတယ်။

၎င်းသက်တမ်းရောက်တဲ့အခါမှာ (စပယ်တဲ့ လေးရုံ အပွင့်ရယ်စုံတင့် ကျန်ပါသေးတယ် ပန်ချင်သူပျို့ ချစ်ဦးရယ် ခေါင်းဖီးလှည့်လေး) ဆိုတဲ့အတိုင်း ပွင့်လတ်သော မေတ္တေယျ စပယ်ငုံ၊ ရွှေဘုန်းရှင်၏ ဂုဏ်တော်ကို ယုံကြည်ကိုးစား ဖူးတွေ့ရပါခြင်း အကျိုးငှါ မဆုတ်မနစ်သော စိတ်ဓာတ်များဖြင့် ဖြည့်တင်းရစ်ကြပါစို့၊ ဖြည့်တင်းရစ်ကြပါလေ။

သိဿံ သိဇ္ဈန္တု သက်ပွါ။



လူမှုရေးအဘိဓမ္မာ(၂)

# ကာယနှင့်လူသား

အရှင်ကုမာရ (သန်လျင်)

ဒီဃဘာဏက၊ ဓမ္မာစရိယ

ပန်းချီမောင်မောင်ဇေအောင်